http://www.dhammadownload.com

၁၆၀

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပထမပြန်စာမေးပွဲ

ပထမလတ်တန်း

ပုဒ္ဓာ+အပြေစုံ

၂၀၁၀-ခုနှစ်
(ပြည်နယ် + တိုင်း- ၁၅)

အရှင်တိလောကာဘိဝံသ(အင်းစိန်)

ပထမအကြိမ်

သာသနာ	ကောဇာ	ခရစ်
၂၅၅၄	၁၃၇၂	၂၀၁၀

ပုံနှိပ်လုပ်ငန်း+ဖြန့်ဝေ ၊ ဓမ္မမိတ်-(ဝင်း)

http://www.dhammadownload.com

ဘ၀ဝ

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပထမပြန်စာမေးပွဲ

ပထမလတ်တန်း

ပုဒ္ဓာ+အပြေစုံ

၂၀၁၀-ခုနှစ်
(ပြည်နယ် + တိုင်း- ၁၅)

အရှင်တိလောကာဘိဝံသ(အင်းစိန်)

ပထမအကြိမ်

သာသနာ	ကောဇာ	ခရစ်
၂၅၅၄	၁၃၇၂	၂၀၁၀

http://www.dhammadownload.com

ဤစာအုပ်၌ -

ဝထမလတ်တန်းဆိုင်ရာ -

၁။ ပြဋ္ဌာန်းချက်များ
၂။ ပြဋ္ဌာန်းကျမ်းစာများ
၃။ ပုစ္ဆာထုတ် စည်းမျဉ်းများ
၄။ ဘာသာစုံ မေးခွန်းများ
၅။ ဟာသာစုံ အဖြေများ
စသည်စသည်ဖြင့် ပို့ချသူ, သင်ယူသူများ နည်းရလောက်အောင် ဝေဝေဆာဆာ တင်ပြထားသည်။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ မှ
၂၀၀၄-ခုနှစ် ထုတ်ပြန်အပ်သော
ပြဋ္ဌာန်းချက်အသစ်များဖြင့် တင်ပြထားပါသည်။

ဖြန့်ချိရေး

စာပေထိန်းသိမ်းရေးအဖွဲ့၊ ဓမ္မအလင်းရောင်ကျောင်းဆောင်၊
ရွာမပရိယတ္တိစာသင်တိုက်၊ သံမဏိစက်ရုံလမ်း၊ ရွာမအနောက်၊ အင်းစိန်။
ဖုန်း ၀၁-၇၃၀၅၉၃၃၂ ၀၁- ၆၄၀၀၇၅၊ ၆၄၆၄၆၄၊ လိုင်းခွဲ- ၂၁၆။

http://www.dhammadownload.com

http://www.dhammadownload.com

http://www.dhammadownload.com

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပထမပြန်စာမေးပွဲ

ပထမလက်တန်း

ပုစ္ဆာ + အပြေစုံ

၂၀၁၀-ခုနှစ်

(ပြည်နယ် + တိုင်း - ၁၇)

အရှင်တိလောကာဘိဝံသ (အင်းစိန်)

ပထမအကြိမ်

သာသနာ	ကောဇာ	ခရစ်နှစ်
၂၅၅၄	၁၃၇၂	၂၀၁၀

http://www.dhammadownload.com

ပုံနှိပ်မှတ်တမ်း

ပုံနှိပ်ခြင်း
ပထမအကြိမ်
၂၀၁၀-ခုနှစ်၊ သြဂုတ်လ

အုပ်ရေ
၁၀၀၀
သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန၊
ပုံနှိပ်တိုက်ညွှန်ကြားရေးမှူး ဦးဝင်းနိုင်-မှ မှတ်ပုံတင်အမှတ်
(၀၃၈၄၃/၀၂၄၀၅)ဖြင့် ရိုက်နှိပ်ခွင့်ပြု၍
အမှတ်- ၃၈၊ သင်္ဂီဟလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့
ဦးအုန်းဇော် (မြ-၀၂၆၇၂) နဝရတ်ပုံနှိပ်တိုက်တွင်
ရိုက်နှိပ်သည်။

ဖြန့်ချိရေး-

စာဝေထိန်းသိမ်းရေးအဖွဲ့-

ဓမ္မအလင်းရောင်ကျောင်းဆောင်၊
ရွာမပရိယတ္တိစာသင်တိုက်၊ သံမဏိစက်ရုံလမ်း၊ ရွာမအနောက်၊ အင်းစိန်။
ဖုန်း ၀၁-၇၃၀၅၉၃၃၂၂၂၊ ၆၄၀၀၇၅၅၊ ၆၄၆၄၆၄။ (လိုင်းခွဲ-၂၁၆)

တန်ဖိုး ၀၅၀ဝ/-ကျပ်

http://www.dhammadownload.com

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁။	နိဒါန်း	က မှ ဂ အထိ
၂။	ပထမပြန်စာမေးပွဲ သတ်မှတ်ချက်များ	ဃ
၃။	ပထမလတ်တန်း ပြဋ္ဌာန်းကျမ်းစာများ	၀ မှ စ အထိ
၄။	ပထမလတ်တန်း ပုစ္ဆာထုတ်စည်းမျဉ်း	ဆ မှ ည အထိ
၅။	ထုတ်ဝေပြီးကျမ်းစာ	ဋ မှ ဌ အထိ
၆။	ပဏာမ	၃
၇။	ဒွေမာတိကာဘာသာ	၁ မှ ၅၄ အထိ
၈။	မမ္မပဒဘာသာ	၅၄ မှ ၁၀၁ အထိ
၉။	ကစ္စည်းသဒ္ဒါကြီးဘာသာ	၁၀၂ မှ ၁၅၇ အထိ
၁၀။	အဘိဓမ္မတ္ထသင်္ဂဟဘာသာ	၁၅၇ မှ ၂၁၀ အထိ
၁၁။	မာတိကာဓာတုကထာဘာသာ	၂၁၁ မှ ၂၆၆ အထိ
၁၂။	ယမိုက်အောက် ၅-ကျမ်းဘာသာ	၂၆၆ မှ ၃၂၆ အထိ
၁၃။	ဘာသာပြန်ဘာသာ	၃၂၆ မှ ၃၄၇ အထိ

http://www.dhammadownload.com

http://www.dhammadownload.com

နိဒါန်းအမှာ

စာသင်နည်းစနစ်

မြန်မာနိုင်ငံ၏ ပိဋကတ်သင်နည်းစနစ်ကို-

၁။ စာကြီးပေါက်သင်နည်း-

၂။ စာမေးပွဲစနစ်သင်နည်း- ဟု နှစ်မျိုးနှစ်စား တွေ့ရသည်။

ရှေးခေတ်က စာချ, စာသင်ပုဂ္ဂိုလ်တို့သည် များသောအားဖြင့် စာမေးပွဲကို အခြေမခံဘဲ ကျမ်းဂန်တတ်မြောက်မှု, ကျမ်းဂန်ပေါက်ရောက်မှုကို ပဓာနထား၍ သင်ကြား လေ့လာကြသည်၊ သင်ကြားလေ့လာမှု ပြည့်စုံသောအခါ ထက်မြက်ထူးချွန်သော အချို့ပုဂ္ဂိုလ်တို့ အာဏာနည်ရှေးချယ်ပွဲ-

၁။ နွတ်ဖြေ,

၂။ ရေးဖြေ

စာမေးပွဲဝင်ရောက် ဖြေဆိုသူများလည်း ရှိခဲ့သည်၊ ပုဂံခေတ်မှ **ဦးကျည်ပွေ**-သည် ရေတစ်ခါငုပ် စဉ်းစားခန်း နွတ်ဖြေစာမေးပွဲ ဝင်ရောက်ဖြေဆိုပြီး ပညာရှင်ဘွဲ့ရရှိခဲ့သည်၊ ကုန်းဘောင်ခေတ်မှ **ကျော်အောင်စံထား ဆရာတော်** နှင့် **ဆရာတော် ဦးဗုဒ်**-စသော ပုဂ္ဂိုလ်ကျော်များကို လည်း စာမေးပွဲဖြင့် ဖော်ထုတ်ပေးခဲ့သည်။

အင်္ဂလိပ် အစိုးရခေတ်လောက်မှစ၍ ယနေ့တိုင်အောင် များသောအားဖြင့် စာမေးပွဲကို အခြေခံ၍ ပိဋကတ်သင်ကြားမှု ပြုလာကြသည်၊ စာမေးပွဲစနစ်ဖြင့် ပိဋကတ်သင်ကြားရာ၌ အခြေခံလုံလောက်စွာဖြင့် ပြဋ္ဌာန်းချက်များကို ပြည့်စုံအောင် လေ့လာသင်ကြားသူများသည် များသောအားဖြင့် ထူးချွန်သူများဖြစ်ကြသည်။

၁။ မစိုးရိမ်ဆရာတော် ဦးသူရိယ၊

၂။ တိပိဋကဓရ မင်းကွန်း အရှင်ဝိစိတ္တသာရာဘိဝံသ-စသည်တို့သည် စာမေးပွဲဖြင့် ထူးချွန်သူများဖြစ်ကြသည်။

အခြေခံလည်း မလုံလောက်၊ ပြဋ္ဌာန်းချက်လည်း မပြည့်စုံ၊ ကျောက်နှတ်ချက်ဖြင့် ဖြတ်လမ်းလိုက်သူများမှာ စာမေးပွဲအောင်သော်လည်း ထူးချွန်သူများ မဖြစ်ကြ။

http://www.dhammadownload.com

ပုစ္ဆာအဖြေစုံကျမ်း

စာမေးပွဲ အောင်မြင်ရန်နှင့် ဝုဏ်ထူးပန်းကို ပန်ဆင်လိုသူများအတွက် ဤအဖြေစုံများကို စီစဉ်ထားခြင်း ဖြစ်ပါသည်။

ဤအဖြေစုံစာအုပ်များသည် -

၁။ လမ်းညွှန်ကောင်း စွယ်စုံပညာရှင်တစ်ဦး သင့်အနားတွင် အမြဲတမ်း ရှိနေသလိုလည်း ဖြစ်နေပါလိမ့်မည်။

၂။ ပုစ္ဆာအာဘော်ကြံဆနည်းကိုလည်း ပေးပါလိမ့်မည်။

၃။ ဖြေနည်း, တင်ပြနည်းကိုလည်း ညွှန်ပြပေးပါလိမ့်မည်။

၄။ မေးခွန်းဟောင်း ရှာဖွေစုဆောင်းရခြင်း ဒုက္ခမှလည်း ကင်းဝေးအောင် ကူညီပါလိမ့်မည်။

၅။ မိမိဉာဏ်မမီသော ပုစ္ဆာအဖြေများကို ဖြေရှင်းပေးမည့် ပညာရှင်များ မိမိအနားတွင် အမြဲတမ်းရှိနေသလိုလည်း ဖြစ်ပါလိမ့်မည်။

ဤသို့ စသည် စသည်ဖြင့် သင်၏ လိုအပ်ချက်များကို လမ်းညွှန်ပေးပါလိမ့်မည်။

အဖြေစုံ ပမာဏ

တိုင်းနှင့်ပြည်နယ် အသီးသီးမှ ပထမပြန်ပုစ္ဆာများကို တစ်စုတစ်ဝေးတည်း စုစည်းတင်ပြထားပါသည်၊ ယခု ခရစ်နှစ် ၂၀၁၀-ခုနှစ်တွင် တိုင်း ၈-တိုင်း၊ ပြည်နယ် ၉-ခု၊ အထူးအောင် ၁-ခု ပေါင်း ၁၈-တို့၏ ပုစ္ဆာနှင့် အဖြေများ စုစည်းတင်ပြထားပါသည်။

ပုစ္ဆာလိုအပ်ချက်

ယခု ၂၀၁၀-ခုနှစ် ပထမလတ်တန်းပုစ္ဆာများအနက်-

တနင်္သာရီတိုင်း၊ မွေပဒပုစ္ဆာရှာဖွေ၍ မရခြင်းကြောင့် ပုစ္ဆာနှင့် အဖြေ မတင်ပြနိုင်သည်ကို သည်းခံခွင့်လွှတ်ကြဘို့ရန် မေတ္တာရပ်ခံပါသည်။

စီစဉ်ထားပုံ

ဤအဖြေစုံစာအုပ်၌ ဘာသာရပ်ကို မူတည်၍ စီစဉ်ပါသည်၊ ဥပမာ-

၁။ ဝိနယဘာသာအတွက် တိုင်းနှင့် ပြည်နယ်အစုံ၊

၂။ မွေပဒဘာသာအတွက် တိုင်းနှင့် ပြည်နယ်အစုံ၊

၃။ သဒ္ဒါဘာသာအတွက် တိုင်းနှင့် ပြည်နယ်အစုံ၊ စသည်ဖြင့် ဘာသာရပ်တစ်ခုချင်း၏

http://www.dhammadownload.com

အဖြေများကို တိုင်းနှင့် ပြည်နယ်အစုံအဖြစ် စီစဉ်တင်ပြထားပါသည်၊ တိုင်းနှင့် ပြည်နယ် အစဉ်များ ကို အကွာရာအစဉ်ဖြင့် ဖေါ်ပြထားပါသည်၊ ဥပမာ–

ကချင်၊ ကယား။ ကရင်၊ ချင်း။ စစ်ကိုင်း။ တနင်္သာရီ၊ ပဲခူး (အနောက်)၊ ပဲခူး (အရှေ့)၊ မကွေး။ မန္တလေး။ မွန်၊ ရခိုင်၊ ရန်ကုန်၊ ရှမ်း(တောင်, မြောက်, ရှေ့)၊ ရောဝတီ၊ အထူးအောင်– တို့ဖြစ်သည်။

ကျေးဇူးစကား

ဤပထမလတ်တန်း ပဋ္ဌာန အဖြေစုံစာအုပ်ကို သာသနာ့တာဝန်များ ကျောင်းတိုက်တာဝန် များစသည်ဖြင့် မအားမလပ်သည့်ကြားမှ ဝိုင်းဝန်ကူညီပေးကြသော ရွာမပရိယတ္တိစာသင်တိုက်မှ စာချဝ်ဏဝါစက သာသနဇေဇမ္ဘာစရိယ– များဖြစ်ကြသည့်

ဦးခေမာစာရ၊ (ဗဟုဿုတ)က– ယမိုက်ဘာသာ၊

ဦးဝိမလာစာရာဘိဝံသ(စာချုပ်ဆရာတော်) က– ဝိနည်း, သဒ္ဒါ, သင်္ဂီဟ, မာတိကာနှင့် ဓာတုကထာ ဘာသာတို့ကို ကူညီကာ ဖြေဆိုပေးကြပါသည်။

ဓမ္မပဒဘာသာဆိုင်ရာများကို ဖြေဆိုပေး, ကွန်ပျူတာစာစီ, စာရိုက်ပေးသော–,

မဂ္ဂသလဝတီ (သာသနဇေဇမ္ဘာစရိယ၊ ဝိနုယဝိဒူ) သက္ကမီတာစာသင်တိုက်၊ စစ်ကိုင်းမြို့ –၏ အကူအညီကိုလည်း ရယူပါသည်။

အပြင်အဆင်မှစ၍ မိမိစိတ်တိုင်းကျဖြစ်အောင် လိုအပ်သမျှအားလုံးကို စိတ်ရှည် လက်ရှည် နှင့် ကြိုးကြိုးစားစား ကွန်ပျူတာ စာစီ, စာရိုက်ပေးသော–

အရှင်ပညိဒ္ဓိက (ဗဟုသုတ) မဟာသတိပဋ္ဌာန်ကျောင်း။ တောင်ဥက္ကလာပ၊ ရန်ကုန်။

အရှင်နန္ဒမာလာ (ပါမိုးဂုဏ်)တို့အား အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

အချိန်မီရန် အလောတကြီး စီစဉ်ရခြင်း, ဆရာတော်ကိုယ်တိုင် အချိန်ယူ၍ ပြန်လည် မှစီစစ် နိုင်ခြင်း စသည်တို့ကြောင့် ချွတ်ယွင်းချက်, လစ်ဟင်းချက်များ များစွာပါရှိနိုင်ပါသည်။

အပြစ်တင်ဝေဖန်ခြင်း, ကဲ့ရဲ့ရှုတ်ချခြင်း, အကြံပြုခြင်း စသည်စသည်ဖြင့် မည်သည့် အကူအညီမှုမျိုးမဆို ကျေးဇူးတင်စွာဖြင့် လက်ခံကြိုဆိုပါသည်။

ဒုတိယဝါဆိုလဆုတ် ၇–ရက်၊ ၁၃၇၂–ခု၊
(၂– ၈– ၂၀၁၀) တနလာနေ့။

အရှင်တိလောကာဘိဝံသ (အင်းစိန်)
ရွာမပရိယတ္တိစာသင်တိုက်။

http://www.dhammadownload.com

ပထမပြန်စာမေးပွဲနှင့် ပတ်သက်၍ သတ်မှတ်ချက်များ

၁။ မေးခွန်းလျှောတိုင်း ၃-နာရီ မေးခွန်းဖြစ်သည်၊ မွန်းတည့် ၁၂-နာရီမှ ညနေ ၃-နာရီ အထိ ဖြေခွင့်ရှိသည်။

၂။ အတန်းအလိုက်မေးမည့် မေးခွန်းအရေအတွက်နှင့် ဖြေဆိုရမည့် မေးခွန်းအရေအတွက်မှာ ဘာသာရပ်တိုင်းအတွက် ဖော်ပြလတ္တံ့ပါအတိုင်း ဖြစ်သည်။

အတန်း	မေးမည့်မေးခွန်း	ဖြေဆိုရမည့် မေးခွန်း
ပထမငယ်တန်း	၆- ပုစ္ဆာ	၆- ပုစ္ဆာ
ပထမလတ်တန်း	၈- ပုစ္ဆာ	၈- ပုစ္ဆာ
ပထမကြီးတန်း	၁၀- ပုစ္ဆာ	၁၀-ပုစ္ဆာ

၃။ တစ်ပုစ္ဆာလျှင် ၁၀-မှတ်စီ သတ်မှတ်၍ အောင်မှတ် ၄၀-ရာခိုင်နှုန်းဖြစ်သည်။ ဘာသာတိုင်း အောင်မှတ်ရမှ အတန်းအောင်အဖြစ် သတ်မှတ်ရမည်။

၄။ အောင်မြင်သူများထဲမှ အမှတ်များရာအလိုက် တစ်နိုင်ငံလုံး ပထမ၊ ဒုတိယ၊ တတိယ အဖြစ် ရွေးချယ်သတ်မှတ်မည်။

၅။ ပထမပြန်စာမေးပွဲကို ရဟန်း, သာမဏေ, သီလရှင်နှင့် လူဝတ်ကြောင် မည်သူမဆို ဝင်ခွင့်ရှိသည်။

၆။ အောက်အောက်အတန်းကို အောင်မြင်ပြီးမှသာ အထက်အထက် အတန်းများကို ဝင်ခွင့်ရှိသည်၊ အထက်အထက် အတန်းများကို အောင်မြင်ပြီးသူသည် အောက်အောက်အတန်းကို ဝင်ခွင့်မရှိစေရ။

၇။ ပထမငယ်တန်းသို့ ဝင်ခွင့်ရသော အငယ်ဆုံးအသက်မှာ ၁၃-နှစ်ဖြစ်သည်၊ စာဖြေသော အချိန်တွင် ၁၃-နှစ် တင်းတင်း ပြည့်ရမည်၊ ၁၃-နှစ် မပြည့်လျှင် ဝင်ခွင့်မပြု။

၈။ ပထမပြန် အတူးအောင်ရွေးချယ်ရေး စာမေးပွဲကို ရုံးသုံးမြန်မာဘာသာဖြင့်သာ ဖြေဆိုရမည်။

http://www.dhammadownload.com

ပြည်ထောင်စု မြန်မာနိုင်ငံတော်
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့
ပထမပြန်စာမေးပွဲ ကျမ်းစာများ
ပထမလတ်တန်း ပြဋ္ဌာန်းကျမ်းစာ

၁။ ဝိနယ (ဒွေမာတိကာ)

(က) ဒွေမာတိကာပါဠိ၊ အနက်၊ ကျမ်းရင်းအဓိပ္ပါယ်။
(ခ) ကခ်ိအဋ္ဌကထာ (ကျမ်းအစမှ နိဿဂ္ဂိယအဆုံးအထိ) အဓိပ္ပါယ်။
လူနှင့် သီလရှင်များအတွက်–
(က) ဓမ္မပဒပါဠိတော် (ပဏ္ဍိတဝဂ်မှ ဗုဒ္ဓဝဂ်အဆုံးအထိ) ပါဠိ၊ အနက်၊ အဓိပ္ပါယ်။
(ခ) ဓမ္မပဒအဋ္ဌကထာ (ပဏ္ဍိတဝဂ်မှ ဗုဒ္ဓဝဂ်အဆုံးအထိ) အဓိပ္ပါယ်။

၂။ ကစ္စည်းသဒ္ဒါကြီး

(က) ကစ္စည်းသဒ္ဒါကြီး ၈–စောင်၊ ပါဠိ၊ အနက်၊ ရှင်းတွက်၊ အဓိပ္ပါယ်။
(ခ) ရူပသဒ္ဒါ (ကျမ်းအစမှ တဒ္ဓိတ်အဆုံးအထိ) ရှင်းတွက်၊ အဓိပ္ပါယ်။
(ဂ) ပုဒ်စစ် (ကျမ်းအစမှ သမာသ်အဆုံးအထိ)နှင့် သုတ်စစ်။

၃။ အဘိဓမ္မတ္ထသင်္ဂဟ

(က) အဘိဓမ္မတ္ထသင်္ဂဟ (၉)ပိုင်း ပါဠိ၊ အနက်၊ သရုပ်၊ အဓိပ္ပါယ်။
(ခ) ဋီကာကျော် (ကျမ်းအစမှ ရှင်ပိုင်းအဆုံးအထိ) အဓိပ္ပါယ်။

၄။ မာတိကာနှင့် ဓာတုကထာ

(က) သုတ္တန္တိကမာတိကာ ပါဠိ၊ အနက်၊ အရကောက်၊ အဓိပ္ပါယ်။
(ခ) ဓာတုကထာ (အစမှ စုဒ္ဒသမနယအဆုံးအထိ) ပါဠိ၊ အနက်၊ အရကောက်၊ အဓိပ္ပါယ်။

http://www.dhammadownload.com

၅။ ယမိုက်အရကောက်ကျမ်း (အောက် ၅-ကျမ်း)

ယမိုက်အရကောက်ကျမ်း (အောက် ၅ - ကျမ်း) ဝိဘင်းထုတ်၊ အနက်ပေ။ အရကောက်၊ အဓိပ္ပါယ်နှင့် ဂဏ္ဌိ။

၆။ ဘာသာပြန်

(က) ဒုကနိပါတ်အစမှ ဒုကနိပါတ် ဗီရဝဏ္ဏဝဂ်အဆုံးအထိ (ဖာတ်ပေါင်း - ၇၀)

(ခ) ဒုကနိပါတ်ကာသာဝဝဂ်အစမှ တိကနိပါတ် ဥဒပါနဝဂ်အဆုံးအထိ - (ဖာတ်ပေါင်း - ၆၀)

(ဂ) တိကနိပါတ် အမ္ဗန္တရဝဂ်အစမှ စတုက္ကနိပါတ် ကောကိလဝဂ် အဆုံးအထိ - (ဖာတ်ပေါင်း - ၆၀)

(ဃ) စတုက္ကနိပါတ် စူဠဂုဏ္ဍဝဂ်အစမှ ဆက္ကနိပါတ်အဆုံးအထိ (ဖာတ်ပေါင်း - ၅၅) ၄-ပိုင်းပိုင်း၍ တစ်ပိုင်းလျှင် သာမန်အားဖြင့် ၄-နှစ်စီ လှည့်၍ မေးခွန်းထုတ်ရမည်။

http://www.dhammadownload.com

ပြည်ထောင်စု မြန်မာနိုင်ငံတော်
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့
ပထမပြန်စာမေးပွဲ ပုဒ္ဓာထုတ်စည်းမျဉ်း
ပထမလတ်တန်း ပုဒ္ဓာထုတ်စည်းမျဉ်း

၁။ ဝိနယ (ဒွေမာတိကာ)

မေးခွန်းလွှာ - ၁

(က) ဒွေမာတိကာ-

ပါဠိအာဂုံ	၁- ပုဒ္ဓာ
အနက်ပေး	၁- ပုဒ္ဓာ
ဒွေမာတိကာကျမ်းရင်းလာ အဓိပ္ပါယ်	၃- ပုဒ္ဓာ

(ခ) ကခ်ီအဋ္ဌကထာ (အစမှ နိဿဂ္ဂိယအဆုံးအထိ)-

အဓိပ္ပါယ်	၃- ပုဒ္ဓာ

လူနှင့် သီလရှင်များအတွက်-

ဓမ္မပဒပါဠိတော် (ပဏ္ဍိတဝဂ်မှ ဗုဒ္ဓဝဂ်အဆုံးအထိ)-

ပါဠိ	၁- ပုဒ္ဓာ
အနက်	၁- ပုဒ္ဓာ
ဓမ္မပဒပါဠိတော်လာ အဓိပ္ပါယ်	၃- ပုဒ္ဓာ
ဓမ္မပဒအဋ္ဌကထာလာ အဓိပ္ပါယ်	၃- ပုဒ္ဓာ

၂။ ကစ္စည်းသဒ္ဒါကြီး

မေးခွန်းလွှာ - ၂

(က) ကစ္စည်းသဒ္ဒါကြီး-

ပါဠိအာဂုံ	၁- ပုဒ္ဓာ

http://www.dhammadownload.com

အနက်	၁- ပုစ္ဆာ
ရှုပ်တွက်	၂- ပုစ္ဆာ

(ပုဒ်ဖြတ်၊ ပုဒ်စပ်၊ ရှုပ်ကျည်။ ရှုပ်ကျယ်၊ လိင်၊ ဝုစ်၊ ကာရန်၊ ဂိုဏ်း။ ဝိဘတ်၊ ပုဒ်၊ ပစ္စည်း။ ဓာတ်၊ ပစ္စည်း။ ဝိဘတ် ခွဲခြင်းနှင့် ပဒမာလာစဉ်ခြင်းတို့ ပါဝင်သည်။)

ကစ္စည်းကျမ်းရင်းလာ အဓိပ္ပါယ်	၁- ပုစ္ဆာ
(ခ) ရူပသိဒ္ဓိ (ကျမ်းအစမှ တဒ္ဓိတ်အဆုံးအထိ)-	
အဓိပ္ပါယ်	၂- ပုစ္ဆာ
(ဂ) ပုဒ်စစ်၊ သုတ်စစ်-	
ကျမ်းအစမှ သမာသ်အဆုံးအထိနှင့် သုတ်စစ်	၁- ပုစ္ဆာ

၃။ အဘိဓမ္မတ္ထသင်္ဂဟ

မေးခွန်းလွှာ- ၃

(က) အဘိဓမ္မတ္ထသင်္ဂဟ ၉-ပိုင်း-	
ပါဠိအာဂုံ	၁- ပုစ္ဆာ
အနက်	၁- ပုစ္ဆာ
သရုပ်	၂- ပုစ္ဆာ
သင်္ဂဟကျမ်းရင်းလာ အဓိပ္ပါယ်	၁- ပုစ္ဆာ
(ခ) ဋီကာကျော်အောက် ၆-ပိုင်း-	
အဓိပ္ပါယ်	၃- ပုစ္ဆာ

၄။ သုတ္တန္တိကမာတိကာနှင့် ဓာတုကထာ

မေးခွန်းလွှာ- ၄

သုတ္တန္တိကမာတိကာ	၁၁- ပုစ္ဆာ
ဓာတုကထာဥဒ္ဒေသ	၂- ပုစ္ဆာ
ဓာတုကထာအစမှ စုဒ္ဒသမနယအဆုံးအထိ	၅- ပုစ္ဆာ

(ပါဠိ၊ အနက်၊ အရကောက်၊ အဓိပ္ပါယ်များကို သင့်လျော်သလို မေးနိုင်သည်။ ပါဠိ၊ အနက်ကို မေးရာ၌ ၁-ပုစ္ဆာထက် မပိုစေရ။)

http://www.dhammadownload.com

၅။ ယမကအောက် ၅-ကျမ်း
မေးခွန်းလွှာ- ၅

မူလယမိုက်မှ	၂- ပုစ္ဆာ
ခန္ဓယမိုက်မှ	၂- ပုစ္ဆာ
အာယတနယမိုက်+ ဓာတုယမိုက်မှ	၂- ပုစ္ဆာ
သစ္စယမိုက်မှ	၂- ပုစ္ဆာ
မှတ်ချက်-	
ပါဠိဝိဘင်းထုတ်စေခြင်း	၂- ပုစ္ဆာ
အရကောက်	၄- ပုစ္ဆာ
အနက်	၁- ပုစ္ဆာ
ဂဏ္ဌိမှ	၁- ပုစ္ဆာ

၆။ ဘာသာပြန်ဏတ်အဋ္ဌကထာ
မေးခွန်းလွှာ- ၆

ပါဠိကို မြန်မာပြန်ဆိုစေခြင်း	၃- ပုစ္ဆာ
မြန်မာလို ပါဠိပြန်ဆိုစေခြင်း	၂- ပုစ္ဆာ
ပါဠိဝေါဟာရများကို ထုတ်ပြ၍ ဝါကျတည်ဆောက်စေခြင်း	၁- ပုစ္ဆာ
ဏတ်ဝတ္ထုများကို အကျဉ်းချုပ် မြန်မာဘာသာဖြင့် ရေးသားစေခြင်း	၁- ပုစ္ဆာ
ဏတ်ဝတ္ထုများမှ ရယူအပ်သော သင်ခန်းစာ များကို ရေးသားစေခြင်း	၁- ပုစ္ဆာ

http://www.dhammadownload.com

အထွေထွေ

စတုတ္ထအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇-ပါးစုံညီ သတ္တရသမအစည်းအဝေး၏ ပညာရေးဆိုင်ရာ ဆုံးဖြတ်ချက် ၂- အရ ပ‌ထမပြန်အထူးအောင် စာမေးပွဲကို ရုံးသုံးမြန်မာဘာသာဖြင့်သာ ဖြေဆိုရမည်။

စာမေးပွဲမေးခွန်းများသည် စာမေးပွဲဖြေဆိုချိန် ၃- နာရီ သတ်မှတ်ထားသဖြင့် ၃- နာရီအတွင်း ပြီးစီးအောင် ဖြေဆိုနိုင်မည့် မေးခွန်းမျိုး ဖြစ်ရမည်။

စာမေးပွဲမေးခွန်းထုတ်ရာ၌ မည်သည့်အတန်းကိုမဆို သုံးဆင့်ထက်မပိုသော မေးခွန်း ဖြစ်ရမည်။

http://www.dhammadownload.com

ထုတ်ဝေပြီးကျမ်းစာများ

လက်ဆောင်ကျမ်းများ

၁။	မာတိကာ+ ဓာတုကုထာလက်ဆောင်	စာပေအမှတ်စဉ်– ၄
၂။	ယမကလက်ဆောင် (အောက် ၅–ကျမ်း)	စာပေအမှတ်စဉ်– ၇
၃။	ယမကလက်ဆောင် (အထက် ၅–ကျမ်း)	စာပေအမှတ်စဉ်– ၆
၄။	ပဋ္ဌာန်းလက်ဆောင် (ဇယား)	စာပေအမှတ်စဉ်– ၅
၅။	ပဋ္ဌာန်းလက်ဆောင် (ပို့ချစဉ်)	စာပေအမှတ်စဉ်–၁၀
၆။	အဘိဓမ္မာလက်ဆောင်	စာပေအမှတ်စဉ်–၁၆
၇။	ဆန်းလက်ဆောင်	စာပေအမှတ်စဉ်–၁၇
၈။	သဒ္ဒါလက်ဆောင်	စာပေအမှတ်စဉ်–၁၈
၉။	သုတ်နက်လက်ဆောင်	စာပေအမှတ်စဉ်– ၂၃
၁၀။	သဒ္ဒါကြီးနိသယလက်ဆောင်	စာပေအမှတ်စဉ်– ၂၄
၁၁။	ပရိတ္တအဘိနဝဋ္ဌီကာ	ဗေဒါရ

အဖြေစုံကျမ်းများ

၁၂။ အခြေပြုမူလထန်း၊ ပထမငယ်တန်း၊ ပထမလတ်တန်း၊ ပထမကြီးတန်း–
ပုစ္ဆာအဖြေစုံစာအုပ်များ (၁၉၉၉၊ ၂၀၀၀၊ ၂၀၀၁၊ ၂၀၀၂၊ ၂၀၀၃၊ ၂၀၀၄၊ ၂၀၀၅၊ ၂၀၀၆၊ ၂၀၀၇၊ ၂၀၀၈၊ ၂၀၀၉–ခုနှစ်)

ဗဟုသုတစာအုပ်များ

၁၃။	ရဟန်းခံရှင်ပြုအကြောင်းသိကောင်းစရာ၊	
၁၄။	ကိုးကွယ်မှုဆိုင်ရာအကြောင်း သိကောင်းစရာနှင့် စေတီ+ ပုထိုး၊	စာပေအမှတ်စဉ်– ၂၆

http://www.dhammadownload.com

၁၅။ ကိုးကွယ်မှုဆိုင်ရာသိစရာနှင့် ဗုဒ္ဓသာသနာ့သမိုင်း။
၁၆။ သမိုင်းတာဝန် ကျေပွန်စေ၊
၁၇။ လက်ရွေးစင် ပရိတ် + ဂါထာ + မန္တန်၊
၁၈။ ခရီးပန်းတိုင်နှင့်လက်ရွေးစင်ဆောင်းပါးများ အမှတ် ၂၊
စသည့်စသည့် စာအုပ်များ။

အရှင်တိလောကာဘိဝံသ (အင်းစိန်) ၏

ယမိုက် + ပဌာန်း + ဆန်း DVD- များကို
အသုံးပြုလိုသူများ အတွက်
ရနိုင်မည်ဖြစ်ကြောင်း သတင်းကောင်း ပါးအပ်ပါသည်။

အောက်ယမိုက်	**၇-ချပ်၊**	**အထက်ယမိုက်**	**၉-ချပ်၊**
ပဌာန်း	**၉-ချပ်၊**	**ဆန်း**	**၂-ချပ်-**

အသုံးပြုလိုသူများ လွယ်လွယ်ကူကူ အသုံးပြုနိုင်ရန်အတွက်
၁-ချပ် ၆၀၀၀/ကျပ် နှုန်းဖြင့်၊ အားလုံး တစုံ ၁၅၀၀၀/ကျပ် နှုန်းဖြင့်
ဖြန့်ဝေပေးပါသည်။

ဆက်သွယ်ရန် လိပ်စာများ-

စာဝေထိန်းထိမ်းရေးအဖွဲ့-
ဝမ္မအလင်းရောင်ကျောင်းဆောင်၊
ရွာမပရိယတ္တိစာသင်တိုက်၊ သံမဏိစက်ရုံလမ်း။ ရွာမအနောက်၊ အင်းစိန်။
ဖုန်း ၀၁-ဂ၃၀၅၉၃၃၂၂ ၆၄၀၀၇၅၊ ၆၄၆၄၆၄။ (လိုင်းခွဲ-၂၁၆)

ထဣမိတာ ထီလရှင် စာထင်တိုတ်
နန်းဦးမြို့သစ်၊ စစ်ကိုင်းမြို့။
ဖုန်း- ၀၉-၂၁၃၀၆၆၀၆၊ ၀၇၂-၂၂၀၇၈။

(ဝ၀ဌ) ဝထန်မီဒီယို ထုတ်လုပ်ရေး
တိုက်အမှတ် ၂၊ ပထမအထပ်၊ ကြံခင်းလမ်း။ ဂွဲဈေးအနီး။ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉-၅၀၂၇၅၃၈၊ ၀၁- ၅၀၄၂၂၂။

http://www.dhammadownload.com

ပဏာမ

သမ္မုဒ္ဓနာမ် ပရမတ္ထဟာရံ၊ နာထံ နမိတ္တာန ဝိသဒ္ဓနာဟံ။
သောတူနမတ္ထာယ ပဟာယ ခေဒံ၊ ကဿာမိ နာနာနယဒီပကံ မံ။

(၁၁– လံ့ဖွဲ့ ဣန္ဒ၀ံသ)

အဟံ– ခန္ဓာပေါ်တွင် ပညတ်တင်လျက် အစဉ်ပြောကြ တိလောက–ဟု နာမတွင်ခေါ် တပည့်တော်သည်၊ **ပရမတ္ထဟာရံ**–မြတ်သောအကျိုးကို ဆောင်တော်မူတတ်သော၊ **သမ္မုဒ္ဓနာမ်** –သမ္ဗုဒ္ဓ အမည်ရှိသော၊ **နာထံ**– ဝေနေယျများ သောင်းကျိုက်သားတို့၏ အားထားကိုးကွယ်ရာ အစစ်ဖြစ်တော်မူသော မြတ်စွာဘုရားကို၊ **နမိတ္တာန**– ဦးညွှတ်ရိုကျိုး ရှိခိုးပြီး၍၊ **ခေဒံ**– ပင်ပန်းနွမ်းနယ်မှုကို၊ **ပဟာယ**–ပယ်စွန့်၍၊ **သောတူနံ**–စာသင်ယူနေ အဖြေပြုတို့၏၊ **အတ္ထာယ**– အကျိုးငှာ၊ **နာနာနယဒီပကံ**– ဖြေနည်းဖြေပုံ အဖုံဖုံကို သေချာကျန ဖော်ပြတတ်သော၊ **ဣမံ ဝိသဒ္ဓနံ**– ဤပထမလတ်တန်း အဖြေစုံကျမ်းကို၊ **ကဿာမိ** – ရေးသားတီထွင် စီရင်ပေအုံ့။

မှတ်ချက်။ ။ ဝိသဒ္ဓန–သဒ္ဒါ နပုံလိုင်, ဣတ္ထိလိုင် နှစ်မျိုးသုံးနိုင်ကြောင်း မိန့်ဆိုကြသည်၊ ဣတ္ထိလိုင်ဖြစ်လျှင် နာနာနယဒီပိကံ– ဟု ဝိသေသန ထားရမည်၊ ဤဌာနား နပုံလိုင်ကို ရည်ရွယ်၍ ဒီပကံ– သုံးထားသည်။

http://www.dhammadownload.com

http://www.dhammadownload.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

၁။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ (ကချင်ပြည်နယ်)
ပထမလတ်တန်း ။ ။ ဒွေမာတိကာဘာသာ
၁၃၇၁-ခုနှစ်၊ တန်ခူးလဆုတ် (၃) ရက်၊ (၁-၄-၂၀၁၀) ကြာသပတေးနေ့

၁။ ဘိက္ခုပါတိမောက်၌ အနုပညတ်အများဆုံးပါသောသိက္ခာပုဒ်နှင့် "ဆင်, မြင်း, ရထား။ ခြေသည်များ၊ လေးပါး စစ်အင်္ဂါ" ဟူသည်နှင့် အညီ စစ်တပ်သို့ အကြောင်းမဲ့ သက်သက် ကြည့်ရှုရန် သွားသောရဟန်း၏ အပြစ်ပြသိက္ခာပုဒ်တို့ကို ပါဠိသက်သက် ရေးပြပါ။

၂။ ခိုးသူမကို ဥပဇ္ဈာယ်ပြု၍ ပဋ္ဌင်းခံပေးသောရဟန်းမ၏ အပြစ်ပြသိက္ခာပုဒ်ကို မှန်ကန်စွာ အနက်ယောဇနာပြပါ။

၃။ အောက်ဖော်ပြပါ ရဟန်းတော်များ သင့်ရောက်နိုင်သောအပြစ်တို့ကို သိက္ခာပုဒ်ထောက်၍ ဆုံးဖြတ်ပြပါ။

(က) ဆွေမျိုးမတော်သော ဘိက္ခုနီမကို ရှုပ်ထွေးနေသော သိုးမွေးများကို ရှင်းခိုင်းသော ရဟန်း။

(ခ) မိမိကိုယ်တိုင် သက်နီးပေးပြီးမှ ပြန်လုယူသော ရဟန်း။

(ဂ) မနာမဖျားဘဲ သပ္ပိ, နဝနီတ-စသော ငါးမျိုးကို ဆေးအတွက်တောင်းသောရဟန်း။

(ဃ) မစ္ဆ, မံသ-စသော လေးမျိုးကို အကြောင်းမဲ့သက်သက် တောင်းစားသော ရဟန်း။

(င) အသက်နှစ်ဆယ် မပြည့်သေးသောသူကို ဥပဇ္ဈာယ်ပြု၍ ရဟန်းခံပေးသော ရဟန်း။

၄။ အမူလကေန ပါရာဇိကေန ဓမ္မေန-၌ အမူလအရကို ဖော်ပြ၍၊ ကာဏမာတုသိက္ခာပုဒ်လာ ပူဝ, မန္တ-တို့၏ အထူးကိုလည်း ဖော်ပြပါ။

http://www.dhammadownload.com

၅။ ကုဋ္ဌိပမာဏ၏ အလျားကို ဗုဒ္ဓ, မဇ္ဈိမ, ပကတိပုရိသ–တို့၏ အထွာအားဖြင့်ရင်း၊ အမှာလွှမ်းသင်္ကန်း၏ အနံ–ပမာဏကိုလည်း ဗုဒ္ဓ, မဇ္ဈိမ, ပကတိပုရိသ–တို့၏ အထွာအားဖြင့်ရင်း ပါတိမောက်လာသည့်အတိုင်း၊ တိုင်းထွာပြခဲ့ပါ။

၆။ ကာယသံသဂ္ဂသိက္ခာပုဒ်လာ မာတုဂါမအရှင့် ဒုဋ္ဌုလ္လဝါစာသိက္ခာပုဒ်လာ မာတုဂါမအရ တို့၏ အထူးကို ရေး၍ ပဌမအနိယတသိက္ခာပုဒ်၌ ဥပါသိကာအရ အဘယ်ဥပါသိကာမ ကို ယူရပါမည်နည်း ဖြေဆိုခဲ့ပါ။

၇။ အောင်သွယ်မှုပြုခြင်းကြောင့် သံယာဒိသိသ်,အာပတ်သင့်သည်ဟုဆိုရာ အဘယ်အင်္ဂါ ရပ်များနှင့်ပြည့်စုံမှ အာပတ်သင့်သည်ကို ဖြေဆိုပြီ၊ စောဒနာ အမျိုးအစား လေးပါးတို့ တွင် ဝတ္ထုဝသန္ဓသနာစောဒနာနှင့် သာမိစိပ္ပဒ္ဓိကွေပ်စောဒနာတို့၏ အဓိပ္ပါယ်ကိုလည်း ရေးသားပြပါ။

၈။ နိဿဂ္ဂိယဝတ္ထုလေးမျိုးကို ဖော်ပြ၍ ကုစ္ဆိသမယ ငါးလကို ပရိယေသန–စသော ခေတ် လေးပါးဖြင့် ပိုင်းခြားသတ်မှတ်ပြပါ။

၁။ ကချင်ပြည်နယ် (အဖြေ)

ပထမလတ်တန်း ။ ။ ဒွေမာတိကာဘာသာ

၁။ (ဂဏဘောဇနသိက္ခာပုဒ်နှင့် ဥယျောဓိကသိက္ခာပုဒ်တို့ကို ပါဠိရေးလေ။)

၂။ (စောရီဝုဋ္ဌာပိကာသိက္ခာပုဒ်ကို အနက်ရေးလေ။)

၃။ (က) ဇဋကလောမဓောဝါပနသိက္ခာပုဒ်ကိုထောက်၍ နိဿဂ္ဂိပါစိတ်၊
(ခ) စီဝရအစ္ဆိန္နနသိက္ခာပုဒ်ဖြင့် နိဿဂ္ဂိပါစိတ်၊
(ဂ) မဟာနာမသိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ်၊
(ဃ) သူပေါဒနဝိညတ္တိသိက္ခာပုဒ်ဖြင့် ဒုက္ကဋ်၊
(င) ဥနဝီသတိဝဿသိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ်။

http://www.dhammadownload.com

၄။ **အမူလ အရ**–မြင်ခြင်း, ကြားခြင်း, ယုံမှားခြင်း မရှိမှု။
အထူး–လက်ဆောင်အကျိုးငှါ စိရင်အပ်သော အတိုရသကမုန့်, ကတွတ်မုန့်, မုန့်ကြွက်ကျစ်–စသော ခဲဘွယ်များသည် ပူဝ၊
ရိက္ခာအလိုငှါ စိရင်အပ်သော မုန့်မှုန့်, နှမ်း, ဆန်–စသည်များသည် မန္တ ဣသိုထူးသည်။

၅။ **ဗုဒ္ဓ**– အလျား ၁၂–ထွာ၊
မဏ္ဍိမ– အလျား ၃၆–ထွာ၊
ပကတိပုရိသ– အလျား ၅၄–ထွာ။
အမာလ္ဝမ်းသက်နန်း–
ဗုဒ္ဓ– အနံ ၂–ထွာ၊
မဏ္ဍိမ– အနံ ၆–ထွာ၊
ပကတိပုရိသ– အနံ ၉–ထွာ။

၆။ **ကာယသံသဂ္ဂသိက္ခာပုဒ်လာ မာတုဂါမ အရ**–
ယနေ့ မွေးဖွားသည့် လူမိန်းမစ၍ အသက်ရှင်ဆဲ လူ မိန်းမအားလုံးကိုယူ။
ဒုဋ္ဌုल्लဂါစာသိက္ခာပုဒ်လာ မာတုဂါမ အရ–
ဒုဋ္ဌုल्ल, အဒုဋ္ဌုल्लဖြစ်သောစကားကို မှတ်သားနိုင်သော လူမိန်းမအားလုံးကိုယူ။
ဥပါသိကာမအရ– (ယုံကြည်လောက်သော စကားရှိ၍) အရိယာဥပါသိကာမကိုယူ။

၇။ ၁။ လက်ခံခြင်း။ ၂။ စုံစမ်းခြင်း။ ၃။ တစ်ဖန်ဆောင်ခြင်းဟု အင်္ဂါသုံးရပ်ပြည့်စုံမှ သံဃာဒိသေသ်အာပတ်သင့်သည်။
ဝတ္ထုသန္ဓသနာ–
သင်သည် မေထုန်အကျင့်ကို ကျင့်သည် စသည်ဖြင့် အာပတ်သင့်ကြောင်းဝတ္ထုကိုပြ၍ စောဒနာခြင်း။
သာမီစိပွဒ္ဓိကေ့ပစောဒနာ–
ရှိခိုးခြင်း, ခရီးဦးကြိုခြင်း, လက်အုပ်ချီခြင်း, အရှိအသေပြုခြင်း, ယပ်ခပ်ပေးခြင်းစသည်တို့ကို မပြုခြင်း။

http://www.dhammadownload.com

၈။ ရှေ, ငွေ, အသပြာဒင်္ဂါး, ပဝိုက်ဆံ။

ခေတ် ၄-ပါး-

ပရိယေသနခေတ်- နယုန်လပြည့်ကျော် ၁-ရက်မှ နယုန်လကွယ်နေ့အထိ ၁၄-ရက်၊ (ရှာရုံသာ ရှာခွင့်ရ)

ကရဏခေတ်- ဝါဆိုလဆန်း ၁-ရက်နေ့မှ ဝါဆိုလပြည့်နေ့အထိ ၁၅-ရက်၊ (မရသေးလျှင် ဆက်ရှာခွင့်၊ ရပြီးလျှင် ချုပ်ဆိုးခွင့်, ဝတ်ခွင့်ရ)

နိုဝါသနခေတ်, အဓိဋ္ဌာနခေတ်-

ဝါဆိုလပြည့်ကျော် ၁-ရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့အထိ ၄-လ။ (မရသေးလျှင် ဆက်ရှာခွင့်, ချုပ်ဆိုးခွင့်, ဝတ်ခွင့်, အဓိဋ္ဌာန်တင်ခွင့် ၄-မျိုးရ)

၂။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ (ကယားပြည်နယ်)

ပထမလတ်တန်း ။ ။ ဒွေမာတိကာဘာသာ

၁၃၇၁-ခုနှစ်၊ နှောင်းတန်ခူးလဆုတ် (၃) ရက်၊ (၁-၄-၂၀၁၀) ကြာသပတေးနေ့

၁။ ကျွန်းမာလျက် ကိုယ်တိုင်မီးလှုံဖို့ရန် မီးမွှေးခိုင်းသော ရဟန်းအား အပြစ်သင့်ရောက်ပုံပြ သိက္ခာပုဒ်နှင့် မိမိသူတစ်ပါးတို့ကို ကျိန်းဆဲသောရဟန်းမအား အပြစ်သင့်ရောက်ပုံပြ သိက္ခာပုဒ်တို့ကို ပါဠိရေးခဲ့ပါ။

၂။ (က) အသက် ၂၀-မပြည့်သေးသောပုဂ္ဂိုလ်ကို ပဉ္စင်းခံပေးသောရဟန်းအား အာပတ်သင့်ရောက်ပုံပြ သိက္ခာပုဒ်။(ခ) နှစ်ကံသခွဲ တန်ဖိုးရှိသော ခြုံထည်ထက် ပိုအလှူခံသော ရဟန်းမအား အာပတ်သင့်ရောက်ပုံပြ သိက္ခာပုဒ်တို့ကို အနက်မှန်မှန် သမ္မန်ပြခဲ့ပါ။

၃။ "သမဂ္ဂသ သံဃသ"၌ သမဂ္ဂသံဃာ-ဟူသည် အဘယ်နည်း ဖြေဆိုရ၍ သီတင်းသုံး ဖော်ငါးဦးလုံး မသုံးစွဲကောင်းသော ပစ္စည်းများကိုလည်း ဖော်ပြခဲ့ပါ။

၄။ သင်္ကန်းအသစ်ရရှိသောရဟန်းအား လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းနှင့် မလိုက်နာ မဆောင်ရွက်ပါက အပြစ်သင့်ရောက်ပုံတို့ကို ဖော်ပြ၍ ရဟန်းတော်များ မည်သည့်အရပ်၌ မည်သည့်ရတနာမျိုးအား ကိုင်ကောင်းသည်ကိုလည်း ရေးသားပြခဲ့ပါ။

http://www.dhammadownload.com

၅။ ဘိက္ခုနီတို့ ဒေါသမာန်မာနဖြင့် တရားမတွေ့(တရားမစွဲ)ကောင်းသော ပုဂ္ဂိုလ်များကို ပါဠိ+ မြန်မာနှစ်ဘာသာဖြင့် ကျမ်းရင်းလာအတိုင်း ဖော်ပြ၍ အာဝသထစီဝရအဓိပ္ပါယ်ကို လည်း ရေးသားဖြေဆိုပါ။

၆။ အလဇ္ဇိပုဂ္ဂိုလ်၏လက္ခဏာတို့ကို မြန်မာဘာသာဖြင့် ဖြေဆို၍ ဘိက္ခု (၈)မျိုးရှိရာတွင် ယော ပန ဘိက္ခု–ဌ ယူရမည့်ဘိက္ခုကိုလည်း ကခ်ီလာသည့်အတိုင်း ဖြေဆိုခဲ့ပါ။

၇။ ကုဋ္ဌိကာရသိက္ခာပုဒ်လာ ကုဋ္ဌိအပြား (၃)ပါးတို့၏ အဓိပ္ပါယ်တို့ကို ရေးပြ၍ ဧဘဒါနုဝတ္တ ကသိက္ခာပုဒ်၌ "ဧကော ဝါ ဒွေ ဝါ တယော ဝါ"ဟု ဆိုရခြင်းအကြောင်းကိုလည်း ရေးပြခဲ့ပါ။

၈။ ဘိက္ခုပါတိမောက် ပုရာဏစီဝရသိက္ခာပုဒ်လာ သက်နှံးဟောင်းဟူသည် အဘယ်နည်း ကခ်ီဆရာအလိုကျ ရေး၍ နိသီဒနသန္ထတသိက္ခာပုဒ်လာ အခင်းဟောင်းအဓိပ္ပါယ် ဆိုလို ချက်ကိုလည်း ရေးခဲ့ပါ။

၂။ ကယားပြည်နယ် (အဖြေ)

ပထမလတ်တန်း ။ ။ ဒွေမာတိကာဘာသာ

၁။ (ဖောတိသိက္ခာပုဒ်နှင့် ပရအဘိသပနသိက္ခာပုဒ်တို့ကို ပါဠိရေးလေ။)

၂။ (က) (ဥိနဝီသတိဝဿသိက္ခာပုဒ်)
(ခ) (လဟုပါဝုရဏသိက္ခာပုဒ်တို့ကို အနက်ရေးလေ။)

၃။ ကိုယ်, စိတ်ဖြင့် မကွဲမပြား တသားတည်းဖြစ်သော သံယာသည် သမဂ္ဂသံယာ။
ပစ္စည်းများ–
၁။ ကောသိယမိဿကအခင်း။ ၂။ သုဒ္ဓကာဠကအခင်း။ ၃။ ဒွေဘာဂအခင်း။
(နွားရိုးစသည်ဖြင့် ပြုလုပ်ထားသော အင်ကျည်၊ ဆင်စွယ်ဖြင့် ပြုလုပ်ထားသော အင်ကျည်၊ နွားချိုစသည်ဖြင့် ပြုလုပ်ထားသော အင်ကျည်၊ တူလောနဒ္ဒဖြစ်သော ညောင်စောင်း, အင်းပျဉ်၊ ပမာဏလွန်သော ညောင်စောင်း, အင်းပျဉ်, နိသီဒိုင်, အမာလွှမ်းသက်နှံ, မိုးရေခံသက်နှံ, ဖောသီနှင့် သက်နှံကြီး။)

http://www.dhammadownload.com

၄။ ရရှိလာသော သက်နှံးသစ်၌ အဆင်းပျက်အောင် နီလ, ကဒ္ဒမ, ကာဠသာမ အရောင် တစ်မျိုးမျိုးရှိသည့် ကပ္ပဒိန္နု ထိုးရမည်။
မလိုက်နာလျှင် (ဒုဗ္ဗဏ္ဏကရဏာသိက္ခာပုဒ်အရ) ပါစိတ်အာပတ်သင့်သည်။
ရတနာ–
ကျောင်းတိုက် အရာမ်တွင်း, မိမိနေရာဌာနတွင်း၌ ရတနာ ၁၀–ပါး။ ရတနာဟု သမုတ် အပ်သော အရာများကို ကိုင်ကောင်းသည်။

၅။ ဂဟပတိ– အိမ်ရှင်ယောကျ်ား။ ဂဟပတိပုတ္တ– အိမ်ရှင်ယောကျ်ား၏ သား။ ဒါသ– ကျွန်၊ ကမ္မကာရ– အလုပ်သမား။ သမဏ– ရဟန်း။ ပရိဗ္ဗာဇက– ပရိဗိုဇ် ပေါင်း– ၆။
အာဝသထစီဝရ– ဘိက္ခုနီတို့ ဥတုလာသည့်အခါ သုံးစွဲဖို့ရန် ကျောင်း၌လှူဒါန်းထား သော့သက်နှံ။ ဝါ– ဥတုနီးသက်နှံ။

၆။ ၁။ စေတနာနှင့်တကွ အာပတ်သင့်ခြင်း။
၂။ သင့်ပြီးအာပတ်ကို လျှိုဝှက်ထားခြင်း။
၃။ အဂတိလိုက်ခြင်း။
ယူရမည့် ဘိက္ခု– ဥတ္တိစတုတ္ထ ဥပသမ္ပဒါကံဖြင့် ဖြစ်သောရဟန်း။

၇။ ၁။ **ဥလ္လိတ္တာကုဋိ–** (တိုင်, ထုပ်လျှောက်, တံခါးပေါင်, လေသာပြူတင်း, အခိုးထွက် ပေါက်– စသော မလိမ်းကျံသင့်သော အရပ်ကိုချန်၍) ကျန်လိမ်းကျံသင့်သော အရပ်၌ နံရံနှင့်ဆက်စပ်ပြီး အမိုးအတွင်းဝယ် အင်္ဂတေဖြင့်ဖြစ်စေ, မြေညက်ဖြင့်ဖြစ်စေ လိမ်းကျံ အပ်သော ကုဋိ။
၂။ **အဝလိတ္တာကုဋိ–** ဆိုခဲ့သည့်အတိုင်း အမိုး၏ ပြင်ပ၌ လိမ်းကျံအပ်သော ကုဋိ။
၃။ **ဥလ္လိတ္တာဝလိတ္တာကုဋိ–** ဆိုခဲ့သည့်အတိုင်း အမိုး၏ အတွင်း, ပြင်ဘက် နှစ်ရပ်လုံး၌ လိမ်းကျံအပ်သော ကုဋိ။
အကြောင်း– သုံးပါးထက် လွန်လျှင်လည်း ကံမပြုထိုက်၊ သံဃာက သံဃာအား နိဂ္ဂဟ ကံလည်း မပြုထိုက်သောကြောင့် ဧကော ဝါ ဒွေ ဝါ တယော ဝါ– ဟု ဆိုသည်။

၈။ ဆိုးပြီး, ကပ္ပဒိန္နုထိုးပြီးနောက် တစ်ကြိမ်ဝတ်ဖူး ရုံဖူးသောသက်နှံးသည်လည်းကောင်း။ သုံးစွဲခြင်းကို အဦးပြု၍ အယုတ်ဆုံးအားဖြင့် ပခုံးပေါ်, ခေါင်းပေါ်တင်၍ ခရီးသွားဖူးသော

http://www.dhammadownload.com

သက်နှိုးသည်လည်းကောင်း။ ခေါင်းအုံးလုပ်၍ အိပ်ဖူးသောသက်နှိုးသည်လည်းကောင်း သက်နှိုးဟောင်းမည်သည်။

အခင်းဟောင်း-

တစ်ကြိမ်ထိုင်ဖူး, အိပ်ဖူးသော အခင်းသည် အခင်းဟောင်းမည်သည်။

၃။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့.ခွဲ (ကရင်ပြည်နယ်)
ပထမလတ်တန်း ။ ။ ဒွေမာတိကာဘာသာ
၁၃၇၁-ခုနှစ်၊ တန်ခူးလပြည့်ကျော် (၃) ရက်၊ (၁-၄-၂၀၁၀) ကြာသပတေးနေ့

၁။ ရဟန်းတစ်ပါးက အခြားရဟန်းတစ်ပါးကို ဆွမ်းခံအတူသွားရန် ခေါ်ဆောင်ပြီးလျှင် သင့်လျော်လျောက်ပတ်သော အကြောင်းမရှိဘဲ အဖော်ရဟန်းကို ပြန်လွှတ်လိုက်သောရဟန်းအား အပြစ်သင့်ပုံပြု သိက္ခာပဒကို ပါဠိရေးခဲ့ပါ။

၂။ လမ်းမကြီး၌သော်၎င်း, ခရီးလမ်းဆုံ၌သော်၎င်း ယောက်ျားနှင့်အတူရပ်လျက် လွတ်လပ်စွာ စကားပြောလို၍ အဖေါ်ဘိက္ခုနီမကို ပြန်လွှတ်လိုက်သော ဘိက္ခုနီမအား အပြစ်သင့်ပုံပြု သိက္ခာပဒကို အနက်ရေးခဲ့ပါ။

၃။ ပထမဥပက္ခဋ္ဌသိက္ခာပုဒ်နှင့် ဒုတိယဥပက္ခဋ္ဌသိက္ခာပုဒ် (၂)ခုတို့၏ ထူးခြားချက်ကို သိသာရုံမျှ ဖြေဆိုရ၍၊ အကပ်ခံပြီးနောက် (၇)ရက်တိုင်တိုင် သိုမှီးသိမ်းဆည်းကာ သုံးဆောင်နိုင်သောပစ္စည်းများကိုလည်း ပါဠိ+မြန်မာနှစ်ဘာသာ တွဲစပ်ဖော်ပြပါ။

၄။ မောဟနသိက္ခာပုဒ်လာ မောဟနက်တင်ပုံကို မြန်မာဘာသာဖြင့် ဖြေဆိုရ၍ မိုးရေခံသက်နှိုးအလျား, အနံ ပမာဏကိုလည်း ကျမ်းရင်းလာအတိုင်း ဖြေဆိုပါ။

၅။ အောက်ပါ သင့်ရောက်နိုင်သော အပြစ်အာပတ်တို့ကို သိက္ခာပုဒ်နာမည်နှင့်တကွ တွဲစပ်ဖော်ပြပါ။

(က) ရုပ်ဆင်းရှုပကာ ချစ်စရာကောင်းသော မိန်းမပျိုတစ်ဦးအား "သင့်ရဲ့ပေါင်လေးက လှလိုက်တာ" ဟု ပြောသောရဟန်း။

(ခ) ရှေ, ငွေကို အလှူခံသော ရဟန်း။

http://www.dhammadownload.com

(ဂ) မိမိရရှိထားသော ဈာန်,မဂ်,ဖိုလ်တရားကို လူ့သာမဏောအား ပြောကြားသောရဟန်။
(ဃ) မတ်တုပ်ရပ်လျက် ကျင်ငယ်စွန့်သောရဟန်။
(င) ဖုံးကွယ်သောအရပ်၌ ယောက်ျားနှင့် တစ်ယောက်ချင်းရပ်လျက် စကားပြောသော ဘိက္ခုနီမ။

၆။ စောရီဝုဋ္ဌာပိကာသိက္ခာပုဒ်လာ ဂဏ် ၀ါ-၌ ဂဏ-အရ, ဩကိုတ္တကဩသာရဏသိက္ခာပုဒ်လာ ဂဏသ ဆန္ဒ ဩသာရေယျ-၌ ဂဏ-အရတို့ကို ကောက်ပြ၍ ဘိက္ခုနီမများ သီတင်း၀ါလကျွတ်လျှင် အနည်းဆုံးသွားသင့်သော ခရီးအတိုင်းအတာကိုလည်း သာဓကပါဠိနှင့်တကွ ဖြေဆိုပါ။

၇။ ကာယသံသဂ္ဂသိက္ခာပုဒ်လာ မာတုဂါမ- အရနှင့် ဒုဋ္ဌုလ္လ၀ါစာသိက္ခာပုဒ်လာ မာတုဂါမ-အရတို့ကို ခွဲခြားဖြေဆိုရ။ သဗ္ဗရိတ္တာသိက္ခာပုဒ်လာ အောင်သွယ်ထမြောက်မှ အဂါမျှားကို လည်း ကခ်ီလာအတိုင်း ဖြေဆိုပါ။

၈။ အစ္ဆိန္နစီ၀ရ, နဒ္ဒစီ၀ရတို့၏ အဓိပ္ပါယ်ကိုရေး၍ ပရိဏာတသိက္ခာပုဒ်အရ အဘယ်သို့ညွှတ်ခြင်းမျိုးကို ပရိဏာတ-ဟုဆိုရပါသနည်း ကခ်ီလာအတိုင်း ဖြေဆိုပါ။

၃။ ကရင်ပြည်နယ် (အဖြေ)

ပထမလတ်တန်း ။ ။ ဒွေမာတိကာဘာသာ

၁။ (ဥယျောဇနသိက္ခာပုဒ်ကို ပါဠိရေးလေ။)

၂။ (ဒုတိယကဥယျောဇနသိက္ခာပုဒ်ကို အနက်ရေးလေ။)

၃။ ပထမဥပကွဋ္ဌသိက္ခာပုဒ်၌ ဒကာတစ်ဦးတို့ နိ၀ပ်စက်သည်၊
ဒုတိယဥပကွဋ္ဌသိက္ခာပုဒ်၌ ဒကာ ၂-ဦးကို နိ၀ပ်ဓက်သည် ဤသို့ ထူးသည်။
ပစ္စည်းများ-
သပ္ပိ-ထောမတ်၊ နဝနီတ-ဆီဦး။ တေလ-ဆီ၊ မဓု-ပျားရည်၊ ဖာဏိတ-တင်လဲ။

http://www.dhammadownload.com

၄။ ငါ့ရှင် သင်သည် ပါတိမောက် ရွတ်ပြစဉ် ကောင်းစွာ အကျိုးရှိသည်ကို ပြု၍ နှလုံးမသွင်း။ သင်သည် ဒိဋ္ဌဓမ္မိက သမ္မရာယိကလာဘ်တို့ကို မရလေစွ၊ ကံကောင်းထောက်မသဖြင့် ရသော လူအဖြစ်ကို မကောင်းသဖြင့် မကောင်းသဖြင့် ရအပ်လေစွ၊ ပါ- အရမတော်လေစွ။

ပမာဏ- မြတ်စွာဘုရား အထွာတော်ဖြင့် အလျား ၆-ထွာ၊ အနံ ၂-ထွာခွဲ။

၅။ (က) ဒုဋ္ဌုလ္လပါစာသိက္ခာပုဒ်ဖြင့် ထုလ္လစ္စည်း။
(ခ) ရူပိယသိက္ခာပုဒ်ဖြင့် နိဿဂ္ဂိယပါစိတ်၊
(ဂ) ဘူတာရောစနသိက္ခာပုဒ်ဖြင့် ပါစိတ်၊
(ဃ) ဌိတော ဥစ္စာရသိက္ခာပုဒ်ဖြင့် ဒုက္ကဋ်၊
(c) ပဋ္ဌမနှောကာသသိက္ခာပုဒ်ဖြင့် ပါစိတ်။

၆။ **ဂဏ် ပါ-၌ ဂဏ-** မလ္လဂဏ-စသော ဂိုဏ်း။ (စောရိဝုဋ္ဌာပိကာ)
ဂဏသ-၌ ဂဏ- ဥက္ခိတ္တက်ပြသော ဘိက္ခုနီအပေါင်း။ (ဥက္ခိတ္တာသြသာရဏ)
ခရီးအတိုင်းအတာ- အနည်းဆုံး ၆-ယူဇနာ, ၅-ယူဇနာ။
သာဓက-
ယာ ပန ဘိက္ခုနီ ဝဿံဝုဋ္ဌာ စာရိကံ နပ္ပဋိမေယျ အန္တမသော ဆပဒ္ဓယောဇနာနိပိ ပါစိတ္တိယံ။

၇။ **မာတုဂါမ အရ-** (ကချင် ၆-၍)
အဂ ၁များ- (ကချင် ၇-၍)

၈။ **အစ္ဆိန္နစီဝရ-** သက်နှံးလုယက်ခံရရာ အခါ။
နဋ္ဌစီဝရ- သက်နှံးမျောက်ပျက်ရာ အခါ။
ပရိဏတ- လျှုကုန်အံ့, ပြုကုန်အံ့ဟု နှုတ်မြွက်သဖြင့်ဖြစ်စေ, လက်ရိုပ်ပြသဖြင့်ဖြစ်စေ ညွှတ်ခြင်းကို ပရိဏတဟုခေါ်သည်။

http://www.dhammadownload.com

၄။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ (ချင်းပြည်နယ်)
ပထမလတ်တန်း ။ ။ ဒွေမာတိကာဘာသာ
၁၃၇၁-ခုနှစ်၊ တန်ခူးလပြည့်ကျော် (၃) ရက်၊ (၁၁-၄-၂၀၁၀) ကြာသပတေးနေ့

၁။ ဘိက္ခုပါတိမောက်လာ ပါရာဇိကလေးပါးတို့တွင် ဒုတိယပါရာဇိကသိက္ခာပုဒ်ကို ပါဠိမှန်စွာ ရေးသားပြပါ။

၂။ ဘိက္ခုနီပါတိမောက်လာ စိတ္တာဂါရဝဂ် ရာဇာဂါရသိက္ခာပုဒ်ကို မှန်ကန်စွာ အနက်ယောဇနာပြပါ။

၃။ ဘိက္ခုပါတိမောက်လာ စတုတ္ထပါရာဇိကသိက္ခာပုဒ်၌ သမုဒါစရဏာကာရ စကားရပ်ကို မြန်မာဘာသာဖြင့် ရေးသားဖြေဆိုပြု၍၊ ကာယသံသဂ္ဂသိက္ခာပုဒ်အရ ပရာမသိတမ္ဘအရပ်ဌာန-တို့ကိုလည်း ကျမ်းရင်းနှင့်အတိုအကျ ညွှန်ကြားခဲ့ပါ။

၄။ ဘိက္ခုပါတိမောက် အညဘာဂိယသိက္ခာပုဒ်လာ အနုဒ္ဓံသနာကာရ စကားရပ်ကို မြန်မာဘာသာဖြင့် မှန်ကန်စွာ ရေးသားဖြေဆိုပြု၍၊ သံယဘေဒကရဟန်း၏ အဓိပ္ပါယ်ကိုလည်း ကျမ်းရင်းလာအတိုင်းသာ ဖြေဆိုပြပါ။

၅။ ဘိက္ခုနီပါတိမောက် သုဒ္ဓပါစိတ် ဂဏ္ဍနီဝဂ် (က) ပထမ၊ (ခ) ဒုတိယ၊ (ဂ) ပဋ္ဌမသိက္ခာပုဒ်တို့၌ တိုက်ရိုက်လာသော ပဋ္ဌင်းခံမပေးထိုက်သော အမျိုးသမီးများကို မှန်ကန်စွာ ရေးသားဖြေဆိုပြပါ။

၆။ ဂန္ဓ(ကျမ်းဂန်)၏ ပါတိမောက္ခ-အမည်ရခြင်း၏ အကြောင်းရင်းကို ကခ်ါအဋ္ဌကထာနှင့် အညီ ဖြေဆိုပြပါ။

၇။ သော ပနေသ ကမ္မဝေသေန ပဋ္ဌဝိဓော-၌ ပဋ္ဌ-သရုပ်ကို မှန်ကန်စွာ ထုတ်ပြု၍၊ သာမဝိ ဥပေါသထဒီဝသ-၏ သဘောအဓိပ္ပါယ်ကိုလည်း သိသာရုံမျှ ဖြေဆိုပြပါ။

http://www.dhammadownload.com

၈။ ယံ မဇ္ဈိမသ ပုရိသသ သမန္တာ ဥဒကုက္ခေပေါ-၌ "ဥဒကုက္ခေပ"၏ အဓိပ္ပါယ်ကို ကခ်ိအဋ္ဌကထာဆရာကြီး၏ ဖွင့်ဆိုချက်အတိုင်း ပြည့်စုံစွာ ဖြေဆိုပြပါ။

၄။ ချင်းပြည်နယ် (အဖြေ)

ပထမလတ်တန်း ။ ။ ဒွေမာတိကာဘာသာ

၁။ (ပါဠိထင်ရှားပြီ)

၂။ (အနက်ထင်ရှားပြီ)

၃။ ငါ့ရှင်တို့ တပည့်တော်သည် ဥတ္တရိမနုဿမွေကို မသိပါဘဲ ငါသိ၏၊ မမြင်ပါဘဲ ငါမြင်၏၊ ဤသို့ ပြောဆိုမိပါပြီ၊ အနက်မမှီး အချည်းနီးသော လိမ်လည်လိုခြင်း ချုတ်ယွင်းသော စကားကို ပြောဆိုမိပါပြီ၊

အရပ်ဗဒုန်- လက်, ဆံထုံး, အင်္ဂါကြီးငယ် တစ်ခုခု။

၄။ ထိုရဟန်းကို ဤမြတ်သောအကျင့်မှ ရွှေ့လျှောစေနိုင်တန်ရာ၏။

သံဃဘေဒက ရဟန်း-

ညီညွတ်သောသံဃာ၏ ကွဲပြားခြင်းငှါ အားထုတ်သော ရဟန်း, သံဃာကွဲပြားခြင်း အကျိုးငှါဖြစ်သော အကြောင်းကိုယူ၍ ချီးမြှောက်၍ တည်သော ရဟန်း။

၅။ (က) ကိုယ်ဝန်ရှိသော မိန်းမ၊

(ခ) နို့တိုက်ဆဲ မိန်းမ၊

(ဂ) အသက် ၁၂-နှစ်လည်း မပြည့်, ယောက်ျားတစ်ပါးလည်း သွားလာအပ်ပြီးသော မိန်းမ။

၆။ သိလပါတိမောက်ကို ထွန်းပြတတ်သောကြောင့် ဂန္ဓ (ကျမ်းဂန်)သည် ပါတိမောက်။

၇။ ၁။ စတုဝဂ္ဂသံဃာ၊ ၂။ ပဉ္စဝဂ္ဂသံဃာ၊ ၃။ ဒသဝဂ္ဂသံဃာ၊ ၄။ ဝီသတိဝဂ္ဂသံဃာ၊ ၅။ အတိရေက ဝီသတိဝဂ္ဂသံဃာ။

http://www.dhammadownload.com

အမိပ္ပါယ်–စာတုဒ္ဒသီ, ပန္နရသီဥပုသ်နေ့မှ တပါး သံဃာညီညွတ်သ့ဖြင့် ဥပုသ်ရာနေ့သည် သာမဂ္ဂိဥပေါသထဒိဝသ။

၈။ ကြွေအံ ကစားသမားများ သစ်သားလုံး (အံစာတုံး) ပစ်သကဲ့သို့ ထာမမဒ္ဓိမပုရိသက ရေကိုဖြစ်စေ, သဲကိုဖြစ်စေ လက်ဖြင့်ယူ၍ အားကုန်ပစ်အပ်သော ရေနှင့်သဲတို့၏ ကျရာအရပ်သည် ဥဒကုက္ကေပ။

၅။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ (စစ်ကိုင်းတိုင်း) ပထမလတ်တန်း ။ ။ ဒွေမာတိကာဘာသာ

၁၃၇၁–ခုနှစ်၊ တန်ခူးလဆုတ် (၃) ရက်၊ (၁–၄–၂၀၁၀) ကြာသပတေးနေ့

၁။ ဘိက္ခုပါတိမောက်လာ ဒွေဘာဂသိက္ခာပုဒ်နှင့် ဘိက္ခုနီပါတိမောက်လာ စီဝရပရိဝတ္တနသိက္ခာပုဒ်တို့ကို ပျိုင်ဆက်သက် ရေးခဲ့ပါ။

၂။ ကုလဒူသကရဟန်းကို အခြားရဟန်းကောင်းတို့က ကျောင်းမှနှင်ထုတ်ပုံပြု စကားရပ်များကိုသာ အနက်ပေးခဲ့ပါ။

၃။ အာပတ်သင့်နေသော်လည်း ထိုအာပတ်ကို အမှတ်မရ၍ ထင်စွာမပြုဘဲ ဆိတ်ဆိတ်နေသောရဟန်းအား သမ္ဘဏနမုသာဝါဒဒုက္ကဋ်အာပတ် သင့်/မသင့် ထိမိသောသာဓကဖြင့် ဆုံးဖြတ်ဖြေဆိုရ၏။ ဘုရားရှင်၏ပရိသတ် ကြီးပွါးကြောင်းနည်းလမ်းကောင်းများကိုလည်း မြန်မာဘာသာဖြင့် ညွှန်ပြခဲ့ပါ။

၄။ ဂဏဘောဇဉ်ကို စားနိုင်ရာအခါကို မြန်မာဘာသာဖြင့် တင်ပြ၍ ဘိက္ခုနီမများ အဖော်မပါဘဲ (က) ခရီးမသွားသင့်သောအရပ်ဌာန၊ (ခ)ခရီးမသွားသင့်ရာအခါ။ (ဂ) ခရီးသွားသင့်ရာအခါတို့ကို တုဝဋ္ဋဝဂ်ကို နှလုံးသွင်း၍ ဖြေဆိုခဲ့ပါ။

၅။ အောက်ပါဘိက္ခုနီမတို့အား သင့်ရောက်သောအာပတ်တို့ကို သိက္ခာပုဒ်နှင့်တကွ တွဲစပ်ဖြေဆိုခဲ့ပါ။

(က) ကိလေသာမိုး ရွာသွန်းပြီးနေသောယောဂျီး၏ လက်မှ ခဲဘွယ်ဘောဇဉ်ကို ခံယူ၍ သုံ့ဆောင်သော ဘိက္ခုနီမ၊

http://www.dhammadownload.com

(ခ) ရဟန်း, ပရိဗိုဇ်နှင့် တရားရင်ဆိုင်သော ဘိက္ခုနီမ၊
(ဂ) ထောပတ်ကို တောင်းပြီးမှ ဆီကို ထပ်တောင်းသော ဘိက္ခုနီမ၊
(ဃ) ရေကူးဝတ်စုံမပါဘဲ ရေကူးသော ဘိက္ခုနီမ၊
(င) လူတို့၏ ဝေယျာဝစ္စကို ပြုလုပ်ပေးသော ဘိက္ခုနီမ။

၆။ ခိုးခြင်း (၂၅)ပါးတို့တွင် ဌာနာစာဝေယျ- ကြောင့် အာပတ်သင့်ပုံ အဆင့်ဆင့်ကို ကခ၊ အဖွင့်အတိုင်း ဖြေဆိုပြီ။ သေစေလိုသောစိတ်စသည်မရှိဘဲ "ဝိရိယကို မြှင့်မြှစွာ အားထုတ်သူ၏ တစ်ရက်မျှအသက်ရှည်ရခြင်းသည် မြတ်၏" စသောနည်းဖြင့် တရားဟောသော ရဟန်းအား သေခြင်း၏ဂုဏ်ကျေးဇူးကို ချီးမွမ်းရာရောက်/မရောက် သာဓကထောက်၍ ဖြေဆိုခဲ့ပါ။

၇။ ကာယသံသဂ္ဂသိက္ခာပုဒ်လာ ဟတ္ထဂ္ဂါဟံ ဝါ- ၌ ဟတ္ထ- အရကို ကောက်ပြ၍ ဒုဋ္ဌုल्लဝါစာ သိက္ခာပုဒ်လာ သြဘာသေယျ- အရ အယုတ်အားဖြင့် ပြောဆိုပုံကို မြန်မာဘာသာဖြင့် ကခ၊ လာအတိုင်း ဖြေဆိုခဲ့ပါ။

၈။ ပထမအနိယတသိက္ခာပုဒ်၌ "နိသဇ္ဇ ကပ္ပေယျ" ဟုဆိုသောကြောင့် မာတုဂါမ၏အနီး၌ အိပ်နေလျှင် အာပတ်မသင့်ဟု မှတ်ရမည်လော? အကြောင်းပြ ဖြေဆိုပြီ။ ဒုက္ခဋ္ဌသက်နိုး ကြီးကို အနီး, အဝေးအားဖြင့် ခွဲခြား၍ အဓိဋ္ဌာန်တင်ပြခဲ့ပါ။

၅။ စစ်ကိုင်းတိုင်း (အဖြေ)
ပထမလတ်တန်း ။ ။ ဒွေမာတိကာဘာသာ

၁။ (ပါဠိထင်ရှားပြီ)

၂။ (အာယသ္မာ ဧဝိ ကုလဒူသကော ။ပ။ ဣဒ ဝါသေန- ကို အနက်ရေးလေ။)

၃။ သမ္ဘဏနမုသာဝါဒ ဒုက္ကဋ်အာပတ် မသင့်ပါ။
သာဓက- သရမာနော သန္တိ အာပတ္တိ နာဝိကရေယ္ယ။ သမ္ဘဏနမုသာဝါဒသ္မ ဟောတိ။
(တသ္မာ သရမာနေန ဘိက္ခုနာ အာပန္နေန)

http://www.dhammadownload.com

နည်းလမ်းကောင်းများ-

၁။ အချင်းချင်း အကျိုးစီးပွါးကို ပြောဆိုခြင်း။

၂။ အချင်းချင်း အာပတ်မှ ထစေခြင်း။

၄။ ၁။ မကျန်းမာရာအခါ၊ ၂။ သက်နိုးလှူရာအခါ၊ ၃။ သက်နိုးချုပ်ဆိုးရာအခါ၊
၄။ ခရီးရှည်သွားရာအခါ၊ ၅။ လှေစီးရာအခါ၊ ၆။ရဟန်းများစွာ စုမိရာအခါ၊
၇။ သမဏာအမည်ရသူတို့ ထမင်းကျွေးရာအခါ။

(က) ယုံမှားဖွယ်လည်းရှိ, ဘေးရန်လည်းရှိသော ၁။ မိမိနေရာ နိုင်ငံတွင်။ ၂။ နိုင်ငံခြား။

(ခ) ဝါတွင်းအခါ။

(ဂ) ဝါကျွတ်ရာအခါ။

၅။ (က) ဘောဇနပဋိဂ္ဂဟဏပထမသိက္ခာပုဒ်ဖြင့် သံဃာဒိသေသ၊

(ခ) ဥဿယဝါဒိကာသိက္ခာပုဒ်ဖြင့် သံဃာဒိသေသ၊

(ဂ) အညဝိညာပနသိက္ခာပုဒ်ဖြင့် နိဿဂ္ဂိပါစိတ်၊

(ဃ) နဂ္ဂသိက္ခာပုဒ်ဖြင့် ပါစိတ်၊

(င) ဂိဟိဝေယျာဝစ္စသိက္ခာပုဒ်ဖြင့် ပါစိတ်။

၆။ ကုန်း၌တည်သော ဘာလှာကို ခိုးလိုစိတ်ဖြင့် သုံးသပ်လျှင် ဒုက္ကဋ်၊
လှေပ်ရှားစေလျှင် ထုလ္လစ္စည်း။
မူလတည်နေရာမှ ရွှေ့ရှားစေလျှင် ပါရာဇိက။

ချီးမွမ်းရာ ရောက်/မရောက်-

ချီးမွမ်းရာ မရောက်ပါ။

သာဓက- ကျွတ် စိတ္တမနော စိတ္တသက်ပွေ့။

၇။ **ဟတ္ထ အရ- တံတောင်ဆစ်မှစ၍ လက်သည်းဖျားတိုင်အောင်ယူ၊**

အယုတ်အားဖြင့် ပြောဆိုပုံ-

၁။ ဝစ္စမဂ်, ပဿာဝမဂ်ကို ရည်ရွယ်၍ ချီးမွမ်းခြင်း။ ၂။ ကဲ့ရဲ့ခြင်း။

၃။ မေထုန်ကို ကောင်းခြင်း။ ၄။ မေထုန်ကို တောင့်တခြင်း။

၅။ မေထုန်ပေးနည်း မေးခြင်း။ ၆။ ရှေ့ရှုမေးခြင်း။

http://www.dhammadownload.com

၇။ မေးသဖြင့် မေထုန်ပေးပုံ, ပေးနည်းကို ပြောပြခြင်း။
၈။ မမေးဘဲ သွန်သင်ခြင်း။
၉။ ဒုဋ္ဌုလ္လဝါစသာဒရာဂဖြင့် ဆဲရေးခြင်း။

၈။ အိပ်ခြင်းကိုလည်း နိသဇ္ဇ (ထိုင်ခြင်း)ဖြင့်ပင် သိမ်းယူရသောကြောင့် တစ်နည်း- ထိုင်ပြီး မှီသော အိပ်ရသောကြောင့် အာပဲတ်မသင့်ဟု မမှတ်ရပါ။ အိပ်နေလျှင်လည်း အာပတ်သင့်သည်။

အဓိဋ္ဌာန်တင်ပုံ -

အနှီး- ဣမံ သံဃာဋိ အဓိဋ္ဌामि။
အဝေး- ဧတံ သံဃာဋိ အဓိဋ္ဌामि။

၆။ ပထမပြန်ဟာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ (တနင်္သာရီတိုင်း)
ပထမလတ်တန်း ။ ။ ဒွေမာတိကာဘာသာ

ခဝဂ၁-ခုနှစ်၊ တန်ခူးလဆုတ် (၃) ရက်၊ (၁-၄-၂၀၁၀) ကြာသပတေးနေ့

၁။ သညာစိကာဂဇ္ဇိနှင့် မဟာလ္လကဝိဟာရတို့ထူးခြားချက်ကို ကျမ်းရင်းလာအတိုင်း ဖြေဆိုရ၍ သံဃာဒိသိသိနိဂုံးနှင့် ဥိနစိသတိဝသ သိက္ခာပုဒ်လာ တေ စ ဘိက္ခူ ဂါရယှာ- အရယူရမည့် ရဟန်းတို့ကိုလည်း ဖြေဆိုပါ။

၂။ ပျားရည်ကို အကပ်ခံပြီး (၄.၅)ရက်ပတ်လုံး အကပ်မခံဘဲစားလျှင် သန္ဓိဓိကာရဖြစ်/မဖြစ် သာဓကပြဆုံးဖြတ်၍ နင်ထုတ်ထားသော (ဥက္ခိတ္တက)ရဟန်းနှင့် ပေါင်းသင်းဆက်ဆံမှု မပြုရသည့် ကိစ္စရပ်များကို ကျမ်းရင်းလာအတိုင်း ဖြေဆိုပါ။

၃။- ဝိနည်းလည်းမသင် ညနေဘက်ကျောင်းတိုက်အပြင်ခိုးထွက်သောရဟန်းအား အပြစ်ရပုံပြ သိက္ခာပုဒ်တို့ကို ပါဠိသက်သက်ဖြေဆိုပါ။

၄။ အောက်ပါ ပေယျာလကို ဖော်ထုတ်၍ မှန်ကန်စွာ အနက်ယောဇနာပါ။
(က) သိယာ စ တဿ ဘိက္ခုနော၊ ကောစိ'ဒေဝ ....ပ.... တတော စေ ဥတ္တရိ ဝိပ္ပဝေသေယ္ယ
(ခ) အာဟရ မေ တံ စီဝရံ၊ ယံ တုယှံ ...ပ... နိဿဋ္ဌိယံ ပါစိတ္တိယံ။

http://www.dhammadownload.com

၅။ အောက်ပါ ရဟန်း/ရဟန်းမများအား သင့်ရောက်သောအာပတ်ကို သိက္ခာပုဒ် ဝဂ်အမည်နှင့်တကွ ဖြေဆိုပါ။

(က) သီလရှင်ဆရာလေးနှင့် ဘုရားဖူး/ခရီးထွက်သော ရဟန်း။

(ခ) အရွယ်ရောက်သော ကပ္ပိယကျောင်းသားနှင့် အမှောင်အတွင်း စကားပြောသော ရဟန်းမ၊

(ဂ) ဂိလာနမဟုတ်ဘဲ သက်သက်စားလိုရှိ နို့ခမ်းကို တောင်းစားသော ရဟန်း/ရဟန်းမ။

(ဃ) ခြေဖနောင့်ထောက်၍ ရှာတွင်းသို့ သွားလာသော ရဟန်း/ရဟန်းမ။

၆။ သူစိယရ, မဗ္ဗပီဋ, တူလောနဒ္ဓ–သိက္ခာပုဒ်တို့ကို ကျူးလွန်မှုကြောင့် ဒေသနာပြောကြား လိုလျှင် ရှေးဦးစွာပြုလုပ်ရမည့် ဝတ္တရားများကို လိုရင်းပါဠိနှင့် အသီးသီးတွဲစပ် ဖြေဆိုရ၍ သောကာဝါသသိက္ခာပုဒ်လာ ပုရိသ, ကုမာရကသံသဋ္ဌတို့ဌ ပုရိသ, ကုမာရက တို့ထူး ခြားပုံကို ဖြေဆိုပါ။

၇။ သိမ်နိမိတ်လော်ကသောတောကို ကခ်ီလာအတိုင်း ဖြေဆိုရ၍ အတ္တကာမပါရိစရိယ သိက္ခာပုဒ်လာ သီလဝန္တ, ဗြဟ္မစာရီ, ကလျာဏဓမ္မတို့၏ အဓိပ္ပါယ်ကိုလည်း ကခ်ီလာ အတိုင်းဖြေဆိုပါ။

၈။ ခိုင်လုံသောအကြောင်းမရှိဘဲ ပါရာဇိကအာပတ်ဖြင့် စွပ်စွဲရာ၌ စွပ်စွဲခံရသောရဟန်း ပါရာဇိကကျလျှင် စွပ်စွဲသောရဟန်း အာပတ်သင့်/မသင့် ကခ်ီလာအတိုင်း အကြောင်း ပြဖြေဆိုရ၍ သပိတ်မမည်ထိုက်သော သပိတ်ကိုလည်း ကခ်ီအလိုကျ ဖြေဆိုပါ။

၆။ တနသ်ာရီတိုင်း (အဖြေ)

ပထမလတ်တန်း ။ ။ ဒွေမာတိကာဘာသာ

၁။ သညာစိကာကုဋ္ဌိသည် အလှူရှင်ဒါယကာ မရှိ၊ အလှူး ၁၂–ထွာ အနံ ၇–ထွာဟူသော ပမာဏ အလွန်ဆုံးရှိရမည်၊ မဟလ္လကဝိဟာရသည် အလှူရှင်ဒါယကာရှိသည်၊ ပမာဏ ကန့်သတ်ချက် မရှိ၊ ဤသို့ ထူးသည်။

သာဓက–သညာစိကာယ ပန ဘိက္ခုနာ ကုဋ္ဌိ ကာရယ်မာနေန အဿာမိကံ အတ္တုဒ္ဒေသံ ပမာဏိကာ ကာရေတမ္ဘာ၊

http://www.dhammadownload.com

မဟာလွက် ပန ဘိက္ခုနှာ ဝိဟာရံ ကာရယမာနေန သဿာမိကံ အတ္တုဒ္ဒေသံ ဘိက္ခု။ အဘိနေတဗ္ဗာ ဝတ္ထုဒေသနာယ။

သံယာဒိသေသိနီဝုံ- အဘ္ဘာန်သွင်းရာတွင် ပါဝင်သော ရဟန်းများ။

ဥိနဝိသတိဝဿသိတ္ဘာပုဒ်- ရဟန်းခံရာတွင် ပါဝင်သော ကာရကသံယာများ။

၂။ သန်ဓိကာရ မဖြစ်။

သာဓက- တာနိ ပဋိဂ္ဂဟေတ္တာ သတ္တာဟပရမံ သန်ဓိကာရကံ ပရိဘုဉ္ဇိတဗ္ဗာနိ။ (ပတိသာယနီယာနိ)

ကိစ္စရပ်များ-

အာမိသခမ္မ နှစ်ဖြာသော သမ္ဘောဂကိုပြုခြင်း။ ဥပုသ် ပဝါရကာစသော သံဃသကိုပြုခြင်း။ အတူအိပ်ခြင်း။

၃။ (သဟခမ္မိကသိက္ခာပုဒ်၊ ဝိကာလဂါမပုဝေသနသိက္ခာပုဒ်တို့ကို ပါဠိရေးလေ။)

၄။ (အနက်ထင်ရှားပြီ)

၅။ (က) သပ္ပါဏကဝဂ် သံဝိဓာနသိက္ခာပုဒ်ဖြင့် ပါစိတ်၊
(ခ) ရတ္တန္ဓကာရဝဂ် ရတ္တန္ဓကာရသိက္ခာပုဒ်ဖြင့် ပါစိတ်၊
(ဂ) ရဟန်း, ရဟန်းမ- သက္ကစ္စဝဂ် သူပေါဒနဝိညတ္တိသိက္ခာပုဒ်ဖြင့် ဒုက္ကဋ်၊
(တစ်နည်း) ရဟန်းမအတွက် ဒမိဝိညာပနသိက္ခာပုဒ်ဖြင့် ပါဠိဒေသနီ။
(ဃ) ခဏ္ဍကဝဂ် ဥက္ကာဋိကသိက္ခာပုဒ်ဖြင့် ဒုက္ကဋ်၊

၆။ သူစိယရ- အပ်ကျည်ခွဲမှု (ဘေဒနကံ ပါစိတ္တိယံ)
မဠုပိဋ- အခြေကို ဖြတ်မှု (ဆေဒနကံ ပါစိတ္တိယံ)
တူလောနဒ္ဓ- လဲကို ထုတ်မှု (ဥဒ္ဓါလနကံ ပါစိတ္တိယံ)
ပုရိသ- အသက် ၂၀-ပြည့်ပြီး ယောက်ျားကြီး။
ကုမာရက- အသက် ၂၀-မပြည့်ခင် လုလင်ပျိုမ။

၇။ အတွင်း၌ အနှစ်ရှိသော သစ်ပင်, ယင်းသစ်ပင်တို့နှင့် ရောနေသော သစ်ပင် လေးပင် ငါးပင်မျှရှိသော တောသည် သိမ်နိမိတ်လောက်သော တော-ဖြစ်သည်။

http://www.dhammadownload.com

အဓိပ္ပါယ်-

ပါဏာပါတစသည်မှ ရှောင်ကြဉ်သူသည် သီလဝန္တ၊
မေထုန်အကျင့်မှ ရှောင်ကြဉ်သူသည် ဗြဟ္မစာရီ၊
အဆိုပါ နှစ်မျိုးလုံးမှ ရှောင်ကြဉ်သူသည် ကလျာဏဝမ္မ။

၈။) စွပ်စွဲရာ၌ စွပ်စွဲခံရသော ရဟန်း ပါရာဇိက ကျမ္ဘ မကျမ္ဘသည် ပမာဏမဟုတ်သော ကြောင့် စွပ်စွဲခြင်းသော ရဟန်း အာပတ်သင့်သည်။
သဗ်ိတ်- ဥက္ကဋ္ဌုက္ကဋ္ဌသဗ်ိတ်၊ ဩမကောမကသဗ်ိတ်။

၇။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ (ပဲခူးတိုင်း/အနောက်ပိုင်း) ပထမလတ်တန်း ။ ။ ဒွေမာတိကာဘာသာ

၁၃၇၁-ခုနှစ်၊ တန်ခူးလဆန်း (၈) ရက်၊ (၂၂-၃-၂၀၁၀) တနလာနေ့

၁။ အောက်ပါတို့ကို ပါဠိသက်သက်ရေးပါ။

(က) သမီးအရွယ် ကလေးငယ်ကို လက်ဆွဲလျှက် ကျောင်းမေါ်သို့တက်သွားသော ရဟန်း၏ အပြစ်ပြသိုက္ခာပုဒ်၊

(ခ) အခန်းထဲမှာ တံခါးပိတ်ပြီး မယ်တော်ကြီးနှင့် အေးအေးလူလူထိုင်နေသောရဟန်း၏ အပြစ်ပြသိုက္ခာပုဒ်။

၂။ "ဒီယုန်မြင်လို့ ဒီခြုံထွင်" ဆိုသကဲ့သို့ မရိုးသားသောစိတ်ဖြင့် ပေးလှူသော ယောက်ျား တစ်ယောက်၏ဆွမ်းကို မရိုးသားသောစိတ်ဖြင့်ပင် ခံယူသုံးဆောင်သောရဟန်းမ၏ အပြစ်ပြ သိုက္ခာပုဒ်ကို အနက်ရေးပါ။

၃။ ဥတ္တရိမနုဿဓမ္မကို လိမ်ညာ၍ ပြောဆိုမိပါသည်-ဟု အမှန်အတိုင်း ဝန်ခံခဲ့သော် အာပတ် လွတ်/မလွတ်ကို ဖြေဆိုပြီး။ မိုးဘေးသင့်၍ သက်နိုးလုံးဝမရှိသောရဟန်းအား သက်နိုး အလှူခံပင်ခဲ့သော် အဘယ်မျှလောက် အလှူခံခွင့်ရှိသည်ကိုလည်း ပါဠိသာဓကပြ၍ ဖြေဆိုပါ။

http://www.dhammadownload.com

၄။ ကျောင်းဒါယိကာမကြီးကို တရားရေအေးတိုက်ကျွေးလိုခဲ့သော် အာပတ်မသင့်အောင် အဘယ်သို့ပြုလုပ်ရမည်ကို ကျမ်းရင်းအတိုင်းဖြေဆိုကာ၊ လွင်တီးခေါင်ဌခင်းထားပြီး မရုတ်သိမ်းဘဲသွားခြင်းကြောင့် အာပတ်သင့်နိုင်သော ပစ္စည်းလေးမျိုးကို ပါဠိ+ မြန်မာ တွဲစပ်ဖော်ပြပါ။

၅။ ကပ္ပဗိန္ဒုထိုးရမည့် အရောင်သုံးမျိုးကို ပါဠိ+ မြန်မာနှစ်ဘာသာဖြင့် တွဲစပ်ဖော်ပြပြီး အနိဋ္ဌ တရတနကော်ဠ ရတနအရနှင့် ရတနသိက္ခာပုဒ်လာ ရတန – အရတို့၏ ထူးခြားပုံကို ကျမ်းရင်းလာအတိုင်း ဖြေဆိုခဲ့ပါ။

၆။ သဠာရိတ္တံ, သမာပဇ္ဇေယျ– ၌ သဠာရိတ္တ, သမာပဇ္ဇေယျတို့၏ အဓိပ္ပါယ်ကို ကခ်ီအတိုင်း ဖြေဆိုပါ။

၇။ ဘိက္ခုသံယာဒီသိသ်လာ အဓိကရဏသုံးမျိုးတို့၏ ထူးခြားဟန်နှင့် အနုဝတ္တကတ်၏ အဓိပ္ပါယ်ကို ကခ်ီအတိုင်း ဖြေဆိုပါ။

၈။ ရှုပိယသံဝေါဟာရ, ကယဝိက္ကယ သိက္ခာပုဒ်တို့၌လာသော နာနပ္ပကာရ နှစ်ခုတို့၏အထူးနှင့်၊ ဝင်းသိက္ခာပုဒ်နှစ်ခုတို့၏ နိဿဂ္ဂိယပစ္စည်းစွန့်ရမည့် နေရာအထူးတို့ကို ကခ်ီအတိုင်းရေးပါ။

၇။ ပဲခူးတိုင်း/အနောက်ပိုင်း (အဖြေ)
ပထမလတ်တန်း ။ ။ ဒွေမာတိကာဘာသာ

၁။ (က)(ကာယသံသုဒ္ဓသိက္ခာပုဒ်)
(ခ) (အစေလကဝဂ်၊ ရဟောပဇ္ဇိတ္ထနှင့်သိက္ခာပုဒ်တို့ကို ပါဠိရေးလေ။)

၂။ (ဘောဇနပဋိဂ္ဂဟာဏ ပထမသိက္ခာပုဒ်ကို အနက်ရေးလေ။)

၃။ အမှန်တိုင်း ဝန်ခံသော်လည်း အာပတ်မှ မလွတ်ပါ။

http://www.dhammadownload.com

ခံယူနိုင်သောသက်နှီး-
သင်းပိုင်နှင့် ကိုယ်ရံ တစ်စုံ (နှစ်ထည်) မျှကိုသာ အလျှော်ခံခွင့်ရှိသည်။
သာဓက-
သန္တာရတ္တာရပရမ် တေန ဘိက္ခုနာ တတော စီဝရံ သာဒိတမ္ဗံ။

၄။ အနီးအပါးဌ် နားလည်သူ လူယောက်ျားကို ခေါ်ထား၍ ဟောရမည်။ (ယင်းသို့ မဖြစ်နိုင်လျှင် ၆-ခွန်းသာ ဟောရမည်)
ပစ္စည်း- မဏ္ဍ-ညောင်စောင်း၊ ပီဋ-အင်းပျဉ်၊ ဘိသိ-ဘုံလှိုး၊ ကောစ္ဆ-ခတ်အခင်း။

၅။ နီလ-စိမ်းညိုရောင်၊ ကဒ္ဒမ-ရွှံ့ညွန်ရောင်၊ ကာဠသာမ-မည်းညိုရောင်။
အနိဂ္ဂတ ရတနကေ-ဌ် **ရတနက အရ-** မိဖုရားရတနာကိုယူ။
ရတနသိက္ခာပုဒ်လာ- ရတန အရ- ရွှေ, ငွေ-စသော ရတနာ ၁၀-ပါးကိုယူ။

၆။ သဗ္ဗရိတ္တာ- မိန်းမ, ယောက်ျား နှစ်ဦးသားတို့၏ အကြား သွားလာ လှုပ်လည်ခြင်း။
သမာပဇ္ဇေယ္ယ- လက်ခံခြင်း, စုံစမ်းခြင်း, ဘဖန်ဆောင်ခြင်းတို့ကို ပြုလုပ်ခြင်း။

၇။ ဒုဋ္ဌဒေါသသိက္ခာပုဒ်ဌ် **အဓိကရဏအရ-** ပါရာဇိကဟူဆိုအပ်သော အာပတ္တာဓိကရဏ်။
အညဘာဂိယသိက္ခာပုဒ်ဌ် အဓိကရဏ အရ- အမည်သညာ၏ တည်ရာ။
သံဃဘေဒကသိက္ခာပုဒ်ဌ် အဓိကရဏ အရ- ဘေဒကရဝတ္ထု ၁၈-ပါးဟူသော အကြောင်း။
အနုဝတ္ထက-
သံဃဘေဒကရဟန်း၏ **အယူ, နှစ်သက်မှု, လိုလားမှု**ကို ယူခြင်းဖြင့် **အတုလိုက်**၍ ကျင့်သော ရဟန်းများကို ဆိုလိုသည်။

၈။ ရှုပိယသံဝေါဟာရသိက္ခာပုဒ်လာ **နာနပ္ပကာရ-** ကတ, အကတ, ကတာကတဖြစ်သော ရွှေ, ငွေ-စသည်။
ဂယဝိက္ကယသိက္ခာပုဒ်လာ နာနပ္ပကာရ- သက်နှီးစသည့် ကပ္ပိဘဏ္ဍာတို့၏ **အစွမ်း**ဖြင့် **အထူးထူးအပြားပြား** များစွာသော ဘဏ္ဍာ။

http://www.dhammadownload.com

နေရာအထူး-
ရှုပိယသံဝေါဟာရသိက္ခာပုဒ်- သံယာအလယ်၊
ဂဟယဝိက္ကယသိက္ခာပုဒ်- သံယာ, ဂိုဏ်း, ပုဂ္ဂိုလ် တစ်ခုခု။

၈။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ (ပဲခူးတိုင်း/အရှေ့ပိုင်း)
ပထမလတ်တန်း ။ ။ ဒုဒ္ဒေမာတိကာဘာသာ
၁၃၇၁-ခုနှစ်၊ တန်ခူးလဆန်း (၈) ရက်၊ (၂၂-၃-၂၀၁၀) တနလာနေ့

၁။ အောက်ဖော်ပြပါ ရဟန်း, ရဟန်းမတို့အား သင့်ရောက်သောအပြစ်ပြ သိက္ခာပဒတို့ကို ပါဠိရေးပြခဲ့ပါ။
(က) မာတုဂါမနှင့်အတူ တိုင်ပင်ချိန်းချက်၍ ဘုရားဖူးသွားသော ရဟန်း။
(ခ) ရဟန်းကို ကျွန်ဆဲသော ရဟန်းမ။

၂။ ခန္ဓကိယ် ချက်အောက်, ဒုးဝန်းနစ်ဖက်၏ အထက်ဌပေါက်သော မြင်းဖုအနာကို သံယာ ဂိုဏ်းကို မတိုင်တန်းဘဲ ယောကျ်ားနှင့် တစ်ယောက်ချင်းချင်း ခွဲစိတ်ကုသမှုခံယူသော ရဟန်းမအား အပြစ်ပြသိက္ခာပုဒ်ကို အနက်မှန်ကန်စွာ ပေးပြခဲ့ပါ။

၃။ ဝဿိကသာဋိက သိက္ခာပုဒ်လာ "မာသနှင့် အမှုမာသ"တို့၏ အရကို ဖော်ပြ၍ သာသနာတော်ကို ကြည်ညိုသဖြင့် ကိုယ်ကျင့်သိက္ခာမြင့်မားစေရေးကို ရှေ့တန်းတင်၍ သိက္ခာပုဒ်ကို ကျင့်သုံးလိုသော ရဟန်းတော်များ လိုက်နာဆောင်ရွက်ရမည့် ကျင့်ဝတ်များကို ပါဠိ+မြန်မာနှစ်ဘာသာဖြင့် ယှဉ်တွဲဖြေဆိုပြခဲ့ပါ။

၄။ (က) ဘိက္ခုနီမများ ခြုံထည်တောင်းရာ၌ လေးသောခြုံထည်, ပေါ့သောခြုံထည်များ အတွက် ကျပ်ငွေမည်မျှတန်ဘိုးရှိသော ခြုံထည်များကို တောင်းခံနိုင်ပါသနည်း ဖြေဆို၍၊
(ခ) ဘိက္ခုနီမသည် ယောကျ်ားနှင့် တစ်ယောက်ချင်းချင်း မနေသင့်သော အရပ်ဌာနများကို ပြည့်စုံစွာ ဖော်ပြခဲ့ပါ။

http://www.dhammadownload.com

၅။ အောက်ဖော်ပြပါ ရဟန်း, ရဟန်းမတို့အား သင့်ရောက်သောအာပတ်တို့ကို သိကွာပုဒ် အမည်နှင့်တကွ ဖော်ပြခဲ့ပါ။

(က) ငါးဖွဲ့မပြည့်သေးသော သပိတ်ဟောင်းရှိလျက် သပိတ်သစ်တောင်းခံဃောရဟန်။

(ခ) ကျန်းမာသောဘိက္ခုနီမ၏ ကျောင်းသို့သွား၍ ဆုံးမသော ရဟန်။

(ဂ) ဆင်စွယ်အစပ်ကျည်ကို ပြုလုပ်စေသော ရဟန်။

(ဃ) ယောက်ျားချိန်းချက်ရာအရပ်သို့ သွားသော ရဟန်းမ၊

(င) ဧည့်သည်များအတွက် ထမင်းချက်ပေးသော ရဟန်းမ။

၆။ "အတ္တုပနာယိက"၌ ကပ်ဆောင်ခြင်းနှစ်မျိုးကို ဖော်ပြ၍၊ သဠာရိတ္တ သမာပဇ္ဇေယျ-၌ သမာပဇ္ဇနအဂါ ၃-ပါးကိုလည်း ကခ်ီလာသည့်အတိုင်း , ရေးသားဖြေဆိုခဲ့ပါ။

၇။ အဒိဋ္ဌ, အသုတ, အပရိသင်္ကိတ-တို့၏ အဓိပ္ပါယ်ကို ရေးသားဖြေဆိုပြီးလျှင်၊ ဒုဗ္ဗစ-သိက္ခာပုဒ်၌ ဒုဗ္ဗစဇာတိက-ဟူသည် အဘယ်ပါနည်း? ကခ်ီလာသည့်အတိုင်း ဖြေဆိုပြပါ။

၈။ အညာတကဝိညတ္တိသိက္ခာပုဒ်-၌ "ဂဟပတိ, ဂဟပတာနီ"တို့၏ အရှုံ့ရာဇ-သိက္ခာပုဒ်လာ ဒုက္ခဋ္ဌဝတ္ထုများကို ကခ်ီအဖွင့်နှင့်အညီ ရေးသားဖြေဆိုပြခဲ့ပါ။

၈။ ပဲခူးတိုင်း/အရှေ့ပိုင်း (အဖြေ)

ပထမလတ်တန်း ။ ။ ဒွေမာတိကာဘာသာ

၁။ (က)(သပ္ပါဏကဝဂ်၊ သံဝိဓာနသိက္ခာပုဒ်၊)

(ခ) (ဘိက္ခုအက္ကောသနသိက္ခာပုဒ်တို့ကို ပါဠိရေးလေ။)

၂။ (ပသာခေဇာတသိက္ခာပုဒ်ကို အနက်ရေးလေ။)

၃။ နယုန်လပြည့်ကျော် ၁-ရက်နေ့မှ ဝါဆိုလပြည့်နေ့အထိ နွေလ၏ နောက်ဆုံး ၁-လသည် မာသ။

ဝါဆိုလဆန်း ၁-ရက်နေ့မှ ဝါဆိုလပြည့်အထိ နွေလ၏ နောက်ဆုံး ၁၅-ရက်သည် အဒ္ဓမာသ။

http://www.dhammadownload.com

ကျင့်ဝတ်များ-

အညာတမ္ဘ- မသိ သိအောင် ပြုရမည်၊ **ပရိပုစ္ဆိတမ္ဘ-** မသိလျှင် မေးရမည်၊ **ပရိပဋိတမ္ဘ-** မေးပြီးနောက်လည်း အခေါ်ကိုအခါခါ ကြံစည်ရမည်။

၄။ (က) လေးသော ခြုံထည်- ၃၆-ကျပ်တန်၊
ပျော်သော ခြုံထည်- ၁၀-ကျပ်တန်။
(ခ) ၁။ ညအခါ ဆီမီး-စသည် အလင်းမရှိရာ အရပ်၊ ၂။ နံရံစသည် ဖုံးကွယ်သော အရပ်၊ ၃။ လွင်တီးခေါင် အရပ်၊ ၄။ ထုတ်ချင်းပေါက်လမ်းမ၊ ၅။ ထုတ်ချင်းမပေါက် လမ်းမ၊ ၆။ လမ်းဆုံ, လမ်းခွ။

၅။ (က) ဥနပဗ္ဗမနွနသိက္ခာပုဒ်ဖြင့် နိဿဂ္ဂိပါစိတ်၊
(ခ) ဘိက္ခုနုပသဿယသိက္ခာပုဒ်ဖြင့် ပါစိတ်၊
(ဂ) သူစိယရသိက္ခာပုဒ်ဖြင့် ပါစိတ်၊
(ဃ) အဒ္ဒဝတ္ထုကာသိက္ခာပုဒ်ဖြင့် ထုလ္လစ္စည်း။ (ပါရာဇိက)
(င) ဂိဟိဝေယျာဝစ္စသိက္ခာပုဒ်ဖြင့် ပါစိတ်။

၆။ ၁။ ငါ၌ ဥတ္တရိမနုဿဓမ္မရှိ၏ဟု မိမိ၌ ဥတ္တရိမနုဿဓမ္မကို ကပ်ဆောင်ခြင်း။
၂။ ငါသည် ဥတ္တရိမနုဿဓမ္မ၌ ထင်၏ဟု မိမိကို ဥတ္တရိမနုဿဓမ္မ၌ ကပ်ဆောင်ခြင်း။
အဂ်ီ ၅- (ကချင် ၇-၅)

၇။ **အဒိဋ္ဌ-** မိမိ၏ ပသာဒစက္ခုဖြင့်ဖြစ်စေ, ဒိဗ္ဗစက္ခုဖြင့်ဖြစ်စေ မမြင်ခြင်း။ ဝါ- မမြင်အပ်သော ပါရာဇိကအာပတ်။
အသုတ- မိမိ၏ ပသာဒသောတဖြင့်ဖြစ်စေ, ဒိဗ္ဗသောတဖြင့်ဖြစ်စေ တစ်စုံတစ်ယောက် ပြောဆိုသည်ကို မကြားခြင်း။ ဝါ- မကြားအပ်သော ပါရာဇိကအာပတ်။
အပရိသင်္ကိတ- မိမိ၏လည်းကောင်း, သူတစ်ပါး၏လည်းကောင်း ဒိဋ္ဌ, သုတ, မုတ အစွမ်းဖြင့် စိတ်ဖြင့် မယုံမှားခြင်း။ ဝါ- မယုံမှားအပ်သော ပါရာဇိကအာပတ်။
ဒုဗ္ဗစရိတကဟူသည် ပြောဆိုဖို့ရာ မစွမ်းနိုင်ခြင်း (ပြော၍ မရခြင်း) ကို ဆိုလိုသည်။

http://www.dhammadownload.com

၈။ ဂဟပတိ-ရဟန်းတို့၌ ရဟန်းမပြုသော လူယောက်ျား။
ဂဟပတာနီ- ရဟန်းမတို့၌ ရဟန်းမပြုသော လူမိန်းမ။
ဒုတ္ထဌဝတ္ထု-
ပုလဲ, ပတ္တမြား, ကြောင်မျက်ရွဲ, ရှေသင်း, သလင်း, သန္တာ, ပတ္တမြားနီ, ပတ္တမြားပြောက်, စပါးမျိုး ၇-ပါး, ကျွန်မိန်းမ, ကျွန်ယောက်ျား, လယ်မြေ, ယာမြေ, ပန်းခြံ, သစ်သီးခြံ စသည်။

၉။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ (မကွေးတိုင်း)
ပထမလတ်တန်း ။ ။ ဒွေမာတိကာဘာသာ
၁၃၇၁-ခုနှစ်၊ တန်ခူးလဆန်း (၈) ရက်၊ (၂၂-၃-၂၀၁၀) တနလာနေ့

၁။ ဖော်ပြပါ ရဟန်းတို့အား အပြစ်သင့်ပုံပြ သိက္ခာပုဒ်တို့ကို ပါဠိရေးသားခဲ့ပါ။
(က) ဒါယကာသတ်မှတ်ထားသောရက် သတ်မှတ်ထားသောဆေးထက် ပို၍အလှူခံ ဘုန်းပေးသော အဂိလာနရဟန်း။
(ခ) အသက်နှစ်ဆယ်မပြည့်သေးမှန်းသိလျက် ရဟန်းခံပေးသော ရဟန်း။

၂။ မိမိပေါင်ရင်း၌ပေါက်သော့ အနာကို သံယာ, ဝိုက်းအား မပန်ကြားဘဲ ဆေးဆရာနှင့် ခွဲစိတ်ကုသသောဘိက္ခုနီမအား သင့်ရောက်သောအပြစ်[သိက္ခာပုဒ်ကို အနက်ယော ဇနာခဲ့ပါ။

၃။ သံယာဒီသေသိအာပတ်သင့်ရောက်သော ရဟန်းအား သုဒ္ဓကာလတိုင်အောင် ဆောင် ရွက်ပြုလုပ်ရမည့်အစီအစဉ်တို့ကို ဖြေဆိုပြီ။ သက်နှံးကောင်းရလိုမှုအတွက် ယက္ခန်းသည် တို့ထံသွား၍ ရဟန်း၏ စီမံပုံတို့ကိုလ ည်း ရေးသားခဲ့ပါ။

၄။ ဘိက္ခုနီမတစ်ပါးတည်း မပြုလုပ်သင့်သော ကိစ္စများကို မှန်ကန်စွာ ဖြေဆိုပြီ။ ဘိက္ခုနီမများ ယောက်ျားနှင့် တစ်ယောက်ချင်း မနေအပ်၊ စကားမပြောအပ်သော အရပ်ဒေသများကို လည်း ရတ္တန္ဓကာရဝဂ်လာအတိုင်း ဖြေဆိုခဲ့ပါ။

http://www.dhammadownload.com

၅။ အောက်ပါရဟန်း/ရဟန်းမတို့အား သင့်ရောက်သောအပြစ်တို့ကို သိကွာဖုန်းထောက်၍ ဖြေဆိုခဲ့ပါ။

(က) သံယာသို့ ညွှတ်လေပြီးသောလာဘ်ကို မိမိသို့ ညွှတ်စေသော ရဟန်း။

(ခ) နေဝင်သည်တိုင်အောင် ဘိက္ခုနီမတို့အား ဩဝါဒပေးသော ရဟန်း။

(ဂ) ကဲ့ရဲ့လိုသောစိတ်ဖြင့် သူတစ်ပါး၏သပိတ်ကို ကြည့်ရှုသော ရဟန်း။

(ဃ) ကာယသံသဂ္ဂရာဂဖြင့် ယောကျ်ား၏ ပွေ့ဖက်မှုကို သာယာသော ရဟန်းမ၊

(င) သူတစ်ပါးအား အပါယ်ငရဲဖြင့် ကျိန်ဆိုသော ရဟန်းမ။

၆။ ပထမပါရာဇိကလာ သိက္ခာသာဇီဝသမာပန္နော–၌ သိက္ခာနှင့် သာဇီဝတို့၏အဝှေးကို ကခ်ီဆရာအလိုကျ ဖြေဆိုပြီ၊ ယင်းပထမပါရာဇိကအာပတ်မှ ကင်းလွတ်ခွင့်ရသော ပုဂ္ဂိုလ်များကိုလည်း ကခ်ီအဋ္ဌကထာလာအတိုင်း ဖြေဆိုခဲ့ပါ။

၇။ ဒုဋ္ဌုလ္လဝါစာသိက္ခာပုဒ်လာ "ဒုဋ္ဌုလ္လဝါစာ"၏ အဓိပ္ပါယ်ကို ဖြေဆိုပြီ၊ ဒုဋ္ဌဒေါသသိက္ခာပုဒ်လာ "အနုဒ္ဓံသေယျ"ဟူသောပါဠိ၌ စောဒနာဓိပ္ပါယသရုပ်ကိုလည်း ကခ်ီဆရာအလိုကျ ဖြေဆိုခဲ့ပါ။

၈။ အဘယ်မျှလောက် ဟောင်းနွမ်းနေသောသင်္ကန်းကို "ပုရာဏစီဝရ"သင်္ကန်းဟောင်းဟု ဆိုရမည်နည်း ရှင်းလင်းဖြေဆိုပြီ၊ အညာတကဝိညတ္တိသိက္ခာပုဒ်လာ ဂဟပတိ၊ ဂဟပတာနီ–တို့၏ အဓိပ္ပါယ်ကိုလည်း ကခ်ီဆရာအလိုကျ ဖြေဆိုပြုပါ။

၉။ မကွေးတိုင်း (အဖြေ)

ပထမလတ်တန်း ။ ဒွေမာတိကာဘာသာ

၁။ (က) (မဟာနာမသိက္ခာပုဒ်)

(ခ) (ဥနဝီသုတိဝဿ ဒိက္ခာပုဒ်တို့ကို ပါဠိရေးလေ။)

၂။ (ပသာခေဏတသိက္ခာပုဒ်ကို အနက်ရေးလေ။)

http://www.dhammadownload.com

၃။ သံယာဒိသေသ်အာပတ် တစ်ခုခု သင့်ပြီးနောက်-

၁။ သိလျက် ဖုံးလွှမ်းခဲ့သည့် ကာလအတိုင်း မနေလိုဘဲလည်း ပရိဝါသ်နေရမည်၊

၂။ ပရိဝါသ်နေပြီးလျှင် ၆-ညဉ့် မာနတ်ကျင့်ရမည်၊

၃။ မာနတ်ကျင့်ပြီးလျှင် ၂-ကျိပ်ဝိုဏ်း ဘိက္ခုသံယာ၌ အဗ္ဗာန်သွင်းရမည်။

စီမံပုံ-

ဒါယကာတို့ ဤသက်နှံးသည် ငါ့အတွက် ရည်ရွယ်၍ ရက်သောသက်နှံးဖြစ်သည်၊ ထို့ကြောင့် အလျားရှည်အောင်လည်း ရက်ပါ၊ အနံ့ပြန့်အောင်လည်း ရက်ပါ၊ ပိတ်ပိတ်သည်းသည်း တခဲနက်ဖြစ်အောင်လည်း ရက်ပါ၊ ညီအောင်လည်း ရက်ပါ၊ ညီအောင်လည်း ဖြန့်ပါ၊ နယ်ဖြင့်လည်း ကောင်းစွာကန်ပါ၊ ဘီးဖြင့်လည်း ကောင်းစွာ ဖီးပါ၊ ငါတို့သည်လည်း ဒါယကာတို့အား စိုးစဉ်းအနည်းငယ်မျှကို နောက်ထပ်ပေးနိုင်ကုန်တန်ရာ၏ (နည်းနည်းပါးပါး လက်ခံထပ်၍ ပေးနိုင်ကောင်းပါ၏)။

၄။ ၁။ အခြားရှာသို့ သွားခြင်း။ ၂။ မြစ်တဖက်ကမ်းသို့ သွားခြင်း။ ၃။ ညဉ့်အခါ အဖော်ကင်း၍ နေခြင်း။ ၄။ ဝိုဏ်းမှ ချန်နေရစ်ခြင်း။

အရပ်ဒေသများ- (ပဲခူးအရှေ့ ၄၊ ခ-ရှ)

၅။ (က) ပရိဏာတသိက္ခာပုဒ်ကိုထောက်၍ နိဿဂ္ဂိပါစိတ်၊

(ခ) အတ္တဂ်ိတသိက္ခာပုဒ်ကိုထောက်၍ ပါစိတ်၊

(ဂ) ဥဗ္ဗာနသညီသိက္ခာပုဒ်ကိုထောက်၍ ဒုက္ကဋ်၊

(ဃ) ဥဗ္ဗဏဏမလ္လာလိကာသိက္ခာပုဒ်ကိုထောက်၍ ပါရာဇိက၊

(င) ပရ အဘိသပနသိက္ခာပုဒ်ကိုထောက်၍ ပါစိတ်။

၆။ သိက္ခာ အရ- အဓိသီလသိက္ခာကို ယူရသည်။

ထာဇိဝ အရ- ဘုရားပညတ်တော်မူသော သိက္ခာပုဒ်ကို ယူရသည် ဤသို့ ထူးသည်။

ပုဗ္ဗိုလ်များ-

၁။ သူတပါးပြုသော လုံ့လကို မသိသော ရဟန်း။

၂။ သိသော်လည်း မသာယာသော ရဟန်း။

၃။ ရှုံးသော ရဟန်း။

http://www.dhammadownload.com

၄။ စိတ်ပျံ့လွင့်သော ရဟန်း။
၅။ ရောဂါဝေဒနာ နှိပ်စက်ခံရသော ရဟန်း။
၆။ ပထမဆုံး ကျူးလွန်သော ရဟန်း။

၇။ ၁။ ဝဓွမဂ်နှင့်စပ်သော စကား။ ၂။ ပဿာဝမဂ်နှင့် စပ်သော စကား။ ၃။ မေထုန်နှင့်စပ်သော စကားများကို ဒုဋ္ဌုလ္လဝါစာဟုခေါ်သည်။

သရုပ်-

စာဝနာဓိပ္ပါယ်၊ အကွေ့ကောသာဓိပ္ပါယ်၊ ကမ္မာဓိပ္ပါယ်၊ ဝုဋ္ဌာနာဓိပ္ပါယ်၊ ဥပေါသထဋ္ဌပနာဓိပ္ပါယ်၊ ပဝါရဏာဋ္ဌပနာဓိပ္ပါယ်၊ အနုဝိဇ္ဇနာဓိပ္ပါယ်၊ ဓမ္မကထာဓိပ္ပါယ်၊ ပေါင်း- ၇။

၈။ သက်နိုးဟောင်း-(ကယား ၈-၇)
အဓိပ္ပါယ်- (ပဲခူးအ်ရှေ့ ၈-၇)

၁၀။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ (မန္တလေးတိုင်း)
ပထမလတ်တန်း ။ ။ ဒွေမာတိကာဘာသာ
၁၃၇၁-ခုနှစ်၊ တန်ခူးလဆန်း (၈) ရက်၊ (၂၂-၃-၂၀၁၀) တနလာနေ့

၁။ ဘိက္ခုပါတိမောက်လာ စစ်တပ်နှင်ပတ်သက်၍ ဘုရားရှင်ပညတ်အပ်သော သိက္ခာပုဒ်တို့တွင် နောက်ဆုံးသိက္ခာပုဒ်နှင့်၊ သတ်ထိုက်သောခိုးသူမဟု သိပါလျက် မင်းစသည်ကို မပန်ကြားဘဲ ဥပဇ္ဈာယ်ပြု၍ ရဟန်းခံပေးသောဘိက္ခုနီမအား သင့်ရောက်သည့်အပြစ်ပြ သိက္ခာပုဒ်တို့ကို ပါဠိသက်သက်ရေးခဲ့ပါ။

၂။ ရင်းနှီးကျွမ်းဝင်သောဒါယကာတ ရင်းနှီးကျွမ်းဝင်မှုဖြင့် "မနက်ဖြန် တပည့်တော်အိမ်မှာ ရဟန်းတော်ငါးပါး အမဲသားဟင်း, ငါးကြော်နှင့် ထမင်းစားကြွပါဘုရား" ဟု ပင့်လျှောက်လာရာ၌ စားနိုင်ခွင့်ရှိရာအခါများပြ သိက္ခာပုဒ်ကို အနက်ရေးခဲ့ပါ။

၃။ သာသနာ့ဝန်ထမ်းရှင်ရဟန်းများ ညီညွတ်စွာ ကျင့်ကြံကြိုးကုတ်အားထုတ်ကြသဖြင့် ရရှိနိုင်သည့်အကျိုးတရားတို့ကို သာဓကပြ ဖြေဆို၍၊ သဠာယတနသိက္ခာပုဒ်လာ အောင်သွယ်မှုမြောက်ကြောင်း လက္ခဏာတို့ကို ညွှန်ပြခဲ့ပါ။

http://www.dhammadownload.com

၄။ ပူသောအခါနှင့် အိုက်သောအခါတို့ကို "လ" အားဖြင့် ပိုင်းခြားဝေဖန်ပြ၍ (က) ဒုဗ္ဗလ သိက္ခာပုဒ်လာ ရှုတ်ချပုံကို ပါဠိ+ မြန်မာနှစ်ဘာသာဖြင့် ဖြေဆိုပြီးလျှင်၊ (ခ) ဘိုးကျွန်မများ ပူသောနွေအခါဝယ် ဝတ်ရုံသောခြုံထည်၏ တန်ဖိုးကိုလည်း ညွှန်ပြခဲ့ပါ။

၅။ အောက်ပါ ရဟန်း, ရဟန်းမတို့အား သင့်ရောက်သောအပြစ်တို့ကို သိက္ခာပုဒ်အမည်နှင့် တကွ ယှဉ်တွဲဖော်ပြခဲ့ပါ။

(က) ကိုယ်တိုင် ချည်တောင်း၍ သင်္ကန်းယက်စေသော ရဟန်း။

(ခ) ကျွန်းမာပါလျက် ထောပတ်ဆွမ်း တောင်းစားသော ရဟန်း။

(ဂ) သံသာ့လာဘ်မှန်းသိလျက် မိမိအတွက် ညွှတ်စေသော ရဟန်း။

(ဃ) မိဘတို့၏အမှုကိစ္စကို ဆောင်ရွက်ပေးသော ရဟန်းမ၊

(င) လူမိန်းမတို့ကို အနှိပ်ခိုင်းသော ရဟန်းမ။

၆။ ဥပုသ်ပြုရဟန်းများ၏ နှစ်တောင့်ထွာဟတ္ထပါသ်မှ ကြဉ်ဖယ်ရမည့် ဥက္ခိတ္တကသရုပ်ကို ဖော်ထုတ်ပြီးလျှင်၊ ဒုတိယပါရာဇိက, တတိယပါရာဇိကတို့သည် ပရိယာယ်စကားဖြင့် လွတ်/မလွတ် ခိုင်လုံသောသာကေပါဠိပြ၍ ခွဲခြားဖြေဆိုခဲ့ပါ။

၇။ အာပတ်သီးခြားမရှိပါဘဲလျက် အဘယ်အကျိုးငှါ အနိယတသိက္ခာပုဒ်များကို ပညတ်တော်မူပါသနည်း? ဖြေဆိုရ၍၊ သင်္ကန်းသုံးထည်ရှိရဟန်းတော်အား သုံးထည်လုံးဖြစ်စေ နှစ်ထည်ဖြစ်စေ ပျောက်ပျက်ပါက အလျှုခံနိုင်ခွင့်ရှိသော သင်္ကန်းအရေအတွက်ကို အကြောင်းပြ ဖြေဆိုခဲ့ပါ။

၈။ သပိတ် ၉- မျိုးတို့တွင် မအပ်သောသပိတ်တို့ကို ညွှန်ပြ၍၊ ရဟန်းတစ်ပါး၏အား ကိုယ်တိုင် သင်္ကန်းပေးပြီး ဝေယျာဝစ္စမပြုမူကြောင့် ပေးပြီးသင်္ကန်းကို သကသညာဖြင့် လုယူရာ, လုယူစေရာ၌ အာပတ်သင့်ပုံများကို ကခ်ါအဋ္ဌကထာလာသည့်အတိုင်း ဖြေဆိုခဲ့ပါ။

၁၀။ မန္တုလေးတိုင်း (အပြေ)

ပထမလတ်တန်း ။ ။ ဒွေမာတိကာဘာသာ

၁။ (ဥယျောဓိကသိက္ခာပုဒ်နှင့် စောရိဝုဋ္ဌာပိကာသိက္ခာပုဒ်တို့ကိုပါဠိရေးလေ။)

http://www.dhammadownload.com

၂။ (ဂဏာဘောဇနသိက္ခာပုဒ်ကို အနက်ရေးလေ။)

၃။ ၁။ လွန်စွာဝမ်းမြောက်ရခြင်း။ ၂။ ဆန့်ကျင်ဘက်မပြောဆိုရခြင်း။ ၃။ တစ်ခုတည်းသော ပါတိမောက်ပြရခြင်း။ ၄။ ချမ်းသာစွာ နေထိုင်ရခြင်း။

သာဓက- သမဂ္ဂေါဟိ သံဃော သမ္မောဒမာနော အဝိဝဒမာနော ဧကုဒ္ဒေသော ဖာသု ဝိဟာရတိ။

လက္ခဏာ- (ကချင် ၇-၇)

၄။ **ပူသောအခါ-** နယုန်လဆန်း ၁-ရက်မှ ဝါဆိုလပြည့်အထိ (နွေလတို့တွင် နေကက်ဆုံး) ၁-လခွဲ။

အိုက်သောအခါ- ဝါဆိုလပြည့်ကျော် ၁-ရက်မှ ဝါခေါင်လပြည့်အထိ (မိုးဥတုဏ် ပထမ) ၁-လ။

(က) ယထာသန္ထုတံ ဘိက္ခု။ သံယိကံ လာဘံ ပရိဏာမေန္တိ။

အကြင်အကြင် မိတ်ဆွေရဟန်းသို့ ရဟန်းတို့သည် သံဃိကလာဘ်ကို ညွှတ်စေကုန်၏။

(ခ) ၂-ကံသခွဲ (၁၀-ကျပ်)။

၅။ (က) သုတ္တဝိညတ္တိသိက္ခာပုဒ်ဖြင့် နိဿဂ္ဂိပါစိတ်၊

(ခ) ပဏီတဘောဇနသိက္ခာပုဒ်ဖြင့် ပါစိတ်၊

(ဂ) ပရိဏတသိက္ခာပုဒ်ဖြင့် နိဿဂ္ဂိပါစိတ်၊

(ဃ) ဂိဟိဝေယျာဝစ္စသိက္ခာပုဒ်ဖြင့် ပါစိတ်၊

(င) ဂိဟိနီ ဥမ္မဒ္ဒါပနသိက္ခာပုဒ်ဖြင့် ပါစိတ်။

၆။ ၁။ အာပတ်ကို မရှုသဖြင့် နှင်ထုတ်ခံရသော ရဟန်း။

၂။ အာပတ်ကို မကုစားသဖြင့် နှင်ထုတ်ခံရသော ရဟန်း။

၃။ ယုတ်မာသော အယူကို မစွန့်သဖြင့် နှင်ထုတ်ခံရသော ရဟန်း။

ဒုတိယပါရာဇိကသည် ပရိယာယ်စကားဖြင့် လွတ်သည်။

သာဓက- အဒိန္နာဒါနေ အာဒိယေယ္ယ။

စာတိယပါရာဇိကသည် ပရိယာယ်စကားဖြင့် မလွတ်။

သာဓက- သံဝဏ္ဏေယ္ယ။

http://www.dhammadownload.com

၇။ (သိက္ခာပုဒ်၌ ပြထားသည့် အရိယာဥပါသိကာမ ကိုယ်တိုင်ဖြစ်စေ, ယုံကြည်လောက်သူ အခြား တစ်ဦးဦးက ဖြစ်စေ စွပ်စွဲပြောဆိုစေကာမူ အစွပ်စွဲခံ ရဟန်းက ဟုတ်ပါသည်ဟု ဝန်ခံမှသာ ဆိုင်ရာအာပတ်ဖြင့် ဆုံးဖြတ်ရမည်၊ ဝန်မခံလျှင် အာပတ်ဖြင့် မဆုံးဖြတ်ရဟု) ဝိနည်းတော် ဆုံးဖြတ်နည်းလက္ခဏာကို ပြခြင်းအကျိုးငှါ အနိယတသိက္ခာပုဒ်များကို ပညတ်တော်မူသည်။

ဆောင်– အနိယတုတ်၊ သိက္ခာပုဒ်၌၊ ဖေါ်ထုတ်အာပတ်၊ ထူးမတပ်လည်း။ ဆုံးဖြတ်နည်းနှာ၊ လက္ခဏာကို၊ လျှော်စွာပြုမှု၊ ပညတ်ပြု၏၊ ဘိက္ခုနီလည်း။ ဤတိုင်းမိုးဖို့ တသီးတခြား။ ထပ်မ ထားသည်၊ မှတ်သားဋ္ဌိကာ အမိန့်တည်း။

အရေအတွက်–

ရဟန်း, ရဟန်းမ မည်သူမဆို သင်းပိုင်နှင့် အပေါ်ရံဂေကသီဟူသော အလွန်ဆုံး အပိုင်းအခြားရှိသည်၏ အဖြစ်၌ တည်ရာသောကြောင့် (သင်းပိုင်နှင့် ဧကသီဟူသော ဒွိစုံ ရှိနေသင့်သောကြောင့်) သုံးထည်ပျောက်လျှင် ၂–ထည်၊ ၂–ထည်ပျောက်လျှင် ၁ ထည် အလျှော်ခံနိုင်ခွင့်ရှိသည်။

၈။ ဥက္ကဋ္ဌကွဇ္ဇသပိတ်, ဩမကောမကသပိတ်တို့ ဖြစ်သည်။

အာပတ်သင့်ပုံ–

သကသညာဖြင့် လုယူရာ၌ ဝတ္ထုအရေအတွက်ဖြင့် နိဿဂ္ဂိပါစိတ်အာပတ်သင့်သည်၊ လုယူစေရာ၌ လုယူပါဟု စေခိုင်းခြင်းကြောင့် ဒုက္ကဋ်၊ လုယူပြီးသောအခါ ခိုင်းထားသော သက်နှံးအရေအတွက်အားဖြင့် နိဿဂ္ဂိပါစိတ်။

၁၁။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့.ခွဲ (မွန်ပြည်နယ်) ပထမလတ်တန်း။ ။ ဒွေမာတိကာဘာသာ

ခုနှစ်–ခုနှစ်၊ တန်ခူးလဆန်း (၈) ရက်၊ (၂၂–၃–၂၀၁၀) တနလာနေ့

၁။ ရေသနပ်သက်နှံ ပြုလုပ်လိုသောရဟန်းမများ လိုက်နာရမည့် စည်းကမ်းချက်ပြ သိက္ခာပုဒ်တော်ကို ပါဠိရေးခဲ့ပါ။

၂။ ခိုက်ရန်ဖြစ်၍ ငြင်းခုံကွဲပြားနေချိန်ဝယ် ချောင်း၍နားထောင်သော သူလျှိုရဟန်းဆိုးအား အာပတ်သင့်ရောက်နိုင်ပုံပြ သိက္ခာပုဒ်ကို အနက်ပေးခဲ့ပါ။

http://www.dhammadownload.com

၃။ တိဏ္ဏံ ဓမ္မာနံ အညတရေန ဝဒေယျ ပါရာဇိကေန ဝါ သံဃာဒိသေသေန ဝါ ပါစိတ္တိယေန ဝါ– ၌ ဖြစ်သင့်သောပါရာဇိက, သံဃာဒိသေသ, ပါစိတ်တို့၏အမည်ကို တိကျစွာ ညွှန်ပြပြီးလျှင်၊ အဓိဋ္ဌာန်တင်ထားသော သင်္ကန်းကို ရွာတွင်း၌ထား၍ ညဉ့်ကင်းခြားသော်လည်း အာပတ်မှ ကင်းလွတ်ခွင့်ရရာကာလကိုလည်း ပိုင်းခြားသတ်မှတ်ပြခဲ့ပါ။

၄။ (က) ဘေသဇ္ဇ– စာရင်းသာဝင်၍ ပဏီတဘောဇဉ် စာရင်းမဝင်သောခဲဖွယ်ဘောဇဉ်၊
(ခ) ပဏီတဘောဇဉ် စာရင်းသာဝင်၍ ဘေသဇ္ဇ– စာရင်းမဝင်သော ခဲဖွယ်ဘောဇဉ်၊
(ဂ) နှစ်ပါးစုံစာရင်းဝင်သော ခဲဖွယ်ဘောဇဉ်တို့ကို ဖော်ပြပြီးလျှင်၊ အဒိန္နံ မုခဒ္ဒါရံ– ၌ အဒိန္နအရကိုလည်း တိကျစွာ ကောက်ပြခဲ့ပါ။

၅။ အအေးဓာတ်ကင်း ပူပြင်းလှသည့် နွေရာသီကာလတွင် ရဟန်းမများဝတ်ရုံလေ့ရှိသည့် သင်္ကန်း၏တန်ဘိုးကို တွက်ချက်သတ်မှတ်ပြ၍ ရဟန်းခံခွင့်ရရှိမည့် ဂိဟိဝတသိက္ခာမာန်၏ အဂါရပ်တို့ကိုလည်း ထုတ်ပြခဲ့ပါ။

၆။ တစ်နှစ်အတွင်းရနိုင်သော စာတုဒ္ဒသီဥပုသ်နှင့်, ပန္နရသီဥပုသ် အရေအတွက်ကို သချိုမ္ပသာ ပြခိုပြီးလျှင်၊ သိက္ခာသာဇီဝသမာပန္နော– ၌ သိက္ခာနှင့် သာဇီဝအထူးကိုလည်း ရေးသားခဲ့ပါ။

၇။ အညတြ အဓိမာနာ– ၌ အဓိမာန– မဖြစ်နိုင်သော ပုဂ္ဂိုလ်များစာရင်းကို တင်သွင်းပြီးလျှင်၊ ဘေဒါနုဝတ္တကသိက္ခာပုဒ်၌ ဗကော ဝါ ဒွေ ဝါ တယော ဝါ– ဟု ဟောထားတော်မူရခြင်း အကြောင်းကိုလည်း ရေးသားခဲ့ပါ။

၈။ အောက်ပါရဟန်းနှင့် ရဟန်းမတို့အား သင့်ရောက်နိုင်သောအာပတ်တို့ကို သိက္ခာပုဒ် အမည်တပ်၍ ဆုံးဖြတ်ခဲ့ပါ။
(ဂ) ကိုယ်တိုင်သင်္ကန်းပေးပြီးနောက် ပြန်လည်လုယူသောရဟန်း။
(ခ) သံယိကကျောင်း ဟင်းလင်းပြင်ကုဋိ၌ ပြုတ်ကျနိုင်သော ညောင်ဆောင်းအင်းပျဉ်ပေါ်ဝယ် ဖြတ်ထိုင်သောရဟန်း။
(ဂ) မြတ်စွာဘုရားရှင်၏ဓိနည်းပညတ်တော်ကို ကန့်ရဲသော ရဟန်း။

http://www.dhammadownload.com

(ဃ) ထောပတ်ကို ဝယ်ခိုင်းပြီးနောက် ဆီကိုဝယ်ခိုင်းပြန်သော ရဟန်းမ၊
(င) တရားနှင့်လျော်ညီသော သက်နှံးဝေဖန်မှုကို တားမြစ်သောရဟန်းမ။

၁၁။ မွန်ပြည်နယ် (အဖြေ)
ပထမလတ်တန်း ။ ။ ဒွေမာတိကာဘာသာ

၁။ (ဥဒကသာဋ္ဌိကာသိက္ခာပုဒ်ကို ပါဠိရေးလေ။)

၂။ (ဥဝဿုတိသိက္ခာပုဒ်ကို အနက်ရေးလေ။)

၃။ ပါရာဇိကေန- မေထုနဓမ္မပါရာဇိက၊
သံယာဒိသေသေန- ကာယသံသဂ္ဂသံယာဒိသေသ၊
ပါစိတ္တိယေန- အစေလကဝဂ်လာ၊ ရဟောပဠိုန္နပါစိတ်။
ကာလ- သီတင်းတျောက်လပြည့်ကျော် ၁-ရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့အုတိ ၁-လ။

၄။ (က) မရှိ၊
(ခ) ငါး-စသော ရေသတ္တဝါ, အပ်စပ်သော ကုန်းသတ္တဝါတို့၏ အသား, အပ်စပ်သော နို့ရည်, အပ်စပ်သော နို့မမ်း။
(ဂ) ထောပတ်, ဆီဦး, ဆီ, ပျားရည်, တင်လဲ။
အဓိန္ဒအရ- ကာယ, ကာယပဋိဗဒ္ဓ, နိဿဂ္ဂိယ-ဟု ပေးခြင်း ၃-မျိုးတို့တွင် တစ်မျိုး မျိုးဖြင့် မပေးမကပ်အပ်သော အာဟာရ။

၅။ တန်ဖိုး- (မန္တလေး ၄၊ ခ-ရှ)
အဂ်ါရပ်-
၁။ အသက် ၁၂-နှစ်ပြည့်ပြီးခြင်း။
၂။ ၂-နှစ်ပတ်လုံး သိက္ခာပုဒ် ၆-ပါးကို ကျင့်ပြီးခြင်း။
၃။ ဝုဋ္ဌာနသမ္မုတိရပြီးခြင်း။

http://www.dhammadownload.com

၆။ စာတုဒ္ဒသီဥပုသ်- ၆၊ ပန္နရသီဥပုသ်- ၁၈။
အထူး- (မကွေး ၆-၇)

၇။ ဗျာနလာဘီပုဂ္ဂိုလ်၊ သောတာပန်စသော အရိယာသာဝကများ။ ဒုသီလပုဂ္ဂိုလ်၊ သီလ ဝန္ဓဖြစ်သော်လည်း ကမ္မဋ္ဌာန်းအားမထုတ်သော ပုဂ္ဂိုလ်တို့ဖြစ်သည်။ (ကခ်ါ၌ မလာ)
အကြောင်း- (ကုယား ၇-၇)

၈။ (က) စီဝရအစ္ဆိန္နသိက္ခာပုဒ်ဖြင့် နိဿဂ္ဂိပါစိတ်၊
(ခ) ဝေဟာသကုဋိသိက္ခာပုဒ်ဖြင့် ပါစိတ်၊
(ဂ) ဝိလေခနသိက္ခာပုဒ်ဖြင့် ပါစိတ်၊
(ဃ) အညစေတာပနသိက္ခာပုဒ်ဖြင့် နိဿဂ္ဂိပါစိတ်၊
(င) ပဋိဗာဟနသိက္ခာပုဒ်ဖြင့် ပါစိတ်။

၁၂။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ (ရခိုင်ပြည်နယ်)
ပထမလတ်တန်း ။ ။ ဒွေမာတိကာဘာသာ
၁၃၇၁-ခုနှစ်၊ တန်ခူးလပြည့်ကျော် (၃) ရက်၊ (၁-၄-၂၀၁၀) ကြာသပတေးနေ့

၁။ ဖော်ပြပါသိက္ခာပုဒ်တို့ကို ပါဠိသက်သက်ရေးခဲ့ပါ။
(က) အညာတိကာဘိက္ခုနီမထံမှ ခဲဖွယ်ဘောဇဉ် ခံယူသုံးဆောင်သော ရဟန်းအား ပညတ်သော သိက္ခာပုဒ်၊
(ခ) ရဟန်းမအချင်းချင်း သဏှိန်းလေးယပ်ပြီးမှ ပြန်လှယူမှုမပြုရန် ပညတ်သောသိက္ခာပုဒ်၊

၂။ ဝါကျတ်ပြီးသောဘိက္ခုနီမတို့ ဆောင်ရွက်ရမည်ဝတ္တရားများကို ပြဆိုထားသည့်သိက္ခာပုဒ်တို့ကို အနက်မှန်မှန်ယောဇနာပြပါ။

၃။ ဘုရားရှင်၏ အထွာတော်ဖြင့် သတ်မှတ်ထားသော သိက္ခာပုဒ်အမည်များကို ရေးပြီးလျှင်၊ သိုးမွေးကိုရလျှင် ကိုယ်တိုင်သယ်ခွင့်ရသည့်ခရီးအကွာအဝေးကို ပါဠိတော်၏ ဖြေဆိုပါ။

http://www.dhammadownload.com

၄။ အောက်ပါရဟန်း/ရဟန်းမတို့ သင့်ရောက်သောအာပတ်တို့ကို သိကွာပုဒ်နှင့်တွဲစပ်ဖြေဆိုပါ။

(က) ဘီယာသောက်သော ရဟန်း။

(ခ) သူတစ်ပါးစိတ်မချမ်းသာအောင် ပြောဆိုသောရဟန်း။

(ဂ) စတိတ်ရှိုးပွဲသို့ သွားရောက်ကြည့်ရှုသော ရဟန်းမ၊

(ဃ) တရားနှင့်အညီ သင်္ကန်းဝေဖန်ခြင်းကို တားမြစ်ကန့်ကွက်သော ရဟန်းမ၊

(င) မိမိအလိုသို့ပါအောင် လက်ဖွဲ့အတတ်ပညာ မန္တာန်ကို ပို့ချသောရဟန်းမ။

၅။ ကျောင်းဒါယကာမရှိဘဲ ကျောင်းဆောက်သောရဟန်း၏ ဆောင်ရွက်ရမည့်နည်းလမ်းများကို ဖော်ပြပြီး၊ ငါးဖွဲ့မပြည့်သေးဘဲ သပိတ်သစ်ကိုတောင်းရာ၌ ရဟန်းတော်များ လိုက်နာရမည့် ကျင့်ဝတ်များကိုလည်း ဖြေဆိုခဲ့ပါ။

၆။ ထေယျာဝဟာရ ပဌကသရုပ်ကို ဖော်ပြ၍ ဒုဋ္ဌနှင့် ဒေါသ–တို့အဓိပ္ပါယ်ကိုလည်း ကခ်ါလာအတိုင်း ရေးသားဖြေဆိုခဲ့ပါ။

၇။ အကာမာ ပရိဝတ္တမ္ဗု–၌ ပရိဝါသအပြားကို အဓိပ္ပါယ်နှင့်တကွ ဖြေဆိုပြီး၊ ကထိန်ခင်းနိုင်သည့်ရဟန်းနှင့် ကထိန်ကဲ့ဆောင်ရာ၌ လိုအပ်သောသံဃာအရေအတွက်ကိုလည်း ဖော်ပြခဲ့ပါ။

၈။ သာမံ သုတ္တ–၌ သုတ္တအရကို ကောက်ပြပြီးလျှင် ဝိကပ္ပ အာပဇ္ဇေယျ–၌ ဝိကပ္ပ၏အဓိပ္ပါယ်ကိုလည်း ကခ်ါအဋ္ဌကထာလာအတိုင်း ရေးသားဖြေဆိုပါ။

၁၂။ ရခိုင်ပြည်နယ် (အဖြေ)

ပထမလတ်တန်း ။ ။ ဗဒ္ဓမာတိကာဘာသာ

၁။ (က) (ပထမပါဠိဒေသနီယသိက္ခာပုဒ်)

(ခ) (စီဝရပရိဝတ္တနသိက္ခာပုဒ်တို့ကို ပါဠိရေးလေ။)

http://www.dhammadownload.com

၂။ (စာရိုက နဲ့ ပက္ကမနသိက္ခာပုဒ်၊ အပဝါရဏာသိက္ခာပုဒ်တို့ကို အနက်ရေးလေ။)

၃။ ကုဋ္ဌကာရ၊ နိသီဒနသန္ထတ၊ နိသီဒန၊ ကလ္လာ၂ပ္ပဋိဗ္ဗာဒီ၊ ဝဿိကသာဋိက၊ နန္ဒ၊ ဥဒကသာဋိကသိက္ခာပုဒ်တို့ ဖြစ်သည်။

အကွာအဝေး– ၃–ယူဇနာ။

အထောက်– ပဋိဂ္ဂဟေတွာ ဗာဟိယောဇနပရမံ သဟတ္ထာ တရိတမ္ဗာနိ။

၄။ (က) သုရာပါနသိက္ခာပုဒ်ဖြင့် ပါစိတ်၊
(ခ) သဟဓမ္မိကဝဂ်၊ သဠိစ္စသိက္ခာပုဒ်ဖြင့် ပါစိတ်၊
(ဂ) နစ္စဂီတသိက္ခာပုဒ်ဖြင့် ပါစိတ်၊
(ဃ) ပဋိဗာဟနသိက္ခာပုဒ်ဖြင့် ပါစိတ်၊
(င) တိရစ္ဆာန ဝိဇ္ဇာ ဝါစနသိက္ခာပုဒ်ဖြင့် ပါစိတ်။

၅။ ၁။ မြတ်စွာဘုရား အထွာတော်ဖြင့် အလျား ၁၂–ထွာ, အနံ ၇–ထွာ ပမာဏရှိသော ကျောင်းငယ်သာ ဖြစ်ရမည်၊ ပမာဏကို မလွန်ရ။
၂။ ကျောင်းငယ်ဓနရာကို ညွှန်ပြဖို့ ရဟန်းတို့ကို ပင့်ဆောင်ရမည်။

ကျင့်ဝတ်များ–
၁။ တောင်းထားသော နိဿဂ္ဂိယပိတ်ကို ရဟန်းပရိသတ်၌ စွန့်ရမည်၊
၂။ ထိုစွန့်ပြီးသော သပိတ်ကို မထေရ်ကြီးမှ စ၍ ဆင့်ကာဆင့်ကာ ယူစေရမည်၊
၃။ မယူချင်၍ ကျန်နေသောသပိတ်ကိုမှ ထိုရဟန်းအား "ကွဲသည့်တိုင်အောင် ဆောင်ရမည်"ဟု ပြောပြ၍ ပေးရမည်။

၆။ ထေယျာဝဟာရ၊ ပသယ္ဟာဝဟာရ၊ ပရိကပ္ပါဝဟာရ၊ ပဋိစ္ဆန္နာဝဟာရ၊ ကုသာဝဟာရ။
ဒုဋ္ဌ– ဒေါသသည် ဖျက်ဆီးအပ်သော ရဟန်း။ (ဒေါသဖြစ်လျှင် ပုဂ္ဂိုလ်သည် ထိုဒေါသ၏ ဖျက်ဆီးခြင်း ခံရသည်၊ ပကတိသဘောကို စွန့်သွားသည် ဤသို့ ဒေါသဖျက်ဆီးခံရသည်ကို ဒုဋ္ဌ)
ဒေါသ–ဒေါသထွက်လျှက် သူတစ်ပါးကို ဖျက်ဆီးတတ်သော ရဟန်း။

http://www.dhammadownload.com

၇။ ပဋ္ဌိစ္စသမုပ္ပါဒါသ်၊ သုဒ္ဓန္တပရိဝါသ်၊ သမောဓာနပရိဝါသ်။
ရဟန်း- ပုရိမဝါပတ်လုံး သီတင်းသုံးပြီးသော ပုရိမဝဿံဝုဋ္ဌ ရဟန်းများ။
အရေအတွက်- အနည်းဆုံး ၅-ပါး။

၈။ သုတ္တအရ- ခေါ်မချည်-စသော ချည် ၆-မျိုး, ၎င်းတို့အားလျော်သော ဒုကူလစသော ချည် ၆-မျိုးကိုယူ။
ဝိကပ္ပ- မူလရည်မှန်းထားသောသက်နှံးထက် ထူးခြားသော စီရင်ခြင်း။ ပိုလွန်သော စီရင်ခြင်းကို ဆိုလိုသည်။

၁၃။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့.ခွဲ (ရန်ကုန်တိုင်း)
ပထမလတ်တန်း ။ ။ ဒွေမာတိကာဘာသာ
၁၃၇၁-ခုနှစ်၊ တန်ခူးလဆန်း (၈) ရက်၊ (၂၂-၃-၂၀၁၀) တနလာနေ့

၁။ အောက်ပါသိက္ခာပုဒ်တို့ကို မှန်ကန်စွာ ပါဠိရေးပြပါ။
(က) ကျွန်းမာပါလျှက် ဆေးအကျိုးငှါ ထောပတ်ကို တောင်းစားသောရဟန်း၏ အပြစ်ပြသိက္ခာပုဒ်၊
(ခ) အဖော်မမှီး တစ်ကိုယ်တည်းဖြင့် မြစ်တွန်းဘက်ကမ်းသို့ သွားသောရဟန်းမ၏ အပြစ်ပြသိက္ခာပုဒ်။

၂။ အောက်ပါသိက္ခာပုဒ်တို့ကို အနက်ပေးပြပါ။
(က) မိမိအလျှုဒါနကို မိမိကိုယ်တိုင်ဖျက်ဆီးသောရဟန်း၏ အပြစ်ပြသိက္ခာပုဒ်၊
(ခ) သီလရှင်ဆရာလေးနှင့် ကျိုက်ထီးရိုးဘုရား အတူသွားဖူးသောရဟန်း၏ အပြစ်ပြသိက္ခာပုဒ်။

၃။ ဒုတိယအနိယတသိက္ခာပုဒ်ဝယ် ပထမအနိယတသိက္ခာပုဒ်ထက် ထူးခြားချက်များကို ဖော်ပြပြီးလျှင်၊ ဘိက္ခုနီသင်္ဃပါစိတ်လာ တောကျောင်းနေရဟန်း၏ ရွာတွင်း၌ သက်နှံးထားခွင့်အင်္ဂါတို့ကိုလည်း ပြည့်စုံစွာ ဖော်ပြခဲ့ပါ။

၄။ ဘိက္ခုနီမတို့ ယောက်ျားများနှင့်တစ်ယောက်ချင်း မနေသင့်သော,အရပ်ဌာနများကို ပြည့်

http://www.dhammadownload.com

စုံစွာ ဖော်ပြပြီးလျှင်၊ ရဟန်းမတို့သည် ရဟန်းယောဂျားများထံ၌ ပဝါရဏာပြုဘွယ်ကိစ္စ လို/မလိုကိုလည်း အကိုးပါဠိအထောက်ပြ၍ ဖြေဆိုခဲ့ပါ။

၅။ အောက်ပါ ရဟန်း/ရဟန်းမတို့အား သင့်ရောက်သောအပြစ်တို့ကို သိကွာပုဒ်အမည်နှင့် တွဲစပ်ဖော်ပြခဲ့ပါ။

(က) မာတုဂါမကို ကာယသံသဂ္ဂရာဂဖြင့် သုံးသပ်သောရဟန်း။

(ခ) ပတ္တမြားကို ခံယူသောရဟန်း။

(ဂ) ဆွမ်းစားနေသောရဟန်း၏အနီး၌ ယပ်ခပ်ပေးသောရဟန်းမ၊

(ဃ) ရေမွှေးဆပ်ပြာဖြင့် ရေချိုးသောရဟန်းမ၊

(င) ဆွမ်းဟင်းပေကျံနေသောလက်ဖြင့် ရေခွက်ကို ကိုင်သောရဟန်းမ။

၆။ ကာယသံသဂ္ဂ, ဒုဋ္ဌုल्लဝါစာသိကွာပုဒ်တို့လာ ဩတိဏ္ဏ- နှစ်ခုတို့၏ ထူးခြားပုံကို ဖြေဆိုပြီးလျှင်၊ သီလဝန္တ, ဗြဟ္မစာရီ, ကလျာဏမေတ္တ- တို့၏ အဓိပ္ပါယ်တို့ကိုလည်း အသီးသီး ဖြေဆိုခဲ့ပါ။

၇။ ဘေဒါနုဝတ္တကသိကွာပုဒ်၌ "ဧကော ဝါ ဒွေ ဝါ တယော ဝါ စတ္တာရော ဝါ" ဟုဟောတော်မူဘဲ မြတ်စွာဘုရားရှင်သည် အဘယ့်ကြောင့် "ဧကော ဝါ ဒွေ ဝါ တယော ဝါ" ဟုဟောတော်မူရသည်ကို ဖြေဆိုပြီးလျှင်၊ သက်နိုးထားရာအရပ် ၁၅- ဌာနတို့တွင် နောက်ဆုံး ငါးဌာနကိုလည်း ကခ်ါလာသည့်အတိုင်း ညွှန်ပြခဲ့ပါ။

၈။ မဟာပေသကာရသိကွာပုဒ်၏ ပြည့်စုံရမည့်အင်္ဂါတို့ကို ဖော်ပြပြီးလျှင်၊ ဒသာဟပရမံ အတိ ရေကစီဝရံ ဓာရေတဗ္ဗံ- ဟူသော ပထမကထိနသိကွာပုဒ်လာ စကားရပ်ဖြင့်ပင် ဆယ်ရက်အတွင်း ရသမျှသက်နိုးကို အဓိဋ္ဌာန် ဝိကပ္ပနာမပြုဘဲ ထားခွင့်ရကြောင်းပြီးနိုင်ပါလျှက် အဘယ့်ကြောင့် အစ္စေကစီဝရသိကွာပုဒ်ကို ထပ်၍ပညတ်တော်မူရသည်ကိုလည်းဖြေဆိုပါ။

၁၃။ ရန်ကုန်တိုင်း (အဖြေ)

ပထမလတ်တန်း ။ ။ ဒွေမာတိကာဘာသာ

၁။ (က) မဟာနာမသိကွာပုဒ်၊ (ခ) ဧကဂါမန္တရဂမနသိကွာပုဒ်တို့ကို ပါဠိရေးလေ။)

http://www.dhammadownload.com

၂။ (က) စီဝရအစ္ဆိန္နနသိက္ခာပုဒ်၊
(ခ) သပ္ပါဂကာဝ်၊ သံဝိဓာနသိက္ခာပုဒ်တို့ကို အနက်ရေးလေ။)

၃။ ရဟော အရ- သောတရဟာကို ယူရခြင်း။ ပါရာဇိကအာပတ် မပါ သံယာဒိသေသ်, ပါစိတ်တို့ကိုသာ ယူရခြင်း။ (မျက်စိကောင်း, နားကောင်း အကောင်းအဆိုးကို နားလည်သော မိန်းမများကိုလည်း အဖေါ်အဖြစ် ယူရခြင်း)။

အဂ် ၅များ-

၁။ ပုရိမဝါကပ်၍ သီတင်းကျွတ်လပြည့်နေ့၌ ပဝါရဏာပြုပြီးသူဖြစ်ခြင်း။
၂။ သီတင်းကျွတ်လပြည့်ကျော် ၁-ရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့ အထိ ဟူသော ကတ္တိကမာသဖြစ်ခြင်း။
၃။ လေးအပြန်ငါးရာ ဝေးသော တောကျောင်းဖြစ်ခြင်း။
၄။ ယုံမှားဖွယ်လည်းရှိ, ဘေးရန်လည်းရှိခြင်း။

၄။ **အရပ်ဌာနများ-** (ပဲခူးအရှေ့ဂ၊ ခ-ရှ)
ရဟန်းယောက်ျားများအထံ၌ ပဝါရဏာပြုဖွယ်ကိစ္စ လိုသည်။
အထောက်-
ယာ ပန ဘိက္ခုနီ ဝဿံဝုဋ္ဌာ ဥဘတောသံဃေ တီဟိ ဌာနေဟိ နပဝါရေယျ ဒိဋ္ဌေန ဝါ သုတေန ဝါ ပရိသင်္ကာယ ဝါ။ ပါစိတ္တိယ်။

၅။ (က) ကာယသံသဂ္ဂသိက္ခာပုဒ်ဖြင့် သံယာဒိသေသ်၊
(ခ) ဇာတရူပ (ရွှေပိယ)သိက္ခာပုဒ်ဖြင့် ဒုက္ကဋ်၊
(ဂ) ဥပတိဋ္ဌနသိက္ခာပုဒ်ဖြင့် ပါစိတ်၊
(ဃ) ဝါသိတကသိက္ခာပုဒ်ဖြင့် ပါစိတ်၊
(င) သာမိသသိက္ခာပုဒ်ဖြင့် ဒုက္ကဋ်။

၆။ ကာယသံသဂ္ဂသိက္ခာပုဒ်လာ သြတိဏ္ဏ အရ- ကာယသံသဂ္ဂရာဂနှင့် ပြည့်စုံသော ရဟန်းကိုယူ၊
ဒုဋ္ဌုလ္လဝါစာ သိက္ခာပုဒ်လာ သြတိဏ္ဏ အရ- ဒုဋ္ဌုလ္လ ဝါစသာဒ ရာဂနှင့် ပြည့်စုံသော ရဟန်းကိုယူ ဤသို့ ထူးသည်။

http://www.dhammadownload.com

အဓိပ္ပါယ်- (တနသံ်ရီ ၇-၇)

၇။ **ကောဝါ ဒွေ ဝါ တယော ဝါ-** (ကယား ၇-၇)
နောက်ဆုံး ၅-ဌာန- ကောက်နယ်တလင်း, သစ်သီးခြံစသော အာရာမ်, ကျောင်းတိုက်, သစ်ပင်ရင်း, လွင်တီးခေါင်။

၈။ ၁။ ဆွေမတော်, မဖိတ်ထားသူများက ယက်ကန်းသည်တို့ထံ ချဉ်းကပ်၍ ထူးခြားအောင် စီမံခြင်း။
၂။ မိမိဖို့ သက်နှိုးဖြစ်ခြင်း။
၃။ ထိုရဟန်းစကားကြောင့် ချည်တိုးပွါးသွားခြင်း။
၄။ သက်နှိုးကို ရခြင်း။
ထပ်၍ ပညတ်ရကြောင်း-
ဖြစ်ပေါ်လာသော သိက္ခာပုဒ် ဝတ္ထုကြောင်း၏ အစွမ်းဖြင့် အသစ်ကဲ့သို့ အနက်အဓိပ္ပါယ်ကို ပြလိုသောကြောင့် ထပ်၍ ပညတ်တော်မူသည်။

၁၄။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့.ခွဲ (ရှမ်းပြည်နယ်/တောင်ပိုင်း)
ပထမလတ်တန်း ။ ။ ဒွေမာတိကာဘာသာ
၁၃၇၁-ခုနှစ်၊ တန်ခူးလပြည့်ကျော် (၃) ရက်၊ (၁-၄-၂၀၁၀) ကြာသပတေးနေ့

၁။ အမျိုးလေးပါးတို့၏ သဒ္ဓါတရားကို ဖျက်ဆီးတတ်သော ကုလဒူသကရဟန်းကို မြင်ကုန်ကြားကုန်သော ရဟန်းကောင်းတို့က ပြောဆိုဆုံးမပုံပြ စကားရပ်ကို ပါဠိရေးပြပါ။

၂။ လင်ယောကျ်ား ခွင့်မပြုသောသိက္ခာမာန်ကို ရဟန်း မပြုပေးရဟု ပညတ်ထားသော သိက္ခာပုဒ်နှင့် ရဟန်း၏ခွင့်ပြုချက်မရဘဲ ပြဿနာကို မမေးရဟု ပညတ်ထားသော သိက္ခာပုဒ်ကို အနက်ယောဇနာပြပါ။

၃။ သန္ဓိ အာပတ္တိ အာဝိကာတမ္မာ-၌ အာပတ် ၇-ပုံတို့ကို ဂရုက, လဟုကအားဖြင့် အကြောင်းနှင့်တကွ ခွဲခြားပြ၍ ယော ပန ဘိက္ခု သံယိုက်-၌ သံယိုက-အရ အဘယ်အရာမျိုးကို ယူရမည်နည်း? ရေးပြခဲ့ပါ။

http://www.dhammadownload.com

၄။ ဖောတိသိက္ခာပုဒ်လာ ဂိလာနအရကို တိကျမှန်ကန်စွာ ဖြေဆိုခြင်း ဥဏှသမယနှင့် ပရိဠာဟသမယ–တို့၏ ပိုင်းခြားရာကာလတို့ကိုလည်း ဖော်ထုတ်ရေးသားပြပါ။

၅။ ယုတ်မာသော အသက်မွေးဝမ်းကျောင်းအကျင့်ရှိသော ရဟန်းမတို့ကို မြင်ကုန်ကြားကုန်သော သူတော်ကောင်းရဟန်းမတို့က ပြောဆိုသော စကားရပ်တို့ကို မြန်မာဘာသာဖြင့် ရေးပြပြီးလျှင်၊ ကုမာရိဘူတဝဏ္ဏ အပျိုစင်ဖြစ်သော သာမဏေမကို ပဋ္ဌင်းမခံပေးထိုက်သော အင်္ဂါရပ်များကိုလည်း ရေးပြပါ။

၆။ ဘေဒါနုဝတ္တကသိက္ခာပုဒ်လာ ဝဏ္ဏဝါဒကာ၏ အဓိပ္ပါယ်ကို ရေးပြ၍၊ တေ စ ဘိက္ခူ ဂါရယှာ၌ ဘိက္ခူအရ ယူရမည့်ရဟန်းတို့ကိုလည်း ကခ်ါဆရာအလိုကျ ရေးပြပါ။

၇။ အညာတကဝိညတ္တိသိက္ခာပုဒ်လာ အဘယ်ပုဂ္ဂိုလ်မျိုးကို ဂဟပတိ, ဂဟပတာနီ–ဟုခေါ်ပါသနည်း? ဖြေဆိုပြီးလျှင်၊ ဇာတရူပရဇတ်–၌ ရဇတအရ အဘယ်ကို ယူရပါမည်နည်း? ကခ်ါဆရာအလိုကျ ရေးပြပါ။

၈။ အောက်ပါရဟန်း/ရဟန်းမတို့အား သင့်ရောက်နိုင်သောအာပတ်တို့ကို သိက္ခာပုဒ်နှင့်တွဲ၍ ဆုံးဖြတ်ပြပါ။

(က) မအပ်စပ်ကြောင်း, မလုပ်ကောင်းကြောင်းပြောလျှင် အပြောမခံဘဲ ပြန်လှန်ပြောဆိုသော ရဟန်း။

(ခ) လူ, သာမဏေတို့က မကပ်ဘဲ ဆွမ်းကို ဘုဉ်းပေးသုံးဆောင်သော ရဟန်း။

(ဂ) ဆွမ်းခံရာ၌ဆွမ်းကို မလိုချင်သလို မလေးမစား ခံယူသော ရဟန်း။

(ဃ) ဝါတွင်းကာလ၌ အခြားအရပ်သို့ ညဉ့်အိပ်ခရီး လှည့်လည်သော ရဟန်းမ၊

(c) မနာမဖျားဘဲ အသားဟင်းကို တောင်း၍ ဘုဉ်းပေးသော ရဟန်းမ။

၁၄။ ရှမ်းပြည်နယ်/တောင်ပိုင်း (အဖြေ)

ပထမလတ်တန်း ॥ ॥ ဒွေမာတိကာဘာသာ

၁။ (အာယသ္မာ ခေါ် ကုလဒူသကော ॥ပ॥ ဣဒ္ဓိပါသေန–ကို ပါဠိရေးလေ။)

http://www.dhammadownload.com

၂။ (အနနုညာတသိက္ခာပုဒ်နှင့် ပဏ္ဍာပုစ္ဆနသိက္ခာပုဒ်တို့ကို အနက်ရေးလေ။)

၃။ ပါရာဇိကအာပတ်နှင့် သံဃာဒိသေသအာပတ်တို့သည် ကြီးလေးသောဝိနည်းကံဖြင့် စင်ကြယ်ရသောကြောင့် ဂရုကအာပတ်မည်၏။
ထုလ္လစ္စည်း, ပါစိတ်, ပါဋိဒေသနီ, ဒုက္ကဋ်, ဒုဗ္ဘာသီ-ဟူသော နောက်အာပတ် ၅-ပုံတို့သည် ပေါ့သော ဝိနည်းကံဖြင့် စင်ကြယ်ရသောကြောင့် လဟုကမည်၏။
သံဃိကအရ-
သံဃာသို့ ညွှတ်ပြီးဖြစ်သောကြောင့် သံဃာ့လက်သို့ မရောက်သေးသော်လည်း ပရိယာယ်တစ်မျိုးအားဖြင့် သက်နှံးစသောဝတ္ထုကိုယူ။

၄။ မီးနှင့်ကင်း၍ မချမ်းသာသော ရဟန်း။ **ကာလ- (မန္တလေး ၄-၇)**

၅။ ညီမတို့သည် ယုတ်မာသောအကျင့်ရှိကုန်သည်, ယုတ်မာသော ကျော်ဇော်သံရှိကုန်သည်, ယုတ်မာသော အသက်မွေးဝမ်းကြောင်းရှိကုန်သည်, ဘိက္ခုနီသံဃာကို ညှင်းဆဲတတ်ကုန်သည်, အချင်းချင်း၏ အပြစ်ကို ဖုံးလွှမ်းတတ်ကုန်သည်ဖြစ်၍ နေကြကုန်၏။ အရှင်မတို့ လူတို့မှ ကင်းရှင်းကြပါကုန်လော့၊ ညီမတို့၏ ကင်းရှင်းခြင်းကိုသာလျှင် သံဃာက ချီးမွမ်းကုန်၏။
အဂ် ၀ရဝ်များ-
အသက် ၂၀-ပြည့်ပြီးခြင်း။ ၂-နှစ်ပတ်လုံး သိက္ခာပုဒ် ၆-ပါးကို ကျင့်ပြီးခြင်း။ သံဃာမှ ဝုဋ္ဌာနသမ္မုတိကို ရပြီးခြင်း။

၆။ ဝဂ်ဖြစ်ကြောင်း မညီညွှတ်ခြင်း အဖွဲ့ဖြစ်သော စကားကို ပြောဆိုတတ်သော ရဟန်းများကို ဝဂ္ဂ၀ါဒက ဟုခေါ်သည်။
ဘိက္ခု အရ-
သံဃာနှစ်ကျိပ် လျှောသည် မပြည့်သည်ကို သိလျက် အဘွာန်သွင်းသော ရဟန်းများ။

၇။ **ဂဟပတိ၊ ဂဟပတာနီ- (ပဲခူးအရှေ့.၈-၇)**
ရဏတ အရ- ငွေတုံး, ငွေခဲ၊ အသပြာငွေဒင်္ဂါးနှင့် အရောင်းအ၀ယ်ကိစ္စ၌ အသုံးပြုရသည့် ကြေးပဲပိုက်ဆံ, သစ်သားပဲပိုက်ဆံ, ချိတ်ပဲပိုက်ဆံစသော ပိုက်ဆံအမျိုးမျိုးကိုယူ။

http://www.dhammadownload.com

၄၂ အရှင်တိလောထာထိဝံထ (အင်းစိန်)

၈။ (က) သဟခေါ်ကသိက္ခာပုဒ်ဖြင့် ပါစိတ်၊
(ခ) ဒန္တပေါနသိက္ခာပုဒ်ဖြင့် ပါစိတ်၊
(ဂ) သက္ကစ္စ ပဋ္ဌိဂ္ဂဟဏသိက္ခာပုဒ်ဖြင့် ဒုက္ကဋ်၊
(ဃ) အန္တောဝဿသိက္ခာပုဒ်ဖြင့် ပါစိတ်၊
(င) မံသဝိညာ်ပနသိက္ခာပုဒ်ဖြင့် ပါဠိဒေသနီ။

၁၅။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့.ခွဲ (ရှမ်းပြည်နယ်/မြောက်ပိုင်း)
ပထမလတ်တန်း ။ ။ ဒွေမာတိကာဘာသာ
၁၃၇၁-ခုနှစ်၊ တန်ခူးလပြည့်ကျောက် (၃) ရက်၊ (၁-၄-၂၀၁၀) ကြာသပတေးနေ့

၁။ ဘိက္ခုပါတိမောက် သုဒ္ဓပါစိတ်လာ "နဝ" သဒ္ဒါနှစ်ခုပါသော သိက္ခာပုဒ်ကို ပါဠိသက်သက် ရေးသားပြပါ။

၂။ "မိန်းမတို့ချည်း တစ်ကိုယ်တည်း ဘယ်ခါမတည်ရာဘူး၊ တည်ပါတုံ့ငြား အပြစ်များ၏" ဟူသောလက်ာနှင့်အညီ တစ်ယောက်တည်းနေသဖြင့် ရဟန်းမိန်းမတို့ ရရှိအပ်သော အပြစ်ပြုပုံ သိက္ခာပုဒ်ကို အနက်ယောဇနာခဲ့ပါ။

၃။ "ဘိက္ခု အဘိနေတမ္ဘာ" ဟူသောပါဠိအရ အပင့်ဖိတ်ခံရသော ရဟန်းတော်များ စီစဉ်ဆောင်ရွက်ရမည့် တာဝန်ဝတ္တရားများကို ရေးသားပြီးလျှင်၊ တောရဆောက်တည်သော တောပျော်ရဟန်းတို့၏ သက်နှံးနှင့်စပ်လျဉ်းပြီး ရရှိနိုင်သည့်အခွင့်အရေးများကိုလည်း ကျမ်းရင်းလာအတိုင်း ဖြေဆိုခဲ့ပါ။

၄။ "အညတြ ပုဗ္ဗေ ဂိဟိသမာရမ္ဘာ"ဌ ဂိဟိသမာရမ္ဘ၏ သဘော်အဓိပ္ပါယ်ကို ပေါ်လွင်ထင်ရှားအောင် ရေးသားပြီးလျှင်၊ ဘိက္ခုနီမများအတွက်သာ သီးခြားခွင့်ပြုထားသော သက်နှံးအမျိုးအစားများကိုလည်း အပိုအလိုမရှိ တိကျစွာ ဖြေဆိုပြပါ။

၅။ အောက်ဖော်ပြပါ ဘိက္ခု, ဘိက္ခုနီမများအား သင့်ရောက်နိုင်သောအာပတ်တို့ကို သိက္ခာပုဒ်နှင့် ယှဉ်တွဲဖော်ပြပါ။

http://www.dhammadownload.com

(က) ဒေါသစိတ်ဖြင့် သီလဝန္တရဟန်းအား ပါရာဇိကအာပတ်ဖြင့် စွပ်စွဲသောရဟန်း။
(ခ) ကားမှတ်တိုင်၌ တွေ့သော ရွှေဆွဲကုံးကို ကောက်ယူသော ရဟန်း။
(ဂ) သက်နိုးကိုပင့်လျက် မြို့တွင်း၌ လမ်းသလားနေသော ရဟန်း။
(ဃ) နှစ်ယောက်အတူ စောင်ခြုံသော ဘိက္ခုနီမ၊
(င) ရင်စည်းတဘက်မပါဘဲ ရွာထဲသို့ ဝင်သော ဘိက္ခုနီမ။

၆။ "အာပန္နော ဝိသုဒ္ဓိပေက္ခော"၌ အာပန္နောဏ်အဓိပ္ပါယ်ကို ဖြေဆိုပြီးလျှင်၊ ပါရာဇိကကျသော ရဟန်းသည် လူ့ဘဝစသည်ဖြင့် ပြောင်းလဲနေထိုင်ပါက ရရှိနိုင်သော အကျိုးကျေးဇူးများ ကိုလည်း ကခ်ါဆရာအလိုကျ ဖြေဆိုပြပါ။

၇။ "သြတိလ္ဟော"အရ ရာဂဘီလူး ဝင်ပူးသက်ရောက်ပုံနှင့် ရာဂတွင်းသို့ သက်ဆင်းကျ ရောက်ပုံတို့ကို ဥပမာဆောင် ထင်ရှားအောင် ရှင်းလင်းဖြေဆိုပါ။

၈။ သက်နိုး ၉-ထည်တို့ကို တင်ကောင်းသောအဓိဋ္ဌာန်၊ ပြုကောင်းသော ဝိကပ္ပနာတို့ကို ရသင့်သမျှ ခွဲခြားဖြေဆိုပါ။

၁၅။ ရှမ်းပြည်နယ်/မြောက်ပိုင်း (အဖြေ)
ပထမလတ်တန်း ။ ။ ဒွေမာတိကာဘာသာ

၁။ (ဒုဗ္ဗလ္ဟကရဏသိက္ခာပုဒ်ကို ပါဠိရေးလေ။)

၂။ (ဧကဂါမန္တရ ဂမနသိက္ခာပုဒ်ကို အနက်ရေးလေ။)

၃။ ပိုးရွ ခြပုံး အစရှိသော ဘေးရန်လည်း မရှိ၊ နှစ်ကောင်ကပ်လှည်း လေးကောင်ကပ်လှည်း တို့ဖြင့် လှည့်ပတ်လောက်ရာ ဥပစာလည်းရှိသော ကျောင်းနေရာကို ညွှန်ပြရမည်။
အခွင့် အရေးများ-
ပုရိမဝါကျတ်ပြီးနောက် သီတင်းကျွတ်လပြည့်ကျော် ၁-ရက်နေ့မှ တန်ဆောင်မုန်း လပြည့်နေအထိ ၁-လဖတ်လုံး သက်နိုးသုံးထည်တွင် ၁-ထည်ထည်ကို ရွာတွင်း၌

http://www.dhammadownload.com

ထားနိုင်သည်၊ ထို့ပြင် အကြောင်းတစ်စုံတစ်ရာရှိ၍ မိမိနေမြဲ တောကျောင်းမှ အခြား ကျောင်းသို့သွားလျှင် ၆–ညဉ့်ပတ်လုံးကင်း၍လည်း နေနိုင်သေးသည်။

၄။ ဘိက္ခုနီ မစီမံမီ ရဟန်းများအတွက် လူတို့စီမံထားသော ဆွမ်းသည် ဂိဟိသမာရမ္ဘ။
သက်နှိုးအမျိုးအစား–ရေသနုပ်၊ ရင်စည်းတဘက်။

၅။ (က) ဒုဋ္ဌဒေါသသိက္ခာပုဒ်ဖြင့် သံယာဒိသေသ၊
(ခ) ရတနသိက္ခာပုဒ်ဖြင့် ပါစိတ်၊
(ဂ) ဥက္ခိတ္တကသိက္ခာပုဒ်ဖြင့် ဒုက္ကဋ်၊
(ဃ) ဇောတ္ထရဏ တုဝဋ္ဋနသိက္ခာပုဒ်ဖြင့် ပါစိတ်၊
(င) အသံကစ္ဆိကာသိက္ခာပုဒ်ဖြင့် ပါစိတ်။

၆။ ဥတ္တရိမနုဿဓမ္မကို ပြောရာခဏ၌ပင် ပါရာဇိကသို့ ရောက်သည်ဟုဆိုလိုသည်။
အကျိုးကျေးဇူး– ဒါနစသည်ဖြင့် သဂ္ဂမဂ်ကိုလည်းကောင်း၊ စျာန်စသည်ဖြင့် မောက္ခ မဂ်ကိုလည်းကောင်း ရနိုင်ရောက်နိုင်သည်။

၇။ ဘီလူးစသည်တို့ သတ္တဝါတို့အတွင်း သက်ရောက်ပူးဝင်သကဲ့သို့ အတွင်း၌ဖြစ်သည့် ရာဂ၏ သက်ရောက်ပူးဝင်မှုခံရသော ရဟန်းသည် သြတိဏ္ဏမည်သည်။
(တစ်နည်း) သတ္တဝါတို့ တွင်းစသည်သို့ သက်ဆင်းကျရောက်သကဲ့သို့ ဟုတ်မှန်သော သဘောကို မဆင်ခြင်ဘဲ တပ်မက်ဖွယ်ကောင်းသော အာရုံ၌ တပ်မက်သဖြင့် ကိုယ်တိုင် ရာဂသို့ သက်ဆင်းကျရောက်သော ရဟန်းသည် သြတိဏ္ဏမည်သည်။

၈။ ဒုက္ခဋ္ဌ, ကိုယ်ရုံ, သင်းပိုင်–ဟူသော သက်နှိုးသုံးထည်ကို သံယာဒို, ဥတ္တရာသင်္ဃ, အန္တရဝါသကဟူသောအမည်ဖြင့် အဓိဋ္ဌာန်တင်ကောင်းသည်၊ ၎င်းသံယာဒို–စသောအမည်ဖြင့် ဝိကပ္ပနာမပြုကောင်း။ စီဝရဟူသော အမည်သာမည်ဖြင့်သာ ဝိကပ္ပနာပြုကောင်းသည်။
မိုးရေခံသက်နှိုးကို မိုးလေးလပတ်လုံး ဝဿိကသာဋိကအမည်ဖြင့် အဓိဋ္ဌာန်တင်ကောင်းသည်၊ မိုးလမှနောက်၌ စီဝရဟူသော အမည်သာမည်ဖြင့် ဝိကပ္ပနာပြုကောင်းသည်။

http://www.dhammadownload.com

အမာလွှမ်းသက်နှိုးကို အနာရှိသမျှ ကာလပတ်လုံး ကလ္ပာပ္ပဋိဗ္ဗာဒိအမည်ဖြင့် အဓိဋ္ဌာန်တင်ကောင်းသည်၊ အနာပျောက်ပြီးနောက် စီဝရဟူသော အမည်သာမည်ဖြင့် ဝိကပ္ပနာပြုကောင်းသည်။
နိသီဒိုင်, အပေါ်လွှမ်းအခင်း, မျက်နှာသုပ်ပုဝါ, ပရိက္ခရာအဝတ်တို့ကို ဆိုင်ရာ နိသီဒန, ပစ္စတ္ထရဏ, မုခပုဉ္ဆနစောင့, ပရိတ္တာရစောင့ဟူသောအမည်များဖြင့် အသီးသီး အဓိဋ္ဌာန်တင်ကောင်းသည်၊ ၎င်းအမည်များဖြင့် ဝိဂတပ္ပနာ မပြုကောင်း။

၁၆။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ (ရှမ်းပြည်နယ်/အရှေ့ပိုင်း)
ပထမလတ်တန်း ။ ။ ဒွေမာတိကာဘာသာ
၁၃၇၁-ခုနှစ်၊ တန်ခူးလဆုတ် (၃) ရက်၊ (၁-၄-၂၀၁၀) ကြာသပတေးနေ့

၁။ ပါရာဇိကအာပတ်သင့်နေသော ဘိက္ခုနီမမှန်းသိလျှက် ကိုယ်တိုင်လည်းစောဒနာမပြု၊ အခြားသောဘိက္ခုနီမတို့အားလည်း ပြောကြားခြင်းမရှိဘဲ အာပတ်ကိုဖုံးလွှမ်းသော ဘိက္ခုနီမအား သင့်ရောက်ပုံအပြစ်ပြသိက္ခာပုဒ်ကို ပါဠိရေးခဲ့ပါ။

၂။ ပါတိမောက်သိက္ခာပုဒ်ကို ကဲ့ရဲ့သောရဟန်းအား သင့်ရောက်သောအပြစ်ပြသိက္ခာပုဒ်ကို အနက်ပေးခဲ့ပါ။

၃။ ဗဝရှပါယ ပရိသာယ-၌ အလိုရှိသောပရိသတ်နှင့် အလိုမရှိသောပရိသတ်တို့ကို သာဓကအသီးသီးပြု၍ ခွဲခြားခဲ့ပါ။

၄။ သာသက်သိက္ခာပုဒ်၌ "အာရညကာနိ" အရ ရွာနှင့်မည်မျှဝေသောကျောင်းကို တောရကျောင်းဟု ခေါ်ပါသနည်း ဖြေဆိုရ၍ သာသက်ဖြစ်ပုံနှင့် သပ္ပဋိဘယဖြစ်ပုံတို့ကိုလည်း ခွဲခြားဖြေဆိုပါ။

၅။ အောက်ဖော်ပြပါ ရဟန်း, ရဟန်းတို့အား သင့်ရောက်သောအပြစ်များကို သိက္ခာပုဒ်အမည်တပ်၍ အာပတ်ဆုံးဖြတ်ပြပါ။
(က) ကျန်းမာရေးကောင်းလျက် နွားနို့ထမင်းကို တောင်းစားသောရဟန်း။

http://www.dhammadownload.com

(ခ) ဆွမ်းကို မျှောက်ကဲ့သို့ပါးစောင်ဌားဏ်ပ လုပ်ပလောင်းနှင့် စကားပြောသောရဟန်း။
(ဂ) မင်းစသူကို မပန်ကြားဘဲ သူရိုးမမှန်းသိလျှက် ရဟန်းခံပေးသော ရဟန်းမ၊
(ဃ) ဆွမ်းစားနေသောရဟန်းအား သောက်ရေခပ်ပေးသော ရဟန်းမ။

၆။ အာပတ်သင့်ခြင်းအကြောင်းတို့ကို ဖော်ပြ၍ တတိယပါရာဇိကသိက္ခာပုဒ်အဖွင့်၌ (က) မနုဿဝိဂ္ဂဟ၊ (ခ) ပါဏ၊ (ဂ) ပါဏာတိပါတ၊ (ဃ) ပါဏာတိပါတီ- တို့၏အရကိုလည်း ဖော်ထုတ်ပြခဲ့ပါ။

၇။ ဒေသနာပြောကြားသောရဟန်း၏ လိုရင်းပမာဏနှင့်၊ ဒုတိယအနိယတသိက္ခာပုဒ်၌ အာပတ်မသင့်အောင် ပြုနိုင်သောပုဂ္ဂိုလ်တို့ကိုလည်း ကခ်ါလာသည့်အတိုင်း ဖြေဆိုခဲ့ပါ။

၈။ ဘိက္ခုနောပနေဝ အကာလစီဝရံ ဥပ္ပဒ္ဒေယျ-၌ ဥပ္ပဒ္ဒေယျ- အရ သုကန်ိန်းရရန် နည်း အမျိုးမျိုးကို ကခ်ါလာအတိုင်း ရေးသားခဲ့ပါ။

၁၆။ ရှမ်းပြည်နယ်/အရှေ့ပိုင်း (အဖြေ)
ပထမလတ်တန်း ။ ။ ဒွေမာတိကာဘာသာ

၁။ (ဝဇ္ဇပုဋ္ဌာဒိကာသိက္ခာပုဒ်ကို ပါဠိရေးလေ။)

၂။ (ဝိလေခနသိက္ခာပုဒ်ကို အနက်ရေးလေ။)

၃။ **အလိုရှိသော ပရိသတ်-**
(သီးခြားတိုက်ရိုက် အမေးခံရသူသည် ဧကန်ဖြေဆိုသကဲ့သို့ ထိုအတူ ရဟန်းပရိသတ်၌ ပါတိမောက်ပြသော ရဟန်းက မရည်ညွှန်းဘဲ ၃-ကြိမ်တိုင်တိုင် မေးစိစစ်သည့်အခါ) ငါ့ကို မေးသည်ဟု သဘောပိုက်ကာ အာပတ်ရှိမှန်း သိလျှက် ဖုံးကွယ်မထားသော ရဟန်းပရိသတ်။
သာဓက- ယထာ ခေါ် ပန ပစ္စေကပုဗ္ဗသ ဝေယျာကရဏာ ဟောတိ၊ ဧဝမေဝ ဧဝရှပါယ ပရိသာယ။

http://www.dhammadownload.com

(တစ်နည်း) တသိမ်တည်း၌ ဟတ္ထပါသ်မစွန့်ဘဲ စည်းဝေးတည်နေသော ပဂတတ် ရဟန်းများ။

သာဓက– ယာဝတိကာ စ ဘိက္ခူ ကမ္မပ္ပတ္တာ။

အလိုမရှိသော ပရိသတ်–

ငါ့ကို မေးသည်ဟု သဘောမထားဘဲ အာပတ်ရှိမှန်းသိလျက် ဖုံးကွယ်တားသော ရဟန်း ပရိသတ်။

သာဓက–

ယော ပန ဘိက္ခု ယာဝတတိယံ အနုသာဝိယမာနေ သရမာနော သန္တိ အာပတ္တိ နာဝိ ကရေယ္ယ။

၄။ ရွာနှင့် လေးအပြန် ငါးရာဝေးသော ကျောင်းကို တောရကျောင်း။

ဖြစ်ပုံ–

ခိုးသူစသည်တို့ ခိုအောင်ရာအရပ်စသည်ကို မြင်ရခြင်းကြောင့် သံသယဖြစ်ဖွယ်ရှိသူ သမုတ်အပ် အသိအမှတ်ပြုအပ်ခြင်းသည် သာသကံသမ္မတ။

ခိုးသူတို့က လူအများကို သတ်ဖြတ်လုယက် ရိုက်နှက်ပုတ်ခတ်သည်ကို တွေ့မြင်ရခြင်း ကြောင့် ကြီးမားသော ဘေးအန္တရာယ်ရှိနေခြင်းသည် သပ္ပဋိဘယ။

၅။ (က)ပဏီတဘောဇနသိက္ခာပုဒ်ဖြင့် ပါစိတ်၊

(ခ) အဝဂ္ဂကာရကသိက္ခာပုဒ်ဖြင့် ဒုက္ကဋ်၊

(ဂ) စောရီဝုဋ္ဌာပိကာသိက္ခာပုဒ်ဖြင့် သံဃာဒိသေသ်၊

(ဃ)ဥပတိဋ္ဌနသိက္ခာပုဒ်ဖြင့် ပါစိတ်၊

၆။ အရှက်မရှိခြင်း။ မသိနားမလည်ခြင်း။ ကုက္ကုစ္စ နှိပ်စက်ခြင်း။ မအပ်သည်၌ အပ်သည်ဟု မှတ်ထင်ခြင်း။ အပ်သည်၌ မအပ်ဟု မှတ်ထင်ခြင်း။ သတိမေ့လျော့ခြင်း။

(က)ကလလရေကြည် တည်ခါစမှ စ၍ အသက်ရှင်ဆဲဖြစ်သော လူဇာတ်ရှိသူ၏ ကိုယ်၊

(ခ) ပညတ်အားဖြင့် သတ္တဝါ၊ ပရမတ္ထအားဖြင့် ဇီဝိတိန္ဒြေကို ဖြတ်တောက်တတ်သော ကာယဝစီပယောဂကို ဖြစ်စေတတ်သော စေတနာ။

(ဂ) အဆိုပါ စေတနာနှင့် ပြည့်စုံသော ပုဂ္ဂိုလ်။

http://www.dhammadownload.com

၇။ သဘာဝပုဂ္ဂိုလ်ဖြစ်ခြင်းသည်သာ ပမာဏ။

ပုဗ္ဗိုလ်-

၁။ သိနားလည်ခြင်း။ ၂။ မျက်စိကောင်းခြင်း။ ၃။ နားကောင်းခြင်း။ ၄။ ၁၂-တောင်အရပ်အတွင်း၌ ရပ်နေ ထိုင်နေခြင်း၊ ယင်းအင်္ဂါ ၄-ချက်နှင့် ပြည့်စုံနေသော ယောကျ်ားမိန်းမတို့ ဖြစ်သည်၊ ၎င်းတို့သည် စိတ်ပျံ့လွင့်နေ ငိုက်နေသော်လည်း အာပတ်မသင့်အောင် ပြုနိုင်သည်။

၈။ မိမိအတွက် ဝေစုရခြင်းအားဖြင့် သံယာမှုဖြစ်စေ, သုတ္တန္တိကစသော ဂိုဏ်းမှုဖြစ်စေ, ဆွေမျိုးထံမှုဖြစ်စေ, မိတ်ဆွေထံမှ ဖြစ်စေ ရခြင်း။ ပံသုကူသင်္ကန်းရခြင်း။ မိမိပိုင်ဥစ္စာဖြင့် လဲ၍ရခြင်း။

(တစ်နည်း), သင်္ကန်းဖြစ်ပေါ်ကြောင်း သီမာယ ဒေတိ-စသော မာတိကာ ၈-ပါးတွင် တပါးပါးဖြင့် ရခြင်း။

၁၇။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ(ရောဝတီတိုင်း)
ပထမလတ်တန်း ။ ။ ဒွေမာတိကာဘာသာ

၁၃၇၁-ခုနှစ်၊ တန်ခူးလဆန်း (၈) ရက်၊ (၂၂-၃-၂၀၁၀) တနလာနေ့

၁။ "အဓိကရဏ်းကို ငြိမ်းစေပါမည်"ဟု ဝန်ခံပြီးနောက် ငြိမ်းစေဘို့ရန် အားထုတ်မှု မရှိသော ဘိက္ခုနီမနှင့်၊ "ဥပဇ္ဈာယ် မလုပ်ပါ"ဟု ဝန်ခံပြီးနောက် ပြစ်တင်ရှုံ့ချမှုပြုသော ဘိက္ခုနီမတို့အား အပြစ်ရောက်ပုံပြသိက္ခာပုဒ်တို့ကို ပါဠိသက်သက်ရေးပါ။

၂။ ကဏ္ဍကသာမဏေအား ဆုံးမသောစကားရပ်တို့တွင် ဒုတိယဆုံးမသော စကားရပ်ကို သာ သေချာကျန်စွာ အနက်ပေးပါ။

၃။ ယခုမျက်မှောက်ခေတ်အထိ သီလစသည်ဖြင့် ဗုဒ္ဓသာသနာတော် ကြီးပွါးနေရခြင်း၏ အကြောင်းရင်းကိုလည်းကောင်း။ မပြည့်စုံမလုံလောက်သော "အကာလစီဝရ"ကို ဘယ်လိုစိတ်ထားဖြင့် ဘယ်နှစ်ရက်ထားနိုင်သည်ကိုလည်းကောင်း ပါတိမောက်ပါဠိတော်သာဓကအသီးသီးဖော်ပြ၍ ဖြေဆိုခဲ့ပါ။

http://www.dhammadownload.com

၄။ ဘိက္ခုနီမနှင့်တိုင်ပင်၍ ခရီးသွားခွင့်ရှိသော အချိန်အခါ (သမယ)တို့ကို ဖော်ပြ၍၊ ဇာနံပါလျက် အစဉ်မပျက်သော သုဒ္ဓပါစိတ်သိက္ခာပုဒ်တို့၏ အမည်တို့ကိုလည်း ယထာဂ္ဂမ ဖော်ပြပြီးလျှင်၊ သေခိယပရိမဏ္ဍလဝဏ်လာ "သုပ္ပဋိစ္ဆန္န"ဟူသည် အဘယ်နည်း နိဿယ ကျမ်းလာအတိုင်း ရှင်းလင်းဖြေဆိုပါ။

၅။ ယောက်ျားက ပိုးပန်းသည့်သဘောဖြင့် ပေးလှူသည်ကို မခံယူဘဲနေသော ဘိက္ခုနီမ အား အခြားဘိက္ခုနီမှက ခံယူရန်တိုက်တွန်းသော စကားရပ်ကို မြန်မာဘာသာဖြင့် ဖြေ ဆို၍၊ အောက်ပါဘိက္ခုနီမတို့အား သင့်ရောက်သောအပြစ်တို့ကိုလည်း သိက္ခာပုဒ်အမည် နှင့်တကွ ဖော်ပြခဲ့ပါ။

(က) တစ်ပါးသောဆီကို ဝယ်စေ၍ တစ်ပါးသောထောပတ်ကို ဝယ်စေသော ဘိက္ခုနီမ၊

(ခ) မိမိကိုယ်ကို ထု၍ ငိုကြွေးသော ဘိက္ခုနီမ၊

(ဂ) ရဟန်းယောက်ျားမနီးသော ကျောင်း၌ ဝါဆိုသော ဘိက္ခုနီမ။

၆။ ဥဒကုက္ခေပသိမ်ဖြစ်နိုင်သော "နဒီ"၏လက္ခဏာကို ကခ်ီလာအတိုင်း ရေးပြ၍၊ ပဒေသ ပညတ် ၄-မျိုးကိုလည်း ဖော်ပြပါ။

၇။ အတ္တကာမပါရိစရိယသိက္ခာပုဒ်လာ (က) ဖြတ္တစာရီ၊ (ခ) သီလဝန္တ၊ (ဂ) ကလျာဏမွတို့၏ အဓိပ္ပါယ်ကို အသီးသီး ဖြေဆိုပြီးလျှင်၊ ပန်းစသော ပစ္စည်းပေးဖျက်ဆီး၍ သဒ္ဓါပျက် ပုံကိုလည်း ရှင်းပြပါ။

၈။ အရညကတောရကျောင်းဟူသည် မည်သည့်ကျောင်းမျိုးကို ဆိုလိုပါသနည်း? အတိုင်း အတာပမာဏကို တိုင်းတာရာဌာနနှင့်တကွ တိတိကျကျ ပြဆို၍၊ ထိုတောကျောင်းနေ ရဟန်းတို့ ရပ်ရွာတွင် သက်နိုးထားနိုင်ခြင်း၌ ပြည့်စုံရမည့်အင်္ဂါရပ်တို့ကိုလည်း ဖော်ပြပါ။

၁၇။ ဧရာဝတီတိုင်း (အဖြေ)

ပထမလတ်တန်း ။ ။ ဒွေမာတိကာဘာသာ

၁။ (အဓိကရဏသိက္ခာပုဒ်နှင့် ခိယျနဝမ္ဘသိက္ခာပုဒ်တို့ကို ပါဠိရေးလေ။)

http://www.dhammadownload.com

၂။ (အဇ္ဇတဂ္ဂေ တေ ။ပ။ စရ ပိရေ, ဝိနသ-ကို အနက်ရေးလေ။)

၃။ ၁။ အချင်းချင်း အကျိုးစီးပွါးကို ပြောဆိုခြင်း။
၂။ အချင်းချင်း အာပတ်မှ ထစေခြင်း။
သာဓက- ဇဝံ သံဝဿ ဟိ တသ ဘဂဝတော ပရိသာ ယဒိဒံ အညမညဝစနေန အညမညဝုဋ္ဌာပနေန။
မျှော်လင့်ချက်ရှိသဖြင့် နောက်ထပ်ရဦးမည့် အဝတ်စနှင့် ရောစပ်ဖို့ရန် ဖြည့်တင်းဖို့ရန် ဟူသောစိတ်ထားဖြင့် ရက် ၃၀-ထားနိုင်သည်။
သာဓက- မာသပရမံ တေန ဘိက္ခုနာ တံ စီဝရံ နိက္ခိပိတဗ္ဗံ ဥနသ ပါရိပူရိယာ သတိယာ ပစ္စာသာယ။

၄။ လမ်းခရီးက ကုန်သည်နှင့်အတူ သွားထိုက်ရာအခါ ယုံမှားဖွယ်ရှိ၏ဟု သမုတ်အပ်ရာ အခါ။ ဘေးရန်နှင့်တကွ ဖြစ်ရာအခါ။
သိက္ခာပုဒ်အမည်-
သပ္ပါဏကဝဂ်-သပ္ပါဏက၊ ဥက္ကောဋနာ၊ ဒုဋ္ဌုल्ल၊ ဥနဝီသတိဝဿ၊ ထေယ္ယသတ္ထ၊ သုပ္ပဋိစ္ဆန္န-လည်ပင်း, လက်ကောက်ဝတ်တို့ကို ကောင်းစွာ ဖုံးအုပ်ခြင်း။

၅။ အရှင်မ အရှင်မက ဆန္ဒရာဂဖြင့် မစိုစွတ်သောကြောင့် ဤယောက်ျားသည် ဆန္ဒရာဂဖြင့် စိုစွတ်သူမှုလည်းဖြစ်စေ, ဆန္ဒရာဂဖြင့် မစိုစွတ်သူမှုလည်းဖြစ်စေ အရှင်မ၏ အပေါ်၌ ဘာတတ်နိုင်လတ္တံ့နည်။ အရှင်မ တိုက်တွန်းပါ၏။ ဤယောက်ျားသည် အရှင်မအား ပေးလှူသော ခဲဖွယ်ဘောဇဉ်ကို အရှင်မသည် ကိုယ့်လက်ဖြင့်ခံယူ၍ ခဲလည်း ခဲပါလော့၊ စားလည်း စားပါလော့။
(က) အညစေတာပနသိက္ခာပုဒ်ဖြင့် နိဿဂ္ဂိပါစိတ်၊
(ခ) ရောဒနသိက္ခာပုဒ်ဖြင့် ပါစိတ်၊
(ဂ) အဘိက္ခုကာဝါသသိက္ခာပုဒ်ဖြင့် ပါစိတ်။

၆။ မိုးကောင်းရာအခါ၌ မိုးလေးလပတ်လုံး ရေမပြတ်သော မြစ်သည်လည်းကောင်း။ ဆိပ်ကမ်းဖြင့်ဖြစ်စေ, ဆိပ်ကမ်းမဟုတ်သောအရပ်ဖြင့်ဖြစ်စေ သေခိယ၌လာသောလက္ခဏာ အားဖြင့် အဝန်းသုံးပါး ဖုံးလွှမ်းလျက် သင်းပိုင်ကို မပင့်ဘဲ ဖြတ်ကူးသော ဘိက္ခုနီမ၏

http://www.dhammadownload.com

သင်းပိုင်းကို လက်တသစ် နစ်သစ်မျှ စိုစွဝ်လောက်သော ရေရှိသော မြစ်သည်လည်း ကောင်း။ သမုဒ္ဒရာ တဖက်ဆည်ကန်များသို့ စီးဝင်စေကာမူ မြစ်ဖျားခံရာ အရပ်မှစ၍ မြစ်- နဒီမည်သည်၊ ထိုမြစ်မျိုးသည် ဥဒကုဂ္ဂေါ်ပသိမ်ဖြစ်နိုင်သည်။

ပဒေသပညတ် ၄-ပါး-

၁။ ဝိနည်းမိုရ်လျှင် ၅-ပါးမြောက်ရှိသောဂိုဏ်းဖြင့် ရဟန်းခံပေးခြင်း။

၂။ အထပ် အလွှာများသော ဖိနပ်တို့ကို စီးခြင်း။

၃။ အမြှ ရေချိုးခြင်း။

၄။ သားရေအခင်းကို အသုံးပြုခြင်း။

၇။ (က-ခ-ဂ)- (တနင်္သာရီ ၇-၆)

သဒ္ဓါပျက်ပုံ-

မိမိကို ကြည်ညိုလာအောင် ပင်ကိုယ်သဒ္ဓါတရားကောင်းသူအား ပန်းပေးလိုက်လျှင် ထိုပန်းပေးသူရဟန်းအား လှူချင်စိတ်ဖြစ်ကာ ချစ်ခင်လာပေမည်၊ သို့သော် ထိုကဲ့သို့ ပေးဖော်မရသော လဖွီသူမွန် သီလဝန်အရှင်မြတ်တို့အား မလှူချင် မတန်းချင် မဆည်းကပ်ချင် မကိုးကွယ်လာချင်တော့သဖြင့် ထိုပန်းပေးခံရသူ၏ အဖိုးတန်သဒ္ဓါတရား စစ်ကား ပျက်ပြားရလေသည်။

၈။ ညှိုတင်ပြီးသော လေးဆရာ၏ လေးဖြင့် ရှာ၏ တံခါးခုန်မှစ၍ လေးအပြန်ငါးရာ ပမာဏ ရှိသောအရပ်၌ ဆောက်လုပ်ထားသော ကျောင်းကို အရညက တောရကျောင်းဟု ဆိုလိုသည်။

ပြည့်စုံရမည် အင်္ဂ ၇- (ရန်ကုန် ၃-၆)

၁၈။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ (အထူးအောင်)

ပထမလတ်တန်း ။ ။ ဒွေမာတိကာဘာသာ

၁၃၇၂-ခုနှစ်၊ ပထမဝါဆိုလဆန်း (၈) ရက်၊ (၁၉-၆-၂၀၁၀) စနေနေ့

၁။ (က) ဆွေမျိုးမတော်သော ရဟန်းမ၏ ဇောသီအဟောင်းကို ဖွဝ်လျော်ပေးသော ရဟန်း။

(ခ) မိမိအား ဝိုးပမ်းစိတ်ဖြင့် လှူဒါန်းသော အမျိုးသား၏လက်မှ ပန်းသီးကို ကိုယ်တိုင် အလှူခံစားသောရဟန်းမတို့အား အပြစ်ရှုပ်ပြီ ပါဠိတို့ကို မှန်အောင်ရေးပါ။

http://www.dhammadownload.com

၂။ အတူတူမ်ယွမ်းခံသွားဖို့ ခေါ်လာပြီးမှ တစ်ပါးတည်းမကောင်းမှုပြုလိုသော ရဟန်း၏ အဖေါ်ရဟန်းအား ပြောဆိုပုံပြပါဦးနှင့် အမျိုးသားနှင့်အတူ သွားလာနေထိုင်သော ရဟန်းမအား ပြောဆိုရမည်ကိုပြသော ပါဠိတို့ကို မှန်ကန်အောင် အနက်ပေးပါ။

၃။ သံယာဒိသိသ်အာပတ်ကုစားလိုသော ရဟန်းနှင့်ရဟန်းမတို့ သန့်ရှင်းစင်ကြယ်အောင် ပြုကျင့်ရမည့် ကျင့်ဝတ်တို့ကို ပြည့်စုံအောင် ခွဲခြား၍ ဖြေဆိုပါ။

၄။ ဝဿိကသာဋ္ဌိကစီဝရကို အလိုရှိသောရဟန်းအား ပရိယေသနကိုသာ ခွင့်ပြုသောကာလ, ပရိယေသန, နိဝါသနနှစ်မျိုးလုံးကို ခွင့်ပြုသောကာလတို့နှင့် နဟာနအတွက် ဥဏှသမယ ပရိဠာဟသမယတို့ကို ပိုင်းခြား၍ ဖြေဆိုပါ။

၅။ ဥဒကသာဋ္ဌိက-၏ ပမာဏကို ဖြေဆိုပြီ၊ ရဟန်းမများ အနိုပ် မခိုင်းသင့်သော ပုဂ္ဂိုလ်များ ကိုလည်း သိက္ခာပုဒ်အမည်နှင့်တကွ တွဲစပ်ဖော်ပြပါ။

၆။ ဘိက္ခုတို့၏ ပဝါရဏာပြုပုံနှင့် ဘိက္ခုနီတို့၏ ပဝါရဏာပြုပုံတို့ ထူးခြားမှုကိုလည်းကောင်း။ ဘိက္ခုနီတို့ လခွဲတိုင်း ဘိက္ခုတို့ထံမှ တောင့်တအပ်သော အရာတို့ကိုလည်းကောင်း ဖော်ပြပါ။

၇။ ကာယသံသဂ္ဂသိက္ခာပုဒ်လာ ဝိပရိဏာတ၏ သဘောကို ကခ်ီဆရာဖော်ပြသည့် ပထမ နည်းအလိုအတိုင်း ဖြေဆိုပါ။

၈။ နိဿဂ္ဂိယ-၌ နိဿဂ္ဂိယာကာရတို့ကို ကခ်ီဆရာအလိုကျ ပြည့်စုံအောင် ဖြေဆိုပါ။

၁၈။ အထူးအောင် (အဖြေ)

ပထမလတ်တန်း ။ ။ ဒွေမာတိကာဘာသာ

၁။ (က) (ပုရာဏစီဝရသိက္ခာပုဒ်) (ခ) (ဘောဇနပဋိဂ္ဂဏပထမသိက္ခာပုဒ်တို့ကို ပါဠိရေး) မှတ်ချက်- ပုရာဏစီဝရသိက္ခာပုဒ်၌ ဘိက္ခုနိယာသည် အခိုင်းခံရသော ကာရိုက်ကံသာ ဖြစ်သည်၊ သမ္ဘန်မဟုတ်။

http://www.dhammadownload.com

၂။ (ဂဏ္ဍာဝုသော ။ပ။ ဖာသု ဟောတိနင့် မာယေ့ သံသုဒ္ဓာ ဝိဟာရီ ။ပ။ သံယော ဝဏ္ဏောတိ-တို့ကို အနက်ရေးလေ။)

၃။ **ရဟန်း-**
သိလျက်ဖုံးလွှမ်းခဲ့သည့် ကာလအကျိုင်း အလိုမရှိဘဲ ပရိဝါသ်ကျင့်ရမည်၊ ပရိဝါသ်ကျင့်ပြီးလျှင် ရဟန်းတို့ မြတ်နိုးခြင်းအကျိုးငှါ မာနဝတ် ၆- ညဉ့် ထပ်ကျင့်ရမည်၊ မာနတ်ကျင့်ပြီးလျှင် ၂- ကျိပ်ဝိုက်းရှိသော ဘိက္ခုသံဃာ၌ အဗ္ဘာန်သွင်းရမည်။
ရဟန်းမ-
သံဃာဒိသေသ်အာပတ်သင့်လျှင် (ပရိဝါသ် ကျင့်စရာမလိုဘဲ) ဥဘတောသံဃာ၌ ပက္ခမာနတ်ကျင့်ရမည်၊ မာနတ်ကျင့်ပြီးလျှင် ၂- ကျိပ်ဝိုက်းရှိသော ဘိက္ခုနီသံဃာ၌ အဗ္ဘာန်သွင်းရမည်။

၄။ **ပရိယေသနသာ-** နယုန်လပြည့်နေ့မှစ၍ နယုန်လကွယ်နေ့အထိ ၁၄-ရက်၊
ပရိယေသန, နိဝါသန-
ဝါဆိုလဆန်း ၁-ရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့အထိ ၄-လခွဲ၊
အပိုင်းအခြား- (မန္တလေး ၄-ရွ)

၅။ ဘုရားရှင်၏ အထွာတော်အားဖြင့် အလျား ၄-ထွာ၊ အနံ ၂-ထွာ။
ပုဗ္ဗိုလ်များ-
ဘိက္ခုနီဥမ္မဒ္ဒါပနသိက္ခာပုဒ်အရ- ရဟန်းမ၊
သိက္ခမာနဥမ္မဒ္ဒါပနသိက္ခာပုဒ်အရ- သိက္ခမာန်၊
သာမဏေရီဥမ္မဒ္ဒါပနသိက္ခာပုဒ်အရ- သာမဏေမ၊
ဂိဟိနီဥမ္မဒ္ဒါပနသိက္ခာပုဒ်အရ- လူဝတ်ကြောင် မိန်းမ။

၆။ ဘိက္ခုတို့မှာ ဘိက္ခုအချင်းချင်းသာ ပဝါရဏာ ပြုနိုင်သည်၊
ဘိက္ခုနီတို့မှာ ဘိက္ခုနီသံဃာထံ၌ တကြိမ်၊ ဘိက္ခုသံဃာထံ၌ တကြိမ်အားဖြင့် နှစ်ကြိမ် ပဝါရဏာပြုရသည်၊ ဤသို့ ထူးသည်။
တောင့်တအပ်သော အရာ-
၁။ ဥပုသ်နေ့မေးခြင်း။ ၂။ သြဝါဒခံယူဖို့ရန် ချဉ်းကပ်ခွင့်တောင်းခြင်း။

http://www.dhammadownload.com

၇။ စင်ကြယ်သော ဘဝင်အစဉ်ဟုဆိုအပ်သော ပင်ကိုယ်သဘောကိုစွန့်၍ (ရာဂအနေဖြင့်) တစ်မျိုးတစ်ဖုံ ဖြစ်ပေါ်လာသောစိတ်ကို ဝိပရိဏာတ ဟုခေါ်သည်။

၈။ ၁။ အပ်ချုပ်မှုကိစ္စ ပြီးခြင်း။ ၂။ ပျောက်ဆုံးသွားခြင်း။ ၃။ ပျက်စီးသွားခြင်း။ ၄။ မီးလောင်သွားခြင်း။ ၅။ သက်နိုးဌ် အလိုအာသာ ပျက်စဲခြင်း။

၁။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ (ကချင်ပြည်နယ်)
ပထမလတ်တန်း ။ ။ ဓမ္မပဒဘာသာ
၁၃၇၁-ခုနှစ်၊ တန်ခူးလဆုတ် (၃) ရက်၊ (၁-၄-၂၀၁၀) ကြာသပတေးနေ့

၁။ စင်ကြယ်သော ကုသိုလ်ကံနှင့် မစင်ကြယ်သော အကုသိုလ်ကံတို့ အသီးသီး မရောနှောခြားနားပုံကိုပြဆိုသည့် အတ္တဝဂ်လာဂါထာကို အနက်မဖက် ပါဠိသက်သက်ရေးခဲ့ပါ။

၂။ လေညှာသို့ ပစ်လွင့်အပ်သော မြူမှုန့်ပမာ မကောင်းမှုပြုသူအား မကောင်းသောအကျိုးများ ရောက်လာတတ်ပုံကိုပြဆိုသော ပါပဝဂ်လာဂါထာကို အနက်ယောဇနာခဲ့ပါ။

၃။ သပိတ်သက်နိုးစသည်၌ တွယ်တာခြင်းကင်းသော မဟာကဿပမထေရ်နှင့် ခြေသုတ်ပုဆိုး မြွေစွယ်ကျိုးနှင့် ချိုကျိုးသော်နှား ဒွန်းစလွှားလို မလွှားမပ မာန်မထသည့် တာဒိဂုဏ်ရှင်တို့ကို အကြောင်းပြု၍ မြတ်စွာဘုရား မည်သို့ဟောကြားတော်မူပါသနည်း အရဟန္တဝဂ်လာအတိုင်း ဖြေဆိုပါ။

၄။ သီရိမာကိုစွဲလန်းသော ရဟန်းနှင့် အသက်တစ်ရာ့နှစ်ဆယ်ရှည်သော ဥတ္တရာထေရီတို့အား မြတ်စွာဘုရား ဆုံးမထားပုံကို ဇရာဝဂ်လာအတိုင်း ဖြေဆိုခဲ့ပါ။

၅။ တစ်ရာသော အသပြာကို အမှီပြု၍ ဘုရားရှင်သာသနာတော်၌ မမေ့လျော့ လည်တမျှော်မျှော်ရှိသော အနဘိရတိ ရဟန်းငယ်အား ကာမဂုဏ်တို့၏ အပြစ်ကိုပြ၍ ဆုံးမဟောကြားအပ်သောဂါထာကို ဗုဒ္ဓဝဂ်လာအတိုင်း ဖြေဆိုခဲ့ပါ။

http://www.dhammadownload.com

၆။ ကောသလမင်းကြီး ချီးမြှောက်၍ သမ္ဘစတုက္ကဆုလာဘ်ကိုရသော စူဠဇနကသာဋကပုဏ္ဏား ဆင်းရဲ၏၊ ဒိဋ္ဌမွေကုသိုလ်၊ အကျိုးပေးထက်သန်ပုံကို ရဟန်းတို့၏ တရားသ၊ဘင်၌ ဘုရားရှင်မည်သို့ မိန့်ကြားတော်မူသည်ကို အဋ္ဌကထာလာအတိုင်း ပြည့်စုံစွာ ဖော်ပြခဲ့ပါ။

၇။ ကဿပဘုရားရှင်၏ သာသနာတော်နောက်ပိုင်း၌ တောင်ပေါ်တက်၍ တရားကျင့်ခဲ့ကြသောပုဂ္ဂိုလ်ငါးဦး၏ အမည်များကို ဖော်ပြ၍၊ စောရပပါပတောင်ထိပ်၌ စောင့်ရှောက်သောနတ်သည် ကုဏ္ဍလကေသီလောင်းလျှာ သေဋ္ဌေးသို့အား မည်သို့ချီးမွမ်း ထောမနာပြုခဲ့သည်ကို အဋ္ဌကထာလာအတိုင်း ဖြေဆိုပါ။

၈။ အလှူကိုတားမြစ်သော စတုတ္ထမုခ်တံခါး၀၌ စောင့်ရှောက်ရသော နတ်သားသည် အနာထပိဏ်သေဋ္ဌေးအား တောင်းပန်ဝန်ချုပ်ကို အဋ္ဌကထာလာအတိုင်း ဖြေဆိုခဲ့ပါ။

၁။ ကချင်ပြည်နယ် (အဖြေ)
ပထမလတ်တန်း ။ ။ ဓမ္မပဒဘာသာ

၁။ (ဂါထာ- ၁၆၅။)

၂။ (ဂါထာ- ၁၂၅။)

၃။ ဟသ်ာတို့သည် ရှဉ့်ညွှန်၌ ပေါက်သောကြာစသည်ကို စွန့်၍ ပျံကုန်သကဲ့သို့ လွန်စွာ သတိရှိကုန်သောသူတို့သည် သမထ, ဝိပဿနာစသည်တို့၌ လုံ့လပြုကုန်၍ စိတ်၏ တည်ရာ ကာမဂုဏ်၌ မမွေ့လျော်ဘဲ တဏှာဟူသမျှကို စွန့်ကုန်၏။ (ဂါထာ- ၉၁)
မြေကြီးနှင့်တူသော သည်းခံခြင်းရှိသည်ဖြစ်၍ ကောင်းဆိုးနှစ်ပါး ပြုသူများ၌ အဆန့်ကျင် ဘဲ တံခါးတိုင်ကဲ့သို့ မယိမ်းယိုင်သော အကျင့်ရှိကာ လောကခံရှစ်ပါး ကြောင့် မဖောက်မပြန်ခြင်း သဘောရှိသော ကောင်းသောအကျင့်ရှိသော ရှဉ့်ညွှန်ကင်း သော ရေကန်ကဲ့သို့ကြည်လင်သော စိတ်ရှိသော တာဒိဂုဏ်နှင့်ပြည့်စုံသောပုဂ္ဂိုလ်အား သုဂတိဘဝ, ဒုဂ္ဂတိဘဝတို့သို့ ကျင်လည်ခြင်းတို့ မဖြစ်ကုန်။ (ဂါထာ- ၉၅)

၄။ အဝတ်, တန်ဆာ, ပန်း, နံ့သာဖြင့် ဆန်းကြယ်စွာပြုအပ်သော အရုပ်နှင့်တူသော သုံးရာ သောအရိုးတို့ဖြင့် စိုက်ထောင်ထားအပ်သော နာကျင်ဖွယ်တတ်သော မျှားစွာသောသူတို့

http://www.dhammadownload.com

သည် ကြံစည် အပ်သော ကိုးဝေါက်ဒွါရ အမာဝရိသော သိရီမာ၏ကိုယ်ကို ကြည့်ရှုပါ ၎င်း ဤခန္ဓာကိုယ်သည် အမြဲတည်နေခြင်း မရှိချေတကား။ (ဂါထာ– ၁၄၇)
ဤရူပကာယသည် ဆွေးမြေ့အိုမင်းတတ်၏ ကိုးဆယ့်ခြောက်ပါးသော ရောဂါတို့၏ တည်ရာဖြစ်၏ ယိုယွင်းပျက်စီးတတ်၏ သတ္တဝါအားလုံးတို့၏ အသက်သည် သေခြင်း လျှင် အဆုံး ရှိသောကြောင့် ပုဝ်သည်ဖြစ်၍ သင်၏ကိုယ်သည် မကြာမီ ပျက်စီးလတ္တံ့။ (ဂါထာ– ၁၄၈)

၅။ အသပြာမိုးရွာသဖြင့်လည်း ကာမဂုဏ်တို့၌ ရောင့်ရဲခြင်းမရှိ၊ ကာမဂုဏ်တို့သည် သာယာအပ်သော သဘောနည်းကုန်၍ ဆင်းရဲခြင်း၏ အကြောင်းဖြစ်ကုန်၏။
ဤသို့သော အကြောင်းကိုသိ၍ (ဝါ) သိသောကြောင့် မြတ်စွာဘုရား၏ တပည့်သာဝက သည် နတ်၌ဖြစ်သော ကာမဂုဏ်တို့၌သော်လည်း မွေ့လျော်ခြင်းသို့ မရောက်ရာ၊ တဏှာကင်းရာ အရဟတ္တဖိုလ်, နိဗ္ဗာန်၌ မွေ့လျော်သည်သာ ဖြစ်ရာ၏။ (ဂါထာ– ၁၈၆ / ၇)

၆။ ဤပုဏ္ဏားကြီးသည် ပထမယာမ်၌ ငါဘုရားအား ပေးလှူဖြစ်ခဲ့လျှင် သဗ္ဗသောဠသက ဆုကို ရရာ၏။ မဇ္ဈိမယာမ်၌ ငါဘုရားအား ပေးလှူဖြစ်ခဲ့လျှင် သဗ္ဗဒ္ဒကဆုကို ရရာ၏။ ယခုအခါ ဤပုဏ္ဏားကြီးသည် နောက်ဆုံးပစ္ဆိမယာမ်၌သာလျှင် လှူဒါန်းအပ်သည်၏ အဖြစ်ကြောင့် သဗ္ဗစတုက္ကဆုကို ရလေ၏။
ချစ်သားရဟန်းတို့– ကောင်းမှုကုသိုလ်ကံကို ကြံစည်အားထုတ် ပြုလုပ်ခြင်းဟာ ဖြစ်ပေါ်လာသောစိတ်ကို မယုတ်စေမူ၍ ကြံစည်ဖြစ်ပေါ်လာသော ခဏ၌သာလျှင် ပြုလုပ်အားထုတ်အပ်၏။ နံ့နေးကြန့်ကြာသဖြင့် ပြုလုပ်အားထုတ်အပ်သော ကုသိုလ်ကံသည် အကျိုးပေးသည်ရှိသော် နံ့နေးသည်ဖြစ်၍သာလျှင် အကျိုးကိုပေးတတ်၏။ ထို့ကြောင့် ကြံစည်ဖြစ်ပေါ်လာသော အခြားမဲ့၌ သာလျှင် ကုသိုလ်ကောင်းမှုကို ပြုလုပ်အားထုတ် အပ်၏။ (ဓမ္မ–ဌ၊ ၂၊ ၃)

၇။ ပုဏ္ဏသောတိမင်း၊ ကုမာရကဿပ၊ ဒါရုစီရိယ၊ ဒဗ္ဗမလ္လပုတ္တ၊ သဘိယပရိဗ္ဗာဇကတို့ ဖြစ်ကြပါသည်။ (ဓမ္မ–ဌ၊ ၁၊ ၄၁၀)

ချီးမွမ်းထောမနာပြုပုံ–

တောင်စောင့်နတ်သည်– " အလုံးစုံသောအရာဌာနတို့၌ ယောကျ်ားသည်သာ ပညာရှိ

http://www.dhammadownload.com

သည် မဟုတ်၊ မိန်းမသည်လည်း ထိုထိုဌာန အမှုကိစ္စတို့၌ စဉ်းစားဆင်ခြင်နိုင်သော ပညာရှိဖြစ် ၏" ဟု ချီးမွမ်းထောမနာပြုပါသည်။ (ဓမ္မ-၅၊ ၁၊ ၄၁၅)

၈။ နတ်သားသည်- အနာထပိဏ်သူဌေးကြီးအား " ငါသည်- သင်၏ စတုတ္ထမုခ် တံခါး၌ စောင့်ရှောက်သော အလွန်မိုက်မဲသောနတ်သားပါတည်း။ ငါသည် အလွန်မိုက်မဲသည်၏ အဖြစ်ကြောင့် သင်တို့၏အထံ၌ ငါပြောဆိုအပ်သောစကားကို သည်းခံပါလော၊ သိကြား မင်း၏စကားဖြင့် ငါသည် ငါးဆယ့်လေးကုဋေသော ဥစ္စာကို စုဆောင်း၍ အချည်းအနှီး သောတိုက်ခန်းတို့၌ ပြည့် သည်ကိုပြု၍ ဒဏ်ထမ်းခဲ့ပါပြီ၊ နေရာဌာနကို မရသည်ရှိသော် ပင်ပန်းပါ၏ " ဟု တောင်းပန် ပါသည်။ (ဓမ္မ-၅၊ ၂၊ ၉)

၂။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ (ကယားပြည်နယ်)

ပထမလတ်တန်း ။ ။ ဓမ္မပဒဘာသာ

၁၃၇၁-ခုနှစ်၊ နှောင်းတန်ခူးလဆုတ် (၃) ရက်၊ (၁-၄-၂၀၁၀) ကြာသပတေးနေ့

၁။ "လောကော သတ္တာနမာစေရော" လောကဘ၌ဖြစ်ပေါ်နေသော အကြောင်းတရားတို့သည် သတ္တဝါတို့၏ ဆရာဟူသော ဆိုထုံးနှင့်အညီ ပလ္လင်တသာမဏော၏ လောကပြုမှု အတုယူ ကာ ကျင့်ကြံအားထုတ်ပုံကို ပြုဆိုသောဂါထာကို ပါဠိရေးခဲ့ပါ။

၂။ သားကိုချစ်၍ (၁၂)နှစ်တိုင် ကြီးစွာသောဆင်းရဲခြင်းသို့ ရောက်နေရပြီး ထိုချစ်ခြင်းကို စွန့်ပစ်ပါမှ ရဟန္တာမ ဖြစ်ရသောဘိက္ခုနီမကို အကြောင်းပြု၍ ဟောအပ်သောဂါထာကို အနက်ယောဇနာပါ။

၃။ ခဒိရ ရေဝတဝတ္ထုလာ ရဟန္တာအရှင်မြတ်တို့၏ မွေ့လျော်ရာအရပ် (၄)မျိုးတို့ကို ဖေါ်ပြပါ။

၄။ မြတ်စွာဘုရားသည် ကောသလမင်းအား ဟောတော်မူသော ဆွေးမြေ့ယိုယွင်း အိုမင်း ပျက်စီးသောအရာနှင့် ဆွေးမြေ့ယိုယွင်း အိုမင်းပျက်စီးမှု မရှိသောအရာတို့ကို ထုတ်ပြု၍ အသိပညာကင်းမဲ့သော လူအများသည် ယုတ်မာသော မိစ္ဆာအယူဝါဒကို ခံယူပြီးလျှင် မည်ကဲ့သို့ ကျင့်သုံးတတ်ကြပုံနှင့် မည်ကဲ့သို့ဖြစ်သွားတတ်ကြပုံကိုလည်း ကာလတွေ့ရ ဝတ္ထုကိုရှု၍ ဖြေဆိုပါ။

http://www.dhammadownload.com

၅။ ဝုဏာဝုဓိ, ဝယဝုဓိနှင့်ပြည့်စုံသူတို့အား ဂါရဝပြုခြင်း၏ အကျိုးတရားတို့ကို ဒီဃာဝုကုမာရ ဝတ္ထုလာအတိုင်း တိကျစွာ ညွှန်းဆိုပြီး သန္တာတိအမတ်ကြီးဝတ္ထု၌ သမဏာနှင့် ဘိက္ခုအမည် ရပုံကိုလည်း သိသာရုံမျှ ဖော်ပြပါ။

၆။ ဘုရားရှင်အား အမှန်ဇကာပူဇော်သည် မည်ပုံကို အတ္ထဒတ္တာတ္ထေရဝတ္ထုမှ ရေးပြ၍ "ဟီနံ ဓမ္မံ နိ သေဝေယ္ယ"ဌ ဟီနဓမ္မအရကိုလည်း အကြောင်းနှင့်တကွ ကောက်ပြခဲ့ပါ။

၇။ ဆုံးမသွန်သင်မှုကို သဘောမကျသူနှင့် ကျသူတို့ကို တိကျစွာ ညွှန်ပြ၍ ပမာဏိကတရား လေးပါးကိုလည်း ပါဠိ+ မြန်မာ ယှဉ်တွဲလျက် ဖော်ပြပါ။

၈။ ဗုဒ္ဓဝဂ် သမ္မဟုလဘိက္ခုဝတ္ထုလာ ချမ်းသာကြောင်းတရားလေးပါးကို အဓိပ္ပါယ်နှင့်တကွ ဖြေဆိုပါ။

၂။ ကယားပြည်နယ် (အဖြေ)

ပထမလတ်တန်း ။ ။ ဓမ္မပဒဘာသာ

၁။ (ဂါထာ- ၈၀။)

၂။ (ဂါထာ- ၁၆၀။)

၃။ ရွာ၊ တော၊ ချိုင့်ဝှမ်း၊ ကြည်ကုန်းအရပ်တို့ ဖြစ်ကြပါသည်။ (ဂါထာ- ၉၈)

၄။ **ဆွေးမြေ့ယိုယွင်း ပျက်စီးတတ်သောအရာ- ခန္ဓာကိုယ်။**
ဆွေးမြေ့ယိုယွင်း အိုမင်းပျက်စီးမှု မရှိသောအရာမှာ သူတော်ကောင်းတို့၏ လောကုတ္တရာ တရား။ (ဂါထာ- ၁၅၁)
ပညာမဲ့သူများသည် ယုတ်မာသောအယူကိုမှီ၍ တရားသဖြင့် အသက်မွေးကုန်သော ပူဇော်အထူးကို ခံထိုက်ကုန်သော အရိယာပုဂ္ဂိုလ်တို့၏ အဆုံးအမတော်ကို တားမြစ်၏။ ဝါးပင်၏ အသီးတို့သည် ဝါးပင်ကို သတ်ခြင်းဟူသာလျှင် သီးသကဲ့သို့ ထိုမကောင်းသော အယူရှိသောသူသည် မိမိတည်းဟူသောပုဂ္ဂိုလ်ကို သတ်ခြင်း, ဖျက်ဆီးခြင်း အလို့ဟူသာလျှင် ဖြစ်၏။ (ဂါထာ- ၁၆၄)

http://www.dhammadownload.com

၅။ အသက်ရှည်ခြင်း။ အဆင်းလှခြင်း။ ချမ်းသာခြင်း။ ခွန်အားကြီးခြင်း။ ဉာဏ်ပညာကြီးခြင်း တို့ဖြစ်ကြပါသည်။ (ဓါတု– ၁၀၇)

သမ္ဘာနှင့် ဘိကျွေမည်ပုံ–

မကောင်းမှုကို လေးခုသောမဂ်ဖြင့် ငြိမ်းစေတတ်သောကြောင့် သမ္ဘာမည်ပါသည်၊ ကိလေသာတို့ကို ဖျက်စီးတတ်သောကြောင့် ဘိကျွေမည်ပါသည်။(ဓါတု– ၁၄၂၊ ဓမ္မ–၆၊ ၂၊ ၅၃)

၆။ ဘုရားရှင်အား ပန်းစသည်ဖြင့် ပူဇော်နေမှုသည် ပူဇော်သည် မမည်၊ ဘုရားရှင် ဟောကြားအပ်သောတရားကို လိုက်နာကျင့်သုံးမှုသည်သာ အမှန် ဇကန်ပူဇော်သည် မည်ပါသည်။ (ဓမ္မ၆။ ၂။ ၁၀၂)

ဟီနဓမ္မ– အရ

အယုတ်ဆုံးအားဖြင့် နှားစသောသတ္တဝါတို့သည် ကာမဂုဏ်ငါးပါးကို မှီဝဲအပ်သောကြောင့်လည်းကောင်း, ယင်းကာမဂုဏ်ငါးပါးသည် ယုတ်ညံ့သော ငရဲစသောအရပ်တို့ဌ ဖြစ်စေတတ်, ရောက်စေတတ်သောကြောင့်လည်းကောင်း ဟီနဓမ္မအရ ကာမဂုဏ်ငါးပါးကို ယူရပါမည်။ (ဓမ္မ၆– ၂။ ၁၀၅)

၇။ **သဘောမကျသူ–** နှုတ်လုံထိုးတတ်ကုန်သော သူတော်မဟုတ် သူယုတ်မာများ။
သဘောကျသူ– ဘုရားအစရှိသော သူတော်ကောင်းများ။ (ဓါတု– ၇၇၊ ဓမ္မ၆– ၁၊ ၃၄၇)

ပမာဏိကတရား ၄– ပါး–

၁။ ရူပပွမာဏိက– ရုပ်အဆင်းလျှင် ပမာဏရှိသောသတ္တဝါ။
၂။ ယောသပွမာဏိက– အသံလျှင် ပမာဏရှိသောသတ္တဝါ။
၃။ လူခပွမာဏိက– ခေါင်းပါးခြင်းလျှင် ပမာဏရှိသောသတ္တဝါ။
၄။ ဓမ္မပွမာဏိက– အကျင့်တရားလျှင် ပမာဏရှိသောသတ္တဝါတို့ ဖြစ်ကြပါသည်။
(ဓမ္မ၆– ၂။ ၅၂)

၈။ ဘုရားရှင်ပွင့်တော်မူလာခြင်းသည် လူအပေါင်းကို ရာဂခရီးခဲစသည်တို့မှ ကူးမြောက်စေနိုင်သောကြောင့် ချမ်းသာကြောင်းဖြစ်ပါသည်။
သူတော်ကောင်းတရားကို အစွဲပြု၍ ဇာတိ, ဇရာ သဘောရှိသော သတ္တဝါတို့သည် ဇာတိစသည်တို့မှ လွတ်မြောက်သောကြောင့် သူတော်ကောင်းတရားကို ဟောကြားခြင်းသည် ချမ်းသာကြောင်းဖြစ်ပါသည်။

http://www.dhammadownload.com

ထူမျှ (ညီညွှတ်)သောစိတ်ရှိ၍ ညီညွှတ်သူတို့အား ဘုရားဟောပါဠိတော်ကို သင်ယူခြင်းငှါ၊ ဓုတင်ဆောင်ခြင်းငှါ၊ ရဟန်းတရား အားထုတ်ခြင်းငှါ စွမ်းနိုင်သောကြောင့် ညီညွှတ်ခြင်း နှင့် ညီညွှတ်သူတို့၏ အကျင့်သည် ချမ်းသာကြောင်းဖြစ်ပါသည်။

(ဓမ္မဋ္ဌ– ၂၊ ၁၆၂)

၃။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ (ကရင်ပြည်နယ်)

ပထမလတ်တန်း ။ ။ ဓမ္မပဒဘာသာ

၁၃၇၁-ခုနှစ်၊ တန်ခူးလပြည့်ကျော် (၃) ရက်၊ (၁-၄-၂၀၁၀) ကြာသပတေးနေ့

၁။ အောက်ပါတို့ကို ပါဠိသက်သက် ရေးခဲ့ပါ။

(က) ဆည်းကပ်သင့်/မသင့်သောသော အဆွေခင်ပွန်းကို ခွဲခြားပြတော်မူသောဂါထာ၊

(ခ) ဤလောကဌ ဘုရားရှင်ပွင့်တော်မူလာခြင်းသည် ချမ်းသာ၏–စသည့် ချမ်းသာအစစ်တို့ကို ပြဆိုသောဂါထာ။

၂။ ရေပွက်ကဲ့သို့ ခန္ဓာငါးပါးဟုဆိုအပ်သော လောကကို ရှုသူအာ သေမင်းမမြင်ကြောင်းကို ပြဆိုသောဂါထာကို အနက်ရေးခဲ့ပါ။

၃။ ပဏ္ဍိတသာမဏေသည် မည်သို့သော လောကဥပမာများကို ရှုမြင်သုံးသပ်၍ မိမိကိုယ်ကို ဆုံးမခဲ့သနည်း? ရေးသားဖြေဆိုပြီးလျှင်၊ နတ်တို့ချစ်မြတ်နိုးသော ပုဂ္ဂိုလ်တို့ကိုလည်း မဟာကစ္စာယနဝတ္ထု–ကို နည်းမှီ၍ ရှာဖွေတင်ပြခဲ့ပါ။

၄။ အောက်ပါတို့ကို တိကျစွာ ဖြေဆိုခဲ့ပါ။

(က) အရွယ်ရှိတုန်း အမြတ်မကျင့်ဥစ္စာမရှာသောသူသည် မည်သည့်အရာနှင့် တူသနည်။

(ခ) အဘယ်ပုဂ္ဂိုလ်သည် သူတစ်ပါးထက် ဆိုဆုံးမရခက်သနည်း။

(ဂ) ပညာမဲ့သူသည် မည်သူ၏ အဆုံးအမကို ရှုတ်ချသနည်း။

၅။ သံသရာကျင်လည်ခြင်း မဖြစ်တော့သော ပုဂ္ဂိုလ်တို့ကို အရဟန္တဝဂ်, သာရိပုတ္တတ္ထေရဝတ္ထု လာအတိုင်း ဓိရေးသားဖြေဆိုခဲ့ပါ။

http://www.dhammadownload.com

၆။ အောက်ပါတို့ကို အရဟန္တဝဂ် ဇီဝကပဉ္စဝတ္ထု- ဖွင့်ဆိုချက်များနှင့်အညီ ရေးသားတင်ပြခဲ့ပါ။
(က) ဇီဝကဟု အမည်တွင်ရပုံ၊
(ခ) ဇီဝက ပညာသင်ယူခဲ့ရသော အချိန်ကာလ၊
(ဂ) သူဌေးကတော်၏ ဝေဒနာခံစားခဲ့ရသော အချိန်ကာလ၊
(ဃ) သူဌေးကြီးမှ ဇီဝကအား ချီးမြှင့်သော အရာဝတ္ထုများ။
(င) တစ်နေ့လျှင် ယူဇနာခြောက်ဆယ် သွားနိုင်သော ခြေမြန်တော်၏ အမည်။

၇။ လောကဝဂ်၊ ဒဟရဘိက္ခုဝတ္ထု- လာ "ဟီနံ ဓမ္မံ နသေဝေယျ" စသောဂါထာ၌ ဟီနဓမ္မ အရနှင့် ဟီနမည်ခြင်းအကြောင်းကို အဋ္ဌကထာလာအတိုင်း ရေးသားဖြေဆိုခဲ့ပါ။

၈။ ဘုရားရှင်သည် ဝါတွင်းသုံးလပတ်လုံး တာဝတိံသာနတ်ပြည်၌ အဘိဓမ္မာတရား ဟောကြားပြီးနောက် သင်္ကဿနဂိုရ်ပြည်သို့ ကြွတော်မူခန်းကို ရဟန်းရှင်လူ ပြည်သူအများ ကြည်ညိုနိုင်ရန် ရေးသားဖြေဆိုခဲ့ပါ။

၃။ ကရင်ပြည်နယ် (အဖြေ)

ပထမလတ်တန်း ။ ။ ဓမ္မပဒဘာသာ

၁။ (က)(ဂါထာ- ၇၈။) (ခ) (ဂါထာ- ၁၉၄။)

၂။ (ဂါထာ- ၁၇၀။)

၃။ လယ်သမားတို့သည် မြစ်, ချောင်း, အင်းအိုင်ရိုရေကို မြောင်းသွယ်လျက် ဆောင်ယူကြ ကုန်သကဲ့သို့လည်းကောင်း, မြှားသမားတို့သည် ကောက်သောမြှားကို မီးဖြင့် ဖြောင့်ကုန်သကဲ့သို့လည်းကောင်း, လက်သမားတို့သည် သစ်ကို ပုံတောင်း, အကွပ်စသည်ပြုရန် ရွေကုန်, ခုတ်ကုန် သကဲ့သို့လည်းကောင်း ပညာရှိတို့သည် မိမိကိုယ်ကို ယဉ်ကျေးအောင် ဆုံးမရာ၏။ (ဂါထာ- ၈၀)

နတ်တို့ ချစ်မြတ်နိုးသောပုဂ္ဂိုလ်-

ရထားထိန်းသည် ကောင်းစွာဆုံးမအပ်သော မြင်းကဲ့သို့ စက္ခုစသောဣန္ဒြေတို့ငြိမ်သက်

http://www.dhammadownload.com

တည်ကြည်ခြင်းသို့ ရောက်ကုန်သော ပယ်အပ်ပြီးသော မာနရှိသော အာသဝေါတရား ကုန်ခမ်းပြီးသော တာဒိဝုဏ်နှင့်ပြည့်စုံသော ရဟန္တာပုဂ္ဂိုလ်အား လူ, နတ်တို့သည် ချစ်မြတ်နိုးကုန်၏။ (ဂါထာ– ၉၄)

၄။ (က) အရွယ်ရှိတုန်း အမြတ်မကျင့် ဥစ္စာမရှာသောသူသည် ငါးမရှိသော ရေအိုင်၌ အတောင်ကျိုးသော ကြိုးကြာအို၏ ကြံ့မှိုင်ခြင်းကဲ့သို့လည်းကောင်း၊ လေးညှိုမ္ပ လွတ်ကုန်သော မြှားတို့ကဲ့သို့လည်းကောင်း ရှေးက သုခခံစားရသည်တို့ကို ငြီးတွားအောက်မေ့ကုန်သည်ဖြစ်၍ အိပ်နေကြရကုန်၏။ (ဂါထာ– ၁၅၅/ ၆)

(ခ) မိမိကိုယ်သည် သူတစ်ပါးထက် ဆုံးမရ ခက်ပါသည်။ (ဂါထာ– ၁၅၉)

(ဂ) ပညာမဲ့သူသည် ယုတ်မာသောအယူကို မှီ၍ တရားသဖြင့် အသက်မွေးကုန်သော ပူဇော်အထူးကို ခံထိုက်ကုန်သော အရိယာပုဂ္ဂိုလ်တို့၏ (ဘုရားရှင်တို့၏) အဆုံးအမကို ရှုတ်ချ ပါသည်။

အရဟတ် အရိယာနံ ဓမ္မဇီဝိနံ ဗုဒ္ဓါနံ။ (ဓမ္မဋ– ၂။ ၁၀၀၊ ဂါထာ– ၁၆၄)

၅။ **ပုဗ္ဗိုလ်များ–** ကချင် ၃–ရှု။

၆။ (က) အဘယမင်းသားက " အသက်ရှိပါသေးသလော " ဟူသော အမေးစကားကို အစွဲပြု၍ ဇီဝက– ဟု အမည်တွင်ပါသည်။

(ခ) ၇– နှစ်။ (ဂ) ၇– နှစ်။

(ဃ) အသပြာလေးထောင်, ကျွန်မိန်းမ, ကျွန်ယောကျ်ား, မြင်းရထား၊ (ဓမ္မပ၁၀ဗျာ ဟတ္ထိဃတ္ထဝ)

(င) ကာကကျွန်။ (ဓမ္မဋ– ၁၊ ၅၂/ ၆)

၇။ **ဟီနမည်ခြင်းအကြောင်း–** (ကယား ၆–ရှု)

၈။ သိကြားမင်းသည် ရွှေစောင်းတန်း, ပတ္တမြားစောင်းတန်း, ငွေစောင်းတန်းတို့ကို ဖန်ဆင်း၏။ စောင်းတန်း၏အခြေတို့သည် သက်သန့်ဂိုပြည်တံခါး၌ တည်၏။ စောင်းတန်းဦးတို့သည် မြင့်မိုရ်တောင်ထိပ်၌ တည်၏။ လက်ယာဘက် ရွှေစောင်းတန်း၌ နတ်တို့ တည်ကြ၏။ လက်ဝဲဘက် ငွေစောင်းတန်း၌ မဟာပြဟ္မာတို့ တည်ကြ၏။ အလယ် ပတ္တမြားစောင်းတန်း၌ ဘုရားရှင် တည်တော်မူ၏။

http://www.dhammadownload.com

ဘုရားရှင်သည် မြင့်မိုရ်တောရှင်ထိပ်၌တည်၍ နတ်ပြည်မှ သက်ဆင်းတော်မူသောအခါ၌ တန်ခိုးပြာဋိဟာကို ပြတော်မူ၍ အထက်သို့ကြည့်တော်မူသည်ရှိသော် ဗြဟ္မာပြည် တိုင်အောင်, အောက်သို့ကြည့်တော်မူသည်ရှိသော် အဝီစိငရဲတိုင်အောင် တစ်ခုတည်းသော ဟင်းလင်းပြင်ဖြစ်၏။ အရပ်ရှစ်မျက်နှာသို့ ကြည့်ရှုတော်မူသည်ရှိသော် တစ်သိန်းမကသော စကြာဝဠာတို့သည် တစ်ခုတည်းသော ဟင်းလင်းပြင်ဖြစ်ကုန်၍ နတ်, ဗြဟ္မာတို့သည်လည်း လူတို့ကို မြင်ရကုန်၏။ လူတို့သည်လည်း နတ်, ဗြဟ္မာတို့ကို မြင်ရကုန်၏။ လူ, နတ်, ဗြဟ္မာ အားလုံးတို့သည် မျက်မှောက်အနေဖြင့်သာလျှင် မြင်ရကုန်၏။ ဘုရားရှင်သည် ရောင်ခြည်တော် ခြောက်သွယ်ကို လွှတ်တော်မူ၏။ နတ်တို့သည် ရွှေစောင်းတန်းဖြင့်, ဗြဟ္မာတို့သည် ငွေစောင်းတန်းဖြင့်, ဘုရားရှင်သည် ပတ္တမြားစောင်းတန်းဖြင့် သက်ဆင်းတော်မူ၏။ ပဠွသိခ မည်သော ဂန္ဓဗ္ဗနတ်သားသည် ဗေလုဝနတ်စောင်းကိုယူ၍ လက်ယာနံပါး၌တည်ပြီး ဘုရားရှင်အား သာယာစွာသော နတ်စောင်းသံဖြင့် ပူဇော်လျက် ဆင်း၏။ မာတလိနတ်သားသည် လက်ဝဲနံပါး၌ တည်၍ နတ်ပန်းနွယ်, နတ်ပန်းပွင့်ကို ကိုင်ဆွဲ၍ ရှိခိုးလျက် ပူဇော်ခြင်းကိုပြုကာ ဆင်း၏။ မဟာဗြဟ္မာမင်းသည် ထီးကို ဆောင်းမိုး၍ သုယာမနတ်သားသည် သားမြီးယပ်ကို ဆောင်၏။
ဤသို့သော အခြံအရံနှင့်တကွ သက်သနဝိုပြည်သို့ ကြွတော်မူပါသည်။ (ဓမ္မဋ္ဌ– ၂၊ ၁၄၆)

၄။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ (ချင်းပြည်နယ်)
ပထမလတ်တန်း ။ ။ ဓမ္မပဒဘာသာ
၁၃၇၁-ခုနှစ်၊ တန်ခူးလပြည့်ကျော် (၃) ရက်၊ (၁-၄-၂၀၁၀) ကြာသပတေးနေ့

၁။ အရဟန္တဝဂ် ဇီဝကပဉ္စဝတ္ထု–လာ ဂါထာပါဠိကို မှန်ကန်စွာ ရေးပြပါ။

၂။ ဒဏ္ဍဝဂ် ဆမ္ဘဋ္ဌိယဝတ္ထု–လာ ဂါထာပါဠိကို မှန်ကန်စွာ အနက်ယောဇနာပြပါ။

၃။ လောကဝဏ္ဏ မြင့်မြတ်သောယောက်ျား (ဥတ္တမပုရိသ)၏ အဂါတို့ကို အရဟန္တဝဂ် အသင်္ခေါ် အစ်ရှိသောဂါထာနှင့်အညီ မှန်ကန်စွာ ရေးသားဖြေဆိုပြပါ။

၄။ ယုတ်ညံ့သောဒိန္နနှင့် မြင့်မြတ်သောပုဒ်တို့၏ ထူးခြားဟန်ကို အမှန်တကယ်သိရှိနိုင်ရန် သဟာသဝဂ်၊ တာမ္ဗဒါဋ္ဌိကစောရယာတကဝတ္ထုလာ ဂါထာနှင့်အညီ ဖြေဆိုပြပါ။

http://www.dhammadownload.com

၅။ ကောင်းမှုကို ဆောင်၍ မကောင်းမှုကို ရှောင်နိုင်ရန် ကောင်းမှု, မကောင်းမှုတို့နှင့် ပတ်သက်၍ သိသင့်သိထိုက်သော အချက်အလက်တို့ကို ပါပဝဂ် စူဠေကသာဌက ဝတ္ထုလာ ဂါထာ၏ အဆိုအမိန့်အတိုင်း မှန်ကန်စွာ ရေးသားပြပါ။

၆။ ပဏ္ဍိတဝဂ်–ရာဓတ္ထေရဝတ္ထု–၌ မြတ်စွာဘုရားသည် ရာဓပုဏ္ဏားကြီးကို "ဗြဟ္မဏ ကိ" ကရောန္တော ဝိစရသိ"တိ–ဟု မေးတော်မူရာ ရာဓပုဏ္ဏားကြီးက ရှင်တော်မြတ်ဘုရား အား ပြန်လည်၍ လျှောက်ထားသော စကားရပ်ကို မှန်ကန်စွာ ဖြေဆိုပြီးလျှင်၊ နောက် ထပ် ရာဏပုဏ္ဏားကြီးအား ရှင်တော်ဘုရားက မေးမြန်းတော်မူလိုက်သော ပုစ္ဆာစကား ရပ်နှင့် ရာဓပုဏ္ဏားကြီး၏ အဖြေစကားရပ်တို့ကိုလည်း မြန်မာဘာသာဖြင့်သာ မှန်ကန်စွာ ဖြေဆိုပြပါ။

၇။ ရက်ကန်းသည်တို့၏အကြီးအမှူးဖြစ်သော ဒကာကြီး၏ ချစ်ဇနီးသည် ပစ္စေဇဗုဒ္ဓါ အရှင်မြတ်များနှင့် တွေ့ဆုံပြီးနောက် ရှာတွင်းသို့ဝင်ကာ ကြွေးကြော်ပုံကို ပဏ္ဍိတဝဂ် မဟာကပ္ပိနတ္ထေရဝတ္ထု– အဖွင်းနှင့်အညီ ဖြေဆိုပြပါ။

၈။ လောကဌ အချို့သောသူတို့သည် မိမိကိုယ်တိုင်သာ အလှူပေး၍ သူတပါးတို့ကို လှူဒါန်း ဘို့ရန် နှိုးဆော်တိုက်တွန်းမှု မရှိ၊ ထိုကဲ့သို့သော ပုဂ္ဂလတို့ ရရှိအပ်သော အကျိုးတရား များကို ပဏ္ဍိတသာမဏေရဝတ္ထု–၌ လာရှိသည့်အတိုင်း မှန်ကန်စွာ ဖြေဆိုပြပါ။

၄။ ချင်းပြည်နယ် (အဖြေ)

ပထမလတ်တန်း ။ ။ ဓမ္မပဒဘာသာ

၁။ (ထင်ရှားပြီ။)

၂။ (ထင်ရှားပြီ။)

၃။ မိမိသိပြီးသောဂုဏ်ကို သူတစ်ပါးအပြောဖြင့် မယုံခြင်း။
အကြောင်းတရားတို့ မပြုပြင်အပ်သော နိဗ္ဗာန်ကို သိခြင်း။
ဝဋ်ဋေတို့၏အစပ်, သံသရာတို့၏အစပ်ကို ဖြတ်ခြင်း။

http://www.dhammadownload.com

ကုသိုလ်, အကုသိုလ်ကံတို့၏ အကျိုးပေးခွင့်ကို ဖြတ်ခြင်း။
မဂ်ဖြင့် ထွေးအန်ပြီးသော အာသာရှိခြင်းတို့ ဖြစ်ကြပါသည်။ (ဂါထာ– ၉၇၊ ဓမ္မဋ္ဌ– ၁၊ ၃၇၆)

၄။ တောဘွဲ့, တောင်ဘွဲ့, အကျိုးမဲ့သော ပုဒ်နှင့်စပ်သောစကားသည် ပုဒ်ပေါင်းတစ်ထောင်မျှားမြောင်စွာရှိစေကာမူ ယုတ်မာ၏။ ရာဂစသည် ငြိမ်းစရာအနက်ပါသော (နိဗ္ဗာန်နှင့်စပ်သော ခန္ဓာ, ဓာတ်, အာယတန, ဣန္ဒြေ, ဗိုလ်, ဗောဇ္ဈင်, သတိပဋ္ဌာန်တို့ကိုပြုတတ်သော) ပုဒ်သည် တစ်ပုဒ်ပင်ဖြစ်သော်လည်း မြတ်လေ၏။ (ဂါထာ– ၁၀၀၊ ဓမ္မဋ္ဌ– ၁၊ ၄၀၈)

၅။ ကုသိုလ်ကောင်းမှု ပြုလုပ်သောသူ၏စိတ်သည် နုံ့နေးတတ်သောကြောင့် ကုသိုလ်ကောင်းမှုတို့ကို အဆောတလျှင် ပြုရာ၏။ သတ္တဝါတို့၏စိတ်သည် မကောင်းမှုဌ္ဌ ဖွေ့လျော်တတ်သောကြောင့် မကောင်းမှုမှ စိတ်ကို တားမြစ်ရာ၏။ (ဂါထာ– ၁၁၆)

၆။ ရာဝေဗုဒ္ဓားကြီးသည် မြတ်စွာဘုရားအား " မြတ်စွာဘုရား– ရဟန်းတို့၏ ဝတ်ကြီး, ဝတ်ငယ်ကို ပြုလျှက်နေပါသည်ဘုရား " ဟု လျှောက်ပါသည်။
မြတ်စွာဘုရားက– " ရဟန်းတို့အထံမှ ချီးမြှင့်ထောက်ပံ့ခြင်းကို ရသလော၊ " ဟု မေးတော်မူလျှင် ရာဝေဗုဒ္ဓားကြီးက– " မှန်ပါဘုရား။ အစာအာဟာရကို ချီးမြှင့်ထောက်ပံ့ခြင်းကိုကား ရပါ၏။ တပည့်တော်အား ရဟန်းပြုမပေးကြပါဘုရား " ဟု လျှောက်ပါသည်။ (ဓမ္မဋ္ဌ၊ ၁၊ ၃၇၆)

၇။ ယက်ကန်းသည်၏ ချစ်ဇနီးသည် ရွာတွင်းသို့ဝင်၍ " ငါသည်– ပစ္စေကဗုဒ္ဓါတစ်ထောင်ကို မြင်၍ ပင့်ဖိတ်ခဲ့ပြီ၊ အရှင်တို့အတွက် နေရာတို့ကို စီစဉ်ကြကုန်လော၊ ယာဂု, ထမင်းအစရှိသည်တို့ကို ပြည့်စုံစေကြကုန်လော " ဟု ကြွေးကြော်ပါသည်။
(ဓမ္မဋ္ဌ၊ ၁၊ ၃၇၁ / ၃၇၂)

၈။ မိမိကိုယ်တိုင်သာ အလှူပေး၍ သူတစ်ပါးတို့ကို လှူဒါန်းဘို့ရန် နှိုးဆော်တိုက်တွန်းမှု မရှိသော်ပုဂ္ဂိုလ်တို့သည် ဖြစ်လေရာဘဝတို့၌ စည်းစိမ်ဥစ္စာနှင့်သာ ပြည့်စုံ၍ အခြံအရံ မရှိခြင်းဟူသော အကျိုးတရားများ၊ ရရှိပါသည်။ (ဓမ္မဋ္ဌ၊ ၁၊ ၃၇၉ / ၃၆၀)

http://www.dhammadownload.com

၅။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ (စစ်ကိုင်းတိုင်း) ပထမလတ်တန်း ။ ။ ဓမ္မပဒဘာသာ

၁၃၇၁-ခုနှစ်၊ တန်ခူးလဆန်း (၈) ရက်၊ (၂၂-၃-၂၀၁၀) တနလာနေ့

၁။ "ကိုယ့်ရှူးကိုယ်ပြန်ပတ်" ဟူသော ဆိုရိုးစကားအရ မြတ်ဗုဒ္ဓလက်ထက်တော်အခါက ကိုယ့်ရှူးကိုယ်ပြန်ပတ်ခံခဲ့ရသော ကောကခွေးမုဆိုးကို အကြောင်းပြု၍ ဟောတော်မူခဲ့သော ပါပဝဂ်၊ ကောကသုနခလုဒ္ဒကဝတ္ထုဂါထာကို ပါဠိသက်သက် ရေးခဲ့ပါ။

၂။ လက်ဂွတော်ရဲ့ အရှင်သာရိပုတ္တာမထေရ်၏ စိတ်နေသဘောထားကို ပေါ်လွင်ထင်ဟပ်စေသော အရဟန္တဝဂ်၊ သာရိပုတ္တာထွေရဝတ္ထုလာ ဗုဒ္ဓဘာသိတဂါထာကို ကျမ်းစာ အနက်ပေးခဲ့ပါ။

၃။ ပဏ္ဍိတသာမဏေ၏ တရားထူးရကြောင်း အာရုံနိမိတ်ကောင်း (၄)မျိုးကို ပဏ္ဍိတဝဂ်၊ ပဏ္ဍိတသာမဏေရဝတ္ထုလာဂါထာကို ရှု၍ ဖော်ပြပြီးလျှင်၊ ဥတ္တာမပုရိသဟု ခေါ်ဆိုထိုက်သူတို့ ပြည့်စုံရမည့် အဂါတို့ကိုလည်း ဖော်ထုတ်ခဲ့ပါ။

၄။ (က) နွားကျောင်းသား။ (ခ) နွား။ (ဂ) နွားစားကျက်၊ (ဃ) နှင်တံနှင့်တူသော တရားတို့ကို ဖော်ပြ၍၊ လူတို့၏ အဝတ်တန်ဆာကို ဝတ်ဆင်ထားပါသော်လည်း သမဏာပြဟ္မဏာ-ဟု ခေါ်ဆိုထိုက်သူကို သန္တာဝတိမဟာမတ္တာဝတ္ထုလာ ဗုဒ္ဓဘာသိတဂါထာကို ရှုလျက် ဖော်ပြခဲ့ပါ။

၅။ မြတ်ဗုဒ္ဓဟောကြားတော်မူအပ်သော (လောကဝမုန) လောကကို ကျယ်ပျံ့စေသော ပုဂ္ဂိုလ်ကို လောကဝဂ်၊ ဒဟရဘိက္ခုဝတ္ထုမှ ထုတ်နုတ်တင်ပြ၍၊ ဘုရားအဖြစ်ကို နုတ်လူတို့ တောင့်တရခြင်း၏ အကြောင်းကိုလည်း ဒေဝေါရောဟနဝတ္ထုလာ ဗုဒ္ဓဘာသိတဂါထာကို ရှုလျက် ရေးသားဖော်ပြခဲ့ပါ။

၆။ ဓမ္မပီတိ သုခံ သေတိ-၌ (ဓမ္မပီတိ)တရားအမြိုက် တုကျိုက်တပေါက် သောက်သုံးပုံကို အဋ္ဌကထာအဖွင့်နှင့်အညီ ဖော်ပြ၍၊ သာဝတ္ထိပြည်တရားပွဲတစ်ခု၌ တရားနာပရိသတ်တို့ ဖြစ်ပျက်နေပုံကို ဓမ္မသဝနဝတ္ထုကို ရှု၍ ပေါ်လွင်အောင် ဖော်ပြခဲ့ပါ။

http://www.dhammadownload.com

၇။ အနုတ္တာပုစ္ဆကမြတ္တာဏအား မြတ်ဗုဒ္ဓဟောကြားတော်မူအပ်သော (အနုတ္တမ္မေ) အကျိုးမဲ့တရားတို့ကို ဖော်ပြ၍၊ "မြင်မြင်ခြင်း ချစ်မိပြီကွယ်" ဟု ဆိုရာ၌ မြင်မြင်ခြင်း ချစ်ရခြင်း၏ အကြောင်းကိုလည်း ဥပမာနှင့်တကွ တင်ပြခဲ့ပါ။

၈။ ဥတ္တရာဥပါသိကာမအား မြတ်ဗုဒ္ဓဟောကြားတော်မူအပ်သော အောင်မြင်ကြောင်းတရား (၄)ပါးကို သိရိမာဝတ္ထုမှ ထုတ်နုတ်တင်ပြ၍၊ ကုမာရကဿပထေရ်ကို ကုမာရကဿပ ဟု ခေါ်ဆိုရခြင်းအကြောင်းကိုလည်း ရေးသားခဲ့ပါ။

၅။ စစ်ကိုင်းတိုင်း (အဖြေ)

ပထမလတ်တန်း ။ ။ ဓမ္မပဒဘာသာ

၁။ (ထင်ရှားပြီ။)

၂။ (ထင်ရှားပြီ။)

၃။ လယ်သမားတို့သည် မြစ်, ချောင်း, အင်းအိုင်ရှိရေကို မြောင်းသွယ်လျှက် ဆောင်ယူကြကုန်၏။
မြှားသမားတို့သည် ကောက်သောမြှားကို မီးဖြင့် ဖြောင့်ကုန်၏။
လက်သမားတို့သည် သစ်ကို ပုံတောင်း, အကွပ်စသည်ပြုရန် ရွေကုန်, ခုတ်ကုန်၏။
ပညာရှိတို့သည် မိမိကိုယ်ကို ယဉ်ကျေးအောင် ဆုံးမကုန်၏။ (၇၊၈၀–၈၀)
မှတ်ချက်– ပဏ္ဍိတသာမဏေ၏ တရားထူးရကြောင်းအာရုံမှာ ရှေ့၃– ချက်မျှသာ။
ဥတ္တမပုရိသအင် ၂မျှား– (ချင်း ၃–၅)

၄။ (က) အိုခြင်း, သေခြင်း။
(ခ) သတ္တဝါတို့၏ အသက် (ဇီဝိတိန္ဒြေ)၊
(ဂ) သေမင်း။
(ဃ) ဇာတိ, ဇရာ, ဗျာဓိ။ (ဓမ္မပဒ။ ၂၊ ၃၈)
သမဏ, ဗြဟ္မဏဟု ခေါ်ဆိုထိုက်သည်–
ကိုလေသာငြိမ်းအေး၍ ဣန္ဒြေကိုဆုံးမပြီးသော မဂ်လေးပါးဖြင့် ဂတိမြဲသော မြတ်သော အကျင့်ကို ကျင့်လေ့ရှိသော သတ္တဝါအားလုံးတို့၌ ကာယဒဏ်စသည်ကို ချထား၍

http://www.dhammadownload.com

မေတ္တာဖြင့် အညီအမျှကျင့်သူသည် တန်ဆာဆင်ထားသော်လည်း အကုသိုလ်ကို အပ်ပြုတတ်သောကြောင့် ဗြဟ္မာဏမည်၏။ မကောင်းမှုကို လေးခုသောမဂ်ဖြင့် ငြိမ်းစေတတ်သောကြောင့် သမဏလည်းမည်၏။ ကိလေသာစု ဖြိုဖျက်မှုကြောင့် ဘိက္ခုလည်းမည်၏။ (ဂါထာ– ၁၄၂)

၅။ ယုတ်ညံ့သောတရား, မေ့လျော့ခြင်းနှင့် မိစ္ဆာအယူတို့ကို မှီဝဲသောပုဂ္ဂိုလ်သည် လောကကို ကျယ်ပွါးစေပါသည်။ (ဂါထာ– ၁၆၇)

ဗုဒ္ဓဘာသိတ ဂါထာ–

အာရမ္မဏူပနိဇ္ဈာန်, လက္ခဏူပနိဇ္ဈာန်ဟုဆိုအပ်သော နှစ်ပါးသောစျာန်တို့၌ ဝသီဘော်ငါးပါးတို့ဖြင့် ယှဉ်ခြင်း။

ကာမဂုဏ်မှ ထွက်မြောက်ရာ, ကိလေသာတို့၏ ငြိမ်းရာနိဗ္ဗာန်၌ မွေ့လျော်ခြင်း။

သစ္စာလေးပါးကို သိခြင်း။

သတိနှင့်ပြည့်စုံခြင်း ဤသို့သဘောရှိသောဂုဏ်တို့နှင့် ပြည့်စုံသောကြောင့် ဘုရားအဖြစ်ကို နတ်, လူတို့ တောင့်တကြပါသည်။ (ဂါထာ– ၁၈၁၊ ဓမ္မဋ္ဌ– ၂၊ ၁၄၇)

၆။ ယာဂုစသည်ကို ပန်းကန်စသည်ဖြင့် သောက်သကဲ့သို့မဟုတ်ပဲ လောကုတ္တရာတရားကိုးပါးကို နာမကာယဖြင့် တွေ့ထိလျက် အာရုံပြုသောအားဖြင့် မျက်မှောက်ပြုကာ ဒုက္ခသစ္စာစသော အရိယသစ္စာတို့ကို ထိုးထွင်း၍သိခြင်းသည် တရားအမြိုက် တကျိုက် တပေါက် သောက်သုံးသည် မည်ပါသည်။ (ဓမ္မဋ္ဌ– ၁၊ ၃၇၉)

တရားနာပရိသတ်တို့ ဖြစ်ပျက်နေပုံ–

ကာမဂုဏ်၌ မွေ့လျော်ခြင်းရှိကုန်သော ပုဂ္ဂိုလ်တို့သည် အိမ်သို့ ပြန်ကြပါသည်၊ ဒေါသကို မှီကုန်သောပုဂ္ဂိုလ်, မာနကို မှီကုန်သောပုဂ္ဂိုလ်, ထိန, မိဒ္ဓနှင့် ပြည့်စုံကုန်သောပုဂ္ဂိုလ်တို့သည် တရားနာရာ အရပ်၌ပင်ထိုင်ကာ လျှပ်ပေါ်လော်လည်ကုန်လျက် တရားတော်ကို မနာကြားနိုင်ပါ။ (ဓမ္မဋ္ဌ– ၁၊ ၃၇၉)

၇။ နေမြင့်အောင် အိပ်ခြင်း။ ပျင်းရိခြင်း။ ကြွမ်းကြုတ်ခြင်း။

နေ့ရောညဉ့်ပါ သေရည်သောက်ခြင်း။ တစ်ယောက်တည်း ခရီးသွားခြင်း။

သူတစ်ပါး သားမယားကို ပြစ်မှားခြင်းတို့ ဖြစ်ကြပါသည်။ (ဓမ္မဋ္ဌ– ၁၊ ၄၁၈)

http://www.dhammadownload.com

မြင်မြင်ချင်း ချစ်ရခြင်းအကြောင်း-

ကြာသည် ရေ၌ပေါက်သည်ရှိသော် ရေနှင့်ညွှန်ဟူသော နစ်ပါးသောအကြောင်းတို့ကြောင့် ပေါက်ရသကဲ့သို့ ရှေးဘဝ၌ အတူတကွနေထိုင်ခဲ့ဖူးခြင်း, ဗစ္စပ္ပန်ဘဝ၌ အကျိုးစီးပွါးကို ပြုခဲ့ဖူးခြင်းဟူသော နစ်ပါးသောအကြောင်းတို့ကြောင့် မြင်လျှင်မြင်ခြင်း ပြင်းစွာ ချစ်ခြင်း ဖြစ်ရပါသည်။ (ဓမ္မဋ္ဌ- ၂၊ ၂၀)

၈။ အမျက်ထွက်သောသူကို အမျက်မထွက်ခြင်းဖြင့် အောင်ရာ၏။
မကောင်းသောသူကို သူကောင်းပြုသဖြင့် အောင်ရာ၏။
ဝန်တိုသောသူကို ပေးကမ်းခြင်းဖြင့် အောင်ရာ၏။
မဟုတ်မမှန် ပြောဆိုသူကို မှန်သောစကားကို ဆိုခြင်းဖြင့် အောင်ရာ၏။ (ဓမ္မဋ္ဌ- ၂၊ ၆၆)

ကုမာရကဿပ- ဟု ခေါ်ဆိုရခြင်းအကြောင်း-

သူငယ်တို့၏ အခြံအရံဖြင့် ကြီးပြင်းလာခဲ့သောကြောင့် ကုမာရကဿပ- ဟု ခေါ်ပါသည်။ (ဓမ္မဋ္ဌ- ၂၊ ၉၃)

၇။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ ပဲခူးတိုင်း (အနောက်ပိုင်း)
ပထမလတ်တန်း ။ ။ ဓမ္မပဒဘာသာ

၁၃၇၁-ခုနှစ်၊ နှောင်းတန်ခူးလဆန်း (၈) ရက်၊ (၂၂-၃-၂၀၁၀) တနလာနေ့

၁။ အောက်ဖော်ပြပါ ဂါထာများကို ပါဠိသက်သက်ရေးပြပါ။
(က) အဝိဇ္ဇာအမိုက်မှောင် ပိတ်ဆီးအပ်သည်ဖြစ်ပါလျှက် အဘယ့်ကြောင့် ပညာဆီမီးကို မရှာဘဲ နေကြကုန်သနည်းဟု မိန့်ဆိုပုံပြဂါထာ၊
(ခ) မိမိကြောင့်ဖြစ်သော မကောင်းမှုသည် မိမိဖြစ်ရာ ပညာမဲ့သူကို ဖျက်ဆီး၏- ဟု မိန့်ဆိုပုံပြ ဂါထာ။

၂။ အောက်ဖော်ပြပါ ဂါထာများကို အနက်မှန်မှန် ပေးပြပါ။
(က) ခန္ဓာငါးပါးလောကကို ရှုကြည့်နေသောသူကို သေမင်းမမြင်နိုင်- ဟု မိန့်ဆိုပုံပြဂါထာ၊
(ခ) ဗုဒ္ဓဝဂ်လာ ရခဲခြင်း (၄)ပါးပြဂါထာ။

http://www.dhammadownload.com

၃။ သံသရာဆင်းရဲကို စွန့်လွှတ်နိုင်ရန် မည်သည့်တရားများနှင့် ပြည့်စုံစွာ နေထိုင်ရမည်ကို ပြည့်စုံစွာ ဖော်ပြပါ။

၄။ ပုဂ္ဂိုလ်တစ်ယောက်သည် အခြားပုဂ္ဂိုလ်တစ်ယောက်ကို ကိလေသာအညစ်အကြေးမှ စင်ကြယ်ရန်ပြုနိုင်/မပြုနိုင်ကို ရှင်းလင်းဖြေဆိုပါ။

၅။ အဘယ်သို့သောသူသည် အရဟတ္တမဂ်ဉာဏ်အရောင်အလင်းဖြင့် လောကကို ဇွန်းလင်းတောက်ပစေသောသူမည်သ်ည်ကို ဥပမာနှင့်တကွ ဖြေဆိုပါ။

၆။ "တရားတော်အမြိုက်ရေကို သောက်ခြင်းနှင့်စပ်၍" ခွက်ဖြင့်ရေသောက်သကဲ့သို့ သောက်ခြင်းဖြစ်ပါသလော- အဘယ်သို့သော သောက်ခြင်းဖြစ်သည်ကို ရှင်းလင်းဖြေဆိုပြီး၊ တရားတော်အမြိုက်ရေကို သောက်ခြင်းကြောင့် ရအပ်သောအကျိုးများကိုလည်း ဖြေဆိုပါ။

၇။ သံသရာခရီး သွားပြီးသောသူ, သွားပြီးမဟုတ်သေးသော်သူ မည်ပုံတို့ကို အကြောင်းနှင့် တကွ ဖြေဆိုပြီး ရဟန္တာများ၌ရှိသေးသော ပူလောင်မှု ပရိဠာဟကိုလည်း အကြောင်းနှင့် တကွ ဖြေဆိုပါ။

၈။ အကြီးအကဲခိုးသူကြီးအား သံကိစ္စသာမကော မိန့်ဆိုသော သေခြင်း၌ ဓကြောက်လန့်ခြင်း အဲကြောင်းများကို အဋ္ဌကထာဖွင့်ဆိုသည့်အတိုင်း ပြည့်စုံစွာ ဖြေဆိုပါ။

၇။ ပဲခူးတိုင်း (အနောက်ပိုင်း) (အဖြေ)
ပထမလတ်တန်း ။ ။ ဓမ္မပဒဘာသာ

၁။ (က) (ဂါထာ- ၁၄၆။) (ခ) (ဂါထာ- ၁၆၁။)

၂။ (က) (ဂါထာ- ၁၇၀။) (ခ) (ဂါထာ- ၁၈၂။)

၃။ လောကီ, လောကုတ္တရာ နှစ်ဖြာသော်သဒ္ဓါတရား။
စတုပါရိသုဒ္ဓိသီလ၊

http://www.dhammadownload.com

ကာယိကဝိရိယ, စေတသိကဝိရိယ၊
သမာပတ်ရှစ်ပါးဟုဆိုအပ်သော သမာဓိ၊
တရားကို ဆုံးဖြတ်နိုင်ကြောင်းဉာဏ်၊
ဝိဇ္ဇာသုံးပါး, ဝိဇ္ဇာရှစ်ပါး, စရဏတစ်ဆယ့်ငါးပါး။
သတိတရား ဤတရားတို့နှင့် ပြည့်စုံစွာ နေထိုင်ရပါမည်။ (၇ဝ၊– ၁၄၄)

၈။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ စင်ကြယ်မှု, ညစ်နွမ်းမှုကို အခြားပုဂ္ဂိုလ်တစ်ဦးက မပြုလုပ်နိုင်ပါ။ မိမိသည် မကောင်းမှုကို အကယ်၍ပြုကြားအုံ၊ မိမိသည်သာလျှင် ညစ်နွမ်းရ၏။ မိမိသည် မကောင်းမှုကို အကယ်၍ မပြုသည်ဖြစ်အုံ၊ မိမိသည်သာလျှင် စင်ကြယ်၏။ စင်ကြယ်မှုနှင့် မစင်ကြယ်မှုသည် အသီးသီး ကိုယ်စီကိုယ်၄ ဖြစ်၏။ တစ်ပါးသောပုဂ္ဂိုလ်သည် တစ်ပါးသောပုဂ္ဂိုလ်ကို မသုတ် သင်နိုင်။ (၇ဝ၊– ၁၆၅)

၅။ တိမ်တိုက်မှ လွတ်ကင်းသောလသည် ဤသြကာသလောကကို ထွန်းလင်းတောက်ပစေသကဲ့သို့ ရှေးဦးကသာ မေ့လျော့၍ နောက်၌ မမေ့လျော့သောသူ၊ ပြုအပ်သော မကောင်းမှုကဲ့ကို အရဟတ္တမဂ်ကုသိုလ်ဖြင့် ပိတ်ဆို့အပ်သောသူသည် အရဟတ္တမဂ်ဉာဏ်အရောင်အလင်းဖြင့် လောကကို ထွန်းလင်းတောက်ပစေပါသည်။(၇ဝ၊– ၁၇၃၊ ၁၇၄)

၆။ **အမြိုက်ရေကို သောက်ခြင်း-** (စစ်ကိုင်း ၆-ရှ။)

ရအပ်သော အကျိုးတရားများ-

တရားတော်အမြိုက်ရေကို သောက်ခြင်းကြောင့်-
ကိလေသာကင်းစင် အထူးသဖြင့် ကြည်လင်သောစိတ်ဖြင့် ချမ်းသာစွာနေလျက်ပညာနှင့် ပြည့်စုံသည်ဖြစ်၍ အခါခပ်သိမ်း မွေ့လျော်ရခြင်းဟူသော အကျိုးများကို ရရှိပါသည်။
(ဒီဃ– ၁၊ ၃၅၉)

၇။ **သံသရာခရီး သွားပြီးသောသူ-** ရဟန္တာပုဂ္ဂိုလ်သည် သံသရာဝဋ် ကုန်ပြီးဖြစ်သောကြောင့် သံသရာခရီး သွားပြီးသောသူ မည်ပါသည်။

သံသရာခရီး သွားပြီးမဟုတ်သောသူ- ပုထုဇဉ်နှင့် သေက္ခပုဂ္ဂိုလ်တို့သည် သံဝရာဝဋ် ကုန်ပြီးမဟုတ်သောကြောင့် သံသရာခရီး သွားပြီးသောသူ မဟုတ်ပါ။

http://www.dhammadownload.com

ရဟန္တာများ၌ ပူလောင်မှု ပရိဠာဟရှိပုံ-

ရဟန္တာပုဂ္ဂိုလ်တို့သည် အပူ, အအေးစသည်တို့၏အစွမ်းဖြင့် ဖြစ်သေးသောကြောင့် ကာယိကပရိဠာဟ (ကိုယ်ပူလောင်မှု) ရှိပါသည်။ (ဓမ္မဋ္ဌ- ၁၊ ၃၁၃)

၈။ ရဟန္တာပုဂ္ဂိုလ်အား စေတသိကဒုက္ခမရှိသောကြောင့်လည်းကောင်း, အလုံးစုံသော ဘေးရန်ကို လွန်မြောက်ပြီးသောကြောင့်လည်းကောင်း, ကုန်ပြီးသော သံယောဇဉ်ရှိသောကြောင့်လည်းကောင်း, ဘဝသို့ ဆောင်တတ်သော ကြိုးနှင့်တူသော တဏှာ ကုန်ခြင်းကြောင့်လည်းကောင်း, သမ္ဘာလေးပါးတရားကို မဖောက်မပြန် ဟုတ်တိုင်းမှန်စွာ မဂ်ပညာဖြင့် မြင်အပ်ပြီးသောကြောင့်လည်းကောင်း ဝန်ထုပ်ကို ပစ်ချသကဲ့သို့ သေခြင်း၌ မကြောက်လန့်ပါ။ (ဓမ္ဓဋ္ဌ- ၁၊ ၄၃၁)

၈။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ ပဲခူးတိုင်း (အရှေ့ပိုင်း)

ပထမလတ်တန်း ။ ။ ဓမ္မပဒဘာသာ

၁၃၇၁-ခုနှစ်၊ တန်ခူးလဆန်း (၈) ရက်၊ (၂၂-၃-၂၀၁၀) တနလာနေ့

၁။ အသက်ရှင်လိုသောသူသည် သေစေနိုင်သောအဆိပ်ကို ရှောင်ကြဉ်ရသကဲ့သို့ အသိဉာဏ်နှင့် ပြည့်စုံသောသူသည် အနည်းငယ်သော မကောင်းမှုပင်ဖြစ်စေကာမူ ရှောင်ကြဉ်ရမည်ဟု ဟောတော်မူသော ဂါထာကို ပါပဝဂ်-မှ ထုတ်နုတ်၍ ပါဠိရေးခဲ့ပါ။

၂။ အသက်အရွယ်နုနယ်ပျိုမြစ်စဉ်က အားခဲ၍ မပြုလုပ်ခြင်းကြောင့် အကျိုးဆုတ်ယုတ်တတ်ပုံကို ပြဆိုသော ဂါထာတို့ကို ဇရာဝဂ်-မှ ထုတ်၍ အနက်ယောဇနာခဲ့ပါ။

၃။ အာသဝေါကုန်ပြီးသော ရဟန္တာအရှင်မြတ်တို့၏ လားရာဂတိကို ရှာ၍မရဟု ဟော်တော်မူသောတရားဒေသနာကို ဥပမာနှင့်တကွ ကြည်ညိုဖွယ်ဖြစ်အောင် ရေးသားဖြေဆိုခဲ့ပါ။

၄။ သုခသာမဏေလေးအား ဘုရားရှင်ညွှန်ကြားပြသသည့် "အသုံးတတ်လျှင် အဖတ်တင်" ဟူသည်နှင့်အညီ အသုံးကျအောင်ပြုပြင်ယူရမည့် အသုံးချနည်း (၄)ပါးကို ဖော်ပြခဲ့ပါ။

http://www.dhammadownload.com

၅။ သူတစ်ပါးကို ဆုံးမသွန်သင်မည်ဆိုလျှင် သတိပြုဆင်ခြင်ရမည့် အရာများကို အတ္တဝဂ်လာ ဒေသနာနှင့်အညီ ရေးသားဖြေဆိုခဲ့ပါ။

၆။ အရှင်ရာဓမထေရ် ဇေတဝန်ကျောင်းတော်သို့ ရောက်ရှိလာရပုံကို ရေးသားဖြေဆို၍ လောကဝဂ်၌ ဟောတော်မူသော လောကကို တိုးပွါးစေတြောင်း တရား(၃)ပါးကိုလည်း ဖြေဆိုခဲ့ပါ။

၇။ နှ ဘဇေ ပါပကေ မိတ္တေ၊ နှ ဘဇေ ပုရိသာဓမေ-၌ ပါပမိတ္တပုဂ္ဂိုလ်နှင့် ပုရိသာဓမပုဂ္ဂိုလ်တို့ကို အဋ္ဌကထာဖွင့်သည့်အတိုင်း ခွဲခြား၍ဖြေဆိုခဲ့ပါ။

၈။ မြတ်ဗုဒ္ဓကိုအံတုမြို့ ပြိုင်ဘက်ခင်းကာ လေလုံးထွားနေကြသောတိတ္ထိတို့ကို တန်ခိုးပြရန် မြတ်ဗုဒ္ဓအား တောင်းပန်လျှောက်ထားသော သာဝကတို့ကို ဖော်ပြ၍ တန်ခိုးပြရန် လျှောက်ထားမှုနှင့်စပ်၍ ဟောတော်မူသော ဇာတ်တော်တို့ကိုလည်း ဗုဒ္ဓဝဂ်ကိုရှု၍ အမည်မှု ဖော်ပြခဲ့ပါ။

၈။ ပဲခူးတိုင်း (အရှေ့ပိုင်း) (အဖြေ)
ပထမလတ်တန်း ။ ။ ဓမ္မပဒဘာသာ

၁။ (ဂါထာ- ၁၂၄။)

၂။ (ဂါထာ- ၁၅၅၊ ၁၅၆။)

၃။ ကောင်းကင်ပျံသွား ငှက်တို့၏လားရာလမ်းကို သိနိုင်ခဲသကဲ့သို့ သိပ်မိုးခြင်းမရှိ၍ ပရိညာသုံးပါးတို့ဖြင့် ပိုင်းခြားအပ်သော ဘောဇဉ်ရှိကုန်သော ရာဂစသည်တို့မှ ဆိတ်သော နိဗ္ဗာန်, သုဘ နိမိတ်စသည်တို့မှ ကင်းသောနိဗ္ဗာန်လျှင် အာရုံရှိသော ရဟန္တာပုဂ္ဂိုလ်တို့၏ လားရာဂတိကို သိနိုင် ခဲပါသည်။ (ဓမ္မာ- ၉၃)

၄။ **အသုံးချနည်း ၄-ပါး- (ကရင် ၃-ရှု)**

http://www.dhammadownload.com

၅။ ရှေးဦးစွာ မိမိကိုယ်ကို သင့်လျော်သောအကျင့်၌ တည်စေရာ၏။ နောက်မှ သူတစ်ပါးကို ဆုံးမရာ၏။ ပညာရှိသည် သူတစ်ပါး အကဲ့ရဲ့ခံရခြင်းဖြင့် မည်စန္ဓမ်းစေရာ၊ သူတစ်ပါးကို ဆုံးမသောနည်းအတိုင်း မိမိကိုယ်တိုင် လိုက်နာပြုကျင့်ရာ၏။ မိမိကိုယ်တိုင် ယဉ်ကျေးပြီးသော်မှသာ သူတစ်ပါးကို ဆုံးမရာ၏။ မိမိကိုယ်ကို ဆုံးမရခြင်းသည် ပိုရ်ခက်ခဲ၏။

(ဓမ္မ- ၁၅၈၊ ၁၅၉)

၆။ အရှင်ရာမမေထေရ်သည် "ရဟန်းတို့ကို မှီခိုရ်၍ အသက်မွေးအံ့" ဟု ကြံစည်ရ်၍ ဇေတဝန်ကျောင်းတော်သို့ ရောက်ရှိလာပါသည်။

လောကတိုးပွါးကြောင်း တရားခ- ပါး- (စစ်ကိုင်း ၅-ရ)

၇။ **ပါပမိတ္တ-** ကာယဒုစရိုက် စသော အကုသိုလ်အမှုတို့၌ မွေ့လျော်သောသူ။ **ပုရိသာဓမ-** မလုပ်သင့် မလုပ်ထိုက်သော အိမ်ခြံစပ်ကို ဖျက်စီးခြင်း အစရှိသည်တို့ကို ပြုသူ၊ ၂၁- ပါးသော အနေသအနေသန အစရှိသည်တို့ကို ပြုသူ။ (ဓမ္မ- ၁၊ ၃၂၅)

၈။ ယရဏီမည်သော အနာဂါမ်ဥပါသိကာ၊ စူဠအနာထပိဏ်မည်သော အနာဂါမ်ဥပါသကာ၊ စိရသာမဏေရီ၊ စုန္ဒသာမဏေ၊ ဥပ္ပလဝဏ်ထေရီ၊ မဟာမောဂ္ဂလာန်ထေရ်။

(ဓမ္မ- ၂၊ ၁၃၆၊ ၁၃၇)

ဟောတော်မူသော ဖာတ်တော်များ-

ကဏ္ဍဥသဘဖာတ်၊ နန္ဒိဝိသာလဖာတ် တို့ဖြစ်ကြပါသည်။ (ဓမ္မ- ၂၊ ၁၃၈)

၉။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ (မကွေးတိုင်း)

ပထမလတ်တန်း ။ ။ ဓမ္မပဒဘာသာ

၁၃၇၁-ခုနှစ်၊ တန်ခူးလဆန်း (၈) ရက်၊ (၂၂-၃-၂၀၁၀) တနလာနေ့

၁။ အကျိုးမဲ့ဂါထာ မြောက်များစွာထက် အကျိုးရှိတရား တစ်ပုဒ်ကြားက မြင့်မြတ်လှကြောင်း။ စစ်မြေပြင်မှာ လူများစွာကို အောင်နိုင်ခြင်းထက် မိမိကိုယ်ကို အောင်နိုင်ခြင်းက မြင့်မြတ်လှကြောင်း။ ကုလ္လာလကေသီထေရီကို အကြောင်းပြု၍ ဟောတော်မူအပ်သောဂါထာပါဠိတို့ကို ရေးခဲ့ပါ။

http://www.dhammadownload.com

၂။ မကောင်းမှုဆိုသည်မှာ မိမိပြုပါလျှင် မိမိသာညစ်နွမ်းရ၍ မိမိရောင်ရှားလျှင် မိမိပင်ဖြူစင်ကြောင်း စူဠကာလဥပါသကာကို အကြောင်းပြု၍ ဗောဓေါမှုအပ်သောဂါထာကို အနက်ပေးခဲ့ပါ။

၃။ အာသဝေါကင်းကွာ တန်ခိုးဖြာလျက် ကိလေသာငြိမ်း နိဗ္ဗာန်ကိန်းသည်အထိ ကျင့်သုံးရမည့် ကျင့်စဉ်တို့ကို ပဏ္ဍိတဝဂ် ပဉ္စသတ ဒုကန္နိပါတ်ကဂါထာတို့ ဒေသနာတော်များနှင့် အညီ အစဉ်တကျ တင်ပြခဲ့ပါ။

၄။ "ဗြဟ္မဏ သမဏ ဘိက္ခု" နာမည်သုံးခု တစ်စုတစ်ဝေးတည်း ရထိုက်သူ၏ ဂုဏ်အင်္ဂါ အရည်အချင်းတို့ကို သန္တတိမဟာမတ္တဝတ္ထုဂါထာလာသည့်အတိုင်း ဖော်ပြခဲ့ပါ။

၅။ ဗုဒ္ဓဝဂ် အာနန္ဒတ္ထေရပဉ္ဘာဝတ္ထု နောက်ဆုံးဂါထာဖြင့် သိစေအပ်သော အဓိပ္ပါယ်တို့ကို မှတ်သားဖွယ်ရာ ရေးသားတင်ပြခဲ့ပါ။

၆။ တရားအရသာ သောက်သုံးပါလျှင် လွန်စွာချမ်းသာပေလိမ့်မည်–ဟု ဗောဓေါမှုထား၍ မည်သည့်တရားမျိုးကို မည်သို့သောနည်းဖြင့် သောက်သုံးရမည်ဖြစ်ကြောင်း "ဓမ္မ ပီတိ သုခံ သေတိ" အဖွင့်နှင့်အညီ ရှင်းပြပါ။

၇။ အရှင်အနုရုဒ္ဓါမထေရ်အား ပံသုကူသက်နှံ လှူဒါန်းသောဝတ္ထု (က) လှူဒါန်းသူ၏ အမည်၊ (ခ) သက်နှံအရေအတွက်၊ (ဂ) သက်နှံ၏အလျားအနုပမာဏ၊ (ဃ) သက်နှံ ချုပ်ရာတွင် ပါဝင်သော သံယာအရေအတွက်၊ (c) သိကြားမင်း၏ ကူညီပုံတို့ကို ဖော်ပြခဲ့ပါ။

၈။ ရဇ္ဇသုခ, ကာမသုခ, ဗုဒ္ဓါပ္ပါဒသုခ, သဒ္ဓမ္မဒေသနာသုခ, သမဂ္ဂတပသုခ–ဟူသော သုခ အမျိုးမျိုးတို့တွင် သုခအစစ် ဖြစ်ထိုက်/မဖြစ်ထိုက်သော တရားတို့ကို ခွဲခြားဖော်ပြခဲ့ပါ။

၉။ မကွေးတိုင်း (အဖြေ)

ပထမလတ်တန်း ။ ။ ဓမ္မပဒဘာသာ

၁။ (ထင်ရှားပြီ။)

http://www.dhammadownload.com

၂။ (ထင်ရှားပြီ။)

၃။ ပညာရှိရဟန်းသည် မည်းညစ်သော ဒုစရိုက်တရားကို ပယ်စွန့်၍ တဏှာထည်းဟူသော တည်ရာမှ ထွက်၍ တဏှာကင်းရာ နိဗ္ဗာန်ကို အာရုံပြုကာ ဖြူစင်သော သုစရိုက်တရားကို ပွါးများရာ၏။
ကာမဂုဏ်တို့ကို ပယ်စွန့်ကာ နင်းနယ်တတ်သော ကိလေသာမရှိသည်ဖြစ်၍ မွေ့လျော်နိုင်ခဲသော ဝိဝေကဟူသော နိဗ္ဗာန်၌မွေ့လျော်ခြင်းကို အလိုရှိရာ၏။ စိတ်၏ညစ်ညူးကြောင်း ဖြစ်သော နီဝရဏတို့မှ မိမိကိုယ်ကို ဖြူစင်စေရာ၏။
ဗောဇ္ဈင်တရားတို့၌ မစွဲလမ်းမူ၍ ဥပါဒါန်တို့ကို စွန့်ရာနိဗ္ဗာန်၌ မွေ့လျော်ကုန်ရာ၏။
ဤသို့သောအကျင့်တို့ကို ကျင့်ကြံလျှင် အာသဝေါကုန်ခမ်းကာ တန်ခိုးဖြာလျက် ကိလေသာငြိမ်း နိဗ္ဗာန်ကိန်းပါသည်။ (ဂါထာ–၉၇၊ ၈၈၊ ၈၉)

၄။ ဂုဏ်အင် ၅ အရည်အချင်း– (စစ်ကိုင်း ၄–ရှ)

၅။ မစွပ်စွဲ, မကဲ့ရဲ့ခြင်းသည်လည်းကောင်း, မညှဉ်းဆဲ, မသတ်ဖြတ်ခြင်းသည်လည်းကောင်း, ပါတိမောက္ခသံဝရသီလ၌ စောင့်စည်းခြင်းသည်လည်းကောင်း, ဆွမ်း,ဘောဇဉ်၌ အတိုင်းအရှည်ကို သိခြင်းသည်လည်းကောင်း, ဆိတ်ငြိမ်သော ကျောင်း, အိပ်ရာ, နေရာသို့ကပ်ခြင်းသည်လည်းကောင်း, စိတ်ကိုအစိုးရခြင်းဟူသော သမာဓိ၌လုံ့လပြုခြင်းသည်လည်းကောင်း ဘုရားရှင် တို့၏ အဆုံးအမတော် ဖြစ်သည်။ (ဂါထာ–၁၈၅)

၆။ သော်တ်သုံးရကြောင်း– (စစ်ကိုင်း ၆– ရှ)

၇။ (က) ဇာလိနီနတ်သွီး။
(ခ) ၃– ထည်၊
(ဂ) အလျားဝ၃– တောင်, အနံ၄– တောင်၊
(ဃ) မြတ်စွာဘုရား အမှူးရှိသော ရှစ်ဆယ်သောမဟာသာဝကတို့နှင့် ရဟန်းတော်ငါးရာ။
(င) သိကြားမင်းသည် ချိပ်ရည်ဖြင့် ဆိုးသကဲ့သို့ မြေပြင်ကို ညီညွတ်အောင် ပြုပါသည်။ (ဓမ္မပဒ–၁၂ ၃၇၊ ၃၈)

http://www.dhammadownload.com

၈။ **ဖြစ်ထိုက်သောတရား-**

ဗုဒ္ဓပ္ပါဒသုခ, သဒ္ဓမ္မဒေသနာသုခ, သံဃသာမဂ္ဂီ သုခ, သမဂ္ဂတပသုခ။

မဖြစ်ထိုက်သောတရား-

ရဇ္ဇသုခ, ကာမသုခ, သာလိမံသဘောဇနာဒိသုခ။ (ဓမ္မဋ္ဌ-၂၊ ၁၆၂)

၁၀။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ (မန္တလေးတိုင်း)
ပထမလတ်တန်း ။ ။ ဓမ္မပဒဘာသာ
၁၃၇၁-ခုနှစ်၊ တန်ခူးလဆန်း (၈) ရက်၊ (၂၂-၃-၂၀၁၀) တနလာနေ့

၁။ (က) နည်းငယ်သာပြု၊ ကုသိုလ်စုကို၊ လွဲမှားဆင်ခြင်၊ အထင်မြင်မသေးသင့်ကြောင်း-ပြသော ဂါထာ၊

(ခ) လောကတွင်းမှာ လူများစွာတွင်၊ နတ်ရွာနိဗ္ဗာန်၊ ဝင်စံသူမှာနည်းပါးကြောင်း-ပြသောဂါထာတို့ကို ပါဠိရေးခဲ့ပါ။

၂။ အောင်မြင်မှုကို ထာဝရပိုင်ဆိုင်လိုသူများအတွက် ဘုရားရှင်ဟောကြားတော်မူသည့် "ပြန်၍ မရှုံးနိုင်သော အောင်မြင်မှု"ပြသော ဂါထာတို့ကို အနက်ရေးခဲ့ပါ။

၃။ "ကုသိုလ်ကောင်းမှု၊ မြန်မြန်ပြု" ဟူသောစကားနှင့်အညီ ကုသိုလ်ကောင်းမှုကို အဆောတလျင် မြန်မြန်ဆန်ဆန် ပြုလုပ်ရခြင်း အကြောင်းကို ရေးသား၍၊ "မကောင်းမှုမှန်သမျှ ရှောင်ကြဉ်ကြ" ဟူသောစကားအရ မကောင်းမှုကို မည်ကဲ့သို့ ရှောင်ကြဉ်ရမည်ကိုလည်း ဥပမာဆောင် ထင်ရှားအောင် ဖြေဆိုခဲ့ပါ။

၄။ အဝတ်တန်ဆာ ဝတ်ဆင်ပါသော်လည်း "မြတ္တာ, သမဏ, ဘိက္ခု" ဟု ခေါ်ဆိုနိုင်သော ပုဂ္ဂိုလ်ကို ဖော်ပြ၍၊ လူသားအားလုံး ကိုယ့်ကိုယ်ကို အချစ်ဆုံးဖြစ်ကြသည်အားလျှော်စွာ ကိုယ့်ကိုယ်ကို ချစ်ရာရောက်အောင် မည်သို့ စောင့်ရှောက်ရမည်ကိုလည်း ဖြေဆိုခဲ့ပါ။

၅။ သတ္တဝါမှန်သမျှ မလွတ်ရအောင် နိုပ်စက်ဖိညှဉ်း ရှင်သေမင်း မမြင်နိုင်သောပုဂ္ဂိုလ်ကို ဖော်ပြ၍၊ လောကသရဖူ ဘုရားအဆူဆူတို့ တပည့်သာဝကတို့အား ဆုံးမတော်မူသော ဩဝါဒငါးချက်ကိုလည်း အစဉ်မပျက် ရေးခဲ့ပါ။

http://www.dhammadownload.com

၆။ "ဓမ္မအရသာ၊ သောက်သုံးပါ။ မြိုင်ရာချမ်းသာရ" ဟူသောစကား၌ အဘယ်ပုဂ္ဂိုလ်မျိုးကို "ဓမ္မအရသာ သောက်သုံးသူ"ဟု ခေါ်ဆိုပါသနည်း? ဖြေဆိုရ၏။ ရဟန္တာပုဂ္ဂိုလ်များ ပြိုရွှာ တောတောင် နေရာဒေသမရွေး မွေ့လျော်ပျော်ပိုက်ခြင်းအကြောင်းကိုလည်း ဖြေဆိုခဲ့ပါ။

၇။ တရားတော်ကို နာယူစဉ် ရဟန္တာဖြစ်တော်မူသော ဗာဟိယဒါရုစီရိယပရိဗိုဓိအား ဘုရားရှင်က "ဒေဟိ ဘိက္ခု" အဖြစ် ပေးတော်မမူပုံကို ရှင်းလင်းဖြေဆိုရ၏။ သားသေလင်ဆုံး မိဘများပျက်သုဉ်း၍ သောကပင်လယ်ဝေနေသော ပဋာစာရီအား ဘုရားရှင်ဟောကြားတော်မူသော သောကငြိမ်းကြောင်း တရားကောင်းကို ဖော်ပြခဲ့ပါ။

၈။ ယသောရာ၏ဖခင် သုပ္ပဗုဒ္ဓသာကီဝင်ရှင်ဘုရင်၏ ဘုရားရှင်အပေါ် ရန်ငြိုးဖွဲ့ခြင်းအကြောင်းကို ဖြေဆိုရ၏။ "သမ္ဗေ တ်သန္တိ ဒဏ္ဍသ"ဟု ဆိုသော်လည်း ဒဏ်မှ မထိတ်လန့်သော သတ္တဝါတို့ကို အဋ္ဌကထာလာသည့်အတိုင်း ဖော်ပြခဲ့ပါ။

၁၀။ မန္တလေးတိုင်း (အဖြေ)

ပထမလတ်တန်း ။ ။ ဓမ္မပဒဘာသာ

၁။ (က)(ဂါထာ- ၁၂၂။) (ခ) (ဂါထာ- ၁၇၄။)

၂။ (ဂါထာ- ၁၀၄၊ ၁၀၅။)

၃။ ကုသိုလ်ကောင်းမှုကို ပြုသောသူ၏စိတ်သည် နံ့နေးတတ်သောကြောင့် ကုသိုလ်ကောင်းမှုကို အဆောတလျှင် မြန်မြန်ဆန်ဆန် ပြုလုပ်သင့်ပါသည်။ (ဂါထာ- ၁၁၆)

ရှောင်ကြဉ်ပုံ-

အဖော်အနည်းငယ်ရှိ၍ ဥစ္စာများသော ကုန်သည်သည် ဘေးရှိသောခရီးကို ရှောင်ကြဉ်သကဲ့သို့လည်းကောင်း, အသက်မသေနေလိုသောသူသည် လတ်တလောသေစေတတ်သော အဆိပ်ကို ရှောင်ကြဉ်သကဲ့သို့လည်းကောင်း ပညာရှိသည် မကောင်းမှုတို့ကို ရှောင်ကြဉ်ရာ၏။ (ဂါထာ- ၁၂၃)

၄။ ဗြဟ္မာ, သမာ, ဘိက္ခုဟုခေါ်နိုင်သော ပုဂ္ဂိုလ်- (စစ်ကိုင်း ၄-ရှ။)

http://www.dhammadownload.com

ကိုယ့်ကိုယ်ကို ချစ်ရာရောက်အောင် စောင့်ရှောက်ပုံ-

မိမိကိုယ်ကို ချစ်၏ဟု သိသောသူသည် မိမိကိုယ်ကို ကောင်းစွာစောင့်ရှောက်ခြင်းကိုပြု၍ စောင့်ရှောက်ရာ၏။ အရွယ်သုံးပါးတို့တွင် တစ်ပါးပါးသော အရွယ်၌ ပညာရှိသောသူသည် မိမိကိုယ်ကို သုတ်သင်ရာ၏။ (ဂါထာ- ၁၅၇)

တစ်နည်း- လူဖြစ်လျှင် စွမ်းအားရှိသလောက် ဒါန, သီလစသော ကောင်းမှုတို့ကို ပြုလုပ်ခြင်းသည်၊ ရဟန်းဖြစ်လျှင် ဝတ်ကြီး, ဝတ်ငယ်ပြုခြင်း, စာပေသင်ခြင်း, တရား နှလုံးသွင်းခြင်း တို့၌ အားထုတ်ခြင်းသည် ကိုယ့်ကိုယ်ကို ချစ်ရာရောက်အောင် စောင့်ရှောက်သည်မည်ပါ သည်။ (ဓမ္မဋ္ဌ- ၂၊ ၈၇)

၅။ ရေပွက်ကို အဖြစ်, အပျက်ရှိသကဲ့သို့ ခန္ဓာငါးပါးဟူသော လောကကို အဖြစ်, အပျက်ဟုလည်းကောင်း, တံလျှပ်ကို ထင်သည့်အတိုင်းမဟုတ်ဟု ရှိသကဲ့သို့ ခန္ဓာငါးပါးဟူသော လောကကို ထင်သည့်အတိုင်းမဟုတ်ဟုလည်းကောင်း ရှုသောပုဂ္ဂိုလ်ကို သေမင်းမမြင်နိုင်ပါ။ (ဂါထာ- ၁၇၀)

သြဝါဒ ၅- ချက်-

မည်ညှင်းဆဲခြင်း, မသတ်ခြင်း။ ပါတိမောက္ခသံဝရသီလ၌ စောင့်စည်းခြင်း။ ဆွမ်းဘောဇဉ်၌ အတိုင်းအရှည်ကို သိခြင်း။ ဆိတ်ငြိမ်သော ကျောင်း, အိပ်ရာ, နေရာသို့ ကပ်ခြင်း။ စိတ်ကို အစိုးရခြင်းဟူသော သမာဓိ၌ လုံ့လပြုခြင်း။ (ဂါထာ- ၁၈၆)

၆။ ဓမ္မအရသာ သောက်သုံးသူ- (စစ်ကိုင်း ၆-ရှု)

မွေ့လျော်ပျော်ပိုက်ခြင်း အကြောင်း-

ရဟန္တာပုဂ္ဂိုလ်တို့သည် မြို့, ရွာ, တော, တောင်ဒေသတို့၌ ကာယဝိဝေကကို မရသော်လည်း စိတ္တဝိဝေကကိုကား ရသည်သာ၊ နတ်၌ဖြစ်သောအာရုံနှင့် တူကုန်သောအာရုံတို့သည် ရဟန္တာပုဂ္ဂိုလ်များ၏စိတ်ကို တုန်လှုပ်ခြင်းဟာ မစွမ်းနိုင်သောကြောင့် နေရာဒေသ မရွေး မွေ့လျော် ပျော်ပိုက်ကြပါသည်။ (ဓမ္မဋ္ဌ- ၁၊ ၄၀၀)

၇။ ဗာဟိယဒါရုစီရိယသည်- အတိတ်ဘဝတစ်ခု၌ အနှစ်နှစ်သောင်းပတ်လုံး ရဟန်းတရားကို အားထုတ်လျက် "ရဟန်းမည်သည် မိမိပစ္စည်းကို သူတစ်ပါးအား မကြည့်မူ၍ ကိုယ်တိုင် သာလျှင် သုံးဆောင်ကြည့်ခြင်းဟာ သင့်၏" ဟု ကြံ၍ ရဟန်းတစ်ပါးကိုသော်

http://www.dhammadownload.com

မှလည်း သပိတ်, သင်္ကန်းတို့ဖြင့် ချီးမြှောက်ခြင်းကို မပြုခဲ့သော်ကြောင့် ဘုရားရှင်သည် ဗာဟိရဒါရုစီရိယအား "ဓဟိ ဘိက္ခု" အဖြစ် ပေးတော်မမူပါ။ (ဓမ္မဋ္ဌ- ၁၊ ၄၁၁၊ ၄၁၂)

သောတဋ္ဌိမ်းကြောင်းတရားကောင်း-

သမုဒ္ဒရာလေးစင်းတို့ဌာရှိသော ရေသည် နည်း၏။ ဒုက္ခရောက်နေသော သတ္တဝါတို့၏ ဝမ်းနည်းခြင်းကြောင့်ဖြစ်သော မျက်ရည်သည် ထိုသမုဒ္ဒရာရေထက် များ၏။ ချစ်သမီး-အဘယ့်ကြောင့် သင်သည် မေ့လျော့ဘိသနည်း။ (ဓမ္မဋ္ဌ- ၁၊ ၄၄၁)

၈။ သုပ္ပဗုဒ္ဓသည်-

ဂေါတမသည် ငါ၏သမီးကို စွန့်ပစ်၍ တောထွက်သွား၏။
ငါ၏သားကိုရဟန်းပြုပေး၍ ရန်သူအရာ၌ ထား၏။ ဟူသော အကြောင်းနှစ်ပါးတို့ကြောင့် ဘုရားရှင်အပေါ်ကို ရန်ငြိုးထားရခြင်း ဖြစ်ပါသည်။ (ဓမ္မဋ္ဌ- ၂၊ ၂၀)

ဒဏ်မှ မထိတ်လန့်သော သတ္တဝါ-

ဆင်အာဇာနည်, မြင်းအာဇာနည်, နွားလားဥသဘအာဇာနည်, ရဟန္တာပုဂ္ဂိုလ်တို့ ဖြစ်ကြပါသည်။ (ဓမ္မဋ္ဌ- ၂၊ ၃၁)

၁၁။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ (မွန်ပြည်နယ်)
ပထမလတ်တန်း။ ။ ဓမ္မပဒဘာသာ

ဘုဂ္ဂ-ခုနှစ်၊ တန်ခူးလဆန်း (၈) ရက်၊ (၂၂-၃-၂၀၁၀) တနလာနေ့

၁။ အမျက်ဒေါသ ချောင်းချောင်းထလျက် မြတ်စွာဘုရားရှင်နှင့် အရှင်သာရိပုတ္တရာ အရှင်မဟာမောဂ္ဂလာန်တို့ကို ဆဲဆိုရေရွတ်သော ဆန္ဒမဟာထေရ်အား ဘုရားရှင်ကိုယ်တော် မြတ် ဟောကြားတော်မူသော ဂါထာတော်ကို ပါဠိရေးပါ။

၂။ ဘုန်းတော် ၆-ပါးသခင် သမ္မာညုဘုရားရှင်သည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် ဒေဝဒတ်၏ သံဃာအသင်းအပင်း ကွဲပြားအောင်ပြုလုပ်ခြင်းကို အကြောင်း ပြု၍ ဟောကြားတော်မူအပ်သော ဂါထာကို အနက်ပေးပါ။

http://www.dhammadownload.com

၃။ ကောင်းကင်၌ ပျံသွားသောငှက်တို့၏ခြေရာကို မသိနိုင်သကဲ့သို့ ခြေရာမဲ့ပုဂ္ဂိုလ်တို့၏ ဂုဏ်ကျေးဇူးများကို အရဟန္တဝဂ် ဗေလဋ္ဌသီသဝတ္ထုနှင့် အနုရုဒ္ဓထေရဝတ္ထုလာ ဂါထာ ကိုရှု၍ မှတ်သားနည်းယူဖွယ် သုတေသနပြုကာ တင်ပြပါ။

၄။ (မဟာပုရိသ)ယောက်ျားမြတ်နှင့်ပတ်သက်၍ ဘုရားရှင်အား အရှင်သာရိပုတ္တရာ လျှောက်ကြားသည်ကို အကြောင်းပြု၍ ဘုရားရှင်က ယောက်ျားမြတ်အဓိပ္ပါယ်ကို မည်ကဲ့သို့ဖွင့်ဆို ဟောကြားတော်မူခဲ့ပါသနည်း? ရှင်းလင်းဖြေဆိုပါ။

၅။ သတ္တလောက လူဌာနတွင် သမီးသားနှင့် စီးပွါးဥစ္စာများအတွက် မိုက်တွင်းနက်နေကြသူ တို့နှင့်မတူ တမူထူးခြားစွာ ပညာပါရမီပြည့်စုံကြသည့် ပညာရှိသူတော်ကောင်းတို့၏ ဂုဏ်အင်လက္ခဏာများကို ပဏ္ဍိတဝဂ် ခမ္မိကထေရဝတ္ထုလာ ဂါထာကိုမီး၍ မှတ်သား နည်းယူဖွယ် ရေးသားပါ။

၆။ "သြကမောက် ဖဟန္တိ တေ" ဟူသော ပါဠိတော်အရ ရဟန္တာအရှင်မြတ်တို့၏ ခဲ့ကွက်မှုမရှိ အာလယဖြစ်ရာဟူသမျှကို စွန့်ခွါ၍ သွားနိုင်ကြပုံကို ဥပမာဆောင်လျက် အဋ္ဌကထာနှင့် အညီ ပြည့်စုံစွာ ဖော်ပြပါ။

၇။ မလ္လိကာမိဖုရားသည် ၁၄-ကုဋေထိုက်သော အသဒိသဒါနအလှူတော်၌ မြတ်စွာဘုရား အား လှူဒါန်းသောပစ္စည်း ၄-မျိုးကို အဋ္ဌကထာနှင့်အညီ ဖြေဆို၍ ၎င်းမိဖုရားသေလွန် သောအခါ (က) ရောက်ရာဘဝ၊ (ခ)ထိုဘဝသို့ ရော်ကျ်ရခြင်းအကြောင်း။ (ဂ) ထိုဘဝ ၌ နေရသည့် အချိန်ကာလ ပမာဏတို့ကို ဖော်ပြပါ။

၈။ မြတ်စွာဘုရားရှင်၏ တရားတော်ကို နာကြားရာ၌ ရှိသေမှု(သက္ကစ္စ)ဖြစ်အောင် နာကြား နည်းနှင့် ယင်းသို့နာကြားသဖြင့် ရရှိနိုင်သောအကျိုးတို့ကို ဖော်ပြပြီးလျှင်၊ "ယုတ်ညံ့ သော သဘောတို့ကို မမှီဝဲလင့်" ဟု မိန့်ဆိုတော်မူရာ ထိုယုတ်ညံ့သော တရားသဘော တို့ကိုလည်း ယုတ်ညံ့ရခြင်း၏အကြောင်းနှင့် တွဲစပ်ကာ ဖြေဆိုပါ။

http://www.dhammadownload.com

၁၁။ မွန်ပြည်နယ် (အဖြေ)

ပထမလတ်တန်း ။ ။ ဓမ္မပဒဘာသာ

၁။ (ထင်ရှားပြီ။)

၂။ (ဂါထာ- ၁၆၃။) (သုကရာနိ အသာဓူနိ- စသောဂါထာ)

၃။ အာသဝေါကုန်ခမ်းခြင်း။ အစာအာဟာရ၌ တဏှာ, ဒိဋ္ဌိဖြင့် မမှီခြင်း။
ရာဂစသည်တို့မှ ကင်းဆိတ်သောနိဗ္ဗာန်, သုဘနိမိတ်စသည်မှ ကင်းဆိတ်သော နိဗ္ဗာန်
ရှိခြင်းတို့ ဖြစ်ကြပါသည်။ (ဂါထာ- ၉၃)

၄။ **ယောကျ်ားအဓိပ္ပါယ်-** (ချင်း ၃-၅)

၅။ မိမိကြောင့်ဖြစ်စေ, သူတစ်ပါးကြောင့်ဖြစ်စေ မုဇ္ဈောင်းမှုကို မပြုခြင်း။
သား, သမီး, ဥစ္စာ, တိုင်းပြည်တို့ကို အလိုမရှိခြင်း။
မိမိပြည့်စုံမှုကို မတရားသဖြင့် မလိုလားခြင်း။
သီလရှိခြင်း။ ပညာရှိခြင်း။ တရားကို ကျင့်ခြင်းတို့ ဖြစ်ကြပါသည်။ (ဂါထာ- ၈၄)

၆။ စားကျက်နှင့် ပြည့်စုံသော ညွှန်ပြောင်း၌ ငှက်တို့သည် ရှာဖွေစားသောက်ကြပြီးနောက် " ငါ၏ ရေ၊ ငါ၏ ပဒုမ္မာ၊ ငါ၏ ကြာညို၊ ငါ၏ ကြာခွက် " ဟူ၍ ထိုဌာန၌ ကပ်ငြိမှု တွယ်တာမှု ငဲ့ကွက်မှုမရှိပဲ ထိုအရပ်ကိုစွန့်ကာ ပျံတက်၍ ကောင်းကင်၌ပျော်မြူး ကစားကုန်လျက် သွားကြကုန်သကဲ့သို့ ရဟန္တာပုဂ္ဂိုလ်တို့သည် တစ်ခုသောအရပ်၌ နေပါသော်လည်း ဒါယကာတို့၌ မငြိကပ်ဘဲသာနေ၍ ဖဲခွါသည့်အခါ၌လည်း " ငါ့ကျောင်း၊ ငါ့ပရိဝေဏ၊ ငါ့ဒါယကာ " ဟူ၍ တွယ်တာငဲ့ကွက်မှု မရှိဘဲ ထိုအရပ်ကိုစွန့်၍ သွားကြကုန်၏။

(ဓမ္မဋ- ၁၊ ၃၈၅)

၇။ ထီးဖြူ, ထိုင်ရာပလ္လင်, သပိတ်ခြေ, ခြေဆေးအင်းပျဉ်။
(က) အဝီစိငရဲ၊
(ခ) သေခါနီးကာလ၌ ကြီးကျယ်စွာ စွန့်ကြဲလှူဒါန်းအပ်သော ဒါနစသော ကုသိုလ်
ကောင်းမှုကို မအောက်မေ့ နလုံးမသွင်းမူ၍ မိမိခင်ပွန်းလင်ဖြစ်သော ပသေနဒီ

http://www.dhammadownload.com

ကောသလမင်းကြီးအား မဟုတ်မမှန်သောစကားဖြင့် စွပ်စွဲမှု မကောင်းမှုကဲ့ကို သာ အောက်မေ့ နလုံးသွင်းလျက် သေဆုံးသောကြောင့် ရောက်ရပါသည်၊

(၇) ၇- ရက်။ — (ဓမ္မဋ္ဌ- ၂၊ ၇၆)

၈။ မြတ်စွာဘုရား၏ တရားတော်နာကြားရာ၌ " သင်ယူဦးအုံ " ဟု နာကြားသည်ရှိသော် ရှိသေစွာနာကြားသည် မည်ပါသည်။ ဤသို့ ကြားနာကုန်သော သူတို့အားလည်း တရားတော်သည် သောတာပတ္တိမဂ်စသော အကျိုးတို့ကို ပေးပါသည်။ (ဓမ္မဋ္ဌ- ၂၊ ၁၂၄)

ယုတ်ညံ့သော တရား- (ကရင် ၇-ရှ)

၁၂။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ (ရခိုင်ပြည်နယ်)

ပထမလေတ်တန်း ။ ။ ဓမ္မပဒဘာသာ

ခဲ့ဂ၁-ခုနှစ်၊ တန်ခူးလပြည့်ကျော် (၃) ရက်၊ (၁-၄-၂၀၁၀) ကြာသပတေးနေ့

၁။ "ရိုင်းပြစော်ကား ပြောစကားသည် ဒုက္ခများမှ ဖြစ်အောင်ပြု၏။ မိမိကိုယ်ကို ထိန်းသိုန်ခင်လျင် ထိုလူရှင်တွက် ဝင်ရာနိဗ္ဗာန် လမ်းဖြောင့်မှန်၏" ဟု နှုတ်မြွက်ဟောကြားထားသော ဒဏ္ဍဝဂ်လာဂါထာနှစ်ပုဒ်ကို ပါဠိရေးသားခဲ့ပါ။

၂။ "အမှန်စကား ကျော်လွန်သွား၍ မုသားပြောကာ နောင်ခါရောက်ရ ဘဝအတွက် ထည့်မတွက်သည့် လူပျက်များမှာ ရှောင်စရာဟု မကောင်းမှုကား မရှိရှား၏" ဟုဟောကြား တော်မူသောဂါထာကို အနက်မှန်စွာ ပေးပြပါ။

၃။ "ပညာဉာဏ်ဝင် တွေးဆင်ခြင် မြှုစင်ကိလေ ငြိမ်းချမ်းဝေ" ဟူသည်နှင့်အညီ ပဏ္ဍိတသာမဏေဝယ် အဘယ်အရာတို့ကိုမြင်၍ ကိလေသာမြှုမှုန်များ ကင်းစင်သွားရသည်ကို ကြံစည်သုံးသပ် ရှုမှတ်မှုနှင့်စာကွ ပါဠိတော်လာအတိုင်း ရှင်းလင်းဖြေဆိုပါ။

၄။ ကိုယ်တွင်းကိလေ ရန်သူတွေကို ငြိမ်းစေပယ်ရှင်း သတ်ဖြတ်ခြင်းအားဖြင့် မိမိကိုယ်ကို အောင်နိုင်ခြင်းသည်သာ သာလွန်မြင့်မြတ်ရခြင်းအကြောင်းကို ဖြေဆိုပြီ။ သာရိပုတ္တာတွေ့ရ သဟာယက ဗြာဟ္မဏဝတ္ထု- လာ မြတ်သောရှိခိုးပူဇော်မှုကိုလည်း ဖော်ပြခဲ့ပါ။

http://www.dhammadownload.com

၅။ ဒက္ခာဝင် ဒုတိယဆဗ္ဗဂ္ဂိယဝတ္ထုလာ ဂါထာဝယ် "သမ္ဗေသံ ဇီဝိတံ ပိယံ"၌ သမ္ဗအရတွင် မပါဝင်သောပုဂ္ဂိုလ်ကို အကြောင်းပြုကာ ဖော်ပြ၍ သာဝတ္ထိမြို့သူ ဥပုသ်သည်အမျိုးသမီးတို့ ဥပုသ်စောင့်ခြင်း ရည်ရွယ်ချက်များကိုလည်း အရှယ်လေးမျိုးဖြင့် ခွဲခြားဖော်ပြပါ။

၆။ မြေမှု တည်တံ့မှုမရှိသောခန္ဓာကိုယ်၏သဘောများကို သီရိမာပြည့်တန်ဆာမဝတ္ထုမှ ထုတ်နုတ်ဖြေဆိုရ၍ ပညာမဲ့သူ လူမိုက်အား ဗျက်ဆီးတတ်သောတရားကို မဟာကာလဥပါသကဝတ္ထုနှင့်အညီ ဥပမာဆောင်၍ ဖြေဆိုခဲ့ပါ။

၇။ မမြတ်သောကိုးကွယ်ဆည်းကပ်ခြင်း, မြတ်သောကိုးကွယ်ဆည်းကပ်ခြင်းတို့ကို ရရှိခံစားအပ်သော အကျိုးများနှင့်တကွ တွဲစပ်ဖြေဆိုပြီးလျှင်၊ သုခါ သဒ္ဓမ္မ ဒေသနာ–အရသူတော်ကောင်းတရားကို ဟောကြားခြင်းကြောင့် ချမ်းသာရပုံတို့ကိုအဋ္ဌကထာလာ အတိုင်း ဖြေဆိုခဲ့ပါ။

၈။ ကဲ့သဲ့ပဒသဗလသဿသုဝဏ္ဏစေတိယဝတ္ထုလာ သက်တော်ထင်ရှားရှိသောဘုရားရှင်, ရွှေပြည်နိမ္မာန်စံတော်မူပြီးသောဘုရားရှင်တို့ကို ပူဇော်မှု၌ စိတ်ထားတတ်လျှင် အကျိုးထင်ပုံပြဒေသနာတော်ကို မြန်မာစကားပြေဖြင့် ရေးသားဖြေဆိုရ၍၊ ပူဇာရဟေ ပူဇာရဟော–၌ အဘယ်ကို ပူဇော်သည်ဟု ခေါ်သည်ကိုလည်း ဖြေဆိုခဲ့ပါ။

၁၂။ ရခိုင်ပြည်နယ် (အဖြေ)

ပထမလတ်တန်း ။ ။ ဓမ္မပဒဘာသာ

၁။ (ဂါထာ– ၁၃၃၊ ၁၃၄။) ၂။ (ဂါထာ– ၁၇၆။)

၃။ **ကိလေသာမြူမှုန်များ ကင်းစင်သွားရ–** (တရင် ၃– ရှ။)

၄။ ဓိဓိကိုယ်ကို ဆုံးမပြီး၍ အမြောင်စောင့်စည်းသော အကျင့်ရှိသော သတ္တဝါ၏ကိုယ်တွင်း ကိလေသာကို အောင်ခြင်းကို နတ်, ဗြဟ္မာ, ဂန္ဓမ္ဗနှင့် မာရ်နတ်မင်းတို့ ရှုံးအောင် မပြုနိုင်သောကြောင့် ဖြစ်ပါသည်။ (ဂါထာ– ၁၀၄)

http://www.dhammadownload.com

မြတ်သော ရှိခိုးပူဇော်မှု– မဖျိမပဋိပတ် အကျင့်မြတ်ကို ဖြောင့်စွာကျင့်သော အရိယာတို့အား ရှိခိုးပူဇော်ခြင်း။ (ဂါထာ– ၁၀၈)

၅။ ရဟန္တာပုဂ္ဂိုလ်တို့သည် အသက်ရှင်ခြင်း၌လည်းကောင်း, သေခြင်း၌လည်းကောင်း လျစ်လျူရှုသည်သာဖြစ်သောကြောင့် မပါဝင်ပါ။ (ဓမ္မဋ– ၂၊ ၃၂)

ရည်ရွယ်ချက်–

အသက်ကြီးသော အမျိုးသမီးတို့သည် နတ်ချမ်းသာကို တောင့်တ၍လည်းကောင်း၊ အလယ်အလတ် အမျိုးသမီးသည် လင်တူဖြစ်သော ရန်သူမိန်းမမှ လွတ်စေခြင်း အကျိုးငှာလည်းကောင်း၊ အရွယ်ငယ်သော အမျိုးသမီးတို့သည် ပထမကိုယ်ဝန်၌ သားဦးရခြင်းငှာလည်းကောင်း၊ လုံမပျိုတို့သည် ငယ်ရွယ်စဉ်ကာလ အိမ်ထောင်ကျခြင်းငှာလည်းကောင်း ဥပုသ်စောင့်ကြ ပါသည်။ (ဓမ္မဋ– ၂၊ ၃၈)

၆။ မြမှ တည်တံ့မှုမရှိသောခန္ဓာကိုယ်– (ကချင် ၄– ရှု)

ပညာရှိလူမိုက်အား ဖျက်ဆီးတတ်သော တရား–

တျောက်ဖြင့်ပြီးသော ဝရဏ်သည် မိမိမှီရာကျောက်ကို အပိုင်းအပိုင်း အပေါက်အပေါက်ဖြစ်အောင် ထွင်းဖောက်ဖျက်စီးသကဲ့သို့ မိမိပြုအပ်သော မကောင်းမှုသည် မိမိကိုမှီရာ ပညာမဲ့သောသူကို မွှေနှောက်ဖျက်စီးလေ၏။ (ဂါထာ– ၁၆၁)

၇။ တော, တောင်, ဥယျာဉ်, နတ်ကွန်း, သစ်ပင်တို့ကို ကိုးကွယ်ခြင်းဟု ဆိုအပ်သော မမြတ်သော ကိုးကွယ်ဆည်းကပ်ခြင်းသည် ဆင်းရဲခပ်သိမ်းမှ မလွတ်မြောက်နိုင်ခြင်းဟူသော အကျိုးကို ရရှိပါသည်။

ဘုရား, တရား, သံဃာဟူသော ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်ခြင်းဟု ဆိုအပ်သော မြတ်သောကိုးကွယ်ခြင်းသည် အရိယသစ္စာလေးပါးကို မဂ်ဉာဏ်ဖြင့်မြင်၍ ဆင်းရဲခပ်သိမ်းမှ လွတ်မြောက်နိုင်ခြင်းဟူသော အကျိုးကိုရရှိပါသည်။(ဂါထာ–၁၈၈ မှ ၁၉၂)

ချမ်းသာရပုံ– (ကယား ၈– ရှု)

၈။ သက်တော်ထင်ရှား မြတ်စွာဘုရား၌လည်းကောင်း။ ပရိနိဗ္ဗာန်စံသွား မြတ်စွာဘုရား၌လည်းကောင်း စိတ်သည်တူမျှသည်ရှိသော် အကျိုးသည် တူမျှပါသည်၊ စိတ်ကို

http://www.dhammadownload.com

ကောင်းစွာထားခြင်းဟူသော အကြောင်းကြောင့် သတ္တဝါတို့သည် သုဂတိသို့ လားကြ ရကုန်၏။ (ဓမ္မဒ-၂၊ ၁၆၄)

ပူဇော်သည်ဟု ခေါ်ဆိုပုံ-

လက်အုပ်ချီရှိခိုးခြင်း စသည်တို့ဖြင့်လည်းကောင်း။ ပစ္စည်းလေးပါးတို့ဖြင့်လည်းကောင်း ပူဇော်ခြင်းကို ပူဇော်သည်ဟု ခေါ်ပါသည်။ (ဓမ္မဒ- ၂၊ ၁၆၃)

၁၃။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ (ရန်ကုန်တိုင်း)

ပထမလတ်တန်း ။ ။ ဓမ္မပဒဘာသာ,

၁၃၇၁-ခုနှစ်၊ တန်ခူးလဆန်း (၈) ရက်၊ (၂၂-၃-၂၀၁၀) တနလာနေ့

၁။ "အပြစ်ကိုပြ ဆိုဆုံးမသူ ဆရာဟူ၏။ မြေဝယ်မြှုပ်ထား ရွှေအိုးလားသို့ ပြောကြားထာသူ ပမာယူ"ဟု ဟောဖော်ညွှန်ကြားထားသည့် ဂါထာကို ပါဠိရေးသားပါ။

၂။ အာဇာနည်ယောကျ်ားနှင့်ပတ်သက်၍ အရှင်အာနန္ဒာမေးလျှောက်သောအခါ မိန့်ကြား သောဂါထာကို အနက်ပေးခဲ့ပါ။

၃။ ဆေးဆရာ ဇီဝကအမေးနှင့်ပတ်သက်၍ ဘုရားရှင်ဟောကြားတော်မူသော ဒေသနာကို ရေးသား၍ အသက်ရှည်ခြင်း၏အကြောင်းရင်းကိုလည်း ဖော်ပြပါ။

၄။ အထပ်ထပ်အခါခါ မပြုသင့်သောအရာနှင့် ပြုသင့်သောအရာတို့ကို ဖြေဆိုရ၍ ဇစတနာ မရှိဘဲ ပြုမိသောသူအား မကောင်းမှုက် မရှိပုံကို ဥပမာနှင့်တကွ ဖြေဆိုပြပါ။

၅။ မိမိကိုယ်ကို အချစ်ဆုံး-ဟု သိလျှင် ပြုရမည့်အရာတို့ကို ဖော်ပြ၍ ပရမဒုက္ခရအမှုကို လည်း ဖော်ပြပါ။

၆။ သိမ်းခြင်းနှစ်မျိုးကို အရကောက်နှင့်တကွ ဖော်ပြပါ။

၇။ မြတ်စွာဘုရားသည် ပဌမသွားခြင်းဖြင့် အဘယ်သို့သွား၍ အဘယ်သို့ရောက်ကာ အဘယ်သူတို့၏ အဘယ်အကျိုးငှါ အဘယ်၌ အဘယ်ကို ဖန်ဆင်း၍ ထို၌ စကြဝဠာကျမ်း တရားဟောတော်မူပါသနည်း?။

http://www.dhammadownload.com

၈။ အရှင်မဟာမောဂ္ဂလာန် တန်ခိုးပြမည့် တန်ခိုးငါးမျိုးတို့တွင် အစဆုံးတန်ခိုးကိုသာ ဒေဝေါရောဟနဝတ္ထုနှင့်အညီ ဖြေဆိုပါ။

၁၃။ ရန်ကုန်တိုင်း (အဖြေ)
ပထမလတ်တန်း ။ ။ ဓမ္မပဒဘာသာ

၁။ (ဂါထာ– ၇၆။)

၂။ (ဂါထာ– ၁၉၃။)

၃။ ဖ၊တိကန္တာရ စသည်ရှည်ရှည်စွာ သံသရာခရီးကို သွားပြီးရောက်ပြီး၍ စိုးရိမ်ခြင်းမှကင်းသော ခန္ဓာစသောခပ်သိမ်းသောတရားတို့၌ ကင်းလွတ်သော ခပ်သိမ်းသော ဂန္ဓလေးပါးကို ပယ်ပြီးသောပုဂ္ဂိုလ်အား စိတ်၏ပူပန်ခြင်း မရှိ။ (ဂါထာ– ၉၀)

အသက်ရှည်ခြင်း၏ အကြောင်းရင်းများ–

အသက်, သိက္ခာ, ဂုဏ်ဝါကြီးသောသူတို့ကို အမြဲမပြတ် ရှိခိုးလေ့ရှိခြင်း။

အသက်, သိက္ခာ, ဂုဏ်ဝါကြီးသောသူတို့အား အရိုအသေပြုလေ့ခြင်းတို့ ဖြစ်ကြပါသည်။

(ဂါထာ– ၁၀၉)

၄။ **အထပ်ထပ် အခါခါ မပြုသင့်သောအရာ– မကောင်းမှု၊**

အထပ်ထပ် အခါခါ ပြုသင့်သောအရာ– ကောင်းမှု။ (ဂါထာ– ၁၁၇၊ ၁၁၈)

စေတနာမရှိဘဲ ပြုမိသောသူအား မကောင်းမှုကံမရှိပုံ–

အနာမရှိသောလက်ဖြင့် အဆိပ်ကိုကိုင်သည်ရှိသော် အဆိပ်သည် လက်သို့အစဉ် မလိုက်သကဲ့သို့ စေတနာမရှိဘဲ ပြုမိသောသူအား မကောင်းမှုကံ မရှိပါ။ (ဂါထာ– ၁၂၄)

၅။ **ပြုရမည့်အရာ–(မန္တလေး ၄–ရှု။)**

ပရမဒုက္ခရအမှု– သုဂတိ၌ ဖြစ်စေတတ်သဖြင့် မိမိအတွက် အကျိုးလည်းရှိ၍ အပြစ်မရှိသဖြင့် ကောင်းလည်းကောင်းသော သုဂတိ၌ဖြစ်စေတတ်[illegible]
သော အမှုမျိုးကို ပရမဒုက္ခရအမှု– ဟု ခေါ်ပါသည်။ [illegible]

http://www.dhammadownload.com

၆။ ကုသိုလ်က, အကုသိုလ်ကို သိုမှီးခြင်းဟူသော ကမ္မသန္ဓိစယ၊ ပစ္စည်းလေးပါးကို သိုမှီးခြင်းဟူသော ပစ္စယသန္ဓိစယာတို့ ဖြစ်ကြပါသည်။ (ဓမ္မ–၁၊ ၃၀၆)

၇။ မြတ်စွာဘုရားသည် ပဌမသွားခြင်းဖြင့် ကပိလဝတ်ပြည်သို့ သွား၍ နိုဂြောဓရုံ ကျောင်းသို့ ရောတ်ကာ ဆွေမျိုးတို့၏ မာန်မာနကျခြင်းအကျိုးငှာ ကောင်းကင်၌ ရတနာစင်္ကြံကို ဖန်ဆင်း၍ ထိုင်၌ စင်္ကြံကြွလျက် တရားဟောတော်မူပါသည်။ (ဓမ္မ–၂၊ ၁၀၅)

၈။ အရှင်မဟာမောဂ္ဂလ္လာန်ဆရာသည် မြတ်စွာဘုရားအား အစဆုံးပြမည့် တန်ခိုးတော်မှာ "မြင်းမိုရ် တောင်မင်းကို သွားကြား၌ထား၍ ပဲနောက်စေ့, မုံညင်းစေ့ကဲ့သို့ ကျေအောင်စားပါအုံ့ ဖြစ်ပါသည်။ (ဓမ္မ–၂၊ ၁၃၇)

၁၄။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ (ရှမ်းပြည်နယ်/တောင်ပိုင်း)

ပထမလတ်တန်း ။ ။ ဓမ္မပဒဘာသာ

၁၃၇၁-ခုနှစ်၊ တန်ခူးလပြည့်ကျော် (၃) ရက်၊ (၁-၄-၂၀၁၀) ကြာသပတေးနေ့

၁။ ရာဓမထေရ်ကို အကြောင်းပြု၍ ဟောတော်မူသောဂါထာနှင့် လာဇာ–မည်ဟောနတ်သမီးကို အကြောင်းပြု၍ ဟောတော်မူသောဂါထာတို့ကို ပါဠိရေးပြပါ။

၂။ မြတ်ဗုဒ္ဓ ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် ဒေဝဒတ်ကို အကြောင်းပြု၍ ဟောတော်မူသောဂါထာနှင့် ယောက်ျားအာဇာနည်ပုဂ္ဂိုလ်နှင့်စပ်၍ အာနန္ဒာမထေရ်၏ အမေးကို မြတ်ဗုဒ္ဓ ဖြေကြားတော်မူအပ်သော ဂါထာတို့ကို အနက်ပေးပြပါ။

၃။ အရှင်ဗေလဋ္ဌသီသမထေရ်ကို အကြောင်းပြု၍ ဟောတော်မူသောဂါထာနှင့် သပ္ပဒါသမထေရ်ကို အကြောင်းပြု၍ မြတ်ဗုဒ္ဓဟောကြားတော်မူအပ်သော ဂါထာတို့ကို မြန်မာပြန်ဆိုပြပါ။

ဖြေရေး ကြိုးပြုဟားကြောရေး ဂါထ၊

[illegible] ကျောင်းမှတို့ မြန်မြန်လှပ်သင့်ကြောင်းကို စူဠဇေကသာဠကဗြဟ္မဏဝတ္ထု– လာသည့် အတိုင်း ဖြေဆိုပြီ၍ လူ့ဘဝ[illegible]ဖြင့် ပရိနိဗ္ဗာန်စံသွားသော သန္တာတိအမတ်ကြီးအတွက် အမှန်တကယ် ခေါ်ဆိုရမည့်အမည်ကို ပြဆိုသည့်ဂါထာကိုလည်း မြန်မာဘာသာ ပြန်ဆိုပြပါ။

http://www.dhammadownload.com

၅။ အသက်(၁၂၀)ရှိသော ဥတ္တရာထေရီမအတွက် မြတ်ဗုဒ္ဓဟောကြားတော်မူအပ်သော တရားစကားကို ဂါထာလာသည့်အတိုင်း ဖြေဆိုပြီ။ အဘယမင်းသား သောတာပန်တည်သောဂါထာကိုလည်း မြန်မာပြန်ဆိုပြပါ။

၆။ သုခသာမဏေ၏ သုခအမည်ရပုံကို ဖြေဆိုပြီ။ အသဒိသဒါန အလှူကြီး လှူရာ၌ ကြံစည်ပုံ မတူညီသူနှစ်ဦးတို့၏ ကြံစည်ပုံအကြောင်းတို့ကို ခွဲခြားဖြေဆိုပါ။

၇။ မြတ်ဗုဒ္ဓကို ဗျားယောင်းကြသော မာရ်နတ်သွီးတို့၏ ကြံစည်ပုံကို ဖြေဆိုပြီ။ ရှေးဘုရားရှင်တို့သည် အဘယ်အချိန်ကာလကြာမှ ဩဝါဒပါတိမောက်ပြသည်ကိုလည်း ခွဲခြားဖြေဆိုပါ။

၈။ တောစိုးသစ်ပင်, နတ်ကွန်းစသည်တို့ကို ကိုးကွယ်သူတို့၏ ရည်ရွယ်ချက်ကို ဖြေဆိုပြီ။ ဥပုသ်စောင့်သုံးသူအမျိုးသွီးတို့၏ ရည်ရွယ်ချက်ကို အရွယ်သုံးပါးအလိုက် ခွဲခြားဖြေဆိုပြကာ၊ အမွေရသော ငွေတစ်ရာကြောင့် သာသနာတော်၌ မပျော်မွေ့သောရဟန်းအတွက် ဟောကြားသောဇာတ်ကိုလည်း အမည်မှု ရေးပြပါ။

၁၄။ ရှမ်းပြည်နယ်/တောင်ပိုင်း (အဖြေ)
ပထမလတ်တန်း ။ ။ ဓမ္မပဒဘာသာ

၁။ (ဂါထာ- ၇၆၊ ၁၁၈။)

၂။ (ဂါထာ- ၁၆၂၊ ၁၉၃။)

၃။ **အရှင်ဗေလဋ္ဌသီဿမထေရ်ကို အကြောင်းပြုဟောသောဂါထာ-(မွန် ၃- ရှု။)**
မြန်မာပြန်- ဝိရိယမရှိပဲ ပျင်းရိသော ပုဂ္ဂိုလ်၏ အနစ်တစ်ရာပတ်လုံး အသက်ရှည်ခြင်းသည် မမြတ်၊ မြဲမြဲစွာ ဝိရိယကို အားထုတ်သောပုဂ္ဂိုလ်၏ တစ်ရက်မှု အသက်ရှည်ခြင်းသည် မြတ်၏။ (ဂါထာ- ၁၁၂)

၄။ **ကောင်းမှုမြန်မြန် ပြုလုပ်သင့်ပုံ- (မဇ္ဈလေး ၃- ရှု။)**
အမှန်တကယ် ခေါ်ဆိုရမည့် အမည်- (မကွေး ၄-, ရှု။)

http://www.dhammadownload.com

၅။ **တရားစတား-** (ကချင် ၄- ရှ)

သောတာပန် တည်သောဂါထာ- လာကြကုန်လော၊ ဆန်းကြယ်စွာသော မင်း၏ ရထားလျှင် ဥပမာရှိသော လောကကို ရှုကြကုန်လော၊ လောကဌ် သူမိုက်တို့သည် နစ်မြုပ်ကုန်၏။ လိမ္မာကုန်သောသူတို့အား ကပ်ငြိခြင်းမရှိ ကြကုန်။ (ဓမ္မ- ၃၇၁)

၆။ သုခသာမဏော ပဋိသန္ဓေယူသောအခါမှစ၍ အိမ်ဌ် တစ်စုံတစ်ယောက်သောသူအား ဆင်းရဲမည်သည် မဖြစ်ဖူးသောကြောင့် သုခ- ဟု အမည်ရပါသည်။ (ဓမ္မ- ၂၊ ၆၈)

ကြံစည်ပုံ မတူညီသူ နှစ်ဦးတို့၏ ကြံစည်ပုံ-

ကာဌအမတ်သည်- " မင်းမျိုးအား ဆုတ်ယုတ်ပေတော့မည်တကား၊ တစ်ရက်တည်းဖြင့်သာလျှင် တစ်ဆယ့်လေးကုဋေသောဥစ္စာသည် ကုန်ခမ်းသွား၏။ ဤရဟန်းတို့သည် အလှူကို သုံးဆောင်ပြီး ပြန်သွားကာ လျှောင်းစက်ကြ အိုပ်ကြကုန်လတ္တံ့၊ မင်းမျိုးသည် ပျက်စီးပေ တော့မည်တကား " ဟု ကြံစည်ပါသည်။

ဇုဏ္ဏအမတ်သည်- " မှင်းသည် အလှူကို ကောင်းစွာလှူအပ်ပြီတကား။ မင်း၏ အဖြစ်ဌ်မတည်သောသူသည် ဤသို့သောအလှူကို မပေးလှူနိုင်၊ အလုံးစုံသောသတ္တဝါတို့အား အလှူ၏ကုသိုလ်အဖို့ကို မပေးသူမည်သည် မရှိ၊ ငါသည်ကား ဤအလှူကို ဝမ်းမြောက်စွာ သာဓုခေါ်အံ့ " ဟု ကြံစည်ပါသည်။ (ဓမ္မ- ၂၊ ၁၂၁)

၇။ မာရ်နတ်သမီးတို့သည်- ယောကျ်ားတို့သည် အယုတ်, အလတ်, အမြတ်မရွေး အလိုရှိကုန်၏။ အချို့ယောကျ်ားတို့သည် လုံ့မပျိုးတို့ဌ် ချစ်မြတ်နိုး၏။ အချို့ယောကျ်ားတို့သည် ပထမအရွယ်, မဇ္ဈိမအရွယ်, ဓိဋ္ဌာအရွယ် အမျိုးသမီးတို့ကို ချစ်မြတ်နိုးကုန်၏။ အထူးထူး အပြားပြားသော အခြင်းအရာတို့ဖြင့် ဘုရားရှင်ကို ဖြားယောင်းကုန်အံ့" ဟု ကြံစည်ပါသည်။ (ဓမ္မ- ၂၊ ၁၂၈)

ဝိပဿီမြတ်စွာဘုရားသည် ၇- နှစ် တစ်ကြိမ်၊
သိခီ, ဝေဿဘူမြတ်စွာဘုရားတို့သည် ၆- နှစ် တစ်ကြိမ်၊
ကကုသန်, ကောဏာဂုမ်မြတ်စွာဘုရားတို့သည် နှစ်စဉ်နှစ်တိုင်း၊
ကဿပမြတ်စွာဘုရားသည် ၆- လ တစ်ကြိမ် သြဝါဒပါတိမောက်ကို ပြတော်မူကြပါသည်။ (ဓမ္မ- ၂၊ ၁၅၃)

http://www.dhammadownload.com

၈။ အခြိမ်းခြောက်ခံရသည်ဘေးမှ လွတ်လိုသောကြောင့်လည်းကောင်း။
သားရဲလိုမျိုးစသည်တို့ကြောင့်လည်းကောင်း ဖြစ်ကြပါသည်။ (ဓမ္မဋ္ဌ- ၂၊ ၁၆၀)
ဥပုသ်စောင့်သူတို့၏ ရည်ရွယ်ချက်- (ရခိုင် ၅-ရ)
ဟောကြားသောဏတ်- မန္ဒာတုဏတ်။ (ဓမ္မဋ္ဌ- ၂၊ ၁၅၆)

၁၅။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ (ရှမ်းပြည်နယ်/မြောက်ပိုင်း)
ပထမလတ်တန်း ။ ။ ဓမ္မပဒဘာသာ
၁၃၇၁-ခုနှစ်၊ တန်ခူးလပြည့်ကျော် (၃) ရက်၊ (၁-၄-၂၀၁၀) ကြာသပတေးနေ့

၁။ ပညာရှိမှန်လျှင် မိမိကိုယ်တိုင် ရှေးဦးစွာ ကျင့်ပြီးမှ သူတစ်ပါးကို နောက်မှဆုံးမရာ၏-ဟု ပြဆိုသောဂါထာနှင့် ဒေသမင်းမနှိပ်စက်နိုင်သော အရပ်မရှိဟု ပြဆိုသောဂါထာတို့ကို ပါဠိမျှသာ ရေးခဲ့ပါ။

၂။ အောက်ဖော်ပြပါ ဂါထာတို့ကို နိဿယ ပြန်ဆိုခဲ့ပါ။
(က) အာယုဝဓနကုမာရ ဝတ္ထုဂါထာ၊
(ခ) "အသားသာတို့။ ဥာဏ်မတို့။ နွားသိုးကြီးနှင့်တူ" ဟု ပြဆိုသောဂါထာ။

၃။ ဝိသာခါစသော ဥပါသိကာ ဥပုသ်သည်ငါးရာတို့ကို ဆုံးမဟောကြားသော ဒေသနာကို မြန်မာဘာသာဖြင့် ဖြေဆိုရ၍ ၎င်းဒေသနာ၏ နိဒါန်းကိုလည်း ဖော်ပြခဲ့ပါ။

၄။ အောက်ဖော်ပြပါ တရားတို့ကို ပါဠိတော်လာအတိုင်း ထုတ်နုတ်ဖော်ပြခဲ့ပါ။
(က) ဓကရာဖိမင်းဖြစ်ရခြင်း, နတ်ပြည်သို့သွားရခြင်းတို့ထက် မြတ်သောတရား။
(ခ) မအိုသောတရား။
(ဂ) သူယုတ်မာတို့ ပြုလွယ်သောတရား။

၅။ အာနန္ဒပဉ္စဝတ္ထုလာ ဘုရားရှင်တို့၏ အဆုံးအမကို ဖော်ပြ၍၊ အောင်သူတော်ကောင်းတို့၏ ဘုရင်ဟူသည် အဘယ်နည်း ကုဏ္ဍလကေသီထေရီဝတ္ထုကို ရှု၍ ဖြေဆိုပါ။

http://www.dhammadownload.com

- ၆။ ညြတါဒနှင့် အနုသာသန အထူးကိုဖော်ပြ၍ မြဟွဒဏ်ပေးခံရသော မထေရ်၏ ဘွဲ့အမည်ကိုဖော်ပြပြီးလျှင်၊ ယင်းမထေရ်၏ နောက်ဆုံးရရှိသွားသော တရားထူးကိုလည်း ဖြေဆိုပါ။

  ၇။ ဝါလောဒကဏတ်ကို အကျယ်ပေါ်ပြီးနောက် အနုသန္ဓေဆက်ပြသော စကားရပ်ကို ဖော်ပြ၍ "ဂတဒ္ဒိနော ဝိသောကသ"ဌ အဒ္ဒိကနှင့် ဂတဒ္ဒိကတို့ကိုလည်း ခွဲခြားဖြေဆိုခဲ့ပါ။

  ၈။ ပုဏ္ဏားမ၏ ခြေခဏာဖတ်နည်း အခြေခံကို လက္ခဏာဆရာများ နည်းယူလောက်အောင် မာဂ္ဂိယဝတ္ထုမှ ထုတ်နုတ်ဖော်ပြခဲ့ပါ။

၁၅။ ရှမ်းပြည်နယ်/မြောက်ပိုင်း (အဖြေ)

ပထမလတ်တန်း ။ ။ ဓမ္မပဒဘာသာ

၁။ (ဂါထာ– ၁၅၈၊ ၁၂၈။)

၂။ (က) (ထင်ရှားပြီ။) (ခ) (ဂါထာ–၁၅၂။)

၃။ ဤလောကကြီး၌ ကိလေသာမီး အမြဲတောက်လောင်နေပါလျက် အဘယ့်ကြောင့် ပျော်ရွှင်, ဝမ်းမြောက်မှု ဖြစ်နေကြပါသနည်း။ အဝိဇ္ဇာအမိုက်မှောင်ကြီးသည် ပိတ်ဆီးမှေးယှက်အပ် ကုန်သော သင်တို့သည် ပညာဆီမီးကို အဘယ့်ကြောင့် မရှာဖွေကြကုန်သနည်း။ (ဂါထာ– ၁၄၆)

၄။ (က) သောတာပတ္တိဖိုလ်တရား။ (ဂါထာ– ၁၇၈)
(ခ) သူတော်ကောင်းတို့၏ လောကုတ္တရာတရား။ (ဂါထာ– ၁၅၁)
(ဂ) မကောင်းမှု အကုသိုလ်တရား။ (ဂါထာ– ၁၆၃)

၅။ မကောင်းမှုကို မပြုရခြင်း။ ကုသိုလ်ကို ပြည့်စုံစေရခြင်း။ မိမိစိတ်ကို ဖြူစင်စေရခြင်းတို့သည် ဘုရားရှင်တို့၏ အဆုံးအမတော်တည်။
သည်းခံခြင်းခန္တီသည် မြတ်သောအကျင့်တည်း။ နိဗ္ဗာန်ကို မြတ်၏ဟူ၍ ဘုရားရှင်တို့သည် ဟောတော်မူကုန်၏။

http://www.dhammadownload.com

သူတစ်ပါးကို ညှဉ်းဆဲလေ့ရှိသောသူသည် ရဟန်းမမည်၊ မစွပ်စွဲ မကဲ့ရဲ့ခြင်း။ မညှဉ်းဆဲ မသတ်ဖြတ်ခြင်း။ ပါတိမောက္ခသံဝရသီလ၌ စောင့်စည်းခြင်း။ ဆွမ်း, ဘောဇဉ်၌ အတိုင်းအရှည်ကို သိခြင်း။ ဆိတ်ငြိမ်သော ကျောင်း, အိပ်ရာ, နေရာသို့ ကပ်ရောက်ခြင်း။ စိတ်ကို အစိုးရခြင်းဟူသော သမာဓိ၌ လုံ့လပြုခြင်း ဤသည်တို့သည်လည်း ဘုရားရှင်တို့၏ အဆုံးအမတော်တို့ပေတည်း။ (ဓါဃာ–၁၈၃၊ ၄ / ၅)

အောင်သူတဘာတို့၏ ဘုရင်– စစ်မြေပြင်၌ တစ်သန်းသောလူတို့ကို အောင်နိုင်ခြင်းထက် ကိုယ်တွင်းကိလေသာကို တစ်ကြိမ်တစ်ခါမျှ အောင်နိုင်သောသူ။ (ဓါဃာ–၁၀၃)

၆။ တစ်ကြိမ်တစ်ခါ ဆုံးမခြင်း။ အကြောင်းပေါ်မှ ဆုံးမခြင်း။ မျက်မှောက်၌ဆုံးမခြင်းသည် သြဝါဒ၊ အထပ်ထပ် အခါခါ ဆုံးမခြင်း အကြောင်းမပေါ်ခင် ဆုံးမခြင်း မျက်ကွယ်၌ ဆုံးမခြင်းသည် အနုသာသန၊ ဤသို့ထူးပါသည်။ (ဓမ္မပ–၁၊ ၃၄၉)

အမည်– ဆန္ဒမထေရ်။

တရားထူး– ပဋိသမ္ภိဒါနှင့်တကွသော အရဟတ္တ ဖိုလ်။ (ဓမ္မပ–၁၊ ၃၅၀)

၇။ **အနုသန္ဓေကို ဆက်ပြသောစကားရပ်–** (ပဲခူးအနောက် ၇–၅)

အဒ္ဓိဏ– လိုရာအရပ်သို့ မရောက်သေးသော ကန္တာရခရီးသွား။

ဂတဒ္ဓိက– လိုရာအရပ်သို့ ရောက်ပြီးသော ကန္တာရခရီးသွား။ (လောကီအလို)

(တစ်နည်း) **အဒ္ဓိက–** ဝဋ်၌ နေထိုင်ဆဲဖြစ်၍ ဝဋ်ကို မှီတွယ်နေသူ သတ္တဝါများနှင့် သောတာပန် စသော သံသရာခရီးသွား။ **ဂတဒ္ဓိက–** ရဟန္တာပုဂ္ဂိုလ်။ (လောကုတ္တရာအလို) (ဓမ္မပ–၁၊ ၃၀၃)

၈။ ရာဂကြီးသောပုဂ္ဂိုလ်၏ ခြေရာသည် အလယ်ခွက်၍ ဆောင့်ကြွားကြွားရှိ၏။
ဒေါသကြီးသူ၏ ခြေရာသည် လျှင်စွာနင်း၍ ဖနောင့်တွင်းနက်၏။
မိုက်မဲတွေဝေသောသူ၏ခြေရာသည် ဒရွတ်ကြောင်းထင် ဆွဲငင်အပ်၏။
ရွှေခြေနင်းကဲ့သို့ ညီစွာကျလျက် တစ်ရာ့ရှစ်ကွက် စက်လက္ခဏာတို့နှင့်ပြည့်စုံသော ခြေရာသည် ကိလေသာဝဋ် ကင်းသောမြတ်သောပုဂ္ဂိုလ်၏ ခြေရာတည်း။ (ဓမ္မပ–၂၊ ၁၂၇)

http://www.dhammadownload.com

၁၆။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ (ရှမ်းပြည်နယ်/အရှေ့ပိုင်း)
ပထမလတ်တန်း ။ ။ ဓမ္မပဒဘာသာ
၁၃၇၁-ခုနှစ်၊ တန်ခူးလဆန်း (၈) ရက်၊ (၂-၄-၂၀၁၀) ကြာသပတေးနေ့

၁။ လောကဌ် ပညာတတ်များ၍ ပညာရှိရှားသကဲ့သို့ သံသရာကျင်လည်သည့် ပုဂ္ဂိုလ်သာများ၍ နိဗ္ဗာန်ကိုရောက်သည့်ပုဂ္ဂိုလ် ရှားပုံပြဂါထာကို မှန်ကန်စွာ ပါဠိရေးသားပါ။

၂။ သူတစ်ပါးတို့အပေါ် လူပေါ်လူဖော်ဆရာကြီးလုပ်တတ်သူများ အသိဉာဏ်ပွားစေရန် ဥပနန္ဒထေရ်ကို ကဲ့ရဲ့သောအားဖြင့် မိန့်ကြားခဲ့သည့် ပါဠိစကားရပ်ကို အဓိပ္ပါယ်ပြည့်စုံစေလျက် အနက်ပေးပါ။

၃။ ပညာရှိများ မိမိကိုယ်ကို ယဉ်ကျေးလိမ်မာသူဖြစ်စေရန် ဆုံးမရာဌ် စံပြုလောက်သည့် ဥပမာသုံးခုကို ဖြေဆိုပြီ၊ အသက်ရှည်ကြောင်း ကောင်းမှု ၂-မျိုးကိုလည်း မှန်ကန်စွာ ရေးခဲ့ပါ။

၄။ "အာယုဝဗုန၊ ကျိုးလေးဝ" ဟူရာဌ် အကျိုးလေးဝသရုပ်ကို ရေးသား၍၊ သတ္တဝါအားလုံးတို့အား နိုင်ထက်စီးနင်း သတ်ဖြတ်ညှင်းဆဲခြင်း ပြုသင့်/မပြုသင့်ကိုလည်း ပါဠိကိုးကားပြီး ရေးသားဖြေဆိုခဲ့ပါ။

၅။ ဆူဆူဗုဒ္ဓ ဟောညွှန်ပြသည့် အဆုံးအမတော်များကို ဓမ္မပဒပါဠိတော်လာသည့်အတိုင်း ပြည့်စုံစွာ ရေးသားဖြေဆိုခဲ့ပါ။

၆။ လောကဌ် မလိုဒေါသဖြင့် အနိုင်ယူခြင်း အမှန်ကိုထိန်ချန်၍ မမှန်ကို ကလိမ်ဉာဏ်ဆင်ပြီး ပြောဆိုအနိုင်ယူခြင်းတို့ကို "အောင်နိုင်သူ၊ အနိုင်ရသူ" ဟု ဆိုနိုင်ပါသလော သီရိမာဝတ္ထုအဖွင့်ကိုရှု၍ ဖြေရှင်းပြခဲ့ပါ။

၇။ တမ္ဘဒါဋ္ဌကခိုးသူယောက်ျား တမလွန်ဘဝဖြစ်ရာဘုံနှင့်၊ ထိုဘုံ၌ဖြစ်ရခြင်း၏ အနီး, အဝေး အကြောင်းနှစ်မျိုးကိုလည်း ခွဲခြားဖြေဆိုခဲ့ပါ။

http://www.dhammadownload.com

၈။ ပေသကာရမိတာဝတ္ထုဌ ဘုရားရှင်က ယက်ကန်းသည်၏သမီးကို ပြဿနာလေးရပ်မေးမြန်း ယက်ကန်းသည်၏သမီး ဖြေဆိုပုံတို့ကို ရေးသားပါ။

၁၆။ ရှမ်းပြည်နယ်/အရှေ့ပိုင်း (အဖြေ)
ပထမလတ်တန်း ။ ။ ဓမ္မပဒဘာသာ

၁။ (ဂါထာ- ၁၇၄။)

၂။ (ဂါထာ- ၁၅၈။)

၃။ **ဥပမာ ၃-ခု- (ကရင် ၃-ရှု)**
အသက်ရှည်ကြောင်း ကောင်းမှု- မျိုး-
ရှိခိုးလေ့ရှိခြင်း၊ ကြီးသူတို့ကို အရိုအသေ ပြုလေ့ရှိခြင်းတို့ ဖြစ်ကြပါသည်။ (ဂါထာ-၁၀၉)

၄။ **အကျိုးလေးဝ သရုပ်- (ကယား ၅-ရှ)**
ပြုသင့်/မပြုသင့်-
ချမ်းသာကို အလိုရှိသောသူတို့တွင် နိုင်ထက်စီးနင်း ပြုသောသူသည် ချမ်းသာခြင်းကို မရနိုင်၊ နိုင်ထက်စီးနင်း မပြုသောသူသည်သာ ချမ်းသာခြင်းကို ရနိုင်၏။ ထို့ကြောင့် သတ္တဝါအားလုံး အား နိုင်ထက်စီးနင်း သတ်ဖြတ်ညှဉ်းဆဲခြင်း မပြုသင့်ပါ။
(ဂါထာ- ၁၃၁၊ ၁၃၂)

၅။ **အဆုံးအမတော်များ- (ရှမ်းမြောက် ၅-ရှ)**

၆။ လောကဌ် မလိုဒေါသဖြင့် အနိုင်ယူခြင်း, အမှန်ကို ထိန်ချန်၍ မမှန်ကို ကလိမ်ညာက်ဆင်ပြီး ပြောဆိုအနိုင်ယူခြင်းတို့ကို အောင်နိုင်သူ၊ အနိုင်ရသူ- ဟု မဆိုနိုင်ပါ။ အမျက်ထွက်သူကို အမျက်မထွက်ခြင်းဖြင့်, မဟုတ်မမှန်ပြောကြားသူကို မှန်သောစကားကို ပြောကြားခြင်းဖြင့် အနိုင်ယူရပါမည်။ (ဓမ္မ-၂၊ ၆၆)

၇။ **တမလွန်ဘဝ ဖြစ်ရာဘုံ- တုသိတာဘုံ၊**

http://www.dhammadownload.com

အကြောင်း၂- မျိုး-

အရှင်သာရိပုတ္တရာ၏ တရားတော်ကို ကြားနာရ၍ အနုလောမဉာဏ်ကို ဖြစ်စေခြင်းသည် အနီးအကြောင်း ဖြစ်ပါသည်။

အရှင်သာရိပုတ္တရာဟူသော မြတ်သောမိတ်ဆွေကို ရခြင်းသည် ဝေးသောအကြောင်း ဖြစ်ပါသည်။ (ဓမ္မဋ္ဌ-၁၊ ၄၁၇)

၈။ ပြဿနာ ၄- ရဝ်အမေး, အဖြေ-

အမေး- ချစ်သမီး သင်အဘယ်အရဝ်မှ လာခဲ့သနည်း။

အဖြေ- တပည့်တော် မသိပါဘုရား။

အမေး- အဘယ်အရဝ်သို့ သွားမည်နည်း။

အဖြေ- တပည့်တော် မသိပါဘုရား။

အမေး- မသိလေသလော။

အဖြေ- သိပါသည်ဘုရား။

အမေး- သိ၏လော။

အဖြေ- မသိပါဘုရား။ (ဓမ္မဋ္ဌ-၂၊ ၁၁၃)

၁၇။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ (ရောဝတီတိုင်း)

ပထမလတ်တန်း ။ ။ ဓမ္မပဒဘာသာ

၁၃၇၁-ခုနှစ်၊ တန်ခူးလဆန်း (၈) ရက်၊ (၂၂-၃-၂၀၁၀) တနလာနေ့

၁။ (က) ပဋ္ဌသဟဝတ္ထုလာ သူတော်သူမြတ်တို့၏ သဘောထားပြဂါထာနှင့်၊

(ခ) ရန်သူတစ်ထောင်ကို အောင်နိုင်ခြင်းထက် မိမိခန္ဓာတစ်ခုကို အောင်နိုင်ခြင်းက သာလွန်မြင့်မြတ်ကြောင်းပြဂါထာ။

၂။ ဗိဠာလပါဒကသေဋ္ဌိဝတ္ထုလာ ကုသိုလ်ဟူသည် အနည်းငယ်ပင်ဖြစ်သော်လည်း ပြုဖန်များက အကျိုးကြီးကြောင်းပြ ဂါထာပါဠိကို အနက်ယောဇနာပါ။

၃။ သီလ, ပညာ, မေ့နှင့် ပြည့်စုံသူ-ဟု သိနိုင်အောင် လေ့လာနည်းပြ ဓမ္မိကတ္ထေရဝတ္ထုလာ ဂါထာပါဠိ၏ အဓိပ္ပါယ်ကို ရေးပါ။

http://www.dhammadownload.com

၄။ "ကိုယ်ပြုသည့်ကံ ပဲ့တင်သံ ကိုယ့်ထံပြန်လည်မည်" ဆိုသည့်စကား ထောက်ခံသော အားဖြင့် ကောလ္ကာမနတ္ထေရ ဝတ္ထုလာဂါထာတို့ကို ရွှေ့ပျက် စဉ်းစားဖြေဆိုပါ။

၅။ သီရိမာဝတ္ထု ဥတ္တရာထေရီဝတ္ထုလာ ဂါထာတို့ကိုရှု၍ မိမိရှုပ်နာမ်ခန္ဓာအပေါ် အသုဘမြင် သုဘာစင်အောင် ရှုဆင်ခြင်ပုံကို သိသာစွာ တင်ပြပါ။

၆။ ဇကသာဌကပုဏ္ဏားသည် အဘယ်ကြောင့် "ငါ အောင်ပြီ" ဟု ကြွေးကြော်ပါသနည်း? ဖြေဆိုရ။ ဇကသာဌကပုဏ္ဏားအား မင်းကြီးပေးသော သမ္ဘစတုက္ကအမည်ရသည့် အလှူ ဒါနမျိုးကိုလည်း ပြည့်စုံအောင် တင်ပြပါ။

၇။ ဓရေဆိပ်မှအပြန် ဘုရားရှင်နှင့်သန္တတိအမတ်တို့ ဆုံမိရာတွင် ဘုရားရှင် ပြုံးတော်မူခြင်း အကြောင်းကို ဖြေဆိုပြီး သမ္ဘဒါ ၄-မျိုးသရုပ်ကိုလည်း သိသာရုံမျှ တင်ပြပါ။

၈။ ဘုရားရှင်ကို ဖူးမြင်ရန် ယူဇနာ ၁၂၀-ရှိခရီးကို တစ်ညဉ့်တည်းဖြင့် အရောက်လာသော ဗာဟိယဒါရုစီရိယအား "ဖော် ဘိက္ခုရဟန်း" အဖြစ် မပေးရခြင်းအကြောင်းကို အပြည့် အစုံတင်ပြ၍ သုခသာမဏေရဝတ္ထုလာ သာရိပုတ္တရာမထေရ်အား ဘုရားရှင် မေးတော်မူ အပ်သော အမေးလေးပါးကို အဖြေနှင့်တကွ ဖော်ပြပါ။

၁၇။ ရောဝတီတိုင်း (အဖြေ)

ပထမလတ်တန်း။ ။ ဓမ္မပဒဘာသာ

၁။ (က) (ထင်ရှားပြီ။) (ခ) (ဂါထာ- ၁၀၃။)

၂။ (ထင်ရှားပြီ။)

၃။ (မွန် ၅-ရှု။)

၄။ ကြမ်းကြုတ်သော စကားတစ်ခွန်းကိုမျှ မပြောပါလင့်၊ သင်ပြောဆိုအပ်သော သူမိုက်တို့ သည် သင့်ကို သင်ပြောသည့်အတိုင်း ကြမ်းတမ်းစွာ ပြန်လည်ပြောဆိုကုန်ရာ၏။ မွန်၏။

http://www.dhammadownload.com

ချုပ်ခြယ်သောစကားသည် ဆင်းရဲခြင်း၏ အကြောင်းတည်း။ အတုံ့အလှည့်ဖြစ်သော ကာယဒဏ် စသည်တို့သည် သင့်အထံသို့ ရောက်ကုန်ရာ၏။
အနားဖြတ်ထားသော ကြေးခွက်သည် တစ်စုံတစ်ခုဖြင့်ခတ်သည်ရှိသော် အသံမထွက်သကဲ့သို့ မိမိကိုယ်ကို အသံမထွက်သည်ဖြစ်၍ မတုန်မလှုပ် နေစေနိုင်သည်ရှိသော် နိဗ္ဗာန်သို့ ရောက်နိုင်ပါသည်၊ သင့်အား ချုပ်ခြယ်ခြင်းသည် မရှိတော့။ (၁၊၈၈–၁၃၃ ၊ ၁၃၄)

၅။ **ရှုဆင်ခြင်ဖွယ်–** (ကချင် ၄–ရှု)

၆။ ဒကသာဋ္ဌကပုဏ္ဏားသည် ဇနီးမောင်နှံ နှစ်ယောက်ပေါင်းမှ တစ်ထည်တည်းသော အပေါ်ရံ ပုဆိုးကို မြတ်စွာဘုရားအား ပူဇော်ရန် ကြံစည်စဉ် ပုဏ္ဏားကြီးအား ဝန်တိုစိတ်တစ်ထောင် ဖြစ်၍ သဒ္ဓါစိတ်တစ်ကြိမ် ဖြစ်၏။ ဤသို့ အကြိမ်ပေါင်းများစွာ ဝန်တိုစိတ်နှင့် သဒ္ဓါစိတ် စစ်တိုက်လျက် ပထမယာမ်, မဇ္ဈိမယာမ်တို့ လွန်သွား၏။ ပစ္ဆိမယာမ်သို့ ရောက်သည်ရှိသော် " ငါ့အား ဤဝန်တို စိတ်သည် အပါယ်လေးပါးမှ လွတ်ခြင်းတော် မပေးလတ္တံ့၊ ဤအပေါ်ရုံပုဆိုးကို လှူဒါန်းတော့အုံ " ဟု ဝန်တိုစိတ်တစ်ထောင်ကို ဖျက်ဆီး၍ သဒ္ဓါစိတ်ကို ရှေးသွားပြုကာ လှူဒါန်းမှုအောင်မြင်သွား သောကြောင့် " ငါအောင်ပြီ " ဟု ကြွေးကြော်ရပါသည်။ (ဓမ္မဋ္ဌ– ၂၊ ၂)
သမ္ဘစတုက္ကဆု– ဆင်လေးစီး၊ မြင်းလေးစီး၊ အသပြာလေးထောင်၊ အမျိုးသမီး လေးယောက်၊ ကျွန်မိန်းမလေးယောက်၊ ကျွန်ယောကျ်ားလေးယောက်၊ အခွန်ကောင်းစွာ ထွက်သော ရွာကြီးလေးရွာ။ (ဓမ္မဋ္ဌ– ၂၊ ၃)

၇။ "သန္တာတိအမတ်ကြီးသည် ယနေ့ အလုံးစုံတန်ဆာဆင်လျက်သာလျှင် ငါ၏ဘုရား၏ အထံသို့ လာ၍ လေးပါးအဆုံးရှိသော ဂါထာ၏အဆုံး၌ အရဟတ္တဖိုလ်သို့ ရောက်၍ ထန်းခုနှစ်ဆင့်ခန့် ဝမာဏရှိသော ကောင်းကင်၌ ထိုင်ပြီး ပရိနိဗ္ဗာန်ပြုလတ္တံ့" ဟု သိတော်မူ၍ ပြုံးတော်မူပါသည်။(ဓမ္မဋ္ဌ– ၂၊ ၅၀)
သမ္ဘဒါ ၄– ပါး–
ဝတ္ထုသမ္ဘဒါ၊ ပစ္စယသမ္ဘဒါ၊ စေတနာသမ္ဘဒါ၊ ဝုဏ္ဏာတိရေကသမ္ဘဒါ။ (ဓမ္မဋ္ဌ– ၂၊ ၅၉)

၈။ **ဟေဘိတ္ကုအဖြစ် မပေးခြင်းအကြောင်း–** (မန္တလေး ၇– ရှ)

http://www.dhammadownload.com

အမေး ၄- ပါး-

"သာရိပုတ္တရာ၊ သင် အဘယ်ကို ရခဲ့ပါသနည်း။

"မြတ်စွာဘုရား။ အာဟာရကို ရခဲ့ပါသည် ဘုရား။"

" အာဟာရသည် အဘယ်ကို ဆောင်တတ်သနည်း။

" မြတ်စွာဘုရား။ ဝေဒနာကို ဆောင်ပါသည် ဘုရား။"

" ဝေဒနာသည် အဘယ်ကို ဆောင်တတ်သနည်း။"

"မြတ်စွာဘုရား။ ရုပ်ကို ဆောင်ပါသည် ဘုရား။"

" ရုပ်သည် အဘယ်ကို ဆောင်တတ်သနည်း။"

" မြတ်စွာဘုရား- ရုပ်သည် ဖဿကို ဆောင်ပါသည် ဘုရား။" (ဓမ္မဒ-၁၊ ၃၇၀)

၁၈။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ (အထူးအောင်)
ပထမလတ်တန်း ။ ။ ဓမ္မပဒဘာသာ
၁၃၇၂-ခုနှစ်၊ ပထမဝါဆိုလဆန်း (၈) ရက်၊ (၁၉-၆-၂၀၁၀) စနေနေ့

၁။ သက္ကာယဒိဋ္ဌိကမ်းနှင့် နိဗ္ဗာန်ကမ်းတို့တွင် မည်သည့်ကမ်းသို့ သတ္တဝါတို့ အသွားများသည်ကို အဆုံးဖြတ်ပေးထားသော ဂါထာတို့ကို ပါဠိသက်သက် ရေးသားခဲ့ပါ။

၂။ လှိုက်ခေါင်းဖောက်၍ ပုန်းအောင်းသော်လည်း အကုသိုလ်ကံအကျိုးပေးခြင်းမှ မလွတ်နိုင်ပုံပြဂါထာကို အနက်ပေးခဲ့ပါ။

၃။ တိုက်ပွဲတစ်ရာ အောင်မြင်ခဲ့သော စစ်ဗိုလ်ကြီးထက် သာလွန်သောပုဂ္ဂိုလ်ကို ညွှန်ပြ၍ အကျိုးမဲ့ဖြစ်စေနိုင်သော လုပ်ရပ်များကိုလည်း ဖော်ပြခဲ့ပါ။

၄။ ယောက်ျားမြတ်-ဟု ခေါ်ဆိုသင့်သူ၏ ဂုဏ်ပုဒ်များကို ပြည့်စုံစွာ ထုတ်ပြ၍ မကောင်းမှုကိုရှောင်ကြဉ်ရာဝယ် ပေါ်လွင်သော ဥပမာတို့ကိုလည်း ဖြေဆိုခဲ့ပါ။

၅။ သံသရာဝဋ်ဆင်းရဲကို ပယ်စွန့်နိုင်ရန်အတွက် ပြည့်စုံထားသင့်သောတရားတို့ကို ဖော်ပြ၍ အိုခြင်းဘေးမှ ကင်းလွတ်ခွင့်ရသော အရာ၊ မရသော အရာတို့ကိုလည်း ဖြေဆိုခဲ့ပါ။

http://www.dhammadownload.com

၆။ "ယံ ပသေ ဝဇ္ဇဒဿိနံ" ဝယ် ကြည့်ရှုပုံအမျိုးမျိုးကို ဖော်ပြ၍ နဘဇေ ပုရိသာ ဓမေ-၌ အဘယ်ပုဂ္ဂိုလ်ကို "ပုရိသာဓမ" ဟု ခေါ်ဆိုရသည်ကိုလည်း ရှင်းပြခဲ့ပါ။

၇။ အရှင်အနုရုဒ္ဓါမထေရ်မြတ်၏ သက်နှုန်းချုပ်ပွဲ၌ ဘုရားရှင်နှင့်သံဃာတော်တို့ပါဝင်ဆင်နွှဲ ကြပုံကို ပေါ်လွင်စွာ ရေးပြ၍ "ဇော် နာမ ကိ" ဟူသော မေးခွန်းအား မေးသူနှင့်အမေးခံ ရသူတို့ကိုလည်း ဖြေဆိုခဲ့ပါ။

၈။ နတ်သမီးက ပြုစုလုပ်ကျွေးသည်ကိုပင် ပယ်မြစ်တော်မူသော အရှင်မဟာကဿပမထေရ် မြတ်၏ ရည်ရွယ်ချက်ကို ဖော်ပြ၍ စေတီတော်ဂေါပကရွေးကောက်ပွဲ၌ "ဥက္ကဋ္ဌ" အဖြစ် တင်မြှောက်သင့်သော အများလက်ခံလောက်သည့် တင်ပြချက်ကိုလည်း နည်းယူ လောက်အောင် ညွှန်ပြခဲ့ပါ။

၁၈။ အထူးအောင် (အဖြေ)

ပထမလတ်တန်း ။ ။ ဓမ္မပဒဘာသာ

၁။ (ဂါထာ- ၈၅၊ ၈၆။)

၂။ (ဂါထာ- ၁၂၇။)

၃။ ကိုယ်တွင်းကိလေသာကို တစ်ကြိမ်တစ်ခါ အောင်နိုင်သူသည် တိုက်ပွဲတစ်ရာ အောင်ခဲ့သော စစ်ဗိုလ်ကြီးထက် သာလွန်ပါသည်။ (ဂါထာ- ၁၀၃)
လုပ်ရပ်များ- (စစ်ကိုင်း ၇-ရှု)

၄။ **ဂုဏ်ပုဒ်များ-** (ချင်း ၃-ရှု)
ဥပမာများ- (မန္တလေး ၃- ရှု)

၅။ **တရားများ-** (ပဲခူးအနောက် ၃- ရှု)
အိုခြင်းဘေးမှ ကင်းလွတ်ခွင့်ရသော အရာ- သူတော်ကောင်းတရား။
အိုခြင်းဘေးမှ ကင်းလွတ်ခွင့်မရသော အရာ- သတ္တဝါအားလုံး။ (ဂါထာ- ၁၅၁)

http://www.dhammadownload.com

တစ်နည်း- ဘုရားအစရှိသော သူတော်ကောင်းတို့၏ လောကုတ္တရာတရား ကိုးပါးသည် မအိုသောအရာ၊ ဆန်းကြယ်သော မင်းဖ၏ရထားနှင့် ကိုယ်ခန္ဓာတို့သည် အိုသောအရာ။
(ဗါဟာ- ၁၅၁)

၆။ မလျောက်ပတ်ခြင်း, ချွတ်ချော်ခြင်းတို့ဖြင့် သံယာ့အလယ်၌ ဖိနိပ်ချုပ်ချယ်အံ့ ဟု အပြစ်ကို ရှာလေ့ရှိသူ၊
မသိအပ်သည်ကို သိစေရန်, သိပြီးသည်ကို ရှင်းလင်းစေရန်, သီလစသည် တိုးပွါးစေရန် အလိုရှိသဖြင့် အပြစ်ကိုကြည့်ရှုနေသူ။ (ဓမ္မဋ-၁၊ ၃၄၇၊ ၃၄၈)
ပုရိသာဓမ- (ပဲခူးအရှေ့ ၇- ရှု)

၇။ မြတ်စွာဘုရားသည် ,ရဟန်းငါးရာ ခြံရံလျက်ကြွတော်မူကာ သက်နိုးအရင်း၌ အရှင်မဟာကဿပမထေရ်၊ အလယ်၌ အရှင်သာရိပုတ္တရာ၊ အဖျား၌ အရှင်အာနန္ဒာတို့ ထိုင်တော်မူကြပါသည်၊ ရဟန်းငါးရာသည် ချည်ကိုလုံးပါသည်၊ မြတ်စွာဘုရားသည် အဝတ်နဖားထိုးပါသည်၊ အရှင်မောဂ္ဂလာန်မထေရ်သည် အလိုရှိရာဝတ္ထုကို ယူပေးလျက် လှည့်လည်ပြီး ဆွမ်းမစားမီ ဇမ္ဗုသပြေသီးကိုလည်း ဆောင်၍ ကျွေးတော်မူပါသည်။
(ဓမ္မဋ-၁၊ ၃၈၇၊ ၃၈၈)

မေးခွန်းမေးသူ- အရှင်သာရိပုတ္တရာ။
အမေးခံရသူ- ကုက္ကုလကေသီ ပရိဗိုဗ်မ။ (ဓမ္မဋ-၁၊ ၄၁၇)

၈။ အရှင်မဟာကဿပမထေရ်သည်- "နောင်အခါ ဆန်းကြယ်သောယပ်ကိုကိုင်လျက် နေထိုင်ကုန်သော တရားဟော ဓမ္မကထိကပုဂ္ဂိုလ်တို့သည် "ရှင်မဟာကဿပမထေရ် ကြီးအား နတ်သမီး တစ်ယောက်လာ ရောက်၍ ဝတ်ကြီး, ဝတ်ငယ်ပြုလျက် သောက်ရေ, သုံးရေတည်သတတ် " ဟု ပြောဆိုကြကုန်လိမ့်မည်ကို ဆိုးရွဲ့သောကြောင့် ပယ်မြစ်ရပါသည်။ (ဓမ္မဋ- ၂၊ ၆)
တင်ပြချက်-
ဥစ္စာကိုလည်း ပေးလှူအုံ့၊ သားမယားနှင့် တကွလည်း စေတီတော်၏ ကျွန်ဖြစ်အုံ့- ဟု တင်ပြပါသည်။ (ဓမ္မဋ- ၂၊ ၁၉)

http://www.dhammadownload.com

၁။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ (ကချင်ပြည်နယ်)
ပထမလတ်တန်း ။ ။ ကစ္စည်းသဒ္ဒါကြီးဘာသာ
၁၃၇၁-ခုနှစ်၊ တန်ခူးလဆုတ် (၄) ရက်၊ (၂-၄-၂၀၁၀) သောကြာနေ့

၁။ တဒ္ဓိတ်ကျမ်းလာ ဥပမာအနက်၌ ပစ္စည်းသက်သောသုတ်၊ ကိတ်ပစ္စည်းတို့ကို ကိတ်အမည် မှည့်သောသုတ်တို့ကို အသီးသီး သုတ်, ဝုတ္တိ, ဥဒါဟရဏ် ကုန်စင်အောင် ပါဠိရေးပါ။

၂။ မည်သို့သောအနက်, ကာလ၌ ကာလာတိပတ္တိဝိဘတ်သက်သည်ဟု ပြဆိုသောသုတ်၏ ဝုတ္တိ, ဥဒါဟရဏ်တို့ကို အနက်ယောဇနာ၍၊ ကိတ်ကျမ်းလာ ဂရု-ဟုသတ်မှတ်ပြသော သုတ်တို့၏ ဝုတ္တိကိုသာ အနက်ယောဇနာခဲ့ပါ။

၃။ ဝမောဒုဒန္တာနံ ၊ လောပဟ္ဟတြာကာရော-သုတ်တို့ကို ပဒဗ္ဗေဒပြု၍၊ တြာကာရော-ကို သန္ဓိရှုပ်ကျင်းတွက်ပြပါ။

၄။ ဘောသတ္ထ-၌ ဘော-ကို နာမ်ရှုပ်ကျင်းတွက်ပြ၍၊ သတ္ထု-သဒ္ဒါကို စတုတ္ထီ, ပဉ္စမီ ဝိဘတ်တို့ဖြင့် နာမပဒမာလာ စဉ်ပြပါ။

၅။ ကာပွတ္ထေ စ-ဟု ဧကဝုစ်ဖြင့် သုတ်မတည်ဘဲ ကာပွတ္ထေသု စ-ဟု ဗဟုဝုစ်ဖြင့် သုတ် တည်ရခြင်းကို ပြယုဂ်နှင့်တကွ ဖြေဆိုပြီ၊ ဇာတာဒီနမိမိယာ စ-သုတ်၌ စ-သဒ္ဒါထည့် ဆိုရခြင်းကိုလည်း ပြယုဂ်ထုတ်၍ ဖြေဆိုပါ။

၆။ ဝိသေသနေ စ-သုတ်၌ ဝိသေသန-အရကိုဖော်ပြ၍၊ ကာလဘာဝေသု စ-သုတ်၌ ကာလ-အရ ဘာဝ-အရတို့ကိုလည်း ရှုပသိဒ္ဓိကျမ်းလာနှင့်အညီ ဖြေဆိုပါ။

၇။ သမာသ်, တဒ္ဓိတ် အထူးကို ဖြေဆိုပြီ၊ ဣတ္ထိယံဘာသိတပုမိတ္ထီ ပုမာဝ စေ-သုတ်သည် အဘယ်သမာသ်အရာ၌ စီရသည်ကိုလည်း အကြောင်းပြဖြေဆိုပါ။

၈။ ပုဒ်စစ်ကျမ်းလာ ကြိယာဝိသေသန (၂)ပါးနှင့်၊ နိစ္စ, အနိစ္စသမာသ် (၂)ပါးတို့တွင် အနိစ္စ သမာသ်ကိုသာ ပုဒ်စစ်ကျမ်းနှင့်အညီ ဖြေဆိုပါ။

http://www.dhammadownload.com

၁။ ကချင်ပြည်နယ် (အဖြေ)

ပထမလတ်တန်း ။ ။ ကစ္စည်းသန္ဒါကြီးဘာသာ

၁။ (ဥပမတ္ထာယိတတ္ထံ၊ အညေ ကိတ်- သုတ်ဆိုင်ရာတို့ကို ပါဠိရေးလေ။)

၂။ ကြိယာတိပန္နေ တိတေ ကာလာတိပတ္တိ၊ ဒုမို ဂရု၊ ဖိယော စ- သုတ်ဆိုင်ရာတို့ကို အနက်ရေးလေ။

၃။ ဝမောဒုဒန္တာန်- ဝံ+ သြ+ ဥ+ အန္တာန်။
လောပဠ္ဆ တတြာကာရော- လောပ်+ စ+ တတြ+ အကာရော။
သန္ဓိရှပ်ကျဉ်း-
တတြ+ အကာရော -ဟု ပုဒ်ဖြတ်၊ တြ- ခွင်း အ- ကြွင်း။ သရာ သရေ လောပ်- ဖြင့် ရှေ့အ- သရကို ချေ၊ ဒုတိယပိုင်း ဒီယ်- သုတ်ဖြင့် နောက် အ- ကို အာ- ဒီယပြု၊ ကပ်၊ တတြာကာရော- ပြီး၏။

၄။ ဘဝန္တ- တည်၊ အာလုပ် သိ- သက်၊ ဂ- အမည်မှည့်၊ ဘော ဂေ တု- ဖြင့် ဘဝန္တ- ကို ဘော- ပြု၊ သိ- ချေ၊ ဘော- ပြီး၏။
ပဒမာလာ- စတုတ္ထီ- သတ္တု၊ သတ္တုနော, သတ္တုဿ၊ သတ္တာရာန်, သတ္တာန်, သတ္တူန်။
ပဠမီ- သတ္တာ့ရာ၊ သတ္တာရေဟိ, ဘိ, သတ္တူဟိ,ဘိ, သတ္တုဟိ, ဘိ။

၅။ ကာပုရိသာ- စသော ပြိယာ်တို့၌ အပ္ပ မဟုတ်သော အနက်တို့၌လည်း ကု- ကို ကာ- ပြုဟု သိစေခြင်းအကျိုးငှါ ကာပ္ပတ္ထေသု စ- ဟု ဗဟုဝုစ်ဖြင့် သုတ်တည်သည်။
စ- သဒ္ဒါသည် ဇာတိကိယော- စသည်တို့၌ နိယုတ္တအနက်၌ ကိယ- ပစ္စည်း သက်ရခြင်းအကျိုးရှိသည်။

၆။ **ဝိသေသနအရ-** ဇာတ်, အန္ဓယ်, အမည်, အတတ်, အရှယ်, ဂုဏ် တို့ကိုယူ။
ကာလ အရ- နိမေသ, ခဏ, လယ, မုဟုတ္တ, ပုဗ္ဗဏှ, စသည်ကိုယူ။
ဘာဝ အရ- ကြိယာကို ယူ။

http://www.dhammadownload.com

၇။ ပုဒ်အချင်းချင်း စပ်ခြင်းသည် သမာသ်၊ ပုဒ်နှင့် ပစ္စည်း စပ်ခြင်းသည် တဒ္ဓိတ်၊ ဤသို့ ထူးသည်။
စီရင် သမာသ်– အထက်၌ ကမ္မဓာရယသည်ကား စ– ဟု ဆိုလတ္တံ့ဖြစ်သောကြောင့် ဗဟုဗ္ဗီဟိ သမာသ်၌ စီရင်သည်။

၈။ (ပုဒ်စစ်ထင်ရှားပြီ)

၂။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့.ခွဲ (ကယားပြည်နယ်)
ပထမလတ်တန်း ။ ။ ကစ္စည်းသန္ဓိကြီးဘာသာ
၁၃၇၁–ခုနှစ်၊ နှောင်းတန်ခူးလဆုတ် (၇) ရက်၊ (၂–၄–၂၀၁၀) သောကြာနေ့

၁။ အောက်ပါသုတ်တို့ကို ဝုတ္တိ, ဥဒါဟရဏ်တို့နှင့်တကွ ပါဠိရေးပါ။
(က) ထူးချွန်လွန်ကဲ ဝိသေသအနက်၌ ပစ္စည်းသက်သောသုတ်၊
(ခ) တစိသန္ဓိဝိဘတ်ကြောင့် ဟူ–ဓာတ်နှောင် ပြုခြင်း, ချေခြင်းစီရင်သောသုတ်။

၂။ အောက်ပါတို့ကို အနက်မှန်ကန်စွာ ပေးပြပါ။
(က) ဓမ္မေန ဝသတိ၊
(ခ) သမ္မေ ဘာယန္တိ မစ္စုနော၊
(ဂ) အဓိ ဒေဝေသု ဗုဒ္ဓေါ။
(ဃ) သရော ရသော နပုံသကေ။

၃။ "မမ" ပုဒ် ရှင်ပြီးရာဝယ် ဖြစ်သင့်သမျှသော ဝိဘတ်တို့ကို သုတ်အသီးသီးအထောက်ပြ ဖြေဆိုရ၍၊ သရဒ် ရမဏီယာ နဒီ–ဝယ် သရဒ်–၌ အဘယ်သုတ်ဖြင့် အဘယ်အနက်၌ အဘယ်ဝိဘတ်သက်ထားသည်ကိုလည်း ဖြေဆိုပြီးလျှင်၊ နာနာ ဒုမာ–ကို ဝိပြိုဟ်ဆိုရ၍ သမာသ်အမည် ပေးပြခဲ့ပါ။

၄။ အောက်ပါ (က)ကို ဘဒ္ဓိတ်ရှင်၊ (ခ)ကို ဓာတ်+ ်ည်း+ ဝိဘတ်၊ (ဂ)ကို ဓာတ်+ ပစ္စည်း၊ တို့ဖြင့် အသီးသီးခွဲ၍ ဖြေဆိုပြခဲ့ပါ။
(က) အာယသ္မာ၊ (ခ) ဓီယတိ၊ (ဂ) ပ ် ဂါ။

http://www.dhammadownload.com
ဝထမလတ်တန်း ဝုဏ္ဏာ + အဖြေစုံ ၁၀၅

၅။ အဗျယီဘောသမာသ် မည်ပုံကို ရေးပြ၍၊ အာယုဝဏ္ဏာနဉ္စာ ယော ဝုဒ္ဓိ-သုတ်၌ "ဝုဒ္ဓိ" သဒ္ဒါ ဆိုရခြင်း အကျိုးတို့ကိုလည်း ပြယုဂ်နှင့်တကွ ကျမ်းရင်းလာအတိုင်း ဖြေဆိုပြခဲ့ပါ။

၆။ အဓိကာရ (၃)မျိုး၏ အမည်များကို ဖော်ပြ၍၊ ယေန ဝါ ကယိရတေ တံ ကရဏံ-သုတ်၌ "ယေန ဝါ ကယိရတေ"ဟု အထူးပြု၍ ရှုပသိဒ္ဓိဆရာ မိန့်ဆိုရခြင်းအကျိုးကိုလည်း ဖြေဆိုခဲ့ပါ။

၇။ ဓနမ္ပာ စ-သုတ်ပါ စ-သဒ္ဒါအကျိုးကို ဖော်ပြ၍၊ ဇကာဒိတော ဒဿ ရ သရ်ာနေ-သုတ် ဖြင့် "ရ"အပြုသည် ဝဏ္ဏမျှဖြစ်သောကြောင့် ဒ-ဝဏ္ဏ သ-ဝဏ္ဏနှစ်ပါးတွင် မည်သည့် ဝဏ္ဏကို ရ-ပြုမည်နည်း အကြောင်းပြ ဖြေဆိုပါ။

၈။ (က) စိတ္တာပုဗ္ဗကအပါဒါန်၊ (ခ) သမုစ္စယဒ္ဓန်၊ (ဂ) သီဟဂတိကအဓိကာရ သုတ်တို့ကို သဒ္ဒါကြီးပုဒ်စစ် သုတ်စစ်ကျမ်းလာသည့်အတိုင်း ဖြေဆိုပါ။ (ပုံစံ ရှင်းစရာမလို)

၂။ ကယားပြည်နယ် (အဖြေ)

ပထမလတ်တန်း ။ ။ ကစ္စည်းသဒ္ဒါကြီးဘာသာ

၁။ (က) ဝိသေသနေ စ၊
(ခ) ဟောတိသရေဟောဟေ ဘဝိသန္တိ သသသ စ။ သုတ်ဆိုင်ရာကို ပါဠိရေးလေ။

၂။ (က) ဓမ္မေ- တရားကြောင့်၊ ဝသတိ- နေ၏။
(ခ) သမ္ဗေ- အလုံးစုံသော သတ္တဝါတို့သည်၊ မစ္စုနော-သေခြင်းမှ၊ ဘာယန္တိ-ကြောက်ကုန်၏။
(ဂ) ဗုဒ္ဓေါ- မြတ်စွာဘုရားသည်၊ ဒေဝေသု- နတ်တို့၏၊ အဓိ- အရှင်တည်း။
(ဃ) နပုံသကေ- နပုံလိင်၌၊ ဝတ္တာမာနဿ- ဖြစ်သောသမာသ်၏။ သရော- အဆုံးသရသည်၊ ရဿော- ရဿပြုသည်၊ ဟောတိ- ဖြစ်၏။

၃။ အမှသ မမံ သဝိဘတ္တိသ သေ- သဝိဘတ်၊
တဝံမမဠ နဝါ- အံဝိဘတ်။

http://www.dhammadownload.com

အနက်နှင့် ဝိဘတ်-

ကာလဒ္ဒါမစ္စန္တသံယောဂေ-ဖြင့် အစ္စန္တသံယောဂအနက်၌ ဒုတိယာ အံဝိဘတ်။

ဝိဂြိုဟ်နှင့် သမာသ်- နာနာ ပကာရာ ဒုမာ နာနာဒုမာ၊ (ကမ္မဓာရည်းသမာသ်)

၄။ (က) အာယု+ တ+ အတ္ထိ တည်၊ နာမ်ရှင်စီရင်၍ အာယု+ အသ+ အတ္ထိ- အနက်၌ သတ္တာဒီဟိမန္ဒ-ဖြင့် မန္ဒ ပစ္စည်းသက်၊ တေသံ ဝိဘတ္တိယော လောပါ စ-သုတ်၌ တေသံ သဒ္ဒါဖြင့် တဒ္ဓိတ်ဝိဘတ်, တသဒ္ဒါ, အတ္ထိ သဒ္ဒါတို့ကို ချေ၊ ပကတိစသ သရန္တသ-ဖြင့် အာယုမန္ဒ-ဟု ပကတိပြု၊ အာယုသုကာရာသ မန္ဒမှိ-ဖြင့် အာယုဏ်၏ ဥ-ကို အသ်-ပြု၊ ကပ်၊ (အာယသ္မန္ဒ)၊ နာမ်ငဲ့၊ သိ သက်၊ အာ သိမှိ-ဖြင့် ဝိဘတ်နှင့်တကွ နန္ဒကို အာ-ပြု၊ ခွင်း, ချေ, ကပ်၊ အာယသ္မာ-ပြီး၏။

(ခ) ဓာ-ဓာတ်+ ယ-ပစ္စည်း+ တေ-ဝိဘတ်။

(ဂ) ယဇ-ဓာတ်+ ဏ-ပစ္စည်း။

၅။ ဥပသာရ နိပါတ် ရှေးရှိပြဌာန်းသော သမာသ်သည် အဗျယီဘောသမာသ်မည် သည်။

ဝုဒ္ဓိ သဒ္ဒါ ဆိုကျိုး- အဂ်မဂဓေဟိ အာဂတာတိ အဂ်မာဂဓိကာ-စသည်တို့၌ နောက်ပုဒ်၏ ဝုဒ္ဓိဖြစ်ရခြင်းအကျိုးရှိသည်။

၆။ သီဟဂတိကအဓိကာရ၊ မဂ္ဂာ၊ကဂတိကအဓိကာရ၊ ယထာနုပုဗ္ဗိကအဓိကာရ။ ကတ္တားဏ်၏ အဆောက်အဦဖြစ်သော ကာရကတို့တွင် ကြိယာကို အထူးပြီးစေတတ်သော ကာရကကိုသာ ယူရခြင်းအကျိုးငှါ ယေန ဝါ ကယိရတေ-ဟု အထူးပြု၍ ဆိုသည်။

၇။ စသဒ္ဒါသည် ပစ္စက္ခမ္ဘော-စသည်၌ ဓမ္မ-စသည်နောင်လည်း အာ-ပစ္စည်းသက်ရခြင်း အကျိုးရှိသည်။

ဇက-ဟူသော နိမိတ်နှင့်နီးကပ်သောကြောင့် ဒ-ကိုသာ ရ-ပြုရသည်၊ သ-ကို ရ-မပြုရ။

၈။ (ပုဒ်စစ်, သုတ်စစ် ထင်ရှားပြီ)

http://www.dhammadownload.com

၃။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ (ကရင်ပြည်နယ်)
ပထမလတ်တန်း ။ ။ ကစ္စည်းသဒ္ဒါကြီးဘာသာ
၁၃၇၁-ခုနှစ်၊ တန်ခူးလပြည့်ကျော် (၄) ရက်၊ (၂-၄-'၂၀၁၀) သောကြာနေ့

၁။ အောက်ဖော်ပြပါ သုတ်တို့ကို သုတ်, ဝုတ္တိ, ဥဒါဟရဏ်ကုန်စင်အောင် ပါဠိရေးခဲ့ပါ။
(က)ကု နိပါတ်ပုဒ်ကို ကဒ်-ပြုသောသုတ်၊
(ခ) သမ္ဘဟအနက်၌ ကက်-ပစ္စည်း, ဏ-ပစ္စည်းသက်သော သုတ်။

၂။ အောက်ဖော်ပြပါ ပါဠိတို့ကို အနက်မှန်ကန်စွာ ယောဇနာခဲ့ပါ။
(က)အနုနဟောဓ အပ္ပဋိဝေဓ စတုန်း အရိယသစ္စာနံ ယထာဘူတံ အဒဿနာ၊
(ခ) ဥရောစ အကွဲ့ အံသောစ ဟာဟုစ ဥရက္ခံသဟာဟဝေါ။
(ဂ) နာ ဝုဒ္ဓိ နိလပီတာဒေါ။ ပစ္စယေ သဏ္ဌာနရကေ။

၃။ ပိတာဒီနမသိမှ-သုတ်၌ အသိမှ-သဒ္ဒါ, ဝိသေသနေ စ-သုတ်၌ စ-သဒ္ဒါတို့ဖြင့် သိစေ အပ်သော အဓိပ္ပါယ်ကို ဖြေဆိုပြီးလျှင်၊ ဘုဝိ-ကိုလည်း နာမ်ရှင်ပကျဉ်းတွက်ပြခဲ့ပါ။

၄။ အောက်ဖော်ပြပါ (က)ကို သမာသ်ဝိဂ္ဂဟ၊ (ခ)ကို တဒ္ဓိတ်ဝိဂ္ဂဟ၊ (ဂ)ကို ပုဒ်ဖြတ်၊ (ဃ) ကို ဓာတ်+ ပစ္စည်း+ ဝိဘတ်၊ (င)ကို ဓာတ်+ ပစ္စည်း အသီးသီး ဖြေဆိုခဲ့ပါ။
(က)ကဏ္ဌိဝဓနာ၊ (ခ) ဟောဇသီ၊ (ဂ) အဏ္ဍိဏာမုတ္တော၊ ယဇ္ဇေဝံ၊
(ဃ)အမိ၊ ဇသတိ၊ (င) မာတာ၊ သခေါ။

၅။ ဣဒ္ဓတိ-ကို အာချာတ်ရှပ်ကျဉ်းတွက်ပြပြီးလျှင်၊ ဂေါ-သဒ္ဒါကို ပဌမိဝိဘတ်, ဆဋ္ဌိဝိဘတ် တို့ဖြင့် နာမပဒမာလာ၊ ဘဝတိ-ပုဒ်မှ ဓာတ်ကိုယူ၍ အဇ္ဇတနီဝိဘတ်, ပရသပုဒ်, မဇ္ဈိမ ပုရိသ်ဖြင့် အာချာတ်ပဒမာလာ အသီးသီ စဉ်ပြပါ။

၆။ သန္ဓိနိဂ္ဂဟိတ်, တဒ္ဓိနိဂ္ဂဟိတ်, အာချာတ်နိဂ္ဂဟိတ် လာပုံအထူးကို ဖြေဆိုပြီးလျှင်၊ ပကတိ စသ သရန္တသ-သုတ်၌ ပကတိပြုရခြင်းအကျိုးနှင့် စ-သဒ္ဒါ၏အနက်ကိုလည်း ရှုပသိဒ္ဓိ လာတိုင်း ဖြေဆိုခဲ့ပါ။

http://www.dhammadownload.com

၇။ ဏာ(ဝေါ)ပကွာဒီဟိ- သုတ်ဌ် အာဒိ- သဒ္ဒါ၏အနက်နှင့် အကျိုးကို ဖြေဆိုပြီးလျှင်၊ သုရှပါန မေကသေသွသက်- သုတ်ဌ် အသက်- သဒ္ဒါထပ်ဆိုရခြင်းအကြောင်းကိုလည်း ရှုပသိဒ္ဓိ လာတိုင်း ဖြေဆိုခဲ့ပါ။

၈။ အာလုပ်နှစ်ပါးနှင့် နိစ္စသမာသ, အနိစ္စသမာသ်မည်ပုံကို ပုဒ်စစ်ကျမ်းလာတိုင်း ဖြေဆိုခဲ့ပါ။

၃။ ကရင်ပြည်နယ် (အရှေ့)
ပထမလတ်တန်း ။ ။ ကစွည်းသဒ္ဒါကြီးဘာသာ

၁။ (က) ကဒ် ကုသ်ဿ၊ (ခ) သမ္ပဟတ္ထေ ကက်ဏာ- သုတ်ဆိုင်ရာတို့ကို ပါဠိရေးလေ။

၂။ (က) စတုန္ဓ- လေးပါးကုန်သော၊ အရိယသစ္စာနံ- အရိယသစ္စာတို့ကို၊ အနနုဗောဓ- လျော်စွာ မသိခြင်းကြောင့်၊ အပ္ပဋိဝေဓ- မဂ်ဉာဏ်ဖြင့် ထိုးထွင်း၍ မသိခြင်းကြောင့်၊ ယထာဘူတံ - ဟုတ်တိုင်းမှန်စွာ၊ အဒဿနာ- မမြင်ခြင်းကြောင့်၊ (သန္ဓာဝိတံ- ပြေးသွားအပ်လှ လေပြီ၊ သံသရိတံ- ကျင်လည်အပ်လှလေပြီ)

(ခ) ဥရော စ- ရင်လည်း၊ အကွဒ္ဓ- ညှပ်ရိုးလည်း။ အံသော စ- ပခုံးလည်း၊ ဗာဟု စ- လက်မောင်းလည်း။ ဥရက္ခဋ္ဌသဗာဟဝေါ- ရင်, ညှပ်ရိုး, ပခုံး, လက်မောင်းတို့။

(ဂ) နိလပိတာဒေါ- နိလပိတအစရှိသော ပြယုဂ်ဌ်၊ သဏာကာရကေ- ဏအနုဗန်ရှိသော၊ ပစ္စယေ- ပစ္စည်းသည်(ပရေပိ- နောင်းသော်လည်း)၊ ဝုဒ္ဓိ- ဝုဒ္ဓိပြုသည်၊ န- မဖြစ်။

၃။ အသိမ္ပိ- သဒ္ဒါဖြင့် မာတိတောဒ်စသည်ဌ် တော ပစ္စည်းကြောင့် မာတု- စသော သဒ္ဒါတို့၏ အဆုံး ဥ- ကို ဣ- အပြုကို သိစေသည်။

စသဒ္ဒါ- စသဒ္ဒါဖြင့် ပကတိ- စသည်တို့မှ နောက်ဌ်လည်း တတိယာဝိဘတ်သက်ရခြင်းကို သိစေသည်။

နာမ်ရှပ်ကျဉ်း-

ဘူ- တည်၊ သွီ- သက်၊ ဩ သရေ စ- သုတ်ဌ် စ- သဒ္ဒါဖြင့် ဥ- ကို ဥဝ- ပြု။ တတော သွီမိ- ဌ် ဟတော- သဒ္ဒါပိုဖြင့် သွီ- ကို ဣ- ပြု။ ခွင်း။ ရေ့ ကပ်၊ ဘုဝိ- ပြီး၏။

http://www.dhammadownload.com

၄။ (က) ဂဏ္ဍီဝေါ ခန ယသ သောယံ ဂဏ္ဍီဝခန္ဓော။
၃။ သကေ၊ ဘစ္ဆော-တို့ကို ပုဒ်ဖြတ်၍ ဝိ+ အမိ+ အဂ္ဂ-ကို ပုဒ်စပ်ပြီးလျှင်၊ လိင်သုံးပါး၌ဖြစ်သော ဒ္ဒိ,တိ,စတု,ပဉ္စ-သင်္ချာသဒ္ဒါတို့၏ ဃေဟ-ဝိဘတ်ဖြင့် ပြီးနိုင်သောရုပ်တို့ကိုလည်း ကုန်စင်အောင် ထုတ်ပြပါ။

၄။ ဝက္ခာမိ-ကို အာချာတ်ရုပ်၊ လောတဝိဒ္ဓ-ကို ကိတ်ရုပ် တွက်ပြ၍၊ နာယတိ, နယတိ, စိကိစ္ဆတိ-တို့ကို ဓာတ်, ပစ္စည်း, ဝိဘတ်၊ စေတ်နှာ, သတ္ထာ-တို့ကို ဓာတ်, ပစ္စည်း ခွဲပြပါ။

၅။ အပြဟ္မဏော-ဟူသော ကမ္မဓာရည်းသမာသ်၏ တပ္ပုရိသ်ဖြစ်ရပုံကို ရှင်းပြပြီး အနရိ-ယော-ကို ဝိပြိုဟ်ဆိုရ၍ သမာသ်အမည်ပေးပြီးလျှင်၊ ဝိသ,တိ ဒသေသု ဗာဒ္ဓိသ,တု-သုတ်လာ တု- သဒ္ဒါအကျိုးကိုလည်း ပုံစံထုတ်၍ ရှင်းလင်းဖြေဆိုပါ။

၆။ အံ ဣတိ နိဂ္ဂဟီတံ-၌ ဣတိ- သဒ္ဒါထည့်ဆိုရခြင်းအကြောင်းကို ဖြေဆိုရ၍၊ တယောနေ ဝ စ သမ္ဘနာမေဟိ-သုတ်၌ပါသော ဇ ဝ- သဒ္ဒါ, စ- သဒ္ဒါတို့၏ အနက်တို့ကိုလည်း ရှင်းလင်းဖြေဆိုခဲ့ပါ။

http://www.dhammadownload.com

၇။ သမာသ်လက္ခဏာပြ နာမာနံ သမာသော ယုတ္တတ္ထော– သုတ်ဌ် နာမာနံ– သဒ္ဒါ, ယုတ္တတ္ထ တိုဖြင့် သိစေအပ်သော အဓိပ္ပါယ်ကို ရှုအလိုကျ ဖြေဆိုပြ၍ ဝုဒ္ဓါဒိသရသ ဝါ သံယောဂန္တသ သဏော စ– သုတ်ဌ် ဝါ– သဒ္ဒါ၏ ဝိဓိသုံးမျိုး ပိုင်းခြားဟန်ကိုလည်း ဖော်ပြခဲ့ပါ။

၈။ အောက်ဖော်ပြပ် (က.ခ)တို့ကို ပုဒ်စစ်ကျမ်းလာအတိုင်း ရေးသားဖြေဆိုပါ။
(က) ကာရကနှင့် အကာရကလက္ခဏာ၊
(ခ) ဒွန်သမာသ်၏ ကေတ္ထိဘောဖြစ်ပုံ။

၁၇။ ဗုရာဝတီတိုင်း (အဖြေ)
ပထမလတ်တန်း ။ ။ ကစ္စည်းသဒ္ဒါကြီးဘာသာ

၁။ (က) အတ္တံ နသော တပ္ပရိသေ၊
(ခ) ဥပမတ္ထာယိတတ္ထံ– သုတ်ခိုင်ရာတို့ကို ပါဠိရေးလေ။

၂။ (က) တရမာနာနံ– မြစ်ကို ကူးသွားကုန်သော၊ ဂေါနံ– နွားတို့တွင်၊ ပုဂ်ဝေါ– ရှေ့ဆောင် နွားလားသည်၊ ဥဇုံ– ဖြောင့်စွာ၊ ဧဝ ဂစ္ဆတိ– အကယ်၍ သွားအံ့။ နေတ္ထော– ရှေ့ဆောင် နွားလားသည်၊ ဥဇုံ– ဖြောင့်စွာ၊ ဂတော– သွားသည်၊ သတိ– ရှိလသော်၊ သမ္ဘာ– အလုံးစုံကုန်သော၊ ဂါဝီ– နွားမတို့သည်၊ ဥဇုံ– ဖြောင့်စွာ၊ ယန္တိ– လိုက်သွားကြကုန်၏။
(ခ) ဣတော– ဤအရပ်မှ၊ ကောသာ– တစ်ကောသမှ၊ ကုဋ္ဌရံ– ဆင်ကို၊ ဝိဇ္ဇတိ– ပစ်ဖောက်၏။ (ကာရကမဇ္ဈ)
ဣတော– ဤအရပ်မှ၊ ကုဋ္ဌရံ– ဆင်ကို၊ ဝိဇ္ဇိတွာ– ပစ်ပြီး၍၊ ကောသာ– တစ်ကောသဝေးမှ၊ ဝိဇ္ဇတိ– ပစ်ဖောက်ပြန်၏။ (ကြိယာမဇ္ဈ)

၃။ သကေ– သယေ။
ဘစ္စော– ဘတ္တော။
ဝိ+ အဓိ+ အဂ္ဂံ– ဝိဇ္ဇဂ္ဂံ။
ရုပ်မျှား–
ဒ္ဝိ– ဒ္ဝေ, ဒုဝေ, ဥဘော, ဥဘေ။

http://www.dhammadownload.com

တိ- တိသော (ထိ)၊ တယော (ပုံ)၊ တိဏိ (နပုံ)။
စတု- စတသော (ထိ)၊ စတ္တာရော, စတုရော (ပုံ)၊ စတ္တာရိ (နပုံ)
ပဉ္စ- ပဉ္စ။

၄။ ဝစ-တည်၊ ဝစ ဝိယတ္တိယ ဝါစာယ၊ ဓာတ်အမည်မှည့်၊ ဓာတွန် အ-ကိုချေ။ ဘဝိသဿ္မိ သာမိ-ဝိဘတ်သက်၊ (ဝစ်+ သာမိ)၊ ကရဏ သပစ္စယသ ကာဟော-၌ သပစ္စယ သဒ္ဒါပိုဖြင့် သာမိ-ကို ခါမိ-ပြု။ ကော ခေ စ-ဖြင့် ဓာတွန် စ်-ကို က်-ပြု။ ကပ်၊ ဝက္ခामि-ပြီးဏ်။
လောက- သဒ္ဒူပပဒ ဝိဒ တည်၊ ဝိဒ ဉာဏေ၊ ဓာတ်အမည်မှည့်၊ ဓာတွန် အ-ကို ချေ။ ကွိ စ-ဖြင့် ကွိ-ပစ္စည်းသက်၊ ကွိလောပေါ စ-ဖြင့် ကွိ-ကိုချေ။ ဝိဒန္တေ ဥ-ဖြင့် ဝိဒ-နောင် ဥ-လာ၊ ကပ်၊ နာမ်ငဲ့၊ သိ သက်၊ ချေ။ လောကဝိဒူ- ပြီးဏ်။
နာယတိ-ဉာ-ဓာတ်+ နာ-ပစ္စည်း+ တိ-ဝိဘတ်။
နယတိ- နီ-ဓာတ်+ အ-ပစ္စည်း+ တိ-ဝိဘတ်။
စိကိစ္ဆတိ- ကိတ-ဓာတ်+ ဆ-ပစ္စည်း+ တိ-ဝိဘတ်။
စေတနာ- စိတ-ဓာတ်+ ယု-ပစ္စည်း+ ဏာတ္တိဖောတက အာ-ပစ္စည်း။
သတ္ထာ- သာသ-ဓာတ်+ ရတ္ထု-ပစ္စည်း။

၅။ ဗြာဟ္မဏ သဒ္ဒါသည် ပုဏ္ဏားစစ်အနက်ကို ဟောသကဲ့သို့ ပုဏ္ဏားတုအနက်ကို လည်း ဟောတတ်သောကြောင့် နောက်ပုဒ်ပြဋ္ဌာန်းသော တပ္ပုရိသ်ဖြစ်သည်။
န အရိယော အနရိယော၊ နနိပါတပုဗ္ဗပဒကမ္မဓာရည်။
တု-သဒ္ဒါအကျိုး-
တု-သဒ္ဒါသည် ဒုရတ္တ, ဒိရတ္တ, ဒိဝုဏ, ဒေါဟဠိနီ-စသည်တို့၌ ဒြိ-သဒ္ဒါကို ဒု, ဒိ, ဒေါ-လည်း ပြုရခြင်းအကျိုးရှိသည်။

၆။ အံ-၌ အ-၏ အခြားမဲ့၌ ဆိုခဲ့သော ဓိန္ဒုပြောက်သည်သာ နိဂ္ဂဟိတ်မည်သည်ဟု ညွှန်ပြလိုသောကြောင့် ဏ္ဏတိ- ဿဒ္ဒါ ထည့်ဆိုသည်။
ဇဝ-သဒ္ဒါ, စ- ဿဒ္ဒါ
ဇဝ-သဒ္ဒါသည် သဗ္ဗနာမ် အကာရန္တနောင် သ္မာ, သ္မိ, သ-တို့၏ အာ, ဇ, အာလ-အပြု တားမြစ်ချက်ကို ခိုင်မြဲစေခြင်း သန္ဓိဌာန အဝဓာရဏာ အနက်ရှိသည်။

http://www.dhammadownload.com

စ-သဒ္ဒါသည် ပုဗ္ဗ, ပရ-စသော သဗ္ဗနာမ် အကာရန္တနောင် သ္မာ, သ္မိं-တို့၏ အာ, ဧ-အပြု တားမြစ်ချက်ကို နစ်စေခြင်း နိုဝတ္တာပန အဝဓာရဏာ အနက်ရှိသည်။

၇။ နာမာနံ-ဖြင့် သိစေအပ်သော အဓိပ္ပါယ် (မကွေး ၇-၆)

ပေါင်းအပ်သော အနက်ရှိသော ယုတ္တတ္ထ သဒ္ဒါဖြင့် ဘိန္နတ္ထာနံ ဂေတ္ထိဘာဝေါ သမ္ဘဝသလက္ခဏော-ဟူသော သမာသ်လက္ခဏာကို ပြသည်။

စပ်အပ်သော အနက်ရှိသော ယုတ္တတ္ထ သဒ္ဒါဖြင့် အခြားကို ငံရာ, အချင်းချင်း မင့်ရာတို့၌ သမာသ်မဖြစ် ဟု ပြသည်။

ဝါသဒ္ဒါ ပိုင်းခြားတန်- (ပဲခူး/အရှေ့, ၇-၆)

၈။ (ပုဒ်စစ်ထင်ရှားပြီ)

၁၈။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့. (အထူးအောင်)
ပထမလတ်တန်း ။ ။ကာစွည်းသဒ္ဒါကြီးဘာသာ
၁၃၇၂-ခုနှစ်၊ ပထမဝါဆိုလဆန်း (၈) ရက်၊ (၁၉-၆-၂၀၁၀) စနေနေ့

၁။ "အာဝုံရမ္ဘ အာဂလ"ဟူသည်နှင့်အညီ တဒ္ဓိတ်ကျမ်းဌ ဧလာပဝိဓိ, အာဒေသဝိဓိနှစ်မျိုး စီရင်နိုင်သောသုတ်ကို သုတ်, ဝုတ္တိ, ဥဒါဟရဏ်များ ကုန်စင်အောင် ပါဠိရေးပြပါ။

၂။ တေသံ ဝိဘတ္တိယော လောပါ စ-သုတ်ကို ကစ္စည်း, ရူပသိဒ္ဓိဆရာတို့၏ အလိုကျစေ လျက်လည်းကောင်း။ စ-သဒ္ဒါအနက် ထင်ရှားစေလျက်လည်းကောင်း အနက်ပေးပြပါ။

၃။ ဇေ့ဗမ်-ကို သန္ဓိရှပ်ကျဉ်းတွက်၍၊ ဇယီ-ကို ပထမာ, ဒုတိယာ, သတ္တမီဝိဘတ်တို့ဖြင့် နာမ်ရှပ်စဉ်ပြီးလျှင်၊ အနွေတိ-မှ ဓာတ်ကို သတ္တမီ၊ ပရသပုဒ်ဝိဘတ်တို့ဖြင့် ကတ္တုရှပ် အာချာတပဒမာလာ စဉ်ပြပါ။

၄။ ဒုရန္ဒ် ကဒ္ဒကာလ-စသောသုတ်၌ တ္ဘလောပ်-နှင့်ပတ်သက်၍ ဆိုလိုရင်းအဓိပ္ပါယ်ကို ကျမ်းဆရာအာဘော်ကျအောင် ပြယုဂ်ထုတ်ကာ ရှင်းလင်းဖြေဆိုပြ။ သဠာနနကော, အာယော-တို့ကိုလည်း ဓာတု၊ ပစ္စယခွဲပြပါ။

http://www.dhammadownload.com

၅။ ဝိဂ္ဂဟဘာဂ၏ရင့်သန်စေရန် အောက်ပါတို့ကို ဝိပြိုဟ်ဆိုရ၏။ (က)(ခ)(ဂ)တို့၏ သမာသ်အမည်, (ဃ)(င)တို့၏ တဒ္ဓိတ်အမည်တို့ကို တွဲစပ်ဖြေဆိုပြပါ။
(က) ဓီတုသညာ၊ (ခ) နိဂ္ဂြောသဒ္ဒီ၊ (ဂ) သတ္တာဒ္ဌမာသာ၊ (ဃ) ဂဗ္ဗီ၊ (င) ဂုဏိယော။

၆။ ကမ္မာရယသညေ စ- သုတ်ဖြင့် ပုလ္လိင်ဒဲ့ညွှန်းရာ၌ ပြည့်စုံညီညွတ်ရမည့် သုတ်အဂါတို့ကို ထုတ်ပြ၍ သရော ရသော နပုံသကေ- သုတ်ဖြင့် စီရင်နိုင်သော သမာသ်တို့ကိုလည်း ပုံစံတစ်ခုစီဖြင့် တွဲစပ်ဖော်ပြပါ။

၇။ ဇာတာဒီနမိမိ ယာ စ- သုတ်၌ စ- သဒ္ဒါဖြင့် သက်နိုင်သောပစ္စည်းများနှင့် သက်ရာအနက်တို့ကို ခွဲခြားဖြေဆိုရ၏။ လဒရာနံ- သုတ်ဝယ် ဝါ- သဒ္ဒါ၏ ပိုင်းခြားသတ်မှတ်ချက်ကိုလည်း ညွှန်ပြပါ။

၈။ ကြိယာဝိသေသနအမျိုးအစားကို ဆိုရိုးကျ ခွဲခြားရေးသား၍ သမ္ဘာဝနာကမ္မာရည်းအကြောင်းကိုလည်း ပုဒ်စစ်ကျမ်းလာအတိုင်း ဖြေဆိုပါ။

၁၈။ (အထူးအောင်) အဖြေ
ပထမလတ်တန်း ။ ။ ကစ္စည်းသဒ္ဒါဘာသာ

၁။ (စတ္ထပပဒဿ လောပေါ တုတ္တရပဒါဒိ စသ စုစောပိ နဝါ- သုတ် ဆိုင်ရာကို ရေးလေ)

၂။ ယုတ္တတ္ထာနံ- ယုတ္တတ္ထဖြစ်ကုန်သော၊ တေသံ သမာသာနံ- ထိုသမာသ်တို့၏ ဝိဘတ္တိယော- ဝိဘတ်ဇာတိသည်၊ ဝါ- တို့ကို၊ လောပါ - ချေအပ်ကုန်သည်၊ ဟောန္တိ- ဖြစ်ကုန်၏။ စ- ပဘာဝ်ရော- စသည်၌ ဝိဘတ် မကျေသည်လည်း ရှိသေး၏။ (ကစ္စည်းအလို)
(တစ်နည်း)
ယုတ္တတ္ထာနံ- ကုန်သော၊ တေသံ- ထိုသမာသ်, တဒ္ဓိတ်ပစ္စယန္တပုဒ်, အာယာဒိပစ္စယန္တပုဒ်တို့၏ ဝိဘတ္တိယော- ဝိဘတ်တို့သည်၊ ဝါ- တို့ကို၊ လောပါ - ချေအပ်ကုန်သည်၊ ဟောန္တိ- ဖြစ်ကုန်၏။ စ- ပဘာဝ်ရော- စသည်၌ ဝိဘတ်မကျေသည်လည်း ရှိသေး၏။ (ရှ- အလို)

http://www.dhammadownload.com

၃။ ဧဝံ+ဣမံ ဟု ပုဒ်ဖြတ်၊ ကွစိ လောပ်-ဖြင့် ရှေ့ နိဂ္ဂဟိတ်ကိုချေ၊ ပုထသုဗျဉ္ဇနေ-သုတ်၌ အန္တသဒ္ဒါဖြင့် ဧဝ-၏အဆုံး အ-ကို ဥ-ပြု၊ ဝါပရော အသရူပါ-ဖြင့် နောက်ဣ-သရကို ချေ၊ ဧဝုမံ-ပြီး၏။

ရှစ်စဉ်-

ပ- ဧယ်၊ ဧယ်၊ ဧယ်ယော။

ဒု- ဧယ်၊ ဧယ်၊ ဧယ်ယော။

သ- ဧယ်ယ, ဧယ်ယ၊ ဧယ်သု။

အာချာတ ပဒုမာလာ- ဧယ္ယ, ဧယ္ယုံ။ ဧယ္ယာသိ, ဧယ္ယာထ၊ ဧယ္ယာမိ, ဧယ္ယာမ။

၄။ တွာပစ္စယန္တဖြင့် ပါဠိစီလျှင် ကံပုဒ်, အဓိကရဏပုဒ်တို့ဖြင့် ပါဠိစီရမည်၊ ထိုကဲ့သို့ ကံအရာ အဓိကရဏအရာတို့၌ တွာပစ္စယန္တ မထည့်လျှင် (တွာပစ္စယန္တပုဒ်မပါလျှင်) အပါဒါန် မှည့်၍ ပဋ္ဌမီသက္ခ် ရသည်ကို တွာလောပ အပါဒါန်ဟု ဆိုသည်။

သဗ္ဗာနနကော- သံ ပုဗ္ဗ ဥာဏတ်၊ ဏာပေ ပစ္စည်း။ ဣုပစ္စည်း။

အာယော- အယ-ဓာတ်၊ ဏ ပစ္စည်း။

၅။ (က) ဓီတာ ဣတိ.သညာ ဓီတုသညာ၊ သမ္ဘာဝနာကမ္မဓာရည်း။

(ခ) ကောသမ္ဗိယာ နိဗ္ဗန္ဓော နိဗ္ဗောသမ္ဗီ၊ အမာဒိပရတပ္ပုရိသ။

(ဂ) သတ္တ ဝါ အဋ္ဌ ဝါ မာသာ သတ္တဋ္ဌမာသာ၊ သခ်ေါဘယမဟုဗ္ဗီဟိ။

(ဃ) ဂဝေ ဘဝံ ဂဗ္ဗ၊ ဘဝတဒ္ဓိတ်။

(င) ဝိသေသေန ဂုဏဝါတိ ဂုဏိယော၊ ဝိသေသတဒ္ဓိတ်။

၆။ ဣတ္ထိလိင်၌ဖြစ်သော တုလျာဓိကရဏ နောက်ပုဒ်နောင်းခြင်း။
ရှေ့ပုဒ်၌ ပုံလိင်ကို ဟောဖူးသော ယခုဣတ္ထိလိင်ဟော သဒ္ဒါဖြစ်ခြင်း။

သမာသ်-

အဗျယီဘောသမာသ်- ဥပဂဂ်၊

ဒိဂုသမာသ်- စတုဒ္ဒိသ်၊

ဗဟုဗ္ဗီဟိသမာသ်- ပဟူတဓိဂေါ့။

ဒွန်- မုခနာသိကံ။

http://www.dhammadownload.com

ဝထမလတ်တန်း ဝိုဏ္ဏ + အဖြေစုံ ၁၅၇

၇။ ကိယ ပစ္စည်း- နိယုတ္တာအနက်။ ယ ပစ္စည်း- သာဓု, ဟိတ, ဘဝ, ဇာတ စသော အနက်။
ဣ ပစ္စည်း- သာဓု, ဟိတ, ဘဝ စသော အနက်။
သတ်မှတ်ချက်-
သောဌသ-၌ နိစ္စ, တေဌသ-၌ အနိစ္စ, အကြောင်း၌ အသန္တ ဝိဓိ ဟု သတ်မှတ်သည်။

၈။ (ပုဒ်စစ်ထင်ရှားပြီ)

၁။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ (ကချင်ပြည်နယ်)
ပထမလတ်တန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ
၁၃၇၁-ခုနှစ်၊ တန်ခူးလဆုတ် (၅) ရက်၊ (၃-၄-၂၀၁၀) စနေနေ့

၁။ ပဌမ နာမရူပိန်-ဟူသောဥဒ္ဒေသပါဠိ၏ အကျယ်နိဒ္ဒေသပါဠိကို ကုန်စင်အောင် ရေးပြပါ။

၂။ တရားအားထုတ်နေသော ယောဂီပုဂ္ဂိုလ်၏သန္တာန်၌ ပဋိဘာဂနိမိတ် ထင်လာပုံပြ စုဏ္ဏိယ ပါဠိကို သေချာကျန အနက်ပေးပြခဲ့ပါ။

၃။ အလုပ်တစ်ခုသာ လုပ်သောစိတ်များကို သန္ဌာမျှဖော်ပြပြီး၊ "ပစ္စုပ်,တီတ,နာဂတနှင့် ဓမ္မ ရှုပ်, နာမ် ခြောက်တန်ပေါင်းရုံး လေးဆယ့်သုံးစီ"ဟူသောလက်ာလာ လေးဆယ့်သုံးအရ ကို စာကျစွာ ဖြေဆိုပါ။

၄။ ဖိုလ်ဇောတို့သည် အကြိမ်မည်မျှစောသည်ကို ပါဠိသာဓကပြ၍ ပုဂ္ဂိုလ်အလိုက် ခွဲခြားဖြေ ဆိုပြီးလျှင်၊ မဟာဗြဟ္မာတို့၏ အသက်တမ်းကိုလည်း ဖြေဆိုရေးသားပါ။

၅။ "မိုးလုံးပြည့် မုသာဝါဒများ"ဟူသောစကား၌ မုသာဝါဒဖြစ်ခြင်း၏ အကြောင်းတရားတို့ကို သင်ဟာအကိုးဖြင့် ဖြေဆိုရ၊ ထိုမုသာဝါဒအကုသိုလ်၏ ပဝတ္တိအခါ အကျိုးပေးနိုင်သော ဘုံများကိုလည်း ဖြေဆိုပါ။

၆။ ရှပ်တရားကိုဖြစ်စေနိုင်သော အကြောင်းတရားတို့တွင် ကံနှင့်စိတ်တို့၏ (က) အစပြု၍ ဖြစ်ရာဌာန၊ (ခ) ဖြစ်စေရာကာလ၊ (ဂ) ဖြစ်ရာသန္တာန်တို့ကို ခွဲခြားဖြေဆိုပါ။

http://www.dhammadownload.com

၇။ ဒွိကွတ္တဲ့ ဘဝင်ကေ စလိတေ-၌ ဘဝင်နှစ်ကြိမ်လှုပ်ရခြင်းအကြောင်းကို လောကဥပမာဖြင့် ဦးကာအလိုကျ ဖြေဆိုပြပါ။

၈။ အာကာသဓာတု ပရိစ္ဆေဒရူပံနာမ-၌ ပရိစ္ဆေဒရှိမည်ပုံကို ဦးကာအလိုကျပြည့်စုံအောင် ဖြေဆိုရေးသားခဲ့ပါ။

၁။ ကျမ်းပြည်နယ် (အဖြေ)

ပထမလတ်တန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

၁။ (ဟေတုဗျာနဂ်ိမဂ္ဂင်္ဂါနိ-စသော ပါဠိကို ရေးလေ)

၂။ (တထာသမာဟိတသ ။ပ။ သမုပ္ပန္နန္တိ ပဝုစ္စတိ- ကို အနက်ရေးလေ)

၃။ ၆၈-ပါး။

လေးဆယ့်သုံးစီ-

တဒါရုံ ၁၁၊ ဟသိတုပ္ပါဒ် ၁၊ အကုသိုလ်စိတ် ၁၂ မနောဒ္ဓါရာဝဇ္ဇန်း ၁၊ မဟာ ကုသိုလ်စိတ် ၈၊ မဟာကြိယာစိတ် ၈၊ အဘိညာဉ် ၂၊ ပေါင်း ၄၃။

၄။ မနုဿပုဂ္ဂိုလ်အတွက် မဂ္ဂါနုနှင့်ရဖိုလ်ဖော ၂-ကြိမ်၊
တိကွဲပုဂ္ဂိုလ်အတွက် မဂ္ဂါနုနှင့်ရဖိုလ်ဖော ၃-ကြိမ်၊
ပုဂ္ဂိုလ်အားလုံးအတွက် သမာပတ္တိဖိုလ်ဖော အကြိမ်များစွာ။
မဟာမြတ်ဖွား သက်တမ်း- အသင်္ခေယျ ၁-ကပ်။

၅။ **အကြောင်းတရား-** လောဘ, ဒေါသ။
အကိုးပါဠိ- သေသာနိ စတ္တာရိပိ ဒ္ဒိဟိ မူလေဟိ သမ္ပယုတ္တာ။
ပဝတ္တိ အကျိုးပေးရာဘုံ - ကာမဘုံ, အသညသတ်ကြဉ်သော ရူပဘုံ။

၆။ (က) ကံ- ပဋိသန္ဓေစိတ်၏ ဥပါဒ်၊
စိတ်- ပဋိသန္ဓေနောင် ပထမဘဝင်၏ ဥပါဒ်၊

http://www.dhammadownload.com

(ခ) ကံ- ခဏတိုင်း ခဏတိုင်း။ စိတ်- ဥပါဒ်၊
(ဂ) အဒ္ဓိတ္တသန္ဓာန်။

၇။ အရှိန်ဖြင့် ပြေးသွားသော ယောက်ျားသည် ရပ်လိုသောအခါ နှစ်လှမ်း သုံးလှမ်း လွန်ပြီးမှ ရပ်နိုင်သကဲ့သို့ ပဿာဒ၌ အာရုံ ထိခိုက်လတ်သော် ထိခိုက်ခြင်း၏ အာနုဘော်ကြောင့် ဘဝင် အစဉ် ပြတ်သောအခါ ဘဝင် နှစ်ကြိမ်လွှမ်းပြီး ပြတ်သည်။

၈။ စက္ခုဒသကအစရှိသော တစ်ခုတ်စ်ခုသော ကလာပ်၌ ဖြစ်ကုန်သော ရုပ်တို့ကို ကလာပ်တပါးတို့နှင့် ရောနှောခြင်းမရှိကုန်သည်၏ အဖြစ်သို့ ရောက်စေခြင်း၏အစွမ်းဖြင့် ဝါ-မရောနှောစေခြင်းအားဖြင့် ပိုင်းခြားတတ်သော ရုပ်သည် ပရိစ္ဆေဒရုပ်မည်သည်။
(တစ်နည်း) ထိုတစ်ခုတစ်ခုသော ကလာပ်၌ တည်သော ရုပ်တို့က ပိုင်းခြား အပ်သော ရုပ်သည် ပရိစ္ဆေဒရုပ်မည်၏။
(တစ်နည်း) ထိုတစ်ခုတစ်ခုသော ကလာပ်၌ တည်သော ရုပ်တို့ကို ပိုင်းခြားခြင်း သဘောမျှဖြစ်သော ရုပ်သည် ပရိစ္ဆေဒရုပ်မည်၏။

၂။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ (ကယားပြည်နယ်)
ပထမလတ်တန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ
၁၃၇၁-ခုနှစ်၊ နှောင်းတန်ခူးလဆုတ် (၅) ရက်၊ (၃-၄-၂၀၁၀) စနေနေ့

၁။ သတ္တဝါများ စုတိစိတ်ချုပ်ပြီးနောက် ထိုစုတိစိတ်၏အခြားမဲ့၌ ပဋိသန္ဓေစိတ်များ ဆက်လက်ဖြစ်ပွါးပုံကို ပြသောစုက္ကိယပါဠိကို ပါဠိရေးခဲ့ပါ။

၂။ အပွနာသို့ မရောက်စေနိုင်သော ကမ္မဋ္ဌာန်း ၁၀-ပါးတို့၏ နိမိတ်နှင့်ဘာဝနာပြုပါဠိကို အနက်ရေးခဲ့ပါ။

၃။ ဝုဋ္ဌေကိစ္စတပ်သောစိတ်ကို ဒ္ဒါရ, အာရုံ, ဝတ္ထုအားဖြင့် ဝေဖန်ပြပြီး ရူပမမ္မာန မာယူ-၌ ရူပမမ္မ- အရကို တိကျစွာ ဖော်ပြ၍ အပါယ်ဘုံသို့ မကျရောက်စေနိုင်သော အကုသိုလ်ကံကိုလည်း အာဂမယုတ္တိပြ၍ ဖော်ပြခဲ့ပါ။

http://www.dhammadownload.com

၄။ ရှင်ကိုဖြစ်စေနိုင်သော ကံတရားများကို ရေတွက်ပြပြီးလျှင်၊ သေက္ခ, အသေက္ခပုဂ္ဂိုလ်တို့နှင့်သာ သက်ဆိုင်သောဣန္ဒြေများနှင့် တရားကိုယ်တို့ကိုလည်း ယှဉ်တွဲဖော်ပြခဲ့ပါ။

၅။ ပဋ္ဌိစ္စသမုပ္ပါဒ် အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်၏ဟုဆိုခဲ့ရာ အဝိဇ္ဇာကား အဘယ်တရားတို့ကြောင့် ဖြစ်ပါသနည်း သာဓကပြ၍ ဖြေဆိုပြီးလျှင်၊ ပညတ်အပြား ၂-ပါးတို့၏ အဓိပ္ပါယ်တို့ကိုလည်း ရေးပြပါ။

၆။ ဒေါမနဿနှင့် ပဋိဃနှစ်ပါးတို့၏ ထူးခြားချက်ကို ရေး၍၊ ဝိစိကိစ္ဆာသဟဂုတ်စိတ်၌ အဓိမောက္ခ မယှဉ်ရခြင်းအကြောင်းကိုလည်း ဋီကာကျော်အလိုကျ ဖြေဆိုပြခဲ့ပါ။

၇။ ကာမာဝစရအာရုံသည် အဘယ့်ကြောင့် ပရိတ္တမည်ပါသနည်း ရေး၍၊ ဘဝင်ပါတော-အရ ဘဝင်ကျပုံ အဓိပ္ပါယ်ကိုလည်း ဋီအာဘော်ကျ ရေးခဲ့ပါ။

၈။ အဘယ်ကြောင့် ဂရုက် ခေါ်ပါသနည်း ပေါ်လွင်အောင် ဖြေဆို၍၊ ဂရုက်အရ ယူရမည့်ကံတို့ကိုလည်း ဋီကာဆရာအလိုကျ ရှင်းလင်းခဲ့ပါ။

၂။ ကယားပြည်နယ် (အဖြေ)

ပထမလတ်တန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟာသာ

၁။ (တသ္မိ နိရုဒ္ဓါဝသာနေ ။ပ။ ,ပတိဋ္ဌာတိ ဘဝန္တရေ-ကို ပါဠိကိုရေးလေ)

၂။ အဝသေသေသု စ ဒသသု ။ပ။ ဥပစာရော စ သမ္ပဇ္ဇတိ-ကို အနက်ရေးလေ။

၃။ ၆-ဒ္ဓါရ၊ အ်လုံးစုံသော အာရုံ၊ ဟဒယဝတ္ထုကို ရံခါမှီ ရံခါမမှီ။
ရူပဓမ္မ-အရ
ဝိညတ် ၂၊ လက္ခဏရုပ် ၄-ခု ကြဉ်သော ၂၂-ပါးသော ရုပ်။
(ဘူတရုပ် ၄၊ ပသာဒရုပ် ၅၊ ဂေါစရရုပ် ၄ ဘာဝရုပ် ၂၊ ဟဒယရုပ်၊ ဇီဝိတရုပ်၊ အာဟာရရုပ်၊ ပရိစ္ဆေဒရုပ်၊ ရူပသဿ လဟုတာ၊ မုဒုတာ၊ ကမ္မညတာ၊ ပေါင်း ၂၂)
အပါယ်မကျစေတတ်သော အကုသိုလ်တံ-ဥဒ္ဓစ္စစေတနာ၊

http://www.dhammadownload.com

အာဂမယုတ္တိ- ဗြဟ္မာကုသလကမ္မမုဒ္ဒစ္စရဟိတ် အပါယဘူမိယံ ပဋိသန္ဓိ ဖေနေတိ။

၄။ အကုသိုလ်က် ၁၂၊ ကာမကုသိုလ်က် ၈၊ ရူပကုသိုလ်က် ၅၊ ပေါင်း ၂၅။
ဣန္ဒြေနှင့် တရားတိုယ်-
အနညာတညာဿာမီတိန္ဒြေ- သောတာပတ္တိမဂ်ဉာဏ်၊
အညိန္ဒြေ- အထက် မဂ်ဉာဏ် ၃၊ အောက် ဖိုလ်ဉာဏ် ၃။
အညာတာဝိန္ဒြေ- အရဟတ္တဖိုလ်ဉာဏ်။

၅။ အဝိဇ္ဇာသည် အာသဝတို့ကြောင့် ဖြစ်ပါသည်။
သာဓက- အာသဝါနံ သမုပ္ပါဒါ။ အဝိဇ္ဇာ စ ပဝတ္တတိ။
ပညတ် ၂-ပါး အဓိပ္ပါယ်-
သဒ္ဒပညတ်- သိစေတတ်သော ပညတ်။
အတ္ထပညတ်- သိစေအပ်သော ပညတ်။

၆။ ဒေါမနဿသည် အနိဋ္ဌာရုံကို ခံစားခြင်းလက္ခဏာရှိသော ဝေဒနာကွန္ဓာ၌ အကျုံးဝင်သော တရားတစ်မျိုး၊ ပဋိဃသည် ကြမ်းတမ်းသော သဘောရှိသော သခ်ါရကွန္ဓာ၌ အကျုံးဝင်သော တရားတစ်မျိုး။ ဤသို့ ထူးသည်။
အဓိမောက္ခမယှဉ်ကြောင်း-
အဓိမောက္ခသည် ဆုံးဖြတ်သော အခြင်းအရာအားဖြင့် ဖြစ်ခြင်းကြောင့် နှစ်လုံးနှစ်ခု သဘောရှိသော ဝိစိကိစ္ဆာသဟဂုတ်စိတ်၌ မယှဉ်နိုင်ပါ။

၇။ ကာမာဝစရအာရုံသည် မဟဂ္ဂုတ်စသည်ကို ထောက်၍ နည်းသော အာနုဘော်ရှိသည့် အတွက် ထက်ဝန်းကျင် ပိုင်းဖြတ်ထားအပ်သော ဝတ္ထုနှင့်တူသော ပရိတ္တမည်သည်။
ဘဝင်ကျပုံ-
ဝိထိစိတ်၏ အစွမ်းဖြင့် မဖြစ်မူ၍ စိတ်သည် ဘဝင်ထဲသို့ ကျသွားသကဲ့သို့ ဘဝင်၏ အစွမ်းအားဖြင့် ဖြစ်ခြင်းသည် ဘဝင်ကျသည် မည်သည်။

၈။ အခြားကံက တားမြစ်ခြင်းငှါ မစွမ်းနိုင်လောက်အောင် ကြီးလေးသော အပြစ်ရှိသော ကြီးသော အာနုဘော်ရှိလေကြောင့် ဂရုကံ ဟု ခေါ်သည်။

http://www.dhammadownload.com

ယင်း ဂရုက်အရ- အကုသိုလ်အဖို့၌ မာတုယာတကစသော ပဌာနနှစ်ရိယက်များ၊ ကုသိုလ်အဖို့၌ မဟာဂ္ဂတ်ကံများကို ယူရမည်။

၃။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့.ခွဲ (ကရင်ပြည်နယ်)
ပထမလတ်တန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟာသာ
၁၃၇၁-ခုနှစ်၊ တန်ခူးလပြည့်ကျော် (၅) ရက်၊ (၃-၄-၂၀၁၀) စနေနေ့

၁။ နိရောဓသမာပတ် ဝင်စားပုံပြု စုဏ္ဏိယပါဠိကို ပါဠိရေးခဲ့ပါ။

၂။ သဒ္ဒပညတ်, အတ္ထပညတ်နှစ်ပါးကို သိပုံနှင့် နာမပညတ်ဖြစ်ပေါ်လာပုံပြု သင်ဟဂါထာများကို အနက်ယောဇနာခဲ့ပါ။

၃။ (က) လောဘ၊ (ခ) မာန၊ (ဂ) ဣဿာ၊ (ဃ) ထိန-စေတသိက်တို့သည် အဘယ်စိတ်တို့၌ ယှဉ်ကြပါသနည်း? အသီးသီး ဖြေဆိုပြီ၊ မနောမာတာ ၃-ခုကို ဝေဒနာ, ကိစ္စ, ဒ္ဒါရ-အားဖြင့်လည်းကောင်း။ မနောဒ္ဒါရာဝဇ္ဇန်းကို ကိစ္စ, အာရမ္မဏ-အားဖြင့်လည်းကောင်း ဝေဘန်ပြပါ။

၄။ စက္ခုဒ္ဒါရိကအတိမဟန္တာရုံဝီထိ ချပုံကို ဆိုရိုးကျဖြေဆိုပြီ၊ အသေကွာနံ့ စတုစတ္တာလီသ-၌ စတုစတ္တာလီသ အရကိုလည်း ဖော်ပြပါ။

၅။ ဝိုရှင် လောကဋ္ဌ သတ္တဝါတို့သည် နေ့စဉ်နှင့်အမျှ သေဆုံးနေကြရ၏ ဝိုရှင်လည်း သေဆုံးရဦးမည်ဖြစ်ရာ မည်သည့်အကြောင်းတရားများကြောင့် သေဆုံးနိုင်သနည်း? ဥပမာ ဆောင်ကာ မြန်မာဘာသာဖြင့် ဖြေဆိုပြီ၊ သံသေဒဇ, ဂဗ္ဘသေယျက, အသညသတ်ဗြဟ္မာတို့၏ ပဋိသန္ဓေအခါ ရသင့်သောကလာပ်စည်းတို့ကိုလည်း အသီးသီးဖြေဆိုပြပါ။

၆။ "အမုန်းသံယောဇဉ်သည် အချစ်သံယောဇဉ်ထက် ခိုင်မြဲ၏" ဟုဆိုရာ အမုန်းသံယောဇဉ်, အချစ်သံယောဇဉ်တို့၏အမည်ကို တရားကိုယ်နှင့်တကွ ယှဉ်တွဲဖော်ပြ၍ အဘိညာဉ်ငါးပါးတို့ကို ရေတွက်ပြပြီးလျှင်၊ နိရောဓသမာပတ် ဝင်စားနိုင်သောပုဂ္ဂိုလ်များကိုလည်း ဖော်ပြပါ။

http://www.dhammadownload.com

၇။ ဒွိကွတ္တ္ဍ ဘဝင်ကေ စလိတေ-၌ ဘဝင်သည် တစ်ကြိမ်သာမလှုပ်ဘဲ နှစ်ကြိမ်လှုပ်ရခြင်း အကြောင်းကို ဖြေဆိုပြီ။ ဘဝင်လှုပ်သည်ဟူရာ၌ သစ်ခက်ကို လေတိုက်၍ လှုပ်ခြင်းကဲ့သို့ မှတ်ရမည်လော? ဦးကာကျော်အလိုကျ ဖြေဆိုပြပါ။

၈။ ဆန္ဒနှင့် လောဘအထူးကို ရေး၍၊ ဟဒယဝတ္ထုရုပ်၏ ဖြစ်ရာအရပ်ကို ညွှန်ပြပြီးလျှင်၊ အသူရကာယော-၌ အသူရာအမျိုးအစားကိုလည်း ဖော်ပြပါ။

၃။ ကရင်ပြည်နယ် (အဖြေ)

ပထမလတ်တန်း ။ ၂ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

၁။ (က) နိရောဓသမာပတ္တိသမာပဇ္ဇနံ ပန ။ ပ။ နိရောဓသမာပန္နော နာမ-ကို ပါဠိရေးလေ။

၂။ (ဝစီယောသာနသာရေန-စသော ၂-ဂါထာကိုသာ အနက်ရေးလေ။)

၃။ (က) လောဘသည် လောဘမူစိတ် ၈-ခု၌ ယှဉ်သည်။
(ခ) မာနသည် ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄-ခု၌ ယှဉ်သည်။
(ဂ) ဣဿာသည် ဒေါသမူ ၂-၌ ယှဉ်သည်။
(ဃ) ထိနသည် အကုသိုလ် သသင်္ခါရိက ၅-ခု၌ ယှဉ်သည်။
ဝေဒနာ, ကိစ္စ, ဒ္ဒါရ-
မနောဓာတ် ၃-ခုသည် ဥပေက္ခာဝေဒနာ၊ ပဉ္စဒ္ဒါရာဝဇ္ဇန်းသည် အာဝဇ္ဇန်း ၁-ကိစ္စ၊ သမ္ပဋိစ္ဆိန်း ၂-သည် သမ္ပဋိစ္ဆန ၁-ကိစ္စ၊ မနောဓာတ် ၃-ခုလုံးသည် ၅-ဒ္ဒါရ။ မနောဒ္ဒါရာဝဇ္ဇန်းသည် ဝေါဋ္ဌပ္ပနအာဝဇ္ဇနအားဖြင့် ၂-ကိစ္စ၊ အလုံးစုံသော အာရုံ။

၄။ ရူပါရုံသည် စက္ခုဒ္ဒါရ၌ ထင်လာသောအခါ အတီတဘဝင် ၁-ကြိမ်လွန်ပြီးနောက် ဘဝင်စလန, ဘဝင်ုပစ္ဆေဒ, ပဉ္စဒ္ဒါရာဝဇ္ဇန်း, စက္ခုဝိညာဏ်, သမ္ပဋိစ္ဆိန်း, သန္တီရဏ, ဝုဋ္ဌော, ဇော ၇-ကြိမ်, တဒါရုံ ၂-ကြိမ် ဖြစ်ပြီး ချုပ်သည်။
စတုစတ္တာလီသ-
အဟိတ်စိတ် ၁၈၊ မဟာဝိပါက် ၈၊ မဟာကြိယာ ၈၊ မဟဂ္ဂုတ်ကြိယာ ၉၊ အရဟတ္တဖိုလ် ၁၊ ပေါင်း ၄၄။

http://www.dhammadownload.com

၅။ မီးစာ ကုန်၍ သေခြင်းကဲ့သို့ အသက်တမ်းကုန်ခြင်းကြောင့် သေခြင်း။
ဆီခန်း၍ သေခြင်းကဲ့သို့ ကံကုန်ခြင်းကြောင့် သေခြင်း။
မီးစာကုန်, ဆီခန်း၍ သေခြင်းကဲ့သို့ အသက်, ကံ နှစ်ပါးကုန်ခြင်းကြောင့် သေခြင်း။
လေတိုက်ခြင်းစသည်ကြောင့် သေခြင်းကဲ့သို့ ကံဆိုး ဖြတ်ချေးခြင်းကြောင့် လတ်တလော သေခြင်း။

ပဋ္ဌိသန္ဓေအခါ ရသော ကလာပ်စည်း-

သံသေဒဇ- စက္ခု, သောတ, ဃာန, ဇိဝှာ, ကာယ, ဘာဝ, ဝတ္ထုအားဖြင့် ၇-စည်း။
ဂဗ္ဘသေယျက- ကာယ, ဘာဝ, ဝတ္ထု အားဖြင့် ၃-စည်း။
အသညသတ်- ဇီဝိတနဝကကလာပ် ၁-စည်း။

၆။ အမှန်းသံယောဇဉ်- ပဋ္ဌိယ၊ ဒေါသ။ (ကာသာ, မစ္ဆရိယ)
အချစ်သံယောဇဉ်- ကာမရာဂ, ဘဝရာဂ၊ လောဘ။

အဘိညာဉ် ၅-ပါး-

ဣဒ္ဓိဝိဓ၊ ဒိဗ္ဗသောတ၊ ပရစိတ္တဝိဇာနန၊ ပုဗ္ဗေနိဝါသာနုဿတိ၊ ဒိဗ္ဗစက္ခု။

၇။ ပသာဒတို့၌ သင့်လျော်သော အရပ်၌ ပိုင်းခြား၍ တည်ခြင်း၏ အစွမ်းသတ္တိဖြင့် အာရုံထိခိုက်လတ်သော် ပသာဒ၌ ထိခိုက်ခြင်း၏ အစွမ်းသတ္တိကြောင့် ဘဝင်အစဉ်သည် ပြတ်စဲလတ်သော် ထိခိုက်လျှင် ထိခိုက်ချင်း မပြတ်မူ၍ လျင်သောအဟုန်ဖြင့် ပြေးသော ယောက်ျားသည် ရပ်လိုလတ်သော် ခြေတစ်လှမ်းနှစ်လှမ်း လွန်ပြီးမှသာ ရပ်နိုင်သကဲ့သို့ နှစ်ကြိမ် ဖြစ်ပြီးမှသာ ပြတ်ရသည်။
ဘဝင်လှုပ်- မတူသော ဝိညာဉ်ဖြစ်အကြောင်းအစွမ်းအားဖြင့် ဘဝင်အစဉ်ကို လှုပ်ရှားစေသကဲ့သို့ ဖြစ်ခြင်းသည် ဘဝင်လှုပ်သည်မည်သည်။ (လေတိုက်၍ လှုပ်သွားသကဲ့သို့ လှုပ်ခြင်းမျိုးမဟုတ်)

၈။ စိတ်၏ အာရုံပြုလိုကာမျှ ဖြစ်ခြင်းသည် ဆန္ဒ၊ အာရုံ၌ အလွန်တပ်မက်ခြင်းသည် လောဘ၊ ဤသို့ ထူးသည်။

ဟဒယဝတ္ထု ဖြစ်ရာ-

ဟဒယဝတ္ထုသည် နှလုံးအိမ်အတွင်း တစ်လ၀ ဖက်၏ ထက်ဝက်မျှလောက်သော သွေးကို မှီ၍ တည်သည်။

http://www.dhammadownload.com

အသူရာ အမျိုးအစား- ပြိတ္တာအသူရာ, နတ်အသူရာ။

၄။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ (ချင်းပြည်နယ်)
ပထမလတ်တန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ
၁၃၇၁-ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် (၅) ရက်၊ (၃-၄-၂၀၁၀) စနေနေ့

၁။ ပစ္စည်းပိုင်း နာမ်သည် ရုပ်အား တစ်ပစ္စည်းတည်ပုံပြု သင်္ဂဟစုဏ္ဏယပါဠိကို မှန်ကန်စွာ ပါဠိရေးပြပါ။

၂။ စုတေခါနီးကာလ ကမ္မနိမိတ်ထင်ပုံပြု သင်္ဂဟစုဏ္ဏယပါဠိကို အနက်ယောဇနာပြပါ။

၃။ ဥပေက္ခာအသောဘနစိတ်များကို သချီးမျှလောက်သာ ဖြေဆိုပြု၍ ဇလာကုတ္တရာစိတ် အကျယ် ၄၀-ပါးတို့တွင် သုခနှင့်ယှဉ်သောစိတ်များကိုလည်း သချီးမျှသာ ရေးသား ဖြေဆိုပြပါ။

၄။ စျာန်မရ ကာမတိဟိတ်ပုထုဇဉ် လူသားတစ်ယောက်၏သန္တာန်၌ ဖြစ်နိုင်ခွင့်ရှိသော ကုသိုလ်တို့ကို မှန်ကန်စွာ ရေတွက်ပြု၍၊ ယင်းစျာန်မရ ကာမတိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ် ကွယ်လွန်ပါက ရောက်နိုင်ခွင့်ရှိသော ဘုံဘုံနတို့ကိုလည်း မှန်ကန်စွာ ဖြေဆိုပြပါ။

၅။ ဥတုက ရုပ်ကိုဖြစ်စေရာ၌ ဖြစ်စေပုံ ဖြစ်စေနည်းကို ကျမ်းရင်းလာအတိုင်း မှန်ကန်စွာ ဖြေဆိုပြပါ။

၆။ မဟာဝိပါက်စိတ်ထဲ၌ အပွမညာစေတသိက် မယှဉ်နိုင်ခြင်း၏ အကြောင်းများကို ဋီကာ ကျော်အာဘော်ကျ ဖြေဆိုပြပါ။

၇။ ဝိဘူတာဝိဘူတာဘေဒေါ နတ္ထိ-ဟူသောစကားအရ မနောဒ္ဓါရ အပွနာဇောဝါရ၌ ဝိဘူတာ ရုံဝိထိ တစ်မျိုးတည်းသာ ရှိရခြင်း၏ အကြောင်းရင်းကို မှန်ကန်စွာ ဖြေဆိုပြပါ။

၈။ ဩမကကုသိုလ်ကံ-၏ သဘောအဓိပ္ပါယ်ကို ဋီကာရှင် အမြင်အရ တင်ဆက်ပြပါ။

http://www.dhammadownload.com

၄။ ချင်းပြည်နယ် (အဖြေ)

ပထမလတ်တန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

၁။ (ပစ္စာဇာတာ စိတ္တစေတသိကာ-စသော ပါဠိကို ရေးလေ)

၂။ (တထာ စ မရန္တာနံ ပန။ ပ။ အညတရသ္မိံ ပစ္စုပ္ပဋ္ဌာတိ-ကို အနက်ရေးလေ)

၃။ ဥပေက္ခာ အသောဘနစိတ် ၂၀။
သုခနင့် ယှဉ်သော လောကုတ္တရာစိတ် ၃၂။

၄။ မဟာကုသိုလ်စိတ် ၈။
ရောက်နိုင်သော ဘုံ- ကာမ ၁၁-ဘုံ။

၅။ သီတဥတု, ဥဏှဥတု ဟု ဆိုအပ်သော တေဇောဓာတ်သည် ဥတုဇရုပ်ကို ဌီသို့ ရောက်သည်ဖြစ်၍ သာလျှင် အဖျူတ္တသန္တာန်, ဗဟိဒ္ဓသန္တာန်၌ ထိုက်သင့်သလို ဖြစ်စေသည်။

၆။ မဟာဝိပါက်တို့သည် ကာမကို ဇောန်အာရုံပြုသည်၊ အပွမညာတို့သည် သတ္တဝါပညတ်ကို ဇောန်အာရုံပြုသည်၊ ဤသို့ အာရုံကွဲပြားသောကြောင့် မဟာဝိပါက်စိတ်၌ အပွမညာ မယှဉ်ပါ။

၇။ အပွနာဇောများသည် ကသိုဏ်းစသော အာရုံထင်ရှားရာအခါ၌သာ ဖြစ်သင့်သော ကြောင့် ဝိဘူတာရုံဝီထိ တစ်မျိုးသာ ရှိရသည်။

၈။ ကံပြုစဉ်အခါ အကုသိုလ်ကံ ခြံရံအပ်သော ကုသိုလ်ကံသည်လည်းကောင်း နောက်ကာလ၌ "ငါသည် မကောင်းသဖြင့် ပြုအပ်လေပြီ" ဟု ဝိပွဋိသာရဖြစ်စေသောအားဖြင့် ပွါးများအပ် သော ကုသိုလ်ကံသည်လည်းကောင်း သြမကကုသိုလ်ကံမည်သည်။

http://www.dhammadownload.com

၅။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ (စစ်ကိုင်းတိုင်း)
ပထမလတ်တန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ
၁၃၇၁-ခုနှစ်၊ တန်ခူးလဆန်း (၁၀) ရက်၊ (၂၄-၃-၂၀၁၀) ဗုဒ္ဓဟူးနေ့

၁။ ကံ, စိတ်, ဥတု, အာဟာရ-ဟုဆိုအပ်သော ရုပ်ဖြစ်ကြောင်းတရား ၄-ပါးရှိရာတွင် ယင်း ၄-ပါးစုံကြောင့်ဖြစ်သော ရုပ်တို့ကိုပြဆိုသော သင်္ဂဟစုဏ္ဏယပါဠိကို မှန်ကန်စွာရေးခဲ့ပါ။

၂။ အာရမ္မဏူပနိဿယပစ္စည်း၏ ပစ္စည်း ပစ္စယုပ္ပန် ပြသင်္ဂဟစုဏ္ဏယပါဠိကို မှန်ကန်စွာ အနက်ယောဇနာခဲ့ပါ။

၃။ နိယတယောဂီစေတသိက်တို့ကို တိကျစွာကောက်ပြ၍ စိတ်ချင်းကွဲပြားထူးခြားအောင် ပြုတတ်သော စေတသိက်တို့ကိုလည်း ရေတွက်ပြခဲ့ပါ။

၄။ ဆဓာ နာမ် တု နာမသ-စသောဂါထာတို့၌ပါသော ဆဓာ-အရ၊ ဆဗ္ဗိဓာ-အရတို့ကို ကွဲပြားအောင် ကောက်ပြခဲ့ပါ။

၅။ (က) သေသာနိ စတ္တာရိပိ ဒ္ဒိဟိ မူလေဟိ သမ္ပယုတ္တာ-ဝယ် သေသာနိ၌ သေသအရ, သေသ အပါဒါန်အရ၊ (ခ) သေသာနိ ပန သဗ္ဗာနိပိ ကမ္မဋ္ဌာနာနိ သဗ္ဗေသမ္ပိ သပ္ပါယာနိ-ဝယ် သေသာနိ၌ သေသအရ၊ သေသအပါဒါန်အရတို့ကို အသီးသီးကောက်ပြခဲ့ပါ။

၆။ နိဗ္ဗာန်ပညတ်တို့သည် အဘယ်ကြောင့် ကာလဝိမုတ်မည်ပါသနည်း? ဋီကာကျော်ဆရာ အလိုကျ ဖြေဆိုခဲ့ပါ။

၇။ တာနိ ပန သတ္တရသ စိတ္တာဇာဏာနိ ရူပဓမ္မာနမာယူ-ဟူသောပါဠိ၌ ရူပဓမ္မာအရ အဘယ် ရုပ်တရားတို့ကို ယူရပါမည်နည်း? ရုပ်အားလုံးကို ယူရပါမည်လော? ဋီကာကျော်လာ အတိုင်း ထုတ်ပြခဲ့ပါ။

၈။ မုသာဝါဒေါ၌ မုသာနှင့် ဝါဒတို့၏ ထူးခြားပုံနှင့်၊ မိဘ ဆရာသမားတို့သည် သားသမီး တပည့်တို့ကို ဆဲဆိုရာ၌ ဖရာသဝါစာဖြစ်/မဖြစ်ကိုလည်း ဋီကာကျော်လာအတိုင်း ဖြေဆိုခဲ့ပါ။

http://www.dhammadownload.com

၅။ စစ်ကိုင်းတိုင်း (အဖြေ)

ပထမလတ်တန်း ။ ။ အဘိဓမ္မသင်္ဂဟဘာသာ

၁။ အဝိနိဗ္ဘောဂရှုပါနိ စေဝ အာကာသဓာတု စ စတ္ဘိ သမ္ဘူတာနိ။

၂။ (တတ္ထ အာရမ္မဏမေဝ ဂရုကတံ အာရမ္မဏူပနိဿယော-ကို အနက်ရေးလေ။)

၃။ ဣသာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိရတီ ၃, အပ္ပမညာ ၂, မာန, ထိန, မိဒ္ဓ ပေါင်း ၁၁။
ကွဲပြားအောင်ပြုသော စေတသိက်-
ဝိတက်, ဝိစာရ, ပီတိ, သုခ, ကရုဏာ, မုဒိတာ, ဝိရတီ ၃, ဉာဏ် ပေါင်း ၁၀။

၄။ ဆဓာ- အနန္တရ, သမနန္တရ, နတ္ထိ, ဝိဂတ, အာသေဝန, သမ္ပယုတ္တ။
ဆဒ္ဒိဓာ- နာမ်သည် နာမ်အား ၁၊
နာမ်သည် နာမ်ရုပ်အား ၁၊
နာမ်သည် ရုပ်အား ၁၊
ရုပ်သည် နာမ်အား ၁၊
ပညတ်, နာမ်ရုပ်သည် နာမ်အား ၁၊
နာမ်ရုပ် ၂-ပါးသည် နာမ်ရုပ် ၂-ပါး အား ၁၊ ပေါင်း ၆-ပါး။

၅။ (က) သေသအရ- အဒိန္နာဒါန, မုသာဝါဒ, ဝိသုဏာဝါစာ, သမ္ဘပ္ပလာပ။
သေသအပါဒါန်- ပါဏာတိပါတ, ဖရုသဝါစာ, ဗျာပါဒ, ကာမေသုမိစ္ဆာစာရ, အဘိဇ္ဈာ, မိစ္ဆာဒိဋ္ဌိ။
(ခ) သေသအရ- ပထဝီ, အာပေါ, တေဇော, ဝါယော ၄-ပါး၊ အာကာသ, အာလောက အားဖြင့် ကသိုဏ်း ၆-ပါး။ အာရုပ္ပ ၄-ပါး၊ ပေါင်း ၁၀-ပါး။
သေသအပါဒါန်- အသုဘ ၁၀-ပါး။ ကာယဂတာသတိ၊ အပ္ပမညာ ၄-ပါး။ နီလ စသော အရောင် ကသိုဏ်း ၄-ပါး၊ အာနာပါန၊ ဗုဒ္ဓါနုဿတိစသော အနုဿတိ ၆-ပါး။ မရဏာနုဿတိ၊ ဥပသမာနုဿတိ၊ သညာဝဝတ္ထာန်၊ ပေါင်း ၃၀။

http://www.dhammadownload.com

၆။ ပျက်စီးခြင်းသဘောမရှိသည့်အတွက် အတိတ်စသော ကာလအစွမ်းဖြင့် မဆိုထိုက်သောကြောင့် နိဗ္ဗာန်နှင့် ပညတ်သည် ကာလဝိမုတ်မည်သည်။

၇။ ဝိညတ်ဒွေးသည် စိတ္တကွဏ ၁-ချက် သက်တမ်းရှိသည်၊ ဥပစယ, သန္တတိ ဟူသော ဏတိရုပ်သည် စိတ်၏ ဥပါဒ်ခဏမျှသာ သက်တမ်းရှိသည်၊ အနိစ္စတာသည် စိတ်၏ ဘင်ခဏမျှသာ သက်တမ်းရှိသည်၊ ဇရတာသည် ခဏငယ် ၄၉-ချက်ခန့် သက်တမ်းရှိသည်၊ ထိုသို့ ဝိညတ် ဒွေးနှင့် လက္ခဏရုပ် ၄-ခုတို့ စိတ္တကွဏ ၁၇-ချက် သက်တမ်းမပြည့်သောကြောင့် ဝိညတ်ဒွေး လက္ခဏရုပ် ၄-ခုမှ ကြွင်းသော ရုပ် ၂၂-ခုတို့ကိုသာ ရူပဓမ္မာ အရ ယူရမည်။

၈။ မဟုတ်မမှန်သော ဝတ္ထုသည် မုသာ၊
ထိုမဟုတ်မမှန်သော ဝတ္ထုကို အမှန်အားဖြင့် ပြောဆိုကြောင်းစေတနာသည် မုသာဝါဒ။ မိဘ ဆရာသမားတို့ သားသမီး တပည့်တို့ကို ဆဲဆိုရာ၌ စကားလုံးကြမ်းသော်လည်း စိတ်ကြမ်းတမ်းမှုမရှိ သိမ်မွေ့နူးညံ့သောကြောင့် ဖရုသဝါစာမဖြစ်ပါ။

၆။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ (တနင်္သာရီတိုင်း)
ပထမလတ်တန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ
၁၃၇၁-ခုနှစ်၊ တန်ခူးလပြည့်ကျော် (၅) ရက်၊ (၃-၄-၂၀၁၀) စနေနေ့

၁။ တစ်ဘဝ၌ တူမြဲတရားသုံးပါးရှိသည်ဟုဆိုရာ ယင်းစကားကို အမြဲမယူသင့်ကြောင်းပြဆိုသော သင်္ဂဟပါဠိကို မှန်ကန်စွာ ရေးခဲ့ပါ။

၂။ ကမ္မပစ္စည်း နှစ်မျိုးကိုပြဆိုသော သင်္ဂဟစကားရပ်ကို ပစ္စည်း, ပစ္စယုပ္ပန်, ပစ္စယသတ္တိ ပေါ်လွင်စေလျက် အနက်ပေးပြခဲ့ပါ။

၃။ အနိယတယောဂီဖြစ်ပါလျက် နိယတယောဂီဖြစ်နိုင်ခွင့်ရှိသော စေတသိက်တို့ကို ဖော်ပြ၍ ယင်းစေတသိက်တို့သည် မည်သည့်စိတ်၌ မည်သို့ယှဉ်ပါသနည်း သာဓကပြဖြေဆိုပါ။

http://www.dhammadownload.com

၄။ ဖောမဟုတ်ဘဲ ဖောအလုပ်ကိုလုပ်သောစိတ်ကို ဖော်ပြ၍၊ ယင်းစိတ်ကို ဝေဒနာဒီဆက္ကဖြင့် ဝေဖန်ပြခဲ့ပါ။

၅။ စတုန္ဒ ပါရာန် ယထာတ္တမံ အာရမ္ဘဏာဘူတာ ဝိသယပ္ပဝတ္တိ-၌ ယထာတ္တမဖြစ်ပုံကို ဖော်ပြ၍ ဥပစာရသမာဓိဖော အမည်ရသောစိတ်ကိုလည်း ဖော်ပြခဲ့ပါ။

၆။ ပဌမဈာန်ပုဂ္ဂိုလ်များ၏ လားရောက်ရာဘုံတို့ကို ပါဠိထောက်ဖြေဆိုရ၍ ရှင်ကြောင့်ဖြစ်သော ရှင်တို့ကိုလည်း ဖော်ပြခဲ့ပါ။

၇။ မေးခွန်းလွှာကို တွေ့မြင်ရာ၌ ဌာရင်တို့သည် အဘယ်စိတ်ဖြင့် ပြုံးနေပါသနည်း ဖြေဆိုရ၍ လောကီအပွနာဝိထိ မည်မျှရှိသည်ကိုလည်း ရေတွက်ပြခဲ့ပါ။

၈။ မရဏာသန္နဝိထိ၌ မရဏာသန္နဖောသည် အဘယ်ကြောင့် အားနည်းစွာဖြစ်ကြပါသနည်း ဖြေဆိုရ၍၊ ယင်းမရဏာသန္နဝိထိ သရုပ်ကိုလည်း ထုတ်ပြခဲ့ပါ။

၆။ တနသ်ာရီတိုင်း (အဖြေ)

ပထမလတ်တန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

၁။ (တသ္မာ ယဒိ သောမနဿပဋိသန္ဓိကဿ ။ပ။ ဂုဒ္ဓိ အာစရိယာ။)

၂။ သဟဇာတာ-တက္ကဖြစ်သော၊ စေတနာ- စိတ်တခုယုတ် ၉၀-၌ရှိသော စေတနာ တခုယုတ် ၉၀-သည်၊ သဟဇာတာနံ-တက္ကဖြစ်ကုန်သော၊ နာမရူပါနံ- စိတ်တခုယုတ် ၉၀-စေတနာကြဉ်သော စေတသိက် ဓာတုပညာသ, စိတ္တဇရူပ်, ပဋိသန္ဓေကမ္မဇရူပ်တို့အား။ ကမ္မဝသေန-သဟဇာတကမ္မသတ္တိဖြင့်၊ ပစ္စယော ဥပကာရကော-ကျေးဇူးပြုတတ်သည်၊ ဟောတိ-ဖြစ်၏။ နာနာက္ခဏိကာ-အုထူးထူးသောကာလ၌တည်သော၊ စေတနာ-အတိတ်ဖြစ်သော ကုသိုလ်, အကုသိုလ်စေတနာ ၃၃-ခုသည်၊ ကမ္မာဘိနိဗ္ဗတ္တာနံ-ကံဟုဆိုအပ်သော မိမိကြောင့်ဖြစ်ကုန်သော၊ နာမရူပါနံ-ဝိပါက်ဆတ္တိသ နာမက္ခန္ဓာ ပဋိသန္ဓေကမ္မဇရူပ် အညသတ်ကမ္မဇရူပ် ပဝတ္တိကမ္မဇရူပ်တို့အား။ ကမ္မဝသေန-နာနာက္ခဏိကကမ္မသတ္တိဖြင့်၊ ပစ္စယော ဥပကာရကော-ကျေးဇူးပြုတတ်သည်၊ ဟောတိ-ဖြစ်၏။

http://www.dhammadownload.com

၃။ ဝိရတိစေတသိက် ၃-ခု။
ယင်းစေတသိက်တို့သည် လောကုတ္တရာစိတ် ၈-ခုဌ အမြဲတမ်း တပ်ပြိုင်နက်ယှဉ်သည်။
သာဓက- ဝိရတိယော ပန တိသော်ပိ လောကုတ္တရစိတ္တေသု သမ္မထာပိ နိယတာ ဧကတော်ဝ လဗ္ဘန္တိ။
မဟာကုသိုလ်စိတ် ၈-ခုဌ ရံခါ သီးခြားစီယှဉ်သည်။
သာဓက- လောကိယေသု ပန ကာမာ၀စရကုသလေသ္မေ၀ ကဒါစိ သန္ဓိသန္ဓိ ဝိသုံ ဝိသုံ။

၄။ မနောဒ္ဒါရာ၀ဇ္ဇန်းစိတ်။
ဥပေက္ခာ၀েদনာ၊ အတိတ်၊ ဝုဋ္ဌောနင့် အာ၀ဇ္ဇန်း ၂-ကိစ္စ၊ ၆-ဒ္ဒါရ၊ အလုံးစုံအာရုံ၊ ဟဒယ ဝတ္ထုကို ရံခါမှီ ရံခါမမှီ။

၅။ တဒါရမ္မဏ၀ါရ- အတိမဟန္တာရုံ၀ိထိ၊
ဇ၀နဝါရ- မဟန္တာရုံ၀ိထိ၊
ဝေါဋ္ဌဗ္ဗနဝါရ- ပရိတ္တာရုံ၀ိထိ၊
မောဃဝါရ- အတိပရိတ္တာရုံ၀ိထိ။
ဥပစာရသမာဓိဇော-
မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ် ၄-ခု၊ မဟာကြိယာ ဉာဏသမ္ပယုတ်စိတ် ၄-ခု။

၆။ ဝေဟပ္ပါ(လ်ဘုံ, အသညသတ်ဘုံ, သုဒ္ဓါ၀ါသဘုံ။
အထောက်- ပဌမဈာန် ဘာ၀ေတွာ ဝေဟပ္ပလေသု၊ တဒေ၀ သညာ၀ိရာဂံ ဘာ၀ေတွာ အသညသတ္တေသု၊ အနာဂါမိနော ပန သုဒ္ဓါ၀ါသေသု ဥပ္ပဇ္ဇန္တိ။
ရူပ်ကြောင့်ဖြစ်သော ရူပ်- ဥတုဇရူပ်, အာဟာရဇရူပ်။

၇။ မဟာကုသိုလ်သောမနဿ ၄-ခုဖြင့် ပြုံးသည်။
မှတ်ချက်- သမ္မာဆန္ဒ အခြေခံ၍ မြင်သည်ကို ရည်ရွယ်သည်။
လောကီအပွနာ၀ိထိ- အာဒိကမ္မိကစျာနဝိထိ၊ စျာနသမာပတ္တိ၀ိထိ၊ အဘိညာ၀ိထိ။
မှတ်ချက်- နိရောဓသမာပတ်၏ ရှေးဖြစ်သော စျာန်၀ိထိများလည်း ရနိုင်သည်။

၈။ မှီရာ ဟဒယ၀တ္ထုရူပ်အားနည်းသောကြောင့် အားနည်းစွာ ဖြစ်ရသည်။

http://www.dhammadownload.com

သရုပ်-

ဖောနောင် စုတိကျသော ဝိထိ၊ ဖော, ဘဝင်နောင် စုတိကျသော ဝိထိ၊ တဒါရုံနောင် စုတိကျသော ဝိထိ၊ တဒါရုံ, ဘဝင်နောင် စုတိကျသော ဝိထိ။

၇။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ (ပဲခူးတိုင်း/အနောက်ပိုင်း) ပထမလတ်တန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

၁၃၇၁-ခုနှစ်၊ နှောင်းတန်ခူးလဆန်း (၁၀) ရက်၊ (၂၄-၃-၂၀၁၀) ဗုဒ္ဓဟူးနေ့

၁။ အာရုံကိုသိတတ်သောစိတ်အစဉ်ပြတ်ခိုက် ၎င်းစိတ်အစဉ် လုံးဝပြတ်မသွားစေရန် ဆက်စပ်ပေးနေသော ဘဝင်စိတ်ဖြစ်ပုံပြ သင်္ဂဟပါဠိကို ပါဠိရေးပါ။

၂။ ပုထုဇဉ်အနွယ်ကိုဖြတ်၍ အရိယာအနွယ်ကိုဖြစ်စေသောစိတ်ကိုပြ သင်္ဂဟပါဠိနှင့်၊ ပဋ္ဌိပတ်အရသာကို ခံစားလိုလျှင် ဘာဝနာနှစ်ရပ်အားထုတ်အပ်၏ဟု ညွှန်ပြသောသင်္ဂဟဂါထာကို အနက်ပေးပါ။

၃။ စိတ်စေတသိက်တို့သည် စာဖြေသူ၏သန္တာန်ခန္ဓာအိမ်သို့ မည်သည့်တံခါးပေါက်မှ ဝင်ရောက်လာကြပါသနည်း ဖြေဆိုရ၍ ဝင်ရောက်ရာ တံခါးပေါက်များ၏အမည်နှင့်၊ ယင်းတံခါးပေါက်များမှ မဝင်ရောက်နိုင်သောစိတ်တို့ကိုလည်း ညွှန်ပြပါ။

၄။ လူသားတစ်ဦး ပဋ္ဌာရုံအားလျော်စွာဖြစ်သော ဝိထိစိတ်, ဘဝင်စိတ်တို့ဖြစ်ပုံကို ခွဲခြားပြ၍၊ စာဖြေသူ၏ မနောဒ္ဒါရ ကာမဇောဝါရ၌ ထင်ရှားသောအာရုံတစ်ခု ထင်မြင်လာသောအခါ ဖြစ်ပေါ်လာသောစိတ်အစဉ်ကိုလည်း ရေးသားဖြေဆိုပါ။

၅။ နောက်ဘဝသစ်ကို ဖြစ်ပေါ်လာအောင် တည်ဆောက်နိုင်စွမ်းရှိသော အကြောင်းကံတို့ကို ဖော်ပြပြီးလျှင်၊ နောင်ဘဝတွင် ထိုကံက မည်သည့်အချိန်မှစ၍ မည်သည့်ရုပ်တရားတို့ကို ဖြစ်စေနိုင်သည်ကိုလည်း ဖြေဆိုပါ။

၆။ အဘယ့်ကြောင့် ပုထုဇဉ် သေကွတို့သန္တာန်၌ ဖောအပြန်ဖြစ်ရသည်ကို ဖြေဆိုရ၍၊ ဖောအပြန်ဖြစ်ပုံကိုလည်း ဦးကာဆရာအလိုကျ ဖြေဆိုပါ။

http://www.dhammadownload.com

၇။ ချစ်ခြင်းမုန်းခြင်းမရှိ စင်ကြယ်သောနေခြင်းရှိသော ပုဂ္ဂိုလ်များကို ဖောပြ၍၊ ယင်းပုဂ္ဂိုလ်များအတွက်သာ အထူးသီးသန့်ပေးထားသော ဘုံဗျာနင်းမျိုးတို့၏ အဓိပ္ပါယ်ကိုလည်း ဦးကာလာအတိုင်း ရေးပါ။

၈။ "စိတ်ထောင်းကိုယ်ကြေ၊ စိတ်ပျိုးကိုယ်နု" ဆိုစကားအရ စိတ်သည် ရူပကာယကို ဖန်တီးစီရင်ရာတွင် ပါဝင်ခွင့်မရသောစိတ်တို့ကို အကြောင်းသွင်း၍ ဦးကာလာအတိုင်း ရှင်းလင်းဖြေဆိုပါ။

၇။ ပဲခူးတိုင်း/အနောက် (အဖြေ)

ပထမလတ်တန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

၁။ (ဣန္ဒြေစုံ ဂဟိတပဋိသန္ဓိကာနံ–စသော ပါဠိကို ရေးလေ)

၂။ (တတော ပရံ ဂေါ်တြဘုစိတ္တံ–စသော ပါဠိနှင့်၊ ဘာဝေတမ္ဗံ ပနိဒ္ဓေဝံ–စသော ဂါထာကို အနက်ရေးလေ)

၃။ စက္ခုဒ္ဒါရ, သောတဒ္ဒါရ, ঘာနဒ္ဒါရ, ဇိဝှါဒ္ဒါရ, ကာယဒ္ဒါရ, မနောဒ္ဒါရ အားဖြင့် ၆–ဒ္ဒါရ။
မဝင်ရောက်နိုင်သော စိတ်– မဟဂ္ဂုတ်ဝိပါက် ၉။

၄။ အတီဘဝင် ၁–ချက် လွန်သော အတိမဟန္တပဌာရုံ၌ တဒါရုံတိုင်အောင် ဝီထိစိတ်ဖြစ်ပြီးမှ ဘဝင်ကျသည်။
အတီဘဝင် ၂/၃–ချက် လွန်သော မဟန္တပဌာရုံ၌ ဇောတိုင်အောင် ဝီထိစိတ်ဖြစ်ပြီးမှ ဘဝင်ကျသည်။
အတီတဘဝင် ၄–မှ ၉–ကြိမ်တိုင်အောင် လွန်သော ပရိတ္တပဌာရုံ၌ ဝုဋ္ဌောတိုင်အောင် ဝီထိစိတ်ဖြစ်ပြီးမှ ဘဝင်ကျသည်။
အတီတဘဝင် ၁၀–မှ ၁၅–ကြိမ်အထိ လွန်သော အတိပရိတ္တပဌာရုံ၌ ဝီထိစိတ်မဖြစ်ဘဲ ဘဝင်ကျသည်။
(မှတ်ချက်– ပုစ္ဆကမ်း အာဘော်ကို မမှန်းဆနိုင်၊ သင့်လျော်သလို ဖြေထားသည်)

http://www.dhammadownload.com

စိတ်အစဉ်-

ဘဝင်စလန၊ ဘဝဂုံပစ္ဆေဒ၊ မနောဒ္ဓါရာဝဇ္ဇန်။ ဖော ၇-ကြိမ်၊ တဒါရုံ ၂-ကြိမ်၊ ထို့နောင် ဘဝင်။

၅။ အဝိဇ္ဇာနုသယခြုံရံအပ်သော တဏှာနုသယအရင်းခံရှိသော ကုသိုလ်က် အကုသိုလ်က်။

ဖြစ်စေနိုင်ပုံ-

ထိုက်ကဲ့ ပဋိသန္ဓေစိတ်၏ ဥပါဒ်မှ စ၍ ကမ္မဇရုပ်တို့ကို အဖျတ္တသန္တာန်၌ ခဏတိုင်း ခဏတိုင်း ဖြစ်စေသည်။

၆။ ကုသိုလ် အကုသိုလ်ဖောတို့သည် ဝိပလ္လာသမကင်းသေးသော ပုထုဇဉ် သေက္ခတို့ သန္တာန်၌ ဖြစ်သောကြောင့် ဖောအပြန်ဖြစ်ရသည်။

ဖောအပြန်ဖြစ်ပုံ-

အတိတ္တဒ္ဒာရုံဖြစ်သော်လည်း တ္တဋ္ဌမဖျတ္တအခြင်းအရာ, အနိဋ္ဌအခြင်းအရာအားဖြင့်လည်းကောင်း။ အနိဋ္ဌာရုံ၌လည်း တ္တဋ္ဌ, တ္တဋ္ဌမဖျတ္တအခြင်းအရာအားဖြင့်လည်းကောင်း ယူသည်ကို ဖောအပြန်ဖြစ်သည်ဟု ဆိုသည်။

၇။ သုဒ္ဓါဝါသဘုံ၌ နေကြသော အနာဂါမ် ရဟန္တာ ပုဂ္ဂိုလ်များ။

အဝိဟာ- အနည်းငယ်သော ကာလဖြင့် မိမိဘုံဌာနကို မစွန့်တတ်သူတို့ နေရာဖြစ်သောကြောင့် အဝိဟာ-မည်သည်။

အတပ္ပါ- တစ်စုံတစ်ခုသော အကြောင်းကြောင့် မပူတတ်သူတို့ နေရာဖြစ်သောကြောင့် အတပ္ပါ-မည်သည်။

သုဒဿာ- အလွန်ကောင်းသော ရုပ်အဆင်းရှိသည့်အတွက် ချမ်းသာသဖြင့် ရှုမြင်အပ်သောသူတို့ နေရာဖြစ်သောကြောင့် သုဒဿာ-မည်သည်။

သုဒဿီ- အလွန်စင်ကြယ်သော မြင်ခြင်းရှိကုန်သည့်အတွက် ချမ်းသာသဖြင့် မြင်တတ်သူတို့ နေရာဖြစ်သောကြောင့် သုဒဿီ- မည်သည်။

အကနိဋ္ဌာ- ကောင်းမြတ်သော စည်းစိမ်ရှိသည့်အတွက် သိမ်ငယ်မှု မရှိသောသူတို့ နေရာဖြစ်သောကြောင့် အကနိဋ္ဌာ-မည်သည်။

http://www.dhammadownload.com

၈။ ရူပဝိရာဂဘာဝနာကြောင့် ဖြစ်ရသည့်အတွက် အကြောင်းဖြစ်သော အရူပဈာန်သည် ရုပ်နှင့် ဆန့်ကျင်ဘက်ဖြစ်သောကြောင့်လည်းကောင်း။ ရုပ်ဖြစ်ရာ အရပ်မဟုတ်သော ကြောင့်လည်းကောင်း အရူပဝိပါက် ၄-ခုသည် ရုပ်ကို မဖြစ်စေနိုင်။
ရုပ်ကို ဖြစ်စေခြင်း၌ အကြောင်းထူးဖြစ်ကုန်သော ဈာန်အင်္ဂါတို့နှင့် မယှဉ်သောကြောင့် ဒွေပဋ္ဌဝိညာဉ် ၁၀-သည် ရုပ်ကို မဖြစ်စေနိုင်။
(ပစ္ဆာဇာတပစ္စည်းမှလည်း ကင်း, အာဟာရ စသော အထောက်အပံ့လည်း မရသည့် အတွက် အားနည်းသော မှီရာဝတ္ထု၊ကို မှီ၍ ဖြစ်ရသောကြောင့်လည်းကောင်း။ မိမိ ပဋိသန္ဓေစိတ် ကိုယ်တိုင် ဘဝသစ်၌ ရောက်ခါစ အာဂန္တုကဖြစ်သောကြောင့်လည်းကောင်း။ ကမ္မဇရုပ်တို့က စိတ္တဇရုပ်တို့၏ နေရာကို ယူ၍ တည်ရသောကြောင့်လည်းကောင်း ပဋိသန္ဓေစိတ်သည် ရုပ်ကို မဖြစ်စေနိုင်။
ဝဋ်မြစ်ငြိမ်းပြီးသော ရဟန္တာပုဂ္ဂိုလ်တို့သန္တာန်၌ အလွန် ငြိမ်သက်သော ဖြစ်ခြင်းရှိသော ကြောင့် ရဟန္တာပုဂ္ဂိုလ်တို့ စုတိစိတ်သည် ရုပ်ကို မဖြစ်စေနိုင်။)

၈။ ပထမပြန်စာမေးဖွဲ့ ကျင်းပရေးဗဟိုအဖွဲ့.ခွဲ (ပဲခူးတိုင်း/အရှေ့ပိုင်း)
ပထမလတ်တန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ
၁၃၇၁-ခုနှစ်၊ တန်ခူးလဆန်း (၁၀) ရက်၊ (၂၄-၃-၂၀၁၀) ဗုဒ္ဓဟူးနေ့

၁။ "ဆင်းရဲကင်းရာ ချမ်းသာရာ တွေ့တာနိဗ္ဗာန်ပဲ" ဟုပြောဆိုကြရာ နိဗ္ဗာန်၏သဘော သဘာဝအဓိပ္ပါယ်ကိုပြုဆိုသည့် သင်္ဂဟစုဏ္ဏီယပါဠိနှင့်၊ လောကဘဋ္ဌ အမြတ်ဆုံး အလျှုခံ ရဟန္တာပုဂ္ဂိုလ်၏ဂုဏ်ရည်ပြ သင်္ဂဟစုဏ္ဏီယပါဠိတို့ကို မှန်ကန်စွာ ရေးခဲ့ပါ။

၂။ "သစ္စာလေးချက် တရားနက်" ဟုဆိုကြရာ သစ္စာလေးပါးမြတ်တရား၏ တရားကိုယ် ကောက်ပုံပြ သင်္ဂဟဂါထာကို အနက်ရေးပါ။

၃။ စိတ်အကျယ် ၁၂၁-ပါးကို ဈာန်အမည် မရသောစိတ်, ဈာန်အမည်ရသောစိတ်တို့ကို သချိုမျှ ဖော်ပြ၍၊ "တစ်မိုးအောက်မှာ တစ်ယောက်တည်း" ဟုဆိုရလောက်အောင် စိတ် အများနှင့်မယှဉ် စိတ်တစ်ပါးနှင့်သာယှဉ်သော စေတသိက်ကိုလည်း ယှဉ်ရာစိတ်နှင့်အတူ ယှဉ်တွဲ၍ ဖြေဆိုခဲ့ပါ။

http://www.dhammadownload.com

၄။ "မကောင်းမှုရှောင် ကောင်းမှုဆောင်" ဟုဆိုကြရာ မကောင်းမှုဒုစရိုက်၏ အခြေအမြစ်, ကောင်းမှုသုစရိုက်၏ အခြေအမြစ်တို့ကို ခွဲခြားဖြေဆိုရ၍ တစ်ကြိမ်သာစောသော ဇော မျှားကိုလည်း ဖော်ပြခဲ့ပါ။

၅။ လူသေကောင်၌ သရဏဂုံတင်၍ ရ/မရ အကြောင်းပိုင်နိုင်စွာပြ ဆုံးဖြတ်ဖြေဆိုပြီး ပဌာန်း ၂၄-ပစ္စည်းတို့ကိုလည်း ဖြစ်ထိုက်သလိုသွင်း အကျဉ်းချုပ်ဖော်ပြခဲ့ပါ။

၆။ ဣဋ္ဌေ ကုသလဝိပါကာနိ-၌ ယူရမည့် ဣဋ္ဌ-အရကို အကြောင်းပြဖြေဆိုရ၍ အပါယဘူမိ ၌ အပါယ-နှင့် ဘူမိ-တို့၏ သဘောအဓိပ္ပါယ်ကိုလည်း ရေးခဲ့ပါ။

၇။ ပါဏာတိပါတော-၌ ပါဏ-အရ ပါဏာတိပါတ-အရတို့ကို ဖော်ပြ၍ အာပေါဓာတု ဝိဝဋ္ဋိတံ-၌ အာပေါဓာတ်ကြည်ရခြင်းကိုလည်း အကြောင်းနှင့်တကွ ဖြေဆိုခဲ့ပါ။

၈။ ယဇနေခေတ်လူမှုနယ်ပယ်၌ ရေပန်းစားနေသော "ကရဏာ" ဟူသောဝေါဟာရ၏ အဓိပ္ပါယ်ကို ဋီကာဆရာအလိုကျ ပြည့်စုံအောင် ဖြေဆိုခဲ့ပါ။

၈။ ပဲခူး/အရှေ့(အဖြေ)

ပထမလုတ်တန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

၁။ (နိဗ္ဗာန် ပန လောကုတ္တရသင်္ခါတံ-စသော ပါဠိနှင့် အရဟတ္တမဂ္ဂ ဘာဝေတွာ-စသော ပါဠိတို့ကို ရေးလေ။)

၂။ (ဒုက္ခံ တေဘူမကံ-စသော ဂါထာကို အနုက်ရေးလေ။)

၃။ စျာန်အမည်မရသော စိတ်-(ကာမစိတ်) ၅၄။
စျာန်အမည်ရသော စိတ်- (မဟဂ္ဂုတ် လောကုတ္တရာ) ၆၇။
စေတသိက်- ၀ိစိကိစ္ဆာ၊
ယှဉ်ရာစိတ်- ၀ိစိကိစ္ဆာသဟဂုတ်စိတ်။

http://www.dhammadownload.com

၄။ ဒုစရိုက်အခြေအမြစ်- လောဘ, ဒေါသ, (မောဟ)။
သုစရိုက်အခြေအမြစ်- အလောဘ, အဒေါသ, (အမောဟ)။
တစ်ကြိမ် စောသော ဇောများ-
မဂ်ဇော, အာဒိကမ္မိက မဟဂ္ဂုတ်ဇော, အဘိညာဉ်ဇော, နိရောသေမာပတ်မှ ထသော အခါ အနာဂါမိ, အရဟတ္တဖိုလ် ဇော။

၅။ လူသေကောင်သည် သရဏဂုံမယူနိုင်သောကြောင့် သရဏဂုံတင်၍ မရပါ။
(တစ်နည်း) ဝိညတ္တိဒွယံ စိတ္တဇမေဝ- အရ သရဏဂုံယူခြင်းဟူသော ဝိညတ်ရှစ် သည် စိတ်ကြောင့်သာ ဖြစ်သည်၊ စိတ်မရှိလျှင် မဖြစ်နိုင်၊ သူသေကောင်၌ စိတ်မရှိသော ကြောင့် သရဏဂုံတင်၍ မရ။
သီလက္ခန်အဋ္ဌကထာ ၂၀၉-၌ သေလျှင် သရဏဂုံပျက်၏ ဟု ဆိုထားသည်။
၂၄-ပစ္စည်း အကျဉ်းချုပ်ပုံ
၁။ နာမ်သည် နာမ်အား ကျေးဇူးပြုသော ၆-ပစ္စည်း။
(အနန်, သနန်, အာသေ, သမ္ပ, နတ္ထိ, ဝိဂတ)
၂။ နာမ်သည် နာမ်ရုပ်အား ကျေးဇူးပြုသော ၅-ပစ္စည်း။
(ဟေတု, ကမ္မ, ဝိပါ, စျာန, မဂ္ဂ)
၃။ နာမ်သည် ရုပ်အား ကျေးဇူးပြုသော ၁-ပစ္စည်း။ (ပစ္ဆာ)
၄။ ရုပ်သည် နာမ်အား ကျေးဇူးပြုသော ၁-ပစ္စည်း။ (ပုရေ)
၅။ နာမ် ရုပ် ပညတ်သည် နာမ်အား ကျေးဇူးပြုသော ၂-ပစ္စည်း။ (အာရမ်, ဥ)
၆။ နာမ်ရုပ် ၂-ပါးသည် နာမ် ရုပ် ၂-ပါးအား ကျေးဇူးပြုသော ၉-ပစ္စည်း။
(အမိ, သဟ, အည, နိ, အာဟာ, ဣန္ဒ, ဝိပ္ပ, အတ္ထိ, အဝိ)
ပေါင်း ၂၄-ပစ္စည်း။
ဆောင်- ခုနှ, ခုရှ, ခုဝ, ခုရှ, ခုဝ, ၁ဝမ်, ခုတ်၊ ဝိဂတ် ခြောက်ပါး၊ နာမ်+နာမ်အား။
ဟေ, ဣ, ဝိပါ၊ ဗျာ, မဂ္ဂ၊ ငါးခြာ နာမ်+ နာမ်ရုပ်အား။
နာမ်က+ရုပ်အား။ ပစ္ဆာထား။ နာမ်အား+ ရုပ်က ပ ၉ ကား။
နာမ်ရုပ်ပညတ်၊ နာမ်အားတပါ၊ ခုနှ,ရုပ် အာခုနှ ၃။
နာမ်ရုပ်ခုနှ,ဝ၊ ချင်းခွင်းကျမှာ၊ ဓိ, ၁, ဘာ, ခိုသ၊ ဟာ, ဣ, ဝိပါ၊ ရောကပ်ပြီတ် ဘတ်, ဘဝ်။ (ဘာဘီမှောလက်ဆောင်)

http://www.dhammadownload.com

၆။ အတိုက္ကဌာရုံကို သီးခြားဆိုလတ္တံ့ဖြစ်သောကြောင့် ကုဋ္ဌအရ ကုဋ္ဌမဏ္ဍိုတ္တာကို ယူရမည်။
အပါယ– ကောင်းမှုဟု ဆိုအပ်သော အယမှ မျှားသောအားဖြင့် ကင်းတတ်သော ကြောင့် အပါယမည်သည်။
ဘူမိ– သတ္တဝါတို့၏ ဖြစ်ရာဖြစ်သောကြောင့် ဘူမိမည်သည်။

၇။ **ပါဏ အရ–** ပညတ်အားဖြင့် သတ္တဝါ၊ ပရမတ္ထအားဖြင့် ဇီဝိတိန္ဒြေ။
ပါဏာတိပါတ အရ– ထိုပါဏာ၌ သတ္တဝါဟု အမှတ်ရှိသူ၏ ဇီဝိတိန္ဒြေဖြတ်ကြောင်း ပယောဂကို ဖြစ်စေတတ်သော ဝဓက စေတနာ။
အာပေါဓာတ်ကြဉ်ရကြောင်း–
အာပေါဓာတ်သည် သိမ်မွေ့သဖြင့် တွေ့ထိခြင်းငှါ မတတ်ကောင်းသောကြောင့် အာပေါဓာတ်ကို ကြဉ်ရသည်။

၈။ သူတပါး ဒုက္ခဖြစ်လတ်သော် သူတော်ကောင်းတို့ နှလုံးပင်ပန်းခြင်းကို ဖြစ်စေ တတ်သောကြောင့် ကရုဏာမည်သည်။
(တစ်နည်း) သူတပါး ဒုက္ခကို ပယ်ဖျောက်တတ်သောကြောင့် ကရုဏာမည် သည်။
(တစ်နည်း) သူတပါး ဒုက္ခကို ညှင်းဆဲတတ်သောကြောင့် ကရုဏာမည်သည်။
(တစ်နည်း) ဒုက္ခိတ သတ္တဝါတို့၌ ဖြန့်အပ်သောကြောင့် ကရုဏာမည်သည်။

၉။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ (မကွေးတိုင်း)
ပထမလတ်တန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ
၁၃၇၁-ခုနှစ်၊ တန်ခူးလဆန်း (၁၁) ရက်၊ (၂၄-၃-၂၀၁၀) ဗုဒ္ဓဟူးနေ့

၁။ လောကီစျာန်ကို အားထုတ်သောယောဂီပုဂ္ဂိုလ်၏ သန္တာန်၌ အဘိညာဉ်ဖြစ်ပုံပြ ပါဠိနှင့်၊ အဘိညာဉ်ငါးပါးကို ပြဆိုသည့် ပါဠိတို့ကို ရေးခဲ့ပါ။

၂။ "သံသရာ၌ ခန္ဓာပြတ်သည်ကို သံသရာပြတ်သည် လည်သည်" ဟုဆိုကြရာ သံသရာပြတ် ပုံ လည်ပုံပြ သင်္ဂဟဂါထာကို အနက်မှန်ကန်စွာ ပေးခဲ့ပါ။

http://www.dhammadownload.com

၃။ အာရုံကို သိတတ်ကြံစည်တတ်သော "စိတ်တံခါးပေါက်"၌ ဖြစ်နိုင်သော စေတသိက်တို့ကို ဖော်ပြ၍၊ ယင်းစေတသိက်တို့နှင့် ယှဉ်သောစိတ်တို့ကိုလည်း သမာနဝါဒ, ကေစိဝါဒ အားဖြင့် ရေတွက်ပြခဲ့ပါ။

၄။ သုခိတကြီယတော အဋ္ဌ၊ ဆ သမ္ဘောဇ္ဈင်ဥပေက္ခကာ–၌ အဋ္ဌနှင့် ဆ–သရုပ်တို့ကို ရေတွက်ပြ၍၊ အရှုပမြတ္ဗာကြီးများနေသောဘုံ၌ ရနိုင်သောဝိထိစိတ်တို့ကိုလည်း ရေတွက်ပြခဲ့ပါ။

၅။ ကာမပဋိသန္ဓေနေသော ပုဂ္ဂိုလ်တို့တွင် အသက်တမ်းမမြဲသောပုဂ္ဂိုလ်တို့ကို သင်ဟထောက် ဖော်ပြပြီး၊ နိမ္မာနရတိနတ်တို့၏ သက်တမ်းကို (က) နတ်သက်၊ (ခ) လူသက် အားဖြင့် သရုံးမျှ ပြခဲ့ပါ။

၆။ ဒွိကွတ္တုံ ဘဝင်ေ စလိတေ–၌ ဘဝင်သည် တစ်ကြိမ်သာမလှုပ်ဘဲ အဘယ့်ကြောင့် နှစ်ကြိမ်လှုပ်ရပါသနည်း ဖြေဆိုရ၍၊ ဘဝင်စလန, ဘဝင်ုပစ္ဆေဒ–တို့၏ အဓိပ္ပါယ်ကိုလည်း ဦးကာလာအတိုင်း ဖြေဆိုပါ။

၇။ ရူပါဝစရကုသိုလ်ကံ၏ (က) မနောကံ၊ (ခ) ဘာဝနာမယသာ ဖြစ်ရခြင်းအကြောင်းကို ရှင်းလင်းဖြေဆိုပါ။

၈။ ရူပပရိစ္ဆေဒ–၌လာသော လောကိယ, အပ္ပဟာတမ္ဘ–တို့၏ အဓိပ္ပါယ်ကို ဦးကာကျော်လာအတိုင်း ဖြေဆိုရ၍၊ ပသာဒရုပ်ငါးပါးသည် အဘယ့်ကြောင့် အဖျတ္တိကရုပ် အမည်ရပါသနည်း ဖြေဆိုပါ။

၉။ မကွေးတိုင်း (အဖြေ)

ပထမလတ်တန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

၁။ (အဘိညာဝသေန ပဝတ္တမာန်–စသော ပါဠိနှင့် အဘိညာ စ နာမ၊ ဣဒ္ဓိဝိဓံ–စသော ပါဠိတို့ကို ရေးလေ)

၂။ (ဇေတသမေဝ စ မူလာနံ–စသော ဂါထာကို အနက်ရေးလေ။)

http://www.dhammadownload.com

၃။ အပွမညာ ၂၊ ဝိရတီ ၃။

ဗုတ္တိရှုတ်– အပွမညာ ဒုဏ် ဝိရတိ တို့သည် ဧရောဒ္ဓါရဏ်သာ ဖြစ်သည်၊ ပဗ္ဗဒ္ဓါရဏ် မဖြစ်၊ ကြွင်းသော ဒေတသိတ် ၄၇–ခုတို့သည် ၆–ဒ္ဓါရဏ်း၌ ဖြစ်သည်။

ယှဉ်သော စိတ်–

အပွမညာတို့သည် သမာနဝါဒအားဖြင့် မဟာကုသိုလ် ၈၊ မဟာကြိယာ ၈၊ ပဋ္ဌမစျာန်ကြဉ် မဟဂ္ဂုတ် ၁၂၊ ပေါင်း စိတ် ၂၈–ခုတို့၌ ယှဉ်သည်။

ကေစိဝါဒအားဖြင့် မဟာကုသိုလ် သောမနဿ ၄၊ မဟာကြိယာ သောမနဿ ၄၊ ပဋ္ဌမစျာန်ကြဉ် မဟဂ္ဂုတ် ၁၂၊ ပေါင်း စိတ် ၂၀–၌ ယှဉ်သည်။

ဝိရတီတို့သည် မဟာကုသိုလ်စိတ် ၈၊ လောကုတ္တရာစိတ် ၈၊ ပေါင်း စိတ် ၁၆–ခုတို့၌ ယှဉ်သည်။

၄။ အဋ္ဌ– မဟဂ္ဂုတ်ကြိယာ သောမနဿ ၄၊ အရဟတ္တဖိုလ် သောမနဿ ၄။

ဆ– မဟဂ္ဂုတ်ကြိယာ ဥပေက္ခာ ၅၊ အရဟတ္တဖိုလ် ဥပေက္ခာ ၁။

ဝိထိစိတ်–

လောဘမူ ၈၊ မောဟမူ ၂၊ မနောဒ္ဓါရာဝဇ္ဇန်း ၁၊ မဟာကုသိုလ် ၈၊ မဟာကြိယာ ၈၊ အရူပကုသိုလ် ၄၊ အရူပကြိယာ ၄၊ သောတာပတ္တိမဂ်ကြဉ် လောကုတ္တရာ ၇၊ ပေါင်း ၄၇။

၅။ အပါယ်ဘုံသား, လူ, ဝိနိပါတိက အသုရာ။

အထောက်– တေသု စတုန္နံ အပါယာနံ 'မနုဿာနံ ဝိနိပါတိကာသုရာနဉ္စ အာယုပွမာဏဂဏနာယ နိယမော နတ္ထိ။

(က) ၈၀၀၀။

(ခ) ၂၃၀၄–သန်း။

၆။ **ဘဝင် ၂–ကြိမ်လှုပ်ကြောင်း (ကချင် ၇–၌)**

ဘဝင်စလန– ဘဝင်အစဉ်ကို လှုပ်စေသကဲ့သို့ ဖြစ်သော ဘဝင်။

ဘဝင်ုပစ္ဆေဒ– ဘဝင်အစဉ် ပြတ်သောအား၊ဖြင့် ဖြစ်သော ဘဝင်။

၇။ (က). ဝိညတ်ကို မဖြစ်စေတတ်သဖြင့် ကာယ, ဝစီဒ္ဓါရတို့၌ မဖြစ်သောကြောင့် မနောကံသာ ဖြစ်ရသည်။

http://www.dhammadownload.com

(ခ) ဒါန သီလအစွမ်းအားဖြင့် ဖြစ်သောကြောင့် ဘာဝနာမယသာ ဖြစ်ရသည်။

၈။ ဥပါဒါနကွန္ဓာဟု ဆိုအပ်သော လောကဌ် ယှဉ်တတ်သောကြောင့် လောကီယ မည်သည်။
တဒဂ်ပဟာန်စသည်တို့၏ အစွမ်းအားဖြင့် မပယ်အပ်သောကြောင့် အပွဟာတမ္မ မည်သည်။
အဗ္ဗတ္တိက-
အတ္တဘောဟု ဆိုအပ်သော အတ္တကို စွဲမှီ ရည်စူး၍ ဖြစ်တတ်သောကြောင့် အဗ္ဗတ္တိက ရုပ်မည်သည်။
(တစ်နည်း) စကျွစ်သော ငါတို့သည် အကယ်၍ ခန္ဓာကိုယ်ဌ် မရှိမူ သင် အတ္တဘော သည် ထင်းနပ် ထင်းဖွဲကဲ့သို့ ဖြစ်လိမ့်မည်ဟု မပြောသော်လည်း ပြောသကဲ့သို့ အတ္တ ဘောအား အလွန်အကဲ ကျေးဖူးပြုတတ်သောကြောင့် အဗ္ဗတ္တိတရုပ်မည်သည်။
(တစ်နည်း) အတ္တဟု ဆိုအပ်သော စိတ်ကို စွဲမှီရည်စူး၍ ထိုစိတ်၏ ဒ္ဒါရအဖြစ်ဖြင့် ဖြစ်တတ်သောကြောင့် အဗ္ဗတ္တိကရုပ်မည်သည်။

၁၀။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ (မန္တလေးတိုင်း)
ပထမလတ်တန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

ခုဂုဏ-ခုနှစ်၊ နှောင်းတန်ခူးလဆန်း (၁၀) ရက်၊ (၂၄-၃-၂၀၁၀) ဗုဒ္ဓဟူးနေ့

၁။ ဝိပဿနာတရား ပွါးများနေသောပုဂ္ဂိုလ်များ အခြေခံပြည့်စုံရမည့် သီလ၏အမျိုးအစား တို့ကိုပြဆိုသောပါဠိနှင့် ဗြဟ္မစိုရ်တရားလေးပါး၏ အာရုံကို ပြဆိုသောပါဠိတို့ကို ရေးခဲ့ပါ။

၂။ ပစ္စာဇာတဝိပွယုတ္တပစ္စည်း၏ ပစ္စည်း, ပစ္စယုပ္ပန်, ပစ္စယသတ္တိပြ သင်္ဂဟပါဠိကို သရုပ်ပေါ် လွင်အောင် အနက်ရေးခဲ့ပါ။

၃။ အဘိဓမ္မတ္ထသင်္ဂဟမေးခွန်းလွှာကို ကြိုးစားဖြေဆိုနေကြသော ငါ့ရှင်တို့၏သန္တာန်ဝယ် ဖြစ်ပေါ်နေသော မဟာကုသိုလ်စိတ်ဌ် ဝိရတိစေတသိက်များ ယှဉ်/မယှဉ် ရှင်းလင်း ဖြေဆို၍၊ ပကိဏ်းပိုင်းလာ ကာယဒ္ဒါရနှင့် ဝိထိမုတ်ပိုင်းလာ ကာယဒ္ဒါရတို့၏ အထူးကို လည်း ဖြေဆိုခဲ့ပါ။

http://www.dhammadownload.com

၄။ အမှန်းတရားမရှိသော နလုံးသားပိုင်ရှင်တို့ကို သင်္ဂီဟအထောက်ဖြင့် ဖော်ပြ၍ အလှူပေး သီလဆောက်တည်ခြင်းကြောင့် စျာန်တရားများ ရနိုင်/မရနိုင် ရှင်းလင်းဖြေဆိုပြီးလျှင်၊ "နည်းပညာများ တိုးတက်ထွန်းကားနေသော ယနေ့ကမ္ဘာကြီး၌ ယောက်ျားကို ခွဲစိတ်ပြု ပြင်ပါက မိန်းမဖြစ်နိုင်သည်" ဟူသောစကား အဘိဓမ္မာသဘာဝကျ/မကျ သင်္ဂီဟသာဓက ဖြင့် ဆုံးဖြတ်ခဲ့ပါ။

၅။ သမ္မေ လောကုတ္တရေ ဟောန္တိ–၌ လောကုတ္တရေ– အရကို ပါဠိထောက်ဖြင့် တိကျစွာ ကောက်ပြ၍၊ ပဋ္ဌိစ္စသမုပ္ပါဒ်၏ တရားကိုယ်အကျဉ်းချုပ်ကို သင်္ဂီဟအထောက်ဖြင့် ဖော် ပြပြီးလျှင်၊ အမှန်းများနေသော နလုံးသားပိုင်ရှင်အတွက် အမှန်းကင်းကြောင်း တရား ကောင်းတို့ကိုလည်း ညွှန်ပြပါ။

၆။ ပါပါဟေတုကမုတ္တာနိ–၌ အကုသိုလ်စိတ်ကို "ပါပ"ဟု ဆိုရခြင်းအကြောင်း ဖြေဆိုရ၍ မဟာဝိပါက်စိတ်၌ ဝိရတီ, အပ္ပမညာတို့ မယှဉ်ခြင်းအကြောင်းကိုလည်း အသီးသီး ခွဲခြား ဖြေဆိုပါ။

၇။ ဣန္ဒြိယဘေဒအားဖြင့်ကွဲပြားသော ဝေဒနာတို့၏ သဘောလက္ခဏာတို့ကို အသီးသီး ဖြေဆိုရ၍ ကာမဇောဇ၏အဆုံး၌သာ တဒါရုံကျရခြင်းအကြောင်းကိုလည်း ဖြေဆိုခဲ့ပါ။

၈။ ဇစ္ဆာဒီနံ–၌ ဇာတိအရကို ပြည့်စုံစွာကောက်ပြ၍ ဝိုရှင်တို့ ပရိယတ္တိစာပေသင်ယူခြင်း သည် ဒါန, သီလ, ဘာဝနာတို့တွင် မည်သည့်အရာ၌ ပါဝင်ပါသနည်း? ဌိကာကျော်အမြင် ဖြင့် ရှင်းလင်းဖြေဆိုပြီးလျှင်၊ ရှုပဘုံ၌ မရနိုင်သောရုပ်တို့ကိုလည်း ကေစိဆရာအလိုကျ ကောက်ပြခဲ့ပါ။

၁၀။ မန္တလေးတိုင်း (အဖြေ)
ပထမလတ်တန်း ။ ။ အဘိဓမ္မတ္ထသင်္ဂီဟဘာသာ

၁။ (ကထံ၊ ပါတိမောက္ခသံဝရသီလ–စသော ပါဠိနှင့် အဝသေသေသု ပန အပ္ပမညာ သတ္တပညတ္တိယံ ပဝတ္တန္တိ– ကို အနက်ရေးလေ)

http://www.dhammadownload.com

၂။ (ပဏ္ဍာဏာတာ စိတ္တစေတသိကာ ပုရေဏာတသ ဣမသ ကာယသ ပဏ္ဍာဏာတ ဝသေန-ကို အနက်ရေးလေ)

၃။ စာဖြေခြင်းသည် ဝိရမိတမ္ဘဝတ္ထုမှ ရှောင်ကြဉ်ခြင်းမဟုတ်၊ ဝိရတိတို့သည် ဝိရမိတမ္ဘ ဝတ္ထုမှ ရှောင်ကြဉ်ရာအခါ၌သာ ယှဉ်သောကြောင့် စာဖြေစဉ်ဖြစ်သော မဟာကုသိုလ် စိတ်၌ ဝိရတိ မယှဉ်နိုင်ပါ။

အထူး-

ပကိဏ္ဏပိုင်းလာ ကာယဒ္ဓါရအရ ကာယပသာဒရုပ်ကို ယူရသည်၊

ဝိထိမုတ်ပိုင်းလာ ကာယဒ္ဓါရအရ ကာယဝိညတ်ကို ယူရသည်၊ ဤသို့ ထူးသည်။

၄။ အနာဂါမ်, ရဟန္တာ ပုဂ္ဂိုလ်။

အထောက်- အနာဂါမိပုဂ္ဂလာနံ ပန ပဋိယဇဝနာနိ နေ လဗ္ဘန္တိ။

တိဟေတုကေသု စ ခီဏာသဝါနံ ကုသလာကုသဇဝနာနိ နေ လဗ္ဘန္တိ။

အလှူပေး သီလ ဆောက်တည်ခြင်းနှင့် စျာန်တရား-

အလှူပေး သီလ ဆောက်တည်ခြင်းသည် ကာမာဝစရကုသိုလ်ကဲ့ဖြစ်သည်၊ ကာမ ပဋိသန္ဓေကျိုးကိုသာ ပေးသည်၊ စျာန်တရားကို မဖြစ်စေနိုင်၊ ထို့ကြောင့် စျာန်တရား မရနိုင်။

ယောက်ျားကို ခွဲစိတ်ပြုပြင်၍ မိန်းမ ဖြစ်နိုင်/မဖြစ်နိုင်-

ဘာဝရုပ်တို့သည် ကမ္မဇဇကန်ဖြစ်သောကြောင့် ယောက်ျားကို ခွဲစိတ်ပြုပြင်၍ မိန်းမ မဖြစ်နိုင်ပါ။

သာဓက- တတ္ထ ဟဒယဝတ္ထုဿ ပိယ ကမ္မဇာနေ၀။

မှတ်ချက်- ယောက်ျားဖြစ်သော်လည်း မိန်းမစိတ်ပေါက်နေသူဖြစ်လျှင် ထိုသူ၌ ဣတ္ထိ ဘာဝရုပ် မျိုးစေ့အခံ ရှိနေနိုင်ခြင်းကြောင့် မိန်းမစိတ်ပေါက်နေသော ယောက်ျားကို ခွဲစိတ် ပြုပြင်၍ မိန်းမဖြစ်နိုင်စရာရှိသည်။ (ကမ္မဇဇကန်ဖြစ်သော စက္ခုကို ခွဲစိတ်ပြုပြင်၍ ရနေခြင်းမျှားလည်း စဉ်းစားစရာပင်)

၅။ နဝါ သက်ပွပိတိယော-ကို ထောက်၍ ဗောဓိပက္ခိယတရား ၃၇-ပါး ရနိုင်သော လောကုတ္တရာစိတ်ကား ပထမစျာန်လောကုတ္တရာစိတ် ၈-ခုသာ ဖြစ်သည်။ (ဒုတိယ

http://www.dhammadownload.com

ဈာန်စသည်၌ ဝိတက် ဗောဓိပက္ခိယ မယှဉ်၊ စတုတ္ထဈာန် ပဌမဈာန်၌ ပီတိ ဗောဓိပက္ခိယ မယှဉ်။)

တရားကိုယ် အကျဉ်းချုပ်-

တေဘူမက (လောကီ)ဝဋ္ဋတရား။

အထောက်- ဝဋ္ဋမာဗန္ဓမိစ္ဆေဝ၊ တေဘူမကမနာဒိကံ။
ပဋိစ္စသမုပ္ပါဒေါတိ၊ ပဋ္ဌပေသိ မဟာမုနိ။

အမှန်းကင်းဝေးကြောင်းတရား-

အပ္ပမညာ ၄-ပါး။ နိုလ စသော ဝဏ္ဏကသိုဏ်း ၄-ပါး။ ပေါင်း ၈-ပါး။

၆။ မိမိ ကိန်းရာသတ္တဝါကို အပါယ်စသော ဒုက္ခသို့ ရောက်စေတတ်သောကြောင့် အကုသိုလ်စိတ်ကို ပါ-ဟု ခေါ်သည်။

ဝိရတီ, အပ္ပမညာမယှဉ်ကြောင်း-

မဟာဝိပါက်သည် ကာမတရားကို ဇောန် အာရုံပြုသောကြောင့်လည်းကောင်း ဝိရတီတို့သည် ကုသိုလ်ဇောန်ဖြစ်သောကြောင့်လည်းကောင်း အပ္ပမညာတို့သည် သတ္တဝါပညတ်ကို ဇောန်အာရုံပြုသောကြောင့်လည်းကောင်း မဟာဝိပါက်စိတ်၌ ဝိရတီ, အပ္ပမညာ မယှဉ်ပါ။

၇။ သုခဝေဒနာသည် ဏ္ဍ ဖောဋ္ဌဗ္ဗာရုံကို ခံစားခြင်း လက္ခဏာရှိသည်၊
ဒုက္ခဝေဒနာသည် အနိဋ္ဌ ဖောဋ္ဌဗ္ဗာရုံကို ခံစားခြင်း လက္ခဏာရှိသည်၊
သောမနဿဝေဒနာသည် သဘာဝအားဖြင့် ဖြစ်စေ ပရိကပ္ပအားဖြင့်ဖြစ်စေ ဏ္ဍာရုံကို ခံစားခြင်း လက္ခဏာရှိသည်၊
ဒေါမနဿဝေဒနာသည် သဘာဝအားဖြင့် ဖြစ်စေ ပရိကပ္ပအားဖြင့်ဖြစ်စေ အနိဋ္ဌာရုံကို ခံစားခြင်း လက္ခဏာရှိသည်၊
ဥပေက္ခာဝေဒနာသည် မဇ္ဈတ္တာရုံကို ခံစားခြင်းလက္ခဏာရှိသည်။

ကာမဇောအဆုံး၌ တာဒါရုံကျရခြင်းအကြောင်း-

ကာမတရားကျယ် အရင်းခံရှိသည့် ကံကြောင့် ဖြစ်ရသောကြောင့် ကာမဇောအဆုံး၌ သာ တာဒါရုံကျရသည်။

၈။ ဇာတိအရ- ပဋိသန္ဓေ ဝါ-စက္ခုစသည်ဖြစ်ချိန်၊

http://www.dhammadownload.com

(တစ်နည်း) အပရေဆရာတို့ကား ဇာတိအရ မွေးဖွားချိန်ကို ယူကြသည်။

ပရိယတ္တိစာပေ သင်ယူခြင်းနှင့် ဒါန သီလ ဘာဝနာ

အပြစ်မရှိသော အတတ်ပညာ စသည်ကို သင်ယူကြောင်း စေတနာကို ဘာဝနာ၌ပင် သွင်းယူရသောကြောင့် ပရိယတ္တိစာပေသင်ယူခြင်းသည် ဘာဝနာ၌ ပါဝင်သည်။

ကေစိအလို ရှုပဘုံ၌ မရသော ရှစ်-

ယာန, ဖိဂါ, ကာယ, ဘာဝ, လဟုတာ, မုဒိတာ, ကမ္မညတာ၊ ပေါင်း- ၈-ပါး။

၁၁။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ (မွန်ပြည်နယ်)
ပထမလတ်တန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟာဘာသာ

ဘုဂ္ဂဝ-ခုနှစ်၊ တန်ခူးလဆန်း (၁၀) ရက်၊ (၂၄-၃-၂၀၁၀) ဗုဒ္ဓဟူးနေ့

၁။ ရှစ်တရားက ရှစ်တရားကို ဖြစ်စေပုံပြ သင်္ဂဟပါဠိနှင့်၊ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း ပွါးများပုံနှင့် ပွါးများခြင်းကြောင့် ရရှိနိုင်သော အကျိုးတရားပြ သင်္ဂဟပါဠိတို့ကို ပါဠိသက်သက် ရေးသားခဲ့ပါ။

၂။ "စိတ်ထောင်းတော့ကိုယ်ကျေ စိတ်ပျိုတော့ကိုယ်နေ"ဟူသည်နှင့်အညီ စိတ်ဟူသောနာမ်တရားက ကိုယ်ကာယဟူသော ရှစ်တရားအား ကျေးဇူးပြုပုံပြသင်္ဂဟပါဠိကို အနက်ပေးခဲ့ပါ။

၃။ အရိယာပုဂ္ဂိုလ်တိုင်းအား လုံးဝမဖြစ်နိုင်သော အကုသိုလ်စိတ်တို့ကို ယှဉ်ရာစေတသိက်နှင့်တကွ ဖော်ပြ၍ ပဌမသမ္ဘတ္တ ဆယ်ခွေတိ-၌ ပဌ-သရုပ်, ဆ-သရုပ်တို့ကိုလည်း ဖြေဆိုညွှန်ပြခဲ့ပါ။

၄။ မနောဒ္ဓါရ ကာမဇဝနဝါရနှင့် မနောဒ္ဓါရ အပွနာဇောဝါရအထူးကို သင်္ဂဟဆရာအလိုကျ ရေးသားပြီး၍ သက်တမ်းတူ၍ ပဋိသန္ဓေစိတ်ချင်း မတူသောဖြဟ္မာတို့၏ ပဋိသန္ဓေစိတ်ကိုလည်း ဖော်ပြဖြေဆိုခဲ့ပါ။

၅။ "အစ်ကိုစားမှား ထိုယောက်ျား မိန်းမဘဝရောက်ခဲ့ရာ"ဟူသောအဆိုစကားသည် ဗုဒ္ဓ-၏ အဘိဓမ္မာနှင့် ကိုက်ညီမှုရှိနိုင်/မရှိနိုင် သင်္ဂဟပါဠိထောက်၍ ရှင်းလင်းဆုံးဖြတ်ပြီးလျှင်၊

http://www.dhammadownload.com

လောကုတ္တရာပညာစေတသိက်ကိုသာ အရကောက်သော ဣန္ဒြေ-သရုပ်ကိုလည်း ဖော်ပြရေးသားခဲ့ပါ။

၆။ ပဋ္ဌိစ္စသမုပ္ပါဒ်အင်္ဂါ ၁၂-ပါးတို့ကို ဝင်္ဂသုံးပါးဖြင့် ဝေဘန်ရေးသားပြီး၍ ပထမစျာန်ကိုသာ ရစေနိုင်သော ကမ္မဋ္ဌာန်းတရားတို့ကိုလည်း ဖြေဆိုခဲ့ပါ။

၇။ နိဗ္ဗာန်နှင့် ပညတ်တို့၏ ကာလဝိမုတ်မည်ခြင်းအကြောင်းကို ရေးသားပြီး၍ ရူပဓမ္မာနမာယူ အရ သက်တမ်း စိတ္တက္ခဏာ ၁၇-ချက်မပြည့်သော ရုပ်တရားတို့ကိုလည်း အကြောင်းပြ၍ ဖော်ပြရေးသားခဲ့ပါ။

၈။ အပြစ်မရှိသော ပရိယတ္တိစာပေအတတ်ပညာကို ပို့ချသင်ကြားပေးနေသော စာချဆရာ တော်များအား ပုညကြိယဝတ္ထုကုသိုလ် ဖြစ်နိုင်/မဖြစ်နိုင် အကြောင်းပြ၍ ဆုံးဖြတ်ပြီးလျှင်၊ လူသားချင်းတူသော်လည်း အမျိုးသား အမျိုးသမီးဟူ၍ ခွဲခြားသိနိုင်ကြောင်း ရုပ်တရားတို့ ကိုလည်း ဋီကာအဖွင့်နှင့်အညီ ရေးသားခဲ့ပါ။

၁၁။ မွန်ပြည်နယ် (အဖြေ)

ပထမလတ်တန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟာဘာသာ

၁။ (သီတုဏ္ဏာတုသမညာတာ-စသော နှစ်ပုဒ်နှင့် အဝသေသေသု စ ဒသသု-စသော ပါဠိတို့ကို ရေးလေ)

၂။ အရှုပစိပါကဒ္ဒိပဗ္ဗဝိညာဏာဝဇ္ဇိတံ-စသော စိတ္တဇရုပ်ဆိုင်ရာပါဠိကို အနက်ရေးလေ။

၃။ ဒိဋ္ဌဂတဝိပွယုတ်စိတ် ၄၊ (အညသမာန်း ၁၃၊ မောစတုက် ၄၊ လောဘ၊ မာန၊ ထိန၊ မိဒ္ဓ၊ ပေါင်း ၂၁။)
ဝိစိကိစ္ဆာသဟဂုတ်စိတ်၊ (ဆန္ဒ ပီတိ အဓိမောက္ခကြဉ်သော အညသမာန်း ၁၀၊ မောစတုက် ၄၊ ဝိစိကိစ္ဆာ၊ ပေါင်း ၁၅။)
ပဗ္ဗ- မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ၄၊ ကုသိုလ် အဘိညာဉ် ၁။
ဆ-မဟာကြိယာဉာဏသမ္ပယုတ်စိတ် ၄၊ မနောဒ္ဓါရာဝဇ္ဇန်း ၁၊ ကြိယာအဘိညာဉ် ၁။

http://www.dhammadownload.com

၄။ မနောဒ္ဓါရ ကာမဇဝနဝိဂ္ဂ ဝိဘူတ အဝိဘူတ ၂-မျိုးပြားသည်၊ တဒါရုံလည်း ကျသည်၊ မနောဒ္ဓါရ အပွနာဇဝနဝိဂ္ဂ ဝိဘူတ အဝိဘူတ ၂-မျိုး အပြားမရှိ၊ ဝိဘူတသာ ရှိသည်၊ တဒါရုံလည်း မကျ။
ဝေဟပ္ပိုလ် အသည်သတ် ဗြဟ္မာတို့သည် မဟာကပ် ၅၀၀-ချင်း သက်တမ်းတူကြသည်၊ သို့သော် ဝေဟပ္ပိုလ်၏ ပဋိသန္ဓေစိတ်သည် ရူပပဋ္ဌမဈာန်ပဋိသန္ဓေစိတ်ဖြစ်သည်၊ (အသည် သတ်ဗြဟ္မာကား ပဋိသန္ဓေစိတ် မဟုတ်၊ ရုပ်ပဋိသန္ဓေသာ ဖြစ်သည်)

၅။ မိန်းမယောက်ျားအဖြစ်ဟူသော ဘာဝရုပ်သည် ကမ္မဇရုပ်သာ ဖြစ်သည်၊ အာဟာရဇရုပ် မဟုတ်သောကြောင့် "အစာစားမှား၊ ထိုယောက်ျား။ မိန်းမဘာဝရောက်ခဲ့ရာ" ဟူသော အဆိုစကား ကိုက်ညီမှု မရှိပါ။
အထောက်- တတ္တ ဟဒယဂ္ဂုန္ဒြိယရူပါနိ ကမ္မဇာနေဝ။
ဣန္ဒြေသရုပ်-
အနညာတညာဿာမီတိန္ဒြေ၊ အညိန္ဒြေ၊ အညာတာဝိန္ဒြေ။

၆။ **ကိလေသဝဋ္ဋ-** အဝိဇ္ဇာ, တဏှာ, ဥပါဒါန် အင်္ဂါ ၃-ပါး။
ကမ္မဝဋ္ဋ- သင်္ခါရနှင့် ကမ္မဘဝ တစ်စိတ် အင်္ဂါ ၁-ပါးခွဲ။
ဝိပါကဝဋ္ဋ- ဥပပတ္တိဘဝ တစ်စိတ်နှင့် ဝိညာဉ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ, ဇာတိ, ဇရာမရဏာ အင်္ဂါ ၇-ပါးခွဲ။
ကမ္မဌာန်းတရား- အသုဘ ၁၀၊ ကာယဂတာ သတိ၊ ပေါင်း ၁၁ ပါး။

၇။ **ကာလဝိမုတ် မည်ကြောင်း-** (စစ်ကိုင်း ၆-၍)
ဘဝ-ချက် မပြည့်သော ရုပ်- (စစ်ကိုင်း ၇-၍)

၈။ အပြစ်မရှိသော ပရိယတ္တိစာပေ အတတ်ပညာကို ပို့ချသင်ကြားပေးနေခြင်းကို မမ္မဒေသနာ့ဋ္ဌ သွင်းယူအပ်သောကြောင့် ပုညကိရိယာဝတ္ထု ကုသိုလ်ဖြစ်နိုင်ပါသည်။
ခွဲခြားသိနိုင်ကြောင်း ရုပ်-
ဣတ္ထိပုရိသဆိုင်ရာ လိင်, နိမိတ္တ, ကုတ္တ, အာကပ္ပ တို့၏ အကြောင်းအဖြစ်ဟူသော သဘောလက္ခဏာရှိသောကြောင့် ဘာဝရုပ် ၂-ပါးသည် အမျိုးသား အမျိုးသမီးဟူ၍ ခွဲခြားသိနိုင်ကြောင်း ရုပ်တရားများဖြစ်သည်။

http://www.dhammadownload.com

၁၂။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ (ရခိုင်ပြည်နယ်)
ပထမလတ်တန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟာဘာသာ
၁၃၇၁-ခုနှစ်၊ တန်ခူးလပြည့်ကျော် (၅) ရက်၊ (၃-၄-၂၀၁၀) စနေနေ့

၁။ သတ္တဝါတို့သန္တာန်၌ တူမြဲတရားသုံးပါးတို့ အဆက်မပြတ်လည်ပတ်နေပုံကို ပြဆိုသည့် သင်္ဂဟဂါထာနှင့် ၃၁-ဘုံအတွင်းရထားစက်ဘီးပမာလည်နေသော "ဝဋ်"တရားပြ သင်္ဂဟစုဏ္ဏီယစကားရပ်တို့ကို ပါဠိရေးပြခဲ့ပါ။

၂။ ဥဒယဗ္ဗယဉာဏ်အဆင့်သို့ ရောက်နေသောယောဂီပုဂ္ဂိုလ်သူတော်စင်များ ဘေးရန် အတားအဆီးများတွေ့ကြုံလာနိုင်ပုံကို ပြဆိုသည့်သင်္ဂဟစကားရပ်ကိုသာ အနက်ပေးပြခဲ့ပါ။

၃။ မဟာဂ္ဂတ်စိတ်၌ အပွမည္ဘာစေတသိက်တို့ အထူးပြုယှဉ်ပုံကို ရှင်းပြ၍ ကာမကိုဇကန်အာရုံပြုသောတရားများကို သက်ဆိုင်ရာပါဠိသာဓကထောက်၍ ကောက်ပြခဲ့ပါ။

၄။ (က) နိရောဓသမာပတ်ကို ဝင်စားခါနီးဌာနဖြစ်သော ဇောအကြိမ်အမည်၊ (ခ) ၎င်းသမာပတ်မှထရာအခါတို့၌ ဖြစ်သောဇောအကြိမ် အမည်တို့ကို ဆိုင်ရာပုဂ္ဂိုလ်အလိုက် ခွဲခြားသတ်မှတ်ပြပြီးလျှင်၊ အလှူပေးရုံ သီလဆောက်တည်ရုံမျှဖြင့် ရူပဗြဟ္မာဖြစ်နိုင်/မဖြစ်နိုင်သာဓကပြ ဆုံးဖြတ်ခဲ့ပါ။

၅။ အောက်ပါတို့ကို မှန်ကန်စွာ ရေးသားဖော်ပြခဲ့ပါ။
(က) ကာမတိဟိတ်ကြိယာဇော လေးပါးနှောင် နှောင်နိုင်သော အပွနာဇောများ။
(ခ) သဒ္ဒရုပ်ပါဝင်သော ကလာပ်စည်းအမည်များ။
(ဂ) ကိလေသာ မမည်သောအကုသိုလ်တရားများ။
(ဃ) ထိန, မိဒ္ဓ၊ ပညာဇီမာန်တို့၌ ရနိုင်သော ပညတ်အမည်၊
(င) ကာမဂုဏ်လိုက်စားသူများနှင့်ဆိုင်သော ကမ္မဋ္ဌာန်း။

http://www.dhammadownload.com

၆။ ပရိုက်, ဥပစာ, အနလ်ုံ, ဂေါ်တြဘူ–တို့၏အဓိပ္ပါယ်ကို ရေး၍ မနောဒ္ဓါရ အပွနာဏောပါရ၌ တတောပရံ ဘာဝဂ်ပါတော ဟောတိ–ဆိုက ပြီးကောင်းပါလျက် အဘယ့်ကြောင့် အပွနာဝဿနေ–ဟူသောစကားကို ထည့်ဆိုရပါသနည်း ဖြေဆိုခဲ့ပါ။

၇။ အဒိန္နာဒါနက် မူလနှစ်ပါးကြောင့်ဖြစ်ရခြင်းကို အကြောင်းပြ ဖြေဆိုပြီးလျှင်၊ ဥက္ကဋ္ဌနှင့် သြမက–ကံတို့၏ အဓိပ္ပါယ်ကိုလည်း ဦးကာလာအတိုင်း ဖြေဆိုပါ။

၈။ လဟုတာ–စသောရှုပ်သုံးပါးတို့၏ သဘောအဓိပ္ပါယ်ကို ဥပမာဆောင် ဖြေဆိုပြီးလျှင်၊ ရှုပဖြဟ္ဘာများအား အာဟာရဇကလာပ် မရခြင်းအကြောင်းကို ရေးသားဖြေဆိုပါ။

၁၂။ ရခိုင်ပြည်နယ် (အဖြေ)

ပထမလတ်တန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

၁။ (ပဋ္ဌိသန္ဓိဘဝင်ံဝိထိယော –စသော ဂါထာနှင့် အဝိဇ္ဇာတဏှာပါဒါနာ စ ကိလေသဝဋ္ဋ–စသော ပါဠိတို့ကို ပါဠိရေးလေ။)

၂။ (ဥဒယမ္ဗယညာဏေန ဥဒယမ္ဗယံ ။ပ။ မဂ္ဂါမဂ္ဂညာဏဒဿနဝိသုဒ္ဓိ နာမ–ကို အနက်ရေးလေ)

၃။ အပွမညာတို့သည် ပ, ဒ, တ, စ မဟာဝုတ်ဈာန်တို့၌သာ ယှဉ်၍ ပဌမဈာန်၌ မယှဉ်၊ ဤသို့ ယှဉ် မယှဉ်အားဖြင့် အထူးပြုသည်။

ဓေတန်တရားများ–

ဒွေပဌဝိညာဏ် ၁၀၊ မနောဓာတ် ၃၊ သန္တီရဏ ၃၊ မဟာဝိပါက် ၈၊ ဟသိတုပ္ပါဒ် ပေါင်း ၂၅–ပါး။

သာဓက– (တေသု စက္ခုဝိညာဏာဒီနိ –စသော ၃–ပုဒ်ကို ထောက်လေ။)

၄။ (က)အနာဂါမ်ပုဂ္ဂိုလ်အား နေဝသညာနာသညာယတန ကုသိုလ်ဈာန်ဏော ၂–ကြိမ်။
ရဟန္တာပုဂ္ဂိုလ်အား နေဝသညာနာသညာယတန ကြိယာဈာန်ဏော ၂–ကြိမ်။

http://www.dhammadownload.com

(ခ) အနာဂါမ်ပုဂ္ဂိုလ်အား အနာဂါမိဖိုလ်ဏော ဝ-ကြိမ်၊
ရဟန္တာပုဂ္ဂိုလ်အား အရဟတ္တဖိုလ်ဏော ၁-ကြိမ်၊

ရူပမြတ္တာ ဖြစ်နိုင်/ မဖြစ်နိုင်

အလှူပေးခြင်း သီလဆောက်တည်ခြင်းသည် ကာမာဝစရကုသိုလ်ကံသာ ဖြစ်သည်၊ ကာမာဝစရကုသိုလ်ကံသည် ကာမပဋိသန္ဓေကိုသာ ပေးနိုင်သည်၊ ရူပပဋိသန္ဓေကို မပေးနိုင်၊ ထို့ကြောင့် အလှူပေးရုံ သီလဆောက်တည်ရုံမျှဖြင့် ရူပမြတ္တာ မဖြစ်နိုင်ပါ။

သာဓက- ကာမာဝစရကုသလမ္ပိ ။ပ။ ဒါနသီလဘာဝနာဝသေန။
ကာမာဝစရကုသလမ္ပိ ကာမသုဂတိယမေဝ ပဋိသန္ဓိ ဇနေတိ။

၅။ (က) မဟာဂ္ဂတ်ကြီယာ ၉၊ အရဟတ္တဖိုလ် ၅၊ ပေါင်း ၁၄-ပါး။
(ခ) ဝစီဝိညတ္တိသဒ္ဒဒသကကလာပ်၊ ဓစီဝိညတ္တိသဒ္ဒလဟုတာဒိတေရသကကလာပ်၊ (စိတ္တဇ ၂)၊ သဒ္ဒနဝကကလာပ်၊ သဒ္ဒလဟုတာဒိဒ္ဒါဒသကကလာပ်၊ (ဥတုဇ ၂)။
(ဂ) ကာယသာ မဒ္ဓရိယ ကုဋ္ဌာဒ္ဓ မိဒ္ဓ ပေါင်း ၄-ပါး။
(ဃ) ထိနမိဒ္ဓ- (ဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ်)၊
ပညာဒိမာန်- (ဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ်)၊
(င) အသုဘ ၁၀-ပါး။ ကာယဂတာသတိ ဟူသော ကောဋ္ဌာသဘာဝနာ ပေါင်း ၁၁-ပါး။

၆။ အပွနာကို ပြုစီရင်တတ်သောကြောင့် ပရိကံ၊
အပွနာ၏ အနီးဌ ဖြစ်တတ်သောကြောင့်လည်းကောင်း အပွနာသို့ ကပ်ရောက်၍ ဖြစ်တတ်သောကြောင့်လည်းကောင်း ဥပစာ၊
ရှေ့အဖို့ဌ ပရိကံ, အထက်အဖို့ဌ အပွနာအား လျော်သောကြောင့် အနုလုံ၊
ကာမအနွယ်ကို လွှမ်းမိုးနိုပ်စက်၍ မဟာဂ္ဂတ်အနွယ်ကို ဖြစ်ပွါးစေတတ်သောကြောင့်လည်းကောင်း ပုထုဇဉ်အနွယ်ကို လွှမ်းမိုးနိုပ်စက်၍ လောကုတ္တရာအနွယ်ကို ဖြစ်ပွါးစေတတ်သောကြောင့်လည်းကောင်း ဂေါတြဘူ။

အပွနာဝသာနေ-

လေးကြိမ်မြောက် ငါးကြိမ်မြောက်ဖြစ်သော အပွနာနောင် ဘဝင်သာ ကျတော့သည်၊ မဂ္ဂါနန္တရ ဖိုလ်စိတ်မဖြစ်ဘော့ဟုလည်းကောင်း သမာပတ္တိဝီထိဌ်လည်း ဈာန်စိတ် ဖိုလ်

http://www.dhammadownload.com

စိတ်တို့ ထပ်တလဲလဲ မဖြစ်ကုန်တော့ ဟုလည်းကောင်း ဤသို့သော အနက်အဓိပ္ပါယ်ကို ယူမည်စိုးသောကြောင့် အပ္ပနာဝသာနေ-ဟု ဆိုသည်။

၇။ ဣဒ္ဓိရုံဖြစ်သော ဝတ္ထုကိုလည်းကောင်း ဣဒ္ဓိမဖွဲ့ဣဒ္ဓိရုံဖြစ်သော ဝတ္ထုကိုလည်းကောင်း မိမိကို စောင့်ရှောက်ခြင်း, ဆွေမျိုးသားချင်းကို စောင့်ရှောက်ခြင်းစသော အကျိုးကို ရည်ရွယ်၍ ဝတ်လျှင် အဒိန္နာဒါနသည် လောဘမူလကြောင့်ဖြစ်သည်။
ရန်ကို အပ်နှင်းခြင်းအကျိုးငှါ လုယူသော သူ၏ အဒိန္နာဒါနသည် ဒေါသမူလကြောင့် ဖြစ်သည်။
ဥက္ကဋ္ဌကံ-ရှေ့နောက် ကုသိုလ်ခြံရံသော ကုသိုလ်ကံသည်လည်းကောင်း နောက်အခါ အာသေဝနပစ္စည်းကို ရသော ကုသိုလ်ကံသည်လည်းကောင်း ဥက္ကဋ္ဌကံမည်သည်။
သြမကကံ-ကံပြုစဉ်အခါ အကုသိုလ်ခြံရံအပ်သော ကံသည်လည်းကောင်း နောက်၌ ငါသည် မကောင်းသဖြင့် ပြုအပ်ပြီဟု နလုံးမသာခြင်းကို ဖြစ်စေသော ကံသည်လည်း ကောင်း သြမကကံမည်သည်။

၈။ ရောဂါမရှိသူ၏ မလေးလံခြင်းကဲ့သို့ နိပ္ပန္နရူပ်တို့၏ မလေးလံခြင်းသည် လဟုတာ၊ ကောင်းစွာ နယ်အပ်သော သားရေ၏ မခက်မာခြင်းကဲ့သို့ နိပ္ပန္နရူပ်တို့၏ မခက်မာ ခြင်းသည် မုဒုတာ၊
ကောင်းစွာ မှုတ်လွှင့်အပ်ပြီးသော အညစ်အကြေးရှိသော ရွှေ၏ ထိုထိုတန်ဆာပြုလုပ်မှု အား လျော်ခြင်းကဲ့သို့ ကိုယ်ဖြင့် ပြုအပ်သော အမှုတို့အား လိုက်လျောခြင်းသည် ကမ္မညတာ။
အာဟာရဇကလာပ်မရကြောင်း- (ရန်ကုန် ၈-၌)

၁၃။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ (ရန်ကုန်တိုင်း)
ပထမလတ်တန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ
၁၃၇၁-ခုနှစ်၊ တန်ခူးလဆန်း (၁၀) ရက်၊ (၂၄-၃-၂၀၁၀) ဗုဒ္ဓဟူးနေ့

၁။ ပဋ္ဌာဘာဂနိမိတ်နှင့် ဥပစာရဘာဝနာဖြစ်ပေါ်လာပုံကို ပြဆိုသောသင်္ဂဟပါဠိတို့ကို ပါဠိရေး သားခဲ့ပါ။

http://www.dhammadownload.com

